လဝန်းရိပ်စာပေ

# သျှားသု

## ကြောင်တွေမရှိလို့ မဖြစ်တဲ့ကမ္ဘာ

ဒုတိယအကြိမ်



If cats disappeared from the world

GENKI KAWAMURA

**လဝန်းရိပ်စာပေ**

အမှတ် (၂၅)၊ ဖ - လွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၅၄၀၃၃၂၁

**ဖြန့်ချိရေး - ဆုပြည့်စုံထွန်းစာပေ**

အမှတ် - ၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၃၃၆၆၄၊ ၀၁ ၃၈၆၃၃။
Facebook Page: @supyaesonehtun2000

# ကြောင်တွေမရှိလို့ မဖြစ်တဲ့ကမ္ဘာ

## ပုံနှိပ်မှတ်တမ်း

**စီစဉ်သူ**
မသန်းသန်းဌေး (မီးမီး)

**ထုတ်ဝေသည့်ကာလ**
၂၀၂၁ ခုနှစ်၊
ဇန်နဝါရီလ (ဒုတိယအကြိမ်)

**ပုံနှိပ်တိုက်**
ဖြိုးဝေလျှံပုံနှိပ်တိုက်၊
ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)

**ဖလင်** - Eagle
**စာအုပ်ချုပ်** - ရွှေသမီး

**အုပ်ရေ** - ၅၀၀ အုပ်
**တန်ဖိုး** - ၃၀၀၀ ကျပ်

**မျက်နှာဖုံး**
Totty Swe

**ထုတ်ဝေသူ**
ဒေါ်သန်းသန်းဌေး (၀၀၄၃၄)၊
လဝန်းရိပ်စာပေ
အမှတ် (၂၅)၊ (၆)လွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၉ ၅၄၀၃၃၂၁၊ ၀၉ ၅၁၃၉၂၆၄၊
၀၁ ၃၉၁၃၂၂




# ကြောင်တွေမရှိလို့ မဖြစ်တဲ့ကမ္ဘာ

သျှားသု

# ကြောင်တွေမရှိလို့ မဖြစ်တဲ့ကမ္ဘာ

## မာတိကာ


၆ **တနင်္လာနေ့**
နတ်ဆိုးထွက်ပေါ်လာခြင်း ...

၄၂ **အင်္ဂါနေ့**
အကယ်၍ ဖုန်းတွေသာ ကမ္ဘာပေါ်မှာ မရှိတော့ရင် ...

၇၂ **ဗုဒ္ဓဟူးနေ့**
ရုပ်ရှင်ဇာတ်လမ်းတွေသာ ကမ္ဘာပေါ်က ကွယ်ပျောက်ခဲ့ရင်...

၉၆ **ကြာသပတေးနေ့**
အကယ်၍ ကမ္ဘာမှာ နာရီတွေသာ မရှိတော့ရင် ...

၁၃၆ **သောကြာနေ့**
အကယ်၍သာ ကြောင်တွေ ကမ္ဘာပေါ်မှာ ပျောက်ကွယ်ခဲ့ရင် ...

၁၆၀ **စနေနေ့**
အကယ်၍ ကျွန်တော်သာ ကမ္ဘာပေါ်မှာ မရှိတော့ရင် ...

၁၇၆ **တနင်္ဂနွေနေ့**
နှုတ်ဆက်ခဲ့ပါတယ် ...

အကယ်၍ ကြောင်တွေသာ ကမ္ဘာပေါ်က ကွယ်ပျောက်သွားရင် ကမ္ဘာကြီး ဘယ်လိုပြောင်းလဲသွားမလဲ။ ကျွန်တော့်ဘဝရော ... ဘယ်လိုလဲ?

ကျွန်တော် ကွယ်ပျောက်သွားရင်ရော ... ကျွန်တော် တစ်ယောက်မရှိတာ ကမ္ဘာကြီးကတော့ ဂရုစိုက်မယ် မထင်ပေါင်။ တစ်ရက်ပြီးတစ်ရက်သူ့ဘာသာသူ ကောင်းကောင်းလည်ပတ်နေမှာပါပဲ။

ထားပါလေ၊ ကျွန်တော် ရူးကြောင်ကြောင်ဖြစ်နေပြီလို့ ခင်ဗျား ထင်နေမှာပဲ။ ဒါပေမဲ့ ဒါ တကယ်ဗျ ...

အဟွန်း ... စာသံပေသံနဲ့ ပြောရရင် ...

လွန်ခဲ့တဲ့ ရက်သတ္တပတ်အလွန်ကပေါ့ဗျာ ...


ရူးကြောင်ကြောင် လူတစ်ယောက်ရဲ့ ရူးနမ်းနမ်း ရက်သတ္တပတ်လို့ ခင်ဗျား ခေါင်းစဉ်တပ်လည်း တပ်ပေါ့။

အိုး ... ဒါနဲ့ ကျွန်တော်က သေတော့မှာဗျ။

ဒါတွေ ဘယ်လိုစဖြစ်တာလဲဆိုရင် ...

ကျွန်တော် ထားခဲ့တဲ့ စာတစ်စောင်က ရှင်းပြပါလိမ့်မယ်။ စာရှည်တယ်ထင်ရင်လည်း အဆုံးထိတော့ သည်းခံပြီး ဖတ်ပေးဗျာ။

ဒါက ကျွန်တော့်ရဲ့ ပထမဆုံးနဲ့ နောက်ဆုံးရေးတဲ့စာ။ တစ်နည်းအားဖြင့် ကျွန်တော့် သေတမ်းစာ ...



တနင်္လာနေ့

# နတ်ဆိုးထွက်ပေါ်လာခြင်း ...

မသေခင်လုပ်ချင်တဲ့အရာ ဘယ်နခုရယ်လို့တော့ တစ်ခါမှ မစဉ်းစားမိပေါင်။ ရုပ်ရှင်တစ်ခုမှာတော့ မင်းသမီးက သေခါနီးတော့ သူ လုပ်ချင်တဲ့အရာလေးတွေ စာရင်းလေး ပြုစုလုပ်ပြီး ဘဝကို ကျေကျေနပ်နပ် နှုတ်ဆက်သွားတယ်ပေါ့ ...

ဖွတ်ကျားဇာတ် ...

အိုကေ ... အိုကေ ... ရိုင်းရိုင်းစိုင်းစိုင်းတွေ မပြောချင်ပါဘူး။ ဒါပေမဲ့ ခင်ဗျား သိလား၊ အဲ့လို lists တွေက ဘာနဲ့တူလဲဆိုတာ တကယ့်အနတ်စုတ် ဂုတ်စုတ် အမှိုက်ထုပ်သာသာရယ်ဗျ။

ဟော့လူ ... ခင်ဗျား ဘယ်လိုသိလဲတော့ လာမမေးနဲ့။

ကျွန်တော်က သေတော့မှာလေ။ ကျွန်တော် စမ်းကြည့်တာပေါ့။ တော်တော့ကို စိတ်မသက်မသာ ဖြစ်စေတာရယ်။

လွန်ခဲ့တဲ့ ခုနစ်ရက်က ဒါတွေအားလုံး စတင်ခဲ့တယ်။

ကျွန်တော် စပြီးဖျားနာလာတယ်။ လက်တစ်ချောင်း လှုပ်ဖို့တောင် အတော်အားယူရတယ်။ အဲ ... အလုပ်တော့ တက်တယ်ဗျ။ ခါတိုင်းလို အလုပ်သွား၊ mail ကြည့်၊ စာဝေ။ 

အရင်ကတည်းက ကျွန်တော့်မှာ အဖျားငွေ့ငွေ့တက်နေတာ။ ညာဖက်ခေါင်းကလည်း တူနဲ့ နက်နေသလိုပါပဲဗျာ။ ကျွန်တော်က သတ္တိတော့ကောင်းပေမဲ့ ဆေးရုံဆေးခန်းတော့ ကြောက်တယ်။ ဒီတော့လည်း စပ်ဆေးလေး သောက်လိုက် ဖျားလိုက်နဲ့ လုံးချာလည်ပဲဗျို့။

နောက်နှစ်ပတ်လောက်နေတော့လည်း ဆရာဝန်ဆီ ပြေးရတာပါပဲ။ အင်းလေ ... မသက်သာတဲ့ အဆုံး ...။

ကျွန်တော် စသိတာပဲ၊ ရိုးရိုးအဖျားမဟုတ်ဘူးတဲ့ဗျာ။ "Brain Tumor Stage 4" (ဦးနှောက်အကျိတ်ရောင်ရောဂါ အဆင့်–၄)။

ပိုဆိုးတာတော့ ဆရာဝန်ပြောတဲ့စကား။ ကျွန်တော့်အတွက် ၆ လပဲ အချိန်ရတော့မယ်တဲ့။ တစ်ပတ်လောက်ပိုနေရရင် ကံကောင်းတဲ့။ (ကဲ ... အဲဒါကြောင့်လည်း ကျွန်တော် ဆရာဝန်တွေဆီ မသွားချင်တာ)။

ပြီးတော့ အသက်ကလေးကို တတ်နိုင်သလောက် ကျားကန်ဖို့ ရွေးချယ်စရာတွေ ရှင်းပြနေလေရဲ့။

- chemo therapy (ခီမိုကုထုံး)
- ကင်ဆာဆေးသောက်မလား
- ခွဲစိတ်မလား ... စုံလို့ပေါ့။

ဘာထူးမလဲ။ အဲ့အချိန် သူ ရှင်းပြနေတာတွေ ကျွန်တော့်နားထဲ မဝင်၊ မဝင် ... မဝင် ...

* * *

ကလေးဘဝတုန်းက ကျွန်တော် ရေကူးရတာကြိုက်တယ်။ ကြည်လို့ အေးစိမ့်နေတဲ့ ရေပြာပြာတွေထဲ တစ်ရှိန်ထိုးပြေးပြီးခုန်ချ၊ ပြီး တဖြည်းဖြည်း ရေက ကျွန်တော့်ကို သူ့အောက်ခြေအထိ ဆွဲယူသွားတာ ခံစား ...

''ခုန်မချခင် မင်း သွေးပူလေ့ကြည့်ခန်း လုပ်ရမယ်လေ။ ဟဲ့ကောင်လေး ...''

အမေ ဘယ်လို ပူညံပူညံပြောပါစေ ...၊ ကျွန်တော် ရေအောက်နား ကျလာလေလေ အမေ့ အသံလည်း ဝေးလာလေလေ။

သေရတော့မယ်ဆိုတာ သိတဲ့အချိန်မှာ ငယ်ဘဝတုန်းက မှတ်ဉာဏ်တွေဟာ အစီအစဉ်မရှိ ရုတ်တရက် ပြန်ပေါ်လာတယ်။ ကျွန်တော် ယနေ့ ဒီအချိန်ထိ လုံးဝကို ပြန်မတွေးမိတဲ့ မေ့လျော့ခံမှတ်ဉာဏ်အပိုင်းအစတွေ။

နောက်ဆုံးတော့ ဆေးရုံထဲက ထွက်လာခဲ့တယ်။

ဘေးနားက ကြမ်းပြင်ပေါ်ချထားတဲ့ ကျွန်တော့် ကျောပိုးအိတ်ကို အမြန်ဆွဲယူ၊ ဆေးရုံစမ်းသပ်ခန်းတွေရှိနေတဲ့ ကော်ရစ်ဒါတစ်လျှောက် တစ်ဟုန်ထိုးကို ထပြေးမိသွားတယ်။

ဆရာဝန်ရဲ့ စကားသံတွေ၊ ကျွန်တော့်ကိုရပ်ဖို့ အော်သံတွေ၊ ပြေးထွက်လာတဲ့ လမ်းတစ်လျှောက်က ဖရိုဖရဲဖြစ်သွားသူတွေရဲ့ ထိတ်လန့်တကြား အော်သံတွေ၊ တချို့တွေရဲ့ ဒေါသတကြီး ဆဲဆိုသံတွေ၊ အကုန် အနောက်မှာ ကျန်တဲ့အထိ ပြေးထွက်လာခဲ့သည်။

ခေါင်းထဲမှာ ဗလာနတ္ထိ။ ကျွန်တော့် ခြေထောက်တွေသာ အလိုလို သိစိတ် ရှိပုံမျိုးနဲ့ ဒီဖြစ်ရပ်ဆိုးကြီးကလွတ်အောင် တစ်ခုတည်းသော သူတို့ လုပ်နိုင်တဲ့ ပြေးခြင်းမျိုးနဲ့ မရပ်မနားကို ပြေးနေတော့တယ်။

လမ်းတစ်လျှောက် တွေ့သမျှလူတွေကို ကျော်ခွလာခဲ့တယ်။ ဆေးရုံ ကော်ရစ်ဒါတစ်လျှောက် အလဲလဲ အပြိုပြိုနဲ့ ဘယ်နခါလဲကျလို့ ဘယ်နခါ ထပြေးမိလဲတောင် ကျွန်တော် မသိတော့တဲ့အထိ။

နောက်ဆုံး လှေကားတစ်ဆုံးထိ လိမ့်ကျပြီး ကျွန်တော့် ခြေကျင်းဝတ် တစ်ဖက် ဆိုးဆိုးရွားရွား အဆစ်လွဲသွားမှ ကျွန်တော် အသိပြန်ကပ်လာ တော့သည်။ လူတစ်ကိုယ်လုံးလည်း လှုပ်မရတော့။ လက်ဖျံ၊ လက်ဖမိုးတွေ နဲ့ ဒူးခေါင်းတွေလည်း ပွန်းပဲ့ဖူးရောင်လို့၊ ထားပါလေ ...။

တကယ်တော့ အဲ့လိုမဖြစ်ခဲ့ပါဘူးဗျာ။ ကျွန်တော် ဆရာဝန်ရှေ့မှာ ငုငုငေါ်ငေါ်နဲ့ ဆက်ထိုင်နေခဲ့ပါတယ်။

''အင်းလေ ... ဒါဆို ဒါက အိပ်မက်မဟုတ်ဘူးပေါ့။ ငါ မဖြစ်ချင် ပေမဲ့လည်း ဖြစ်ခဲ့ပြီးပြီပေါ့။ ဒီလိုပေါ့ ...''

ရုတ်တရက်မှာပဲ ကျွန်တော့် အခြေအနေကို ကျွန်တော် လက်ခံပြီး ဖြစ်သွားပြန်တယ်။ (လူတွေဟာ ရှော့ရပြီးနောက်ပိုင်း အရမ်းကို တည်တည် ငြိမ်ငြိမ်နဲ့ လက်သင့်ခံသွားတတ်ကြတယ်။ ကျွန်တော်လည်း ဒီအတိုင်းပဲပေါ့ ခင်ဗျာ? ဘယ်သိမလဲဗျာ ... လူ့စိတ်ပဲ)

နောက်တော့ ကျွန်တော့်ခေါင်းထဲ အဆက်အစပ်မရှိ အတွေးစုံပေါက် လာတာပဲဗျို့။ ကျွန်တော် သွားအနှိပ်ခံနေကျ (... massage) ဆိုင်မှာ free massage တစ်ခါရဖို့ stamp တစ်ခုပဲလိုတော့တာမျိုး။

Toilet Paper နဲ့ အမွှေးခဲတွေ အများကြီး ပိုမဝယ်ထားသင့်တော့ကြောင်း တွေးမိတာမျိုးပေါ့။

ဒီလို ဘာမဟုတ် အဓိပ္ပာယ်မရှိတဲ့အရာတွေကို သေခါနီး လူတစ်ယောက် က အရင်ဆုံးတွေးမိတာ ရယ်စရာဟာသပဲဗျို့။ ကျွန်တော်တောင် ကိုယ့်အဖြစ် ကိုယ် ပြုံးမိသေး။

ကြာကြာတော့လည်း မပြုံးနိုင်ပါဘူးဗျာ။ နောက်တော့လည်း သေရတော့မယ်ဆိုတဲ့အသိဝင်လာပြီး ဘာနဲ့မှမဖြေနိုင်မယ့် စိတ်ဆင်းရဲခြင်းက နှိပ်စက်လာတော့တာပဲ။

* * *

အသက် ၃၀ ဆိုတာ သေဖို့ သိပ်ငယ်ရွယ်သေးတယ်မဟုတ်လား ...။ 'ကိစ္စများမြောင် လူတို့ဘောင်'မှာ အသက် ၃၀ အရွယ် လူတစ်ယောက်အတွက် ရှင်သန်နေချင်ဖို့ရာ အကြောင်းတရားကိုက တစ်ခုထက် ပိုရှိနေတာလေ။ ကမ္ဘာပေါ်မှာ ကျွန်တော် မသိရှိတာတွေလည်း ရှိနေသေးသလို။ ကျွန်တော် ကိုယ်တိုင် လုပ်ဆောင်မှ ပြီးပြတ်မယ့်အရေးတွေရှိသလို အထင်ရောက်တဲ့ အရွယ်မျိုးမှာ ...

ဒါပေမဲ့ ဘဝတစ်လျှောက်လုံး ကျွန်တော် ဖြစ်ချင်တာ၊ လုပ်ကိုင်ချင်တာ လုပ်ခဲ့ရပြီလား။ လုပ်သင့်ပြီလားလို့ အတွေးမြူမှုန်တောင် မတွေးမိသေးတာဗျာ။ အင်း ... ရထားဘူတာမှာ ဆယ်ကျော်သက်ကောင်လေး တစ်သိုက် (Acoustic – အကော့စ်တစ်) ဂစ်တာကိုယ်စီနဲ့ သီချင်းဆိုနေတာ မတွေ့မချင်းပေါ့။

''အချိန်တစ်ခုရောက်ရင် အားလုံးပြီးဆုံးသွားမယ် ...
နောက်ဆုံးသော နေ့တစ်ရက်ရဲ့ နေဝင်ချိန် ...
ဘယ်အချိန် ရောက်လို့လာမယ်မှန်း မသိ
ဒါ့ကြောင့် ... ရှင်သန်ချိန် မင်းဘဝကို မင်းရွေးချယ် ...
မင်းစိတ် အချွတ္တအတိုင်းပေါ့ကွယ် ...
ဒီလိုနည်းနဲ့ ဘာမှန်းမသိတဲ့ မနက်ဖြန်ကို ရင်ဆိုင်မယ်''

ဒီသီချင်းအဓိပ္ပာယ်က ခါတိုင်းလိုမဟုတ်ဘဲ ကျွန်တော့်ကို တော်တော် စိတ်ဓာတ်ကျသွားစေတယ်။ အခုချိန်ထိ ကျွန်တော်က ကိုယ့်အတွက်ကိုယ် မရှင်သန်ခဲ့ရသေးသလိုမျိုး တွေးမိလာတယ်။

ဒီနောက်တော့လည်း ကျွန်တော့် တိုက်ခန်းကျဉ်းလေးရှိရာကို လေးလေးပင်ပင်ခြေလှမ်းနဲ့ပဲ ပြန်လာခဲ့လိုက်တယ်။

လှေကားပေါင်းများစွာတက်ပြီး ဘာလုံခြုံခိုင်ခံ့မှုမှမပေးနိုင်တဲ့ အပေါ်စား အပေါ့စား တံခါးတစ်ချပ်ရဲ့နောက် မလှူးသာ မလွန့်သာ လူတစ်ကိုယ် ကြောင် တစ်ကောင်စာ နေနိုင်တဲ့နေရာလေး။ ကျွန်တော့်အိမ်လို့ သတ်မှတ်ထားတဲ့ ကျွန်တော့်အိမ်လေးဆီ ပြန်ရောက်ခဲ့တယ်။

တံခါးဖွင့်ဝင်ဝင်ပြီးချင်းပဲ လုံးဝဥဿုံ မျှော်လင့်ချက်မဲ့ခြင်းနဲ့ အထီးကျန် စိတ်က ကျွန်တော့်ကို ဝါးမျိုသွားတယ်။ အမြင်အာရုံတွေ ဝေဝါးသထက် ဝေဝါးလာတယ်။ ပြီးတော့ ခြေသုတ်ခုံနားမှာပဲ လူသေတစ်ကောင်လို လဲကျ သွားတယ်။ မှိန်ပျပျအလင်းတစ်စတောင် မမြင်နိုင်တော့ဘူးလေ။

တံခါးဝနားမှာ လဲကျနေရင်းနဲ့ပဲ နိုးချိန်တန်တော့ သူ့ဘာသာသူ ပြန်ထ လာနိုင်ခဲ့တယ်။ ဘယ်အချိန်က လဲကျတယ်၊ ဘယ်အချိန်မှာ ပြန်နိုးလာပြီး အချိန်ဘယ်လောက်ထိ လဲကျနေခဲ့လဲဆိုတာတော့ ကျွန်တော်လည်း မသိဘူး၊ ဘယ်သူ့မှလည်း မသိနိုင်ဘူး။

အနက်နဲ့အဖြူ ရောထားပြီး ခဲရောင်အကွက်အကွက်တွေနဲ့ မွေးပွလုံး တစ်လုံးက မျက်စိရှေ့ရောက်လာတယ်။ အဲ့အလုံးက အသံလည်း မြည်လာ တယ်ဗျ။

"ညောင် ..."

နောက်ဆုံးတော့ ကျွန်တော့်မှာ ကြောင်တစ်ကောင် ရှိသေးတယ် ဆိုတာ အမှတ်ရလာတယ်။

ဒီနှစ်ဆို ဒီကောင်နဲ့ ကျွန်တော်နေလာတာ လေးနှစ်ပြည့်ပြီ။ ဒီကောင် ကျွန်တော့်ကို စိုးရိမ်တယ် ထင်ပါ့၊ အနားကပ် ပွတ်သပ်ရင်း တညောင် ညောင်နဲ့။

"ဟော့ကောင်ရ ... ငါ မသေသေးပါဘူးကွ"

စိတ်ထဲကပြောရင်း ထရပ်လိုက်တယ်။ သေလောက်အောင် ခေါင်းကိုက်နေပြီး တရှိန်ရှိန်ပူနေတဲ့အဖျားက ဘုရားစူး စိတ်ပျက်စရာကောင်းတာဗျာ။ နေမကောင်းဘူးဆိုတာ တကယ်နေလို့မကောင်းတာပဲဗျို့။

ရုတ်တရက်ဆိုသလို အခန်းထောင့်က လူတစ်ယောက်ရဲ့ ရွှင်ရွှင်မြူးမြူး နှုတ်ဆက်သံထွက်လာတယ်။ (ခင်ဗျားတို့ သိတယ်မလား ... ကာတွန်းကားတွေထဲက နတ်ကောင်းနတ်ဆိုး ထွက်လာသလို 'ဘွား'ခနဲ)

''တွေ့ရတာ ဝမ်းသာပါတယ် ...''

ဟာ ... ကျွန်တော် နောက်တစ်ယောက်။ ကျွန်တော့်ရုပ်မှ ကျွန်တော့် ရုပ်အစစ်။ နံရံထောင့်နားမှာရပ်နေရင်း ကျွန်တော့်ကို စိုက်ကြည့်နေတာ။ "Doppelganger" များလားဆိုပြီး လန့်ဖျန့်သွားပါရောလား။

(Doppelganger - ကမ္ဘာတစ်ဖက်က ကျွန်ုပ်၊ မိမိနှင့် တစ်ထေရာတည်း ရုပ်ကော အသက်ကောတူသည့် သွေးသားမတော်စပ်သော ကိုယ်ပွား ...။ တချို့စာအုပ်တွေမှာ ဖော်ပြတာတော့ လူတစ်ယောက် သေခါနီးမှာမှ ထွက်ပေါ်လာတတ်သော ထိုသူ၏ နေရာအစားယူတတ်သော ဝိညာဉ်တစ်ခု)။

ငါ ... ငါ ရူးသွားပြီလား၊ ဒါမှမဟုတ် ငါ သေနေ့စေ့ပြီလား။

ခေါင်းတစ်ခုလုံး ချာချာလည်သွားသလို ခဏတာဆောက်တည်ရာမရလည်း ဖြစ်သွားတယ်။ ဒါပေမဲ့ ကျွန်တော် ဟန်ကိုယ့်ဖို့ ပြင်ဆင်လိုက်ရင်း ဒီအခြေအနေကို ကိုင်တွယ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော့်ရှေ့မှာ ရပ်နေတာ ဘာကြီးဖြစ်ဖြစ်လေ ...

အာ ... အဲ့တော့ ခင်ဗျားက ဘာလဲ ...

''မင်း ဘယ်လိုထင်လဲ ...''

''အာ ... သေမင်းလား ...''

''နီးစပ်တယ်''

''နီးစပ်တယ် ...''

''ငါက နတ်ဆိုးတစ်ကောင်ပဲ''

''နတ်ဆိုး ...''

''ဟုတ်တယ် ... နတ်ဆိုး၊ ငါ့နာမည် ... အလိုဟာ (Aloha)''

ဒီနည်းနဲ့ပဲ ကျွန်တော့်ဘဝထဲမှာ နတ်ဆိုးတစ်ကောင် ဝင်ရောက်လာတယ်။

ခင်ဗျားတို့ရော နတ်ဆိုးဆိုတာ မြင်ဖူးလား ...။ ကျွန်တော့်အတွက်တော့ နတ်ဆိုးမှာ ကြောက်လန့်စရာ မျက်နှာနီနီကြီးနဲ့ မြားချွန်လို အမြီးမျိုး မပါဘူးပေါ့။ ကျွန်တော်နဲ့ ချွတ်စွပ်တူနေတော့တာပဲ။ ဒါဆို doppelganger ဆိုတာ နတ်ဆိုးများလား ...

ဒါဟာ တော်တော့်ကိုခေါင်းစားပြီး ချောက်ချားစရာကိစ္စပဲ။ ဒါပေမဲ့ ကျွန်တော့်မှာ ရှောင်လွှဲစရာ တခြားလမ်းရော ရှိလို့လား။ ဒါ့ထက် နတ်ဆိုးရုပ်ကြည့်ရတာလည်း လူကောင်းပုံလိုလို။ ဒီတော့လည်း ဘာပဲဖြစ်ဖြစ် ကျွန်တော် ဒီနတ်ဆိုးနဲ့ နစ်ပါးသွားဖို့ ဆုံးဖြတ်လိုက်ရုံပဲလေ။

နတ်ဆိုးက ကျွန်တော်နဲ့ တစ်ပုံစံတည်းတူကတည်းက ကျွန်တော်ထင်တာ fashion sense လည်း တူမယ်ပေါ့။ ကျွန်တော့် အဝတ်အစားအများစုက အခြေခံအရောင် အဖြူနဲ့အနက်ပဲ။ အနက်ရောင်စတိုင်ပန်နဲ့အဖြူရောင်တီရှပ်။ ပြီးတော့ ခေါင်းစွပ်ဆွယ်တာအမည်းက ကျွန်တော် အမြဲလိုလိုဝတ်ဖြစ်တာပဲ။ ပျင်းစရာ ဖက်ရှင်ဒီဇိုင်းပေမဲ့ ကျွန်တော့်လို (Monotone-gay) (အနိမ့်အမြင့် အတက်အကျမရှိဘဲ) ဘဝကို ဖြတ်သန်းနေတဲ့ကောင်အတွက်တော့ အံကိုက်ပဲ။ အမေနဲ့အတူနေခဲ့တဲ့ လွန်ခဲ့သော နှစ်များစွာကတည်းက အဝတ်အစားကိစ္စနဲ့ပတ်သက်ပြီး အမေ ခဏခဏ ပြောခဲ့ဖူးတယ်။

''မင်းမလည်း ဝယ်လာလိုက်ရင် တစ်ရောင်တည်း၊ တစ်ပုံစံတည်းတွေ။ ဝယ်မနေပါနဲ့တော့လား''

ဒါပေမဲ့ အခုချိန်ထိ ကျွန်တော် shopping ထွက်ရင် ရှိပြီးသား အင်္ကျီဘောင်းဘီတွေနဲ့ တူညီတဲ့အရောင်တွေ ဒီဇိုင်းတွေ ဝယ်မိနေတုန်းပဲ။

နတ်ဆိုးကတော့ 'အယ်' ဘယ်လိုပြောရမလဲ၊ ကျွန်တော်နဲ့ ပြောင်းပြန်ပဲပျို့။ ထန်းရွက်ပုံတွေ American ကားပုံတွေပါတဲ့ ဟာဝိုင်တီရှပ်အရောင်

တောက်တောက်ကို shorts pant နဲ့ တွဲဝတ်ထားပါလေရော။ ပွန်း ... တစ်သက်လုံး holiday mood on နေတဲ့ ကောင်တစ်ကောင်လို။ နောက်ပြီးတော့ သေချာတာပေါ့ဗျာ၊ ဒီလို ဒီဇိုင်းကာလာအနေအထားနဲ့ Ray-Bans လို မျက်မှန်တစ်လက်လောက်ကတော့ မပါမဖြစ်ပေါ့။ အပြင်မှာ အေးခဲလောက်အောင် အေးနေချိန်မှာ ဒီနတ်ဆိုးကတော့ နွေရာသီစတိုင် အပြည့်နဲ့ဗျား။

သူ့ကို ကြည့်ရင်း ကြည့်ရင်း ကျွန်တော် မူးမေ့တော့မတတ် ဖြစ်နေချိန်မှာ နတ်ဆိုးက စကားစပြောလာတယ်။

''ဆိုတော့ ... မင်း အခု ဘာလုပ်မလဲ ...''

''ဟင် ...''

ပြောချင်တာက မင်းမှာ အခုအချိန် သိပ်မရှိတော့ဘူးမလား ...၊ လက်ကျန်ဘဝကို ဘယ်လိုအသုံးချမလဲ ... ။ အဲ့တော့ မင်း ဘာလုပ်ဖို့ plan ရှိလဲ ...



အော် ... အခုတော့ မသေခင်လုပ်မယ့်အရာ ဆယ်ခုကို စာရင်းပြုစုတော့မလို့လေ။

ဟိုခေတ်ဟောင်း ရုပ်ရှင်ထဲကလိုတော့ မလုပ်ဘူးမလားနော်။

အမ်း ... ဟုတ်တယ်လေ ... အဲ့လိုထင်တာပဲ။

အဲ့တော့ မင်းက ဒီလိုအဓိပ္ပာယ်မရှိ ရှုးကြောင်ကြောင်ကိစ္စမျိုးကို လုပ်တော့မယ်ပေါ့။ ဟုတ်လား ...

အဲဒါကြီးက မကောင်းဘူးလား ...

''Well ... ငါ ဆိုလိုတာက အဲ့ဒါ ဒုတိယအကြိမ် အသက်ရှင်ဖို့ အခွင့်အရေးမရတဲ့လူတွေ လုပ်တာများတယ်လေ။ သူတို့ လုပ်ချင်တာတွေ ဘဝမှာ တစ်ကြိမ်တော့လုပ်ခွင့်ရတယ်လို့ ကိုယ့်ဘာသာကိုယ် နိုင်နိုင်မာမာ ယူဆဟစ်ကြွေးရင်း အဆုံးသတ်သွားတဲ့ လူတွေလေ''

သူ့စကား သူ ထောက်ခံတဲ့သဘောနဲ့ နတ်ဆိုးဟာ အားရပါးရ ရယ်မောရင်း ဖြေသည်။

''ဆောရီး ... အဲဒါ ခင်ဗျား ထင်သလို ရယ်စရာမဟုတ်သလို ခင်ဗျား ပြောချင်တာလည်း ကျွန်တော် နားမလည်ဘူး''

''မှန်တာပေါ့ ... မှန်တာပေါ့။ မင်းကိုယ်တိုင် မတွေ့ကြုံသေးသရွေ့ ငါ ပြောတာ ဘယ်နားလည်လိမ့်မတုံး။ မင်း ဆွဲမယ်ဆိုတဲ့ စာရင်းပဲချရေး ပါတော့ကွာ''

စာရွက်အလွတ်တစ်ရွက် ဆွဲယူပြီးတော့ စာရွက်ထိပ်မှာ ခေါင်းစဉ်တပ် ချလိုက်တယ်။

''မသေခင် လုပ်ချင်တဲ့ အရာ ၁၀ မျိုး''

ပိုပြီးစိတ်ဓာတ်ကျလာသလိုပဲ။ သေခါနီးဖြစ်နေတဲ့ အချိန်မှာတောင် ဒီလိုစာရင်းမျိုးနဲ့ အချိန်ထပ်ဖြုန်းနေရဦးမှာလား။ ဘယ်လိုပဲ တွေးမိ တွေးမိ အခုချိန်မှာတော့ ဒီစာရင်းကို ပြီးအောင်ရေးဖို့ပဲရှိတော့တယ်။ ကျွန်တော့် ပခုံးပေါ်ကနေ ကျော်ကျော်ကြည့်ဖို့ ကြိုးစားနေတဲ့ နတ်ဆိုးတစ်ကောင်နဲ့ စာရေးမယ်၊ အလုပ်လုပ်တော့မယ်ဆိုရင် သူ့ကိုယ်လုံး ဗိုင့်ဗိုင့်ကြီးနဲ့ တက်ဖိ တတ်တဲ့ ကြောင်တစ်ကောင်ရဲ့ နှောင့်ယှက်မှုကြားကနေပေါ့။ 

အိုကေ ... ပြီးပြီ ...

၁။ Skydiving လုပ်မယ်။

၂။ Mt. Everest တောင်တက်မယ်

၃။ Ferrari ကားကို အရှိန်ပြင်းပြင်းနဲ့ မောင်းဖူးချင်တယ်

၄။ သုံးရက်ဆက်တိုက်ကျင်းပတဲ့ တရုတ်ရိုးရာအစားအစာပွဲတော်မှာ သွား စားချင်တယ်

၅။ Transformer စက်ရုပ်စီးမယ်

၆။ ဘဝနောက်ဆုံးချိန်ထိ ရှိပေးမယ့် ချစ်သူတစ်ယောက်ရှာမယ်

၇။ မင်းသမီးတစ်ပါးပါးနဲ့ ချိန်းတွေ့ဖူးချင်တယ်

၈။ လှလှပပ မိန်းမတစ်ယောက် ကော်ဖီခွက်ကိုင်ပြီး ထွက်အလာကို အခန်းထောင့်ကွယ်ကနေ အချိန်ကိုက်ပြေးထွက်လာပြီး ရုပ်ရှင်ဆန်ဆန် ဝင်တိုက်မယ်။ ပြီးတော့ အချစ်ဇာတ်လမ်းလေးတစ်ပုဒ် ဖန်တီးမယ်။

၉။ ကျောင်းတုန်းက ကြိုက်ခဲ့ဖူးတဲ့ကောင်မလေးနဲ့ မိုးရေထဲမှာ ဝင်တိုက် မိဖူးချင်သေးတာ။

၁၀။ ဘဝမှာ တစ်ခါလောက်တော့ ချစ်ဖူးချင်တယ်။

''ဘာတွေတုံးဟ ...''

''အေးလေ ... မြင်တဲ့အတိုင်းပဲလေ''

''လုပ်စမ်းပါ ... မင်းက ကျောင်းသားမှ မဟုတ်တော့တာ။ ကြောင် ချက်ပဲ ...။ မင်းအစား ငါတောင် ရှက်လာပြီ''

''ဆောရီး ...''

ကျွန်တော်က နလပိန်းတုံးကောင် တစ်ကောင်ရယ်ပါ။ နောက်ဆုံးအချိန် အတွက် စဉ်းစားတာတောင် ဒီလိုစာရင်းမျိုးပဲ အကောင်းဆုံးအနေနဲ့ ထွက်လာ ခဲ့တယ်။ ကျွန်တော့်ကြောင်တောင် ခပ်ဝေးဝေးမှာ သွားနေလေရဲ့။ သူလည်း ကျွန်တော့်ကို စိတ်ပျက်သွားတယ်ထင်ပါ့။



နတ်ဆိုးဟာ ကျွန်တော့်ကို အားပေးတဲ့အနေနဲ့ ပခုံးကို လာပုတ် တယ်။

''ထားပါ ... ထားပါ ...။ ကောင်းပြီလေ ... skydiving အတွက် စီစဉ်ရအောင်။ ATM စက်ဆီ မြန်မြန်ကြီးသာ ပြေးပေတော့ ကိုယ့်လူ။ ငွေ ရတာနဲ့ လေဆီပ်သွားရတာပေါ့''

နောက် ၂ နာရီအကြာမှာ ကျွန်တော်တစ်ယောက် မြေပြင်အထက် ပေ ၃၀၀၀ မီတာမှာ ပျံသန်းနေတဲ့ ဂျက်လေယာဉ်ထဲမှာ ရောက်နေခဲ့ပြီ။

Ok .. ready? Geronima!

နတ်ဆိုးက ကောင်းချီးပေးသလို အော်ပြီးချင်းပဲ ကျွန်တော့်ကို တွန်းချ လိုက်ပါလေရော။ နောက် ကျွန်တော် သိလိုက်တာက ကျွန်တော် ပြုတ်ကျ နေပြီ ဆိုတာပဲ။

Yep! ဒီခံစားချက်၊ ကျွန်တော် အမြဲတမ်းမျှော်လင့်ခဲ့ရတဲ့ အချိန်လေး။ ကျယ်လွင့်နေတဲ့ ကောင်းကင်ပြာကြီးနဲ့ တိမ်စိုင်တိမ်ခဲတွေ၊ ကမ္ဘာကြီးကို အပြန့်လိုက် အပေါ်စီးကနေ မြင်ရတဲ့ရှုခင်း။

ကျွန်တော်ထင်တာက ဒီလိုမျိုး ကမ္ဘာကြီးကို အပေါ်စီးက ရှုမြင်လိုက်ရပြီ ဆိုရင် လက်ရှိ ကမ္ဘာပေါ်မှာ ဖြစ်နေ ပျက်နေတာတွေကို အတွေးမြင်သစ်တစ်မျိုးနဲ့ မြင်နိုင်လာလိမ့်မယ်လို့။ အရေးမပါတဲ့ ကိစ္စသေးသေးလေးတွေရော၊ နတ်ဆိုးတစ်ကောင်လက်ထဲ ဘဝ ပုံအပ်ထားရတာရောကို မေ့သွားလိမ့်မယ် ထင်ခဲ့တာပေါ့။

အဲ့လို ''အတွေးသစ် အမြင်သစ်''လို စကားမျိုးက လူသိများတဲ့ လူတော်တော်များများရဲ့ လက်စွဲစကား ဖြစ်လုနီးပါးပါပဲ။ ကိုယ်တိုင် မခုန်ဖူးခင် ကတည်းက ဖန်တစ်ရာတေအောင် ကြားခဲ့ပြီးသား။

ကျွန်တော့် အတွေ့အကြုံအရဆို အဲ့လောက် အမြင့်ပေပေါ်မှာ အေးလည်း အေးတယ်။ ပြီးတော့ ကြောက်ဖို့လည်း ကောင်းတယ်။ ''လူတွေ ဘာလို့ ကိုယ့်ပိုက်ဆံပေးပြီး ကိုယ့်သဘောနဲ့ ကိုယ် လေယာဉ်ပေါ်က ခုန်ချချင်ပါလိမ့်လို့'' တွေးမိလာတဲ့အထိပဲ။ ''ငါ ဒါမျိုးကြီးကို လုပ်ချင်ခဲ့ပါလား၊ ကောင်းကင်ပေါ်ကနေ ခုန်ချပြီး ကျလာတဲ့ လမ်းတစ်လျှောက် အဲ့လိုအတွေး တွေပဲ ဆက်တိုက်ပေါ်လာခဲ့တယ်။ လုံးစေ့ပတ်စေ့တော့ ကျွန်တော်လည်း မမှတ်မိတော့ဘူး။

တိုက်ခန်း ကျဉ်းကျဉ်းလေးထဲ ပြန်ရောက်တာနဲ့ အိပ်ရာပေါ် ကျောပစ်ခင်းရင်း အိပ်ပျော်သွားတယ်။ 'ညောင် ... ညောင် ...' ကြောင်အော်သံ နစ်ခါလောက်ကြားမှ နိုးလာခဲ့တယ်။ ခေါင်းက သေလောက်အောင် ကိုက်နေတာမို့ တရှုတ်ဆွဲထရတယ်။ သိတယ်၊ ဒီလိုဖြစ်တာ ကမ္ဘာမြေပြင်ပေါ် ခုန်ချတဲ့ ဒဏ်ကြောင့်လည်း ပါတယ်ဆိုတာ။

''အိုး ... ကျေးဇူးပြုပြီး ငါ့ကို လွှတ်ထားစမ်းပါ''

Aloha ရယ်လေ ... အိပ်ရာပေါ်တက်ပြီး ကျွန်တော့်ဘေးမှာ ငုတ်တုပ်ကြီးထိုင်လို့။

''အဆင်မပြေမှုများ ဖြစ်ပွားခဲ့ရင် တောင်းပန်ပါတယ်ဗျာ''

''ဟေး ... ကျွန်တော် အခုမသေသေးဘူးမလား။ ကျွန်တော် သေတော့မှာဆိုတာ သိပေမဲ့ ...။

Aloha (အလိုဟာ) က ဘေးကို ရှေ့ထိုင်တယ်။

ကျွန်တော်လည်း စကားဆက်မပြောရဲတော့ဘဲ ကြောင်ကိုသာ ဖက်ထားမိတယ်။ နူးနူးညံ့ညံ့ နွေးထွေးတဲ့ အမွှေးပွဘောလုံးတစ်လုံးလို သူက လက်ပေါ်ကွေးနေလေရဲ့။ သူ့ကို စမွေးတုန်းက သူ့အကြောင်း ဘာဆိုဘာမှ ထွေထွေထူးထူး မတွေးခဲ့၊ မစဉ်းစားမိခဲ့ဖူးဘူး။ ဒါပေမဲ့ အခုချိန်မှာတော့ သူက ကျွန်တော့်ဘဝရဲ့ အရေးပါလှသော သတ္တဝါတစ်ကောင် ဖြစ်နေခဲ့ပြီ။

''ဘာလို့လဲဆိုတော့ ...ကျွန် ...ကျွန်တော် မသေခင် လုပ်စရာတွေပဲ အများကြီးရှိတာ မဟုတ်ဘူး''

''အို ... ဟုတ်လား ...''

''ပြောချင်တာက အရင်က ကျွန်တော် စာရင်းလုပ်ခဲ့တဲ့ အရာဆယ်မျိုး မဟုတ်တော့ဘူး။ အဲ့ဒါတွေက တကယ်လက်တွေ့ကျ စိတ်ပျက်စရာကောင်းတယ်။''

''ကောင်းလေစွ ... အဲ့လို စိတ်ပျက်စရာ ပျင်းစရာကောင်းတာကိုက ဘဝ မဟုတ်ဘူးလား''

''ထားပါ ... ဒါနဲ့ ကျွန်တော် မေးစရာရှိတယ်''

''ဘယ်သူ့ကိုလဲ၊ ငါ့လား ...''

''အွန်း ... ထူးဆန်းတယ်လေ၊ ဘာလို့လာခဲ့တာလဲ။ ကျွန်တော် သိချင်တာ ... ခင်ဗျား ဒီမှာ ဘာလာလုပ်တာလဲ''

စကားဆုံးဆုံးချင်း Aloha ခွက်ထိုးခွက်လန် ထရယ်ပါရော။ ပြီးတော့ အဲဒီရယ်သံက မကောင်းတာတစ်ခုခု သယ်ဆောင်လာသလို ကျွန်တော် ခံစားရတယ်။

''မင်း တကယ်သိချင်တယ်ဆို သိရမှာပေါ့ ကိုယ့်လူ''

သူက တီးတိုးပြောသည်။

''ကောင်းပြီ ... ကောင်းပြီ ... အခု ခင်ဗျားက ကျွန်တော့်ကို ခြောက်နေတာပဲ''

ရုတ်တရက်ကြီး Aloha အသံအနေအထား ပြောင်းသွားတာက ကျွန်တော့်ကို သံသယမကင်း ဖြစ်လာစေတယ်။ မကောင်းတဲ့ အငွေ့အသက်တစ်ခုကို ရသလိုပဲ။ ကျွန်တော် ပြောနိုင်တာတော့ နောက်ထပ် ဘေးဒုက္ခဆိုးက ဦးတည်လာနေပြီ ဆိုတာပဲ။

''ဘာဖြစ်သွားတာလဲ ...''

Aloha က မေးသည်။

သက်ပြင်းရှည်ကြီး တစ်ချက်ချမိရင်း ကိုယ့်ဘာသာကိုယ် စိတ်ငြိမ်အောင် ကြိုးစားရသည်။ ဘာမှမဖြစ်ဘူး ... ငါ ဘာမှဖြစ်မှာ မဟုတ်ပါဘူး။ မေးခွန်းလေးတစ်ခု မေးရုံပါ။ မေးခွန်းမေးတယ်ဆိုတာ ရာဇဝတ်မှုမှ မဟုတ်ဘဲ။

''အို ... ဘာမှမဖြစ်ပါဘူး။ ကျွန်တော် သိချင်တယ် ... ပြောပြပါ ...''

''အဲ့ဒါဆို ပြောရမှာပေ့ါ။ မင်းက မနက်ဖြန် သေတော့မယ်လေ''

''ဘာ ...''

''မင်း မနက်ဖြန် သေနေ့စေ့ပြီ။ အဲ့ဒါပြောဖို့ ငါ ဒီကို ရောက်နေတာပဲ''

ကျွန်တော် ဆွံ့အသွားတယ်။ ရှော့ရခြင်းနဲ့အတူ ပြင်းထန်တဲ့ ဝမ်းနည်းမှု၊ စိတ်ဓာတ်ကျမှုက ကပ်ပါလာတယ်။ ရုတ်ခြည်း တစ်ကိုယ်လုံး သွေးမရှိတော့သလို အားအင်မဲ့ပြီး ဒူးတွေဟာ လဲကျတော့မတတ် တုန်ယင်လာသည်။

ကျွန်တော့် အခြေအနေကိုကြည့်ပြီး အားပေးစကားပြောသင့်ပြီလို့ Aloha ယူဆလိုက်ပုံရသည်။

''ဟေး ... တအားကြီးလည်း ကြောက်မနေပါနဲ့ကွာ။ ဒီမှာကြည့် ... မင်းကို ကူညီဖို့ပဲ ငါ ရောက်လာတာ။ နည်းလမ်းတစ်ခုတော့ ရှိပါသေးတယ်ကွ''

''နည်းလမ်း ... ခင်ဗျား ဘာဆိုလိုတာလဲ ...''

''မင်း မသေချင်သေးဘူးမလား၊ မင်းရဲ့ စောက်ပြဿနာပေါင်းစုံနဲ့ ဘဝကြီးကို လက်မလျှော့ချင်သေးဘူးမလား''

''ဟုတ်တယ် ဖြစ်နိုင်မယ်ဆို ကျွန်တော် အသက်ရှင်ချင်တယ်''

''နည်းလမ်းတစ်ခု ရှိတယ်''

''လုပ်မယ်၊ ဘာနည်းလမ်းဖြစ်ဖြစ် ...''

''ကောင်းပြီ ... ငါကတော့ မှော်ဆန်တဲ့ နည်းလမ်းလို့ခေါ်တယ်။ အဲဒါက မင်းရဲ့ အသက်လမ်းကြောင်းကို ဆွဲဆန့်ပေးနိုင်လိမ့်မယ်''

''တကယ်လား ...''



''သဘောတူညီချက်တစ်ခုတော့ ရှိတယ်။ မင်းက စကြဝဠာရဲ့ နိယာမ စည်းမျဉ်းကို လိုက်နာရမယ်''

''ဘာလဲ ...''

''တစ်ခုလိုချင် တစ်ခု ဆုံးရှုံးပေးရမယ်''

''ဘာကို လုပ်ရမလဲပဲ သေချာပြောစမ်းပါ''

''လွယ်ပါတယ် ... ရိုးရှင်းတဲ့ အလဲအလှယ်တစ်ခုပါပဲ''

''အလဲအလှယ် ...''

''သေချာတာပေါ့ ... မင်းလုပ်ရမှာက ကမ္ဘာပေါ်မှာ ရှိနေတဲ့အရာတစ်ခု ကို ကမ္ဘာပေါ်က ထာဝရကွယ်ပျောက်သွားစေအောင် ဆုတောင်းရမယ်။ အပြန်အလှန်အနေနဲ့ မင်း အသက်တစ်ရက် ထပ်နေခွင့်ရမယ်''

''နောက်နေတာလား၊ ဒါလေး လုပ်ရုံပဲလား ...''

ကျွန်တော် သေရတော့မှာ သိပါတယ်။ ဒါပေမဲ့ ကျွန်တော် မရူးသေး ဘူး။ အဲဒါထက် Aloha ကို ဒီလိုလုပ်ခွင့် ဘယ်သူပေးခဲ့တာလဲ။

''မင်း အခု ငါ့ကို ဒီအာဏာ ဘယ်သူပေးလဲလို့ စဉ်းစားနေတာလား''

''ဟမ် ... ဟို ... ခင်ဗျား ... ခင်ဗျား ဘယ်လိုသိလဲ''

''စိတ်ဖတ်တယ်ဆိုတာ ငါ့အတွက် အလွယ်ဆုံးပဲ။ ဟယ်လို ... ငါက နတ်ဆိုးဆိုတာလည်း မေ့မသွားနဲ့လေ''

''ဟမ် ...''

''ကဲ ... အချိန်တော့ သိပ်မရှိဘူး။ မြန်မြန်လေးသာ ဆုံးဖြတ်ပေတော့ ကိုယ့်လူ။ လက်ခံတယ်ဆို အလဲအလှယ်လုပ်ဖို့ အကြောင်းလေးပါ ဆက်ကြရအောင်''

''ခင်ဗျား ပြောသလိုပဲ ...''

''ဒါဖြင့်လည်း ရတယ်လေ။ မင်း ငါ့ကို မယုံမကြည်ဖြစ်နေတာအတွက် ငါ ရှင်းပြပေါ့မယ်။ အိုကေ ...''

Aloha က သူ့ကိုယ်သူ သက်သောင့်သက်သာပုံစံပေါ်အောင် ပြင်ထိုင်လိုက်သည်။

''မျိုးရိုးဗေဒကွင်းဆက်များဆိုတဲ့ စာအုပ် မင်း မြင်ဖူးလား။ ဖတ်ကြည့်ဖူးလား''

''သမ္မာကျမ်းစာကို ပြောချင်တာလား၊ အင်း ... အဲ့စာအုပ်ကို ခဏခဏ မြင်ဖူး ကြားဖူးတယ်။ တစ်ခါမှတော့ မဖတ်ဖူးဘူး''

''အိုး ... ကောင်းရော၊ မင်းမှာ ရှိသမျှထဲက ဒီတစ်ခုကတော့ အရင်ပျောက်တော့မယ်ထင်ပါ့''

''ဘာရယ် ...

''ထားပါလေ ... ငါ မင်းကို အခွင့်အရေးပေးပါ့မယ်။ ပထမဆုံး ပြောချင်တာက ဘုရားသခင်က ကမ္ဘာကြီးကို (၇) ရက်နဲ့ ဖန်ဆင်းခဲ့တယ်''

''အို ... ရက်စ် ... ကျွန်တော် ကြားဖူးတယ်''

''ပထမဆုံးနေ့မှာ အလင်းရောင်ကို ဖန်ဆင်းတယ်။ နောက်တော့ သမုဒ္ဒရာတွေ၊ ပင်လယ်တွေပေါ်ပေါက်လာပြီး သစ်ပင်ဥယျာဉ်တွေ အမြစ် စတွယ်တည်ရှိလာတယ်။

''အထင်ကြီးစရာပဲ ...''

''ဟုတ်တယ်၊ စတုတ္ထမြောက်နေ့မှာ နေရယ်၊ လရယ်၊ ကြယ်တွေ ရယ်နဲ့ ပြည့်စုံတဲ့ကောင်းကင်၊ စကြဝဠာတစ်ခုကို ဖန်ဆင်းတယ်။ ပြီးတော့ သက်ရှိမွေးဖွားခြင်း စတင်တယ်။ ငါးတွေ ငှက်တွေဟာ ပဉ္စမမြောက်နေ့ရဲ့ ဖန်ဆင်းမှုပဲ။ ဆဋ္ဌမရက်မြောက်နေ့မှာ တိရစ္ဆာန်တွေ ရှိလာခဲ့ပြီး သူ့ရဲ့အခမ်း အနားဆုံး ဖန်ဆင်းမှုဖြစ်လာခဲ့တယ်။ အဲဒါ မင်းတို့ပဲ ...''

''အို ... ကျွန်တော် သိပြီ၊ ကောင်းကင်နတ်ဘုံနဲ့ လူသားမျိုးနွယ်အထိ ဖန်ဆင်းမှုတွေဟာ တစ်ဆင့်ပြီးတစ်ဆင့် ပေါ်ပေါက်လာခဲ့တယ်။ ဒါဆို သတ္တမ မြောက်နေ့ကရော၊ ဘာဖန်ဆင်းခဲ့လဲ ...''



''နားတယ်လေ၊ အဲဒါကြောင့် ဘုရားသခင်တောင် နားဖို့လိုတယ်လို့ အခုခေတ်အထိ ပြောစမှတ်ပြုတာပေါ့ ...''

''အဲ့နေ့ကို တနင်္ဂနွေလို့ ခေါ်တာပေါ့၊ ဟုတ်လား ...''

''အတိအကျပဲ၊ အံ့ဩစရာမကောင်းဘူးလား။ ဘုရားက ဒါတွေ အကုန် ခုနစ်ရက်နဲ့ အပြီးလုပ်ခဲ့တယ်။ အံ့ဖွယ်သခင်ပဲ။ မင်း ယုံမလား၊ ငါ သူ့ကို လေးစားတယ်''

အခုခေတ်မှာ လူသားတွေက စိတ်ကူးထဲကအတိုင်း အရာတော်တော် များများကို တီထွင်နိုင်ပြီပဲ။ ဖန်ဆင်းမှုနဲ့ လေးစားခံထိုက်မှုတို့က တိုက်ရိုက် အချိုးကျ မကျတော့ ကျွန်တော် မသိတော့ပါ။ ဒါပေမဲ့ အခုချိန်မှာ နတ်ဆိုး ပြောသမျှ ရေလိုက်ငါးလိုက် နားထောင်နေတာ ကျွန်တော့်အတွက် အကျိုးရှိ ဆုံး ဖြစ်မည်။

''ပထမဆုံး သူ ဖန်ဆင်းတဲ့လူက အာဒမ်၊ နောက်တော့ အဲ့လူတစ် ယောက်တည်း အထီးကျန်ပုံရတာနဲ့ နောက်ထပ် လူသားတစ်ယောက် ထပ်

ဖန်ဆင်းခဲ့တယ်။ အာဒမ်ရဲ့ နံရိုးတစ်ချောင်းကနေ ထပ်ဖန်တီးခဲ့တာပေါ့။ သူတို့နှစ်ယောက် သောကမရှိ။ အပူပင်ကင်းကင်းနဲ့ သွားလာနေတာမြင်တော့ ငါ ဖြားယောင်းဖို့ လုပ်ခဲ့တယ်။ ဘုရားသခင်လိုပဲ ငါလည်း သူတို့ကနေ နောက်ထပ်သက်ရှိတွေ ဖန်တီးချင်လာမိတယ်။ ဒါနဲ့ ဘုရားတားမြစ်ထားတဲ့ အသီးကို ငါ ပေးလိုက်မိတယ်''

''ပန်းသီး ...''

''မှန်ပါ့ ... သူတို့နှစ်ယောက် အာဒမ်ဥယျာဉ်ထဲမှာ အပူပင်ကင်းကင်း နေနိုင်တယ်။ နတ်ဘုံလိုပဲ၊ သိပ်သာယာတယ်။ လိုချင်သမျှ လိုအပ်သမျှ အကုန်ရနိုင်တယ်။ ဇရာရော မရဏရော မရှိခဲ့ဘူး။ တစ်ခုပဲ တားမြစ်ချက် ရှိတယ်၊ သိမြင်နားလည်ခြင်း အပင်ရဲ့အသီးကိုမစားမိလို့ပဲ။ အခုကတော့ ပန်းသီးပေါ့ကွာ။ တားမြစ်ထားတဲ့ အသီး ...''

''ကျွန်တော် သိပြီ''

''ဒါနဲ့ ငါလည်း အဲ့အသီးကိုစားဖို့ ဖြားယောင်းခဲ့တယ်။ သူတို့ကလည်း စားခဲ့တယ်''

''ခင်ဗျား တကယ့်ပြဿနာကောင်ပဲ''

''ချီးမွမ်းမစောပါနဲ့ဦးကွာ၊ ပြီးတော့ သူတို့နှစ်ယောက်ကို ကောင်းကင် ဘုံက နှင်ခံလိုက်ရတယ်။ ဒါကြောင့်ပဲ လူသားမျိုးနွယ်ဟာ ဇရာနဲ့ မရဏကို ရှောင်လွှဲလို့ မရတော့ဘူး။ ပြီးတော့ မျိုးနွယ်အဆက်ဆက် ခေတ်အဆက် ဆက်မှာ စစ်ပွဲတွေ၊ ပဋိပက္ခမျိုးစုံတွေ ခံစားလာခဲ့ရတယ်''

''ခင်ဗျား နတ်ဆိုးတကော့ နတ်ဆိုးထဲမှာ အဆိုးဆုံး အယုတ်မာဆုံး ကောင်ပဲ''

''မင်းရဲ့ ချီးမွမ်းမှုကို အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ အဲ့လောက်က အကင်းပဲ ရှိသေးတယ်။ ဘုရားသခင်က မင်းတို့ကို မျက်ကွယ်မပြုခဲ့ဘူး။ တဖန် ပြန်လည်ကယ်တင်ဖို့ သူ့သား Jesus ကို ကမ္ဘာမြေကို စေလွှတ်ခဲ့တယ်။ မင်းတို့ လူသားမျိုးနွယ် လုပ်သမျှအပြစ်တွေကို ကိုယ်စားခံယူဖို့၊ ဆေးကြော

၂၃

ပေးဖို့ သူဘာ ပြန်ရလိုက်သလဲ သိလား။ ကယ်တင်ခြင်း မခံထိုက်တဲ့ လူတွေ သာ ယေရှုကို သတ်ပစ်လိုက်ကြပြန်တယ်။

''အင်း ... ကျွန်တော် ကြားဖူးပါတယ်''

''အဲ့နောက်သို့ လူသားမျိုးနွယ်ဟာ ပိုမိုပြီး တစ်ကိုယ်ကောင်း ဆန်လာတယ်၊ မလိုအပ်တဲ့ အကျိုးမရှိတဲ့ တီထွင်မှုတွေ စမ်းသပ်ပြုလုပ်လာတယ်။ တစ်နေ့ထက် တစ်နေ့၊ တစ်ခေတ်ထက် တစ်ခေတ် ပိုပိုပြီးတော့ –

''သဘောပေါက်သလိုတော့ ရှိပြီ''

''ဒါနဲ့ ငါလည်း ဘုရားသခင်ကို ဆွေးနွေးမှုတစ်ခု လုပ်ခဲ့တယ်။ ငါ ကမ္ဘာမြေပေါ် ဆင်းပြီးတော့ လူသား ငပိန်းတွေကို သူတို့အတွက် မရှိမဖြစ် အရေးပါမှုက ဘာလဲဆိုတာ သိစေမယ်ပေါ့။ အဲ့နောက် ဘုရားသခင်ကို ငါ ကတိတစ်ခု ပြုခဲ့လိုက်တယ်။ တကယ်လို့ လူတစ်ယောက်ယောက်ကများ မလိုအပ်တဲ့ အရာတစ်ခုကို ပျောက်ကွယ်အောင် ဆုတောင်းခဲ့ရင် အပြန် အလှန်အနေနဲ့ အသက်တစ်ရက်ပိုရှည်ခွင့်ပေးရမယ်လို့လေ။ သူက သဘော တူခဲ့ပြီး ငါ့မှာ ဒီစွမ်းအင်အာဏာ ရှိလာခဲ့တယ်။ အလုပ်ဖြစ်မယ့် လူတော် တော် များများကို ရှာနိုင်ခဲ့တယ်။ သူတို့နဲ့ ပဋိညာဉ်တွေ ပြုလုပ်တယ်။ ကိန်း ဂဏန်း အတိအကျရ ပြောရရင် မင်းက ၁၀၈ ယောက်လူပဲ''

''၁၀၈ ယောက်မြောက်''

''အတိအကျပဲ။ ကမ္ဘာ့လူဦးရေနဲ့တွက်ရင် ၁၀၈ ယောက်ဆိုတာ အင် မတန်နည်းတဲ့ အချိုးပဲ။ မင်းက တော်တော်လေး ကံကောင်းတဲ့အထဲပါတယ်။ တစ်စုံတစ်ခု ပျောက်ကွယ်အောင် ဆန္ဒပြုရုံလေးနဲ့ အသက်တစ်ရက် ပိုနေ နိုင်တော့မယ်။ အံ့ဩစရာပဲ ...''

ဒီလို ရှုးကြောင်ကြောင်စကားတွေကို ဘာကြောင့်နားထောင်နေမိပါ လိမ့်။ T.V က လာနေကျ Shopping Channel ထဲက လူ ဈေးရောင်းသလို လေသံမျိုးနဲ့၊ အသက်ရှည်ဖို့ ဒီလောက်လွယ်မှာတဲ့လား။ ဒါပေမဲ့ ဒီအခြေ အနေက ကျွန်တော် သူ့စကားကို ယုံသင့်လား မယုံသင့်လား ထိုင်စဉ်းစားနေ

ရမယ့် အခြေအနေ မဟုတ်ဘူးလေ။ ဘာပဲဖြစ်ဖြစ် သေမိန့်ကျပြီးသား လူလို ပဲဟာ။ ကျွန်တော်မှာ ရွေးချယ်ခွင့်ဆိုတာ မရှိတော့ဘူး။

ဆိုတော့ကာ အတိုချုံ့ရရင် ကမ္ဘာပေါ်က တစ်စုံတစ်ခု ကွယ်ပျောက်သွား ရင် ကျွန်တော် ၁ရက် ထပ်နေနိုင်မယ်။ ၁လမှာ အခု (၃၀) ကွယ်ပျောက်ရင် ရက် (၃၀) ပိုနေခွင့်ရမယ်။ တစ်နှစ်အတွက် ၃၆၅ ခု။

အဲ့လောက်လွယ်မတဲ့လား။ ကမ္ဘာပေါ်မှာ သေးငယ်ပြီး အသုံးမဝင် စုတ်ပြတ်နံ့ချာနေတဲ့အရာတွေမှ ထုနဲ့ဒေး။ ဥပမာ ကြက်ဥကြော်ပေါ် နံ့နံ့ပင် အုပ်တာမျိုး၊ ရထားဘူတာရှေ့မှာ ဝေနေကျ လက်ကမ်းစာစောင်လို (ဝါ) Promotion ပစ္စည်းမျိုးလိုတွေ။ ဒါမှမဟုတ် ရေခဲသေတ္တာ၊ အဝတ်လျှော်စက် လိုဟာမျိုးဝယ်ရင် ဘာသာစကား (၆) မျိုးလောက်နဲ့ ရေးထားတဲ့ ပစ္စည်းအသုံး ပြုပုံ လမ်းညွှန်စာရွက် အရှည်ကြီးတွေလို၊ ပြီးတော့ ဖရဲသီးအစေ့တွေ။ စဉ်းစားလေ အသုံးမဝင်တာတွေ ထွက်လာလေပဲ။ သေချာ ထိုင်တွက်ရင် ဘီလီယံချီပြီးတောင် ထွက်လာလိမ့်မယ်။

ကျွန်တော် အသက် ၇၀ အထိ နေမယ်ဆို နောက်ထပ် နှစ် ၄၀ နေ ရဦးမယ်ပေါ့။ ဒါဆို ရက်ပေါင်း ၁၄,၆၀၀ အတွက် အရာဝတ္ထု ၁၄,၆၀၀ ပျောက်ပေးရမယ်ပေါ့။ အမလေး တစ်ပတ်အတွင်းတောင် စဉ်းစားလိုက်နိုင် သေး။ ဒီလောက်လွယ်ရင် ကျွန်တော် အသက် ၂၀၀ လောက်အထိကို နေနိုင်လိမ့်မှာ။

Aloha ပြောသလိုဆို လူသားတွေက နှစ်ထောင်ပေါင်းများစွာ မလို အပ်တဲ့ ကမ္ဘာကြီးကို ဘာကောင်းကျိုးမှ မပေးတဲ့အရာတွေကိုပဲ တီထွင် ဖန်တီးနေခဲ့ကြတယ်။ ဒီအတွက်ကြောင့်ပဲ အဲ့ဒီထဲက တစ်စုံတစ်ခု ကွယ် ပျောက်သွားရင်လည်း ဘယ်သူမှ သတိထားမိမှာ မဟုတ်ဘူး။ ဒီထက် ကမ္ဘာ ကြီးအတွက် ရိုးရိုးစင်းစင်းနေနိုင်လေ ပိုကောင်းလေပဲ။ နောင်လာနောင်သား တွေဟာ ကျွန်တော့်ကို ကျေးဇူးတောင် တင်သင့်တယ်။

ဒါ့ထက် အရင်က ကျွန်တော် ဘာအလုပ်နဲ့ အသက်မွေးခဲ့လဲသိလား။ စာပို့သမားလေ။ များမကြာမီပဲ စာပို့သမားတွေ ပျောက်ကွယ်ရတော့မယ် ထင်တယ်။ ပို့စကတ်တွေ စာရွက်ပေါ်မှာ စာရေးပြီး ဆက်သွယ်မှုတွေ ဒီနေ့ ခေတ်မှာ မရှိသလောက် ရှားသွားပြီ။ သေချာစဉ်းစားကြည့်ရင် ဘယ်အရာမဆို မလိုအပ်တော့ဘူးဆိုရင် လူမှုကမ္ဘာထဲက တိတ်တဆိတ် ဖျက်သိမ်းခံနေရတာ ပဲလေ။ ပြောရရင် လူသားမျိုးနွယ် တစ်ခုလုံးထက် ကမ္ဘာကြီးအတွက် မလို အပ်နေတာလည်း ဖြစ်နိုင်သည်။ လူဆိုတာ ကမ္ဘာမြေကို အကျိုးမပြုဆုံး သက်ရှိလေ။

''ကောင်းပြီလေ ... သဘောတူတယ်'

Aloha ပြောသလိုပဲ တစ်စုံတစ်ခုကို ပျောက်ကွယ်စေဖို့ သဘော တူလိုက်သည်။ ဒါ ကျွန်တော့်ဘဝမှာ အရေးပါဆုံးသော ဆုံးဖြတ်မှုဆိုတာ လက်ခံပြီး နောက်တော့ ဒီအခြေအနေပေါ်မှာ နည်းနည်း နေသာထိုင်သာ ရှိလာသည်။



''အိုး ... ဝိုး ... နောက်ဆုံးတော့ ပဋိညာဉ် အသက်ဝင်ပြီပေါ့''

ကျွန်တော့် ဆုံးဖြတ်ချက်အပေါ် Aloha ကျေနပ်အားရနေဟန် ရှိသည်။

''ခင်ဗျား ဖြစ်ချင်တဲ့အတိုင်း ဖြစ်လာပြီပဲ။ ဘာပဲဖြစ်ဖြစ် ထားပါလေ။ ဘာကို ပျောက်ကွယ်အောင် လုပ်ရမလဲ။ ကြည့်ရအောင် ... ပထမဆုံးနံရံပေါ်က မှိုတွေ ဖျောက်ကြမလား''

Aloha တစ်ယောက် ကျွန်တော့်ကို ဘာမှမပြောဘဲ ကြောင်ကြည့် နေသည်။

''ဒါဖြင့်လည်း စာအုပ်စင်တွေပေါ်က ဖုန်မှုန့်တွေရော''

ထပ်ကြောင်ကြည့်နေပြန်ပါပကော ...။

''သိပြီ ... သိပြီ ... ရေချိုးခန်း ကြမ်းပြင်က ရေညှိတွေ သွားဖျောက် ရအောင်''

''ဟဲ့ကောင် ... မင်းက ငါ့ကို အိမ်စေများ မှတ်နေလား ...။ မင်းနဲ့ ပဋိညာဉ်လုပ်ထားတာ နတ်ဆိုးကွ ... နတ်ဆိုး ...''

''အိုး ... ကျွန်တော် ပြောတာတွေက လုပ်လို့မရဘူးလား''

''မင်း ကိုယ်မင်း ဘာထင်နေလဲ၊ ဆုံးဖြတ်ခွင့်က ငါ့မှာပဲရှိတယ်''

''ဒါဆို ... ခင်ဗျား ဘာလုပ်ဦးမှာလဲ''

''ဘယ်လိုလဲ ဟုတ်လား ... အဲ့ဒါ ငါ့စိတ် အခြေအနေအတိုင်းပဲ။ Mood အပေါ်ပဲ မူတည်တယ်''

''Mood''

''အွန်းဟွန်း ... Mood ကောင်းရင် ကောင်းသလိုပဲ''

Aloha က အခန်းကို လှည့်ပတ်လိုက်ကြည့်နေသည်။ ကျွန်တော်လည်း သူ့အကြည့်ရွေ့ရာ အရာတိုင်းကို ရင်တထိတ်ထိတ်နဲ့လိုက်ကြည့်နေရသည်။ ကျွန်တော် မြတ်နိုးလို့ ဝယ်ထားတဲ့ ကြေးမင်းသမီးရုပ်ထုငယ်လေးရော လအတန်ကြာ ပိုက်ဆံစုပြီး ဝယ်ထားရတဲ့ Limited - Edition အားကစားဖိနပ်လေးကိုရော မျက်စိမကျပါစေနဲ့လို့ ကြိတ်ဆုတောင်းနေရသည်။ 

ဒါပေမဲ့ အသေအချာ စဉ်းစားကြည့်ရင် ကျွန်တော့် အသက်အတွက် အလဲအလှယ်လုပ်ရမယ့် တစ်ဖက်လူက နတ်ဆိုးတစ်ကောင်၊ လွယ်လွယ်ကူကူတော့ သူ ကျွန်တော့်ကို အသက်ဆက်ခွင့်ပေးမှာ မဟုတ်လောက်ပေ။ အိုး... ကျွန်တော် ဒါကို အခုမှ တွေးမိတယ်တဲ့လား။ နုံအလိုက်တာ၊ အသုံးမကျလိုက်တာ၊ ကြီးကြီးမားမား ပေးဆပ်မှုတော့ လုပ်ရတော့မယ်ထင်တယ်။ နေတွေလတွေ သမုဒ္ဒရာပင်လယ် မြစ်ချောင်းတွေများ ကမ္ဘာပေါ်က ကွယ်ပျောက်သွားစေချင်နေသလား၊ ဒါမှမဟုတ် ကမ္ဘာတစ်ခုလုံးကိုများ သူ မရှိစေချင်တာလား။ ဘုရား ဘုရား ကျွန်တော် ဘယ်လိုပြဿနာကြီးကို လုပ်ခဲ့မိတာလဲ။ ဘာက သူ့အတွက် လုံလောက်စေပါ့မလဲ။ ကျွန်တော် လုပ်ခဲ့တဲ့ သဘောတူညီမှုဟာ ဘယ်လောက်အန္တရာယ်ကြီးလဲဆိုတာ ကျွန်တော် ဆန်းစစ်မိချိန်မှာ Aloha ကတော့ စားပွဲပေါ်က အရာတစ်ခုကို ငေးစိုက်ကြည့်နေခဲ့တယ်။

''အဲ့ဟာ ... ဘာလဲ''

ပြောပြောဆိုဆိုနဲ့ အထုပ်လေးကို ဆွဲလှုပ်ကြည့်ရင်း Aloha မေးသည်။

''ချောကလက် ဘီစကစ်တွေပါ။ မှိုပုံစံလုပ်ထားတာ ...''

''မှို''

''ဟုတ်ဘူး ... မှိုပုံစံလုပ်ထားတဲ့ ချောကလက် ဘီစကစ်ပါ''

ကျွန်တော် ပြောတာကို Aloha နားလည်ပုံမရ။ သူ စဉ်းစားနေတာကြည့်ရတာ ကြေးစားပဟေဠိဝှက်တမ်း ဆော့နေရတဲ့ လူလိုပဲ။ တအားကို အားထုတ်ပြီး နားလည်အောင် လုပ်နေတာမျ။

''အင်း ... ဒါကရော ဘာလဲ''

Aloha က နောက်ထပ် ပုံစံတူ အထုပ်ငယ်တစ်ထုပ်ကို ဆွဲယူလှုပ်ပြီး မေးပြန်တယ်။



''အဲ့တာက ဝါးချောင်းပုံ Biscuits''

''ဝါးချောင်းလား ...''

''မဟုတ်ဘူး။ ဝါးချောင်းနဲ့တူတဲ့ ဘီစကစ်''

''ဝါးက ဘီစတကစ်လိုဖြစ်မှာ ... အဓိပ္ပာယ်မရှိလိုက်တာ''

''မဟုတ်ဘူးလေ ...။ အထဲမှာ ချောကလက်အနှစ် ထည့်ထားသေးတယ်''

''ချောကလက်''

''အင်း''

ကျွန်တော် လွန်ခဲ့တဲ့နှစ်ရက် သုံးရက်လောက် အိမ်နားက Shopping Centre တစ်ခုမှာ ဈေးဝယ်ရင်း အဲ့ချောကလက်ဘီစကစ်အထုပ်တွေ ကံစမ်းမဲ ပေါက်ထားတယ်။ ရကတည်းက စားပွဲပေါ် ပစ်တင်ထားတာပဲ။ ဒီနတ်ဆိုးကျမှ ဘီစကစ်တွေကို ဘယ်လိုလာစိတ်ဝင်စားနေပါလိမ့်။

''အာ့ ... ဟုတ်ပြီ၊ လူသားတွေက ချောကလက် ကြိုက်တယ်လို့ ကြားဖူးတယ်။ ဒါပေမဲ့ ဘာလို့ မှိုပုံတွေ ဝါးချောင်းပုံတွေ ပျောက်လုပ်တာတုံး။ လိုလို့လား''

''ကျွန်တော် တစ်ခါမှ အဲ့လိုမစဉ်းစားဖူးဘူး''

''အိုကေ ... ဆိုတော့ ချောကလက်တွေကို ရွေးကြမလား''

''ကမ္ဘာပေါ်ကနေ ဘာကို ကွယ်ပျောက်အောင် လုပ်ကြမလဲကို ငါတို့ ပြောနေကြတာလေ။ သတိမရတော့ဘူးလား''

''ဒီလိုမျိုးကြီး ရွေးချလိုက်လည်း ရပြန်ပြီလား''

''အေး ... ငါရွေးတာ ဘာမဆိုရတယ်''

တကယ်လို့ ချောကလက်တွေသာ ကမ္ဘာပေါ်က ကွယ်ပျောက်သွားရင် ...

ချောကလက်တွေ မရှိတော့တဲ့အခါ ကမ္ဘာကြီးရဲ့ အခြေအနေ ကျွန်တော် လက်လှမ်းမီသလောက် လျှောက်တွေးမိတယ်။

ကြည့်ရအောင် ... တစ်ကမ္ဘာလုံးက ချောကလက် သရဲတွေတော့ ညည်းတွားကြ၊ အော်ကြ၊ ငိုကြ သောင်းကျန်းလာတော့မှာပဲ။ ပြီးတော့ သွေးတွင်း သကြားဓာတ်တွေ လျော့ကျလာမယ်။ ပြီး တစ်ဘဝလုံး လေးလေးလံလံ ထိုင်းထိုင်းမှိုင်းမှိုင်းတွေ ဖြစ်ကုန်ကြတော့မှာပါပဲ။

ချောကလက်မရှိတဲ့ ကမ္ဘာမှာ marshmallows (မတ်မဲလိုး) (အဖြူရောင်သို့ ပန်းနုရောင်ရှိသော မုန့်ချိုလုံး)၊ သကြားခဲတွေများ ဝင်နေရာယူမလား မဖြစ်နိုင်ပါဘူးလေ။ အဲ့ဒါတွေက ချောကလက်လို အရသာချိုချို ခါးခါးလေးမှ မရှိတာ။ ပြီးတော့ လူတွေကလည်း ချောကလက်လိုစားကောင်းတဲ့ နောက်ထပ်မုန့်အချိုတစ်ခုကို တီထွင်ဖို့ ကြိုးစားကြဦးမှာပဲ။

ကျွန်တော့် ကြောင်ဟာ ဘေးမှထိုင်ရင်း စောစောကမှ ကျွန်တော် ချကျွေးထားတဲ့ ကျွန်တော့် ထမင်းအကျန်တွေ စားနေလေရဲ့။ ဂျပန်မှာဆိုရင် အိမ်မွေးတိရစ္ဆာန်တွေ စားတဲ့ အစာတိုင်းအတွက် နာမည်တစ်မျိုးစီကို ထပ်ရှိ

နေသေးတာ။ လူတွေစားတဲ့ အစားအစာ နာမည်ကျတစ်မျိုး ... အင်းလေ၊ လူသားတွေဆိုတာ ဇီဇာ ကြောင်နေကြမလား။

လူသားတွေက ကိုယ်စားမယ့်အစားအစာကို သေချာအချိန်ယူပြီးကို ကြိုးစားပြင်ဆင်ကြတယ်။ အရသာအသစ်အဆန်းတွေ ကြိုးစားချက်ပြုတ်တယ်။ မစားခင်တောင် လှတ ပ,တဖြစ်အောင် ပြင်ဆင်ကြသေးတယ်။ ချောကလက်လည်း ထို့အတူပဲ။ တချို့ချောကလက်တွေက အထဲမှာ သစ်စေ့တွေပါတယ်။ ပြီးတော့ ကြွပ်ကြွပ်ရွရွ ဝေဖာလို၊ ဘီစကစ်ချပ်လေးလိုလိုလေးတွေပါတယ်။ ပြီးတော့ Aloha မျက်စိလည်သွားတဲ့ မှိုပုံစံတွေ ဝါးဆစ်ပုံလေးတွေလည်း ရှိသေးတယ်။ ချောကလက်တွေဟာ လူသားတွေကို စိတ်ကူးဉာဏ်ကွန့်မြူးစေတယ်။ ချောကလက်က လူသားတွေကို အသစ် သစ်သော တီထွင်မှုတွေ ပြောင်းလဲမှုတွေလုပ်ဖို့ နောက်ကွယ်က တွန်းအားတစ်ခုတောင်ဖြစ်နေနိုင်သေးတယ်။



ကျွန်တော်တောင် ပြဿနာတွေကြားက ချောကလက်တစ်ခုလောက် မြုံလိုက်ရရင် ဘဝကြီးက နေပျော်ပါတယ်လို့ တစ်ခါတစ်ရံ ခံစားမိသေးတတ်တာကိုး။

အခု ကျွန်တော်လုပ်ရမှာ ကြောင်စီစီနဲ့ ရဲရဲဝင့်ဝင့် ဟစ်ကြွေးရုံပဲ။

''ချောကလက်နဲ့ ကျွန်တော့်ဘဝကို ဝမ်းမြောက်ဝမ်းသာ လဲလှယ်ပါမယ်'' ပဲ။ ကမ္ဘာပေါ်က ဘယ်သူကမှ ဒီလို ရူးကြောင်ကြောင် စကားမျိုးအော်ဟစ်ပြောဖူးမယ် မထင်ပေါင်။ ဒါပေမဲ့ အသက်သာ တကယ်ရှင်မယ်ဆိုဒီလောက်က ဘာအရေးလဲ။ ဒါဟာ ကျွန်တော့် ကံကောင်းမှုဖြစ်ခဲ့ရင် ... ဒါမှမဟုတ် အသက်ကို ဒီလိုသာ လုံလည်ရှေ့ဆက်လို့ ရကြေးဆို ကမ္ဘာပေါ်မှာ ကျွန်တော် အလွယ်တကူ လက်လျှော့ပြီး ပျောက်ကွယ်နိုင်းမယ့် အရာတွေ အများကြီးပါ။

အခုတော့ ကျွန်တော်တို့ရဲ့ သဘောတူ ပဋိညာဉ်အစမှာတော့ နတ်ဆိုးက သက်သက်ညှာညှာ လုပ်နေပုံပါပဲ။

''ဒီတော့ အဲ့အရာလေးတွေက အရသာကောင်းတာလား'' နတ်ဆိုးက ချောကလက်ဘီစကစ်ဘူးနှစ်ဘူးကို စိုက်ကြည့်ရင်းမေးသည်။

''မဆိုးပါဘူး''

ကျွန်တော် ဖြေလိုက်သည်။

''ဟုတ်လား ...''

''တစ်ခါမှ မစားကြည့်ဖူးဘူးလား''

''နိုး''

''ရော့ ... တစ်ခုမြည်းကြည့်''

''တော်ပြီ ကျေးဇူးပဲ။ လူသားတွေရဲ့ အစားအစာက ငါနဲ့ သိပ်ကိုက်မကိုက်ဘူး။ အရသာတွေက ... ဘယ်လိုပြောရမလဲ တစ်မျိုးကြီးတွေ''

''ဩော် ... ထူးဆန်းပါ့''

ဒါဖြင့် နတ်ဆိုးတွေက ဘာစားလဲ။ ဒီစပ်စုတဲ့မေးခွန်းကို ကျွန်တော် မမေးဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ နတ်ဆိုးရဲ့ စပ်စုလိုစိတ်ကတော့ ထိပ်ဝရောက်လာသလိုပဲ။ တောင်ပို့မှိုပုံစံ ချောကလက် ဘီစကစ်ဘူးကိုယူပြီး ဟိုဟိုသည်သည် အနံ့ခံနေတယ်။ ပြီးတော့ ဘီစကစ်စသေးသေးလေးကို ချေယူလိုက်တယ်။ ထပ်ပြီးတော့ အနံ့ခံကြည့်ပြန်တယ်။ နောက်တော့ နှုတ်ခမ်းကြားထဲကို ထည့်လိုက်ရင်း ပါးစပ်ထဲရောက်အောင် လျှာနဲ့ဖြည်းဖြည်းချင်း သပ်ယူတယ်။ မျက်လုံးကို မှိတ်ပြီး သူ့ပါးစပ်ထဲမှာ ပျော်ဝင်သွားတာကို ခံစားနေပုံပဲ။

တစ်ခန်းလုံး တိတ်ဆိတ်နေသည်။ တစ်ချက် တစ်ချက် Aloha လက်ကျန် ဘီစကစ်ကို ဝါးတဲ့ ချွတ်ချွတ်ဆိုတဲ့ အသံပဲ ပဲ့တင်ထပ်နေသည်။

''ဘယ်လိုနေလဲ ...''

ကျွန်တော် တတ်နိုင်သလောက် သိမ်သိမ်မွေ့မွေ့ဖြစ်အောင် အသံကို နှိမ့်ရင်း မေးလိုက်သည်။

ဒါပေမဲ့ Aloha ကတော့ မျက်လုံးမဖွင့်သေးသလို ဘာအဖြေမှလည်း မတုံ့ပြန်။

''စားရတာ မကြိုက်ဘူးလား။ မကောင်းဘူးလား''

Aloha တစ်ယောက် ဘာပြောရမှန်းမသိတော့ပုံပဲ၊ ဗလုံးဗထွေးအသံတွေ ထွက်လာသည်။

''အဆင်ပြေရဲ့လား ...''

ထပ်ပြီး ဗလုံးဗထွေး ပြောပြန်သည်။

''အရေးပေါ်ကား ခေါ်ရတော့မလား ... တစ်ခုခုဖြစ်လို့လား''

'' Mmmmff ... သိပ်ကောင်းတာပဲ''

''တကယ်ကြီးလားဟ ...''

''ဘာတွေနဲ့ လုပ်ထားတာလဲ။ ဒီမုန့်တွေက အရသာသိပ်ကောင်းတယ်။ မင်းတကယ်ကြီး ဒါတွေ ပျောက်ကွယ်စေချင်လို့လား။ နမြောစရာ ...''

''ခဏ ... ခဏ ... ဒါတွေကို ပျောက်ကွယ်စေချင်တာ ခင်ဗျားလေ''



''နို့ ... သိမှမသိဘဲ။ တော်သေးတာပေါ့ အမှားကြီး မှားတော့မလို့။ ဒီလောက်အရသာရှိတာတွေက ကမ္ဘာပေါ်မှာပဲ ဆက်ရှိသင့်တယ်''

''ဒါပေမဲ့ ... ကျွန်တော် တစ်ခုခုကိုမှ ကွယ်ပျောက်အောင် မလုပ်ရင် သေရတော့မယ်ဆို''

''ဟုတ်ပ့ါ ...''

''အိုကေ ... ဒါဖြင့်လည်း ချောကလက်ကို လက်လျှော့လိုက်ရအောင်''

''တကယ်ကြီး ...''

Aloha အတော် ဝမ်းနည်းသွားဟန်ရှိသည်။ သူ့အတွက် စိတ်မကောင်းပေမဲ့ ကျွန်တော့် အသက်နဲ့ ချောကလက်ကို လဲရမည်ဆိုလျှင်တော့ ဘယ်နစ်ခါဖြစ်ဖြစ် ချောကလက် ဘီစကွတ်တွေကိုပဲ လက်လျှော့မည်ဖြစ်သည်။

''အိုခေ ... တစ်ခုလောက်တော့ ထပ်စားဦးမယ်''

Aloha ပြာပြာသလဲ ပြောသည်။

''ဘာ ...''

''တစ်ခုလောက်ပဲ ထပ်စားလို့ရမလား ... တစ်ခုပါပဲ။ ငါ ကျိန်ရဲပါတယ်''

Aloha ချောက်ကလက် ဘီစကစ်တစ်ခုအတွက် အသနားခံနေပုံက ရယ်ချင်စရာလည်း ဖြစ်နေသလို အတော်လည်းသနားစဖွယ် ဖြစ်သည်။ မျက်ရည်တွေ လည်နေတဲ့ မျက်လုံးကြီးတွေနဲ့ ချောကလက်တွေကို တောက်တောက်ပပ ကြည့်နေလိုက်ပုံများ ...။ ပြီးတော့ ကျွန်တော့်အလစ်မှာ ချောကလက်တချို့ ဆွဲယူပြီး ပလုပ်ပလောင်း ဝါးမျိုစားသောက်နေတာ သိသားပဲ။ သက်သက်မဲ့ ကျွန်တော် မမြင်ဟန်ပြုနေတာဗျို့။

စားလို့ကုန်တော့ Aloha တစ်စခန်း ထလာပြန်သည်။

''အင်း ...။ လောကကြီးရဲ့ အကျိုးအတွက် ငါ ဒီကိစ္စကို ငြင်းပယ်ရလိမ့်မယ်။ ဒီလိုအရသာရှိတဲ့အစားအစာကို ပျောက်ကွယ်စေတာ ရာဇဝတ်မှုပဲ''

''သောက်ခွဟ ...''

ကြည့် ... ကြည့် ... ဒီနတ်ကလိန် ဘယ်လောက် ရှုံ့ချည်နပ်ချည် လုပ်နေလဲဆိုတာ။ ဒီမှာ ပြောနေတာ ကျွန်တော့်အသက်နဲ့လည်း ဆိုင်နေတဲ့ ကိစ္စကိုဗျာ။

ကျွန်တော် တွေးနေမိတာ အခု ကျွန်တော် သေရတော့မယ်ဆိုတာပဲ။ ကျွန်တော် အသက်ဆက်ရှင်ချင်သေးတယ်။ အသက်ဆက်ရှင်သန်ဖို့လည်း ဘာမဆို စမ်းသပ်လုပ်ဆောင်ကြည့်ချင်သေးတယ်။ ဘယ်လောက် သောက်အဓိပ္ပာယ် မရှိရှိ၊ အိုဗျာ ... ဘာကြီးဖြစ်ဖြစ်။ အရင်တုန်းကတော့ သေရမှာ မကြောက်သလိုလို ဘာလိုလိုနဲ့ပေါ့။ သေရတော့မယ်ဆိုတာ သေချာရင် ကိုယ့်ဘာသာကိုယ် ပြင်ဆင်စရာလေးတွေ ပြင်ဆင်ပြီး ဂုဏ်သိက္ခာရှိရှိ ငြိမ်းငြိမ်းအေးအေး ဘဝကို အဆုံးသတ်မယ်ပေါ့။ ဒါပေမဲ့ အဲ့လောက်မလွယ်ဘူးဗျ။ ကျွန်တော် ပြောရဲတယ်။ ခင်ဗျားတို့လည်း သေရတော့မယ်ဆို မသေဖို့

ကောက်ရိုးတမျှင်လို အကူအညီမျိုးတောင် ဖမ်းဆုပ်မိမှာပဲ။ အသက်ရှင်ရမယ် ဆို နတ်ဆိုးတစ်ကောင်ရဲ့ ကမ်းလှမ်းမှုဖြစ်ဖြစ် ခင်ဗျားတို့ ဂရုစိုက်မိမှာမဟုတ် ပါဘူး။ ဒါ ပုထုဇဉ်တွေရဲ့ ဖြစ်တည်မှုပဲ။ အဲ့လိုအချိန်ရောက်ရင် ခင်ဗျားတို့ ပြောပြောနေတဲ့ဂုဏ်သိက္ခာတို့ တာဝန်ယူမှု တာဝန်ခံမှုတို့က ပြတင်းပေါက် ကနေ ခုန်ပေါက်ဆင်းသွားမှာပဲ။ ဒါပါပဲ ...။

''ချောကလက်တွေကို ကမ္ဘာပေါ် ဆက်ထားဖို့ ငါလုံးဝ သဘောမတူ ဘူး''

''ဘာဖြစ်ပြန်ပြီတုံး ... ငါတို့ကြားမှာ ဘာသဘောတူမှုမှ မရှိသလိုနေ လိုက်ပေါ့ မဟုတ်ဘူးလား''

''ခင်ဗျား ဘာကိုဆိုလိုတာလဲ ... ကျွန်တော့် ဘဝဗျ။ ဘဝမှာ ကပ် ဆိုက်နေတဲ့ အချိန်မျိုး အခါမျိုး ခင်ဗျားရဲ့ ဘာမဟုတ်တဲ့ အရသာခံစားမှုလေးနဲ့ ကျွန်တော့်ဘဝရဲ့ သေခြင်း ရှင်ခြင်းကို ဆုံးဖြတ်နိုင်မယ်လို့ တွေးနေတာလား။ လုံးဝမတရားဘူး''

''ဘာဖြစ်လဲ ... ငါက နတ်ဆိုး စေတန်လေ''

အရမ်းကို တရားလွန်လွန်းတယ်။ ကျွန်တော့်မှာ ပြောစရာစကားမရှိ လောက်အောင် နှုတ်ဆိတ်နေခဲ့သည်။

Aloha စကားဆက်လာပြန်သည်။

''အို ... သနားစရာ ကောင်လေး၊ သိပ်လည်း စိတ်ဓာတ်ကျမနေပါနဲ့ လေ။ ငါ ကြံစမ်းပါ့မယ်။ တခြားအရာတစ်ခုခုကို အစားထိုးပြီး ပျောက်ကွယ်နိုင်း တာပေါ့။ ဟာလေလုယား ...''

ပြောပြောဆိုဆိုနဲ့ အခန်းတစ်ခန်းလုံးက ပစ္စည်းတွေကို Aloha စူးစမ်း နေပြန်သည်။ ပထမတစ်ခါကလို အလွဲမျိုး သူ ထပ်မလုပ်ချင်တော့မှာ သေချာ သည်။

နတ်ဆိုးတစ်ကောင် အမှားတွေ လျှောက်လုပ်တာ အထင်သေးစရာပဲလို့ ကျွန်တော် တွေးမိသည်။ တွေးမိသည့်အတိုင်းပင် သူ ပစ္စည်းတွေ ဖွနေသည်

ကို အေးစက်စက် အထင်သေးတဲ့ မျက်လုံးမျိုးနဲ့ စိုက်ကြည့်ပစ်လိုက်သည်။ နောက်တော့ ရုတ်တရက်ကြီး ဖုန်းထမြည်လာသည်။ အလုပ်က တစ်ယောက်ယောက်ခေါ်တာပဲ ဖြစ်မည်။ နာရီကိုမော့ကြည့်မိမှ အလုပ်ချိန် အတော်ကျော်နေပြီဆိုတာ သတိထားမိသည်။

ဖုန်းဆက်လာသူမှာ ကျွန်တော့် အထက်လူကြီးဖြစ်သည်။ အတော်လေး စိတ်အနှောင့်အယှက်ဖြစ်နေတဲ့ အသံမျိုးနှင့် ကျွန်တော် အလုပ်နောက်ကျနေပြီဖြစ်ကြောင်း ပြောလာသည်။ တကယ်တော့ သူ စိုးရိမ်ပူပန်စိတ်ကြောင့် ဖုန်းဆက်လာတာမျိုး ပိုဖြစ်နိုင်သည်။ တစ်နေ့ကမှ ကျွန်တော် နေမကောင်းသဖြင့် ညနေ ဆေးခန်းဝင်ဖို့ အလုပ်စောဆင်းပေးရန် တောင်းပန်ခဲ့သေးသည် မဟုတ်လား။

''အဆင်ပြေပါတယ် ဆရာ၊ လုံးဝ အရင်လို ပြန်ကောင်းအောင်တော့ အချိန်အနည်းငယ်တော့ ကြာမယ်ပြောတယ်။ ဒီတစ်ပတ်အတွက် ကျွန်တော် ဆေးခွင့်တင်လို့ ရမလားဗျာ''

တစ်ပတ်စာခွင့်အတွက် လုပ်ဆောင်ရမယ့် အစီအစဉ်တွေ ပြောပြီး ကျွန်တော့်ဆရာ ဖုန်းချသွားသည်။

''အဲ့ဒါ ဘာလဲ''

''ဘာကိုလဲ ...''

''အဲ့ဒါ ... ဟိုနားက မည်းမည်းလေး''

နောက်ဆုံးတော့ Aloha ညွှန်ပြနေတာ ကျွန်တော့်ဖုန်း ဖြစ်နေသည်။

''ဒါလား ... ဒါ ကျွန်တော့်ဖုန်းလေ''

''အဲ့ဒါ ... အဲ့ဒါ ... မင်း အသုံးမလိုတဲ့အရာဟာ အဲ့ပစ္စည်းပဲ ဖြစ်မယ်။ သေချာပြီ ... ကမ္ဘာပေါ်က ပျောက်လိုက်ကြရအောင်''

Aloha ရယ်သည်။

''ဘယ်လိုလဲ ... အသက်တစ်ရက်အတွက် ဖုန်းနဲ့ လဲလှယ်ပစ်ကြမလား''

အကယ်၍ ဖုန်းတွေသာ ကမ္ဘာပေါ်က ပျောက်ကွယ်သွားရင် ဘယ်လို အကျိုးကျေးဇူးတွေရပြီး ဘယ်လိုဆိုးကျိုးတွေ ဖြစ်ပေါ်လာမှာလဲ။

ကျွန်တော် စသည်ဖြင့် အတွေးလွန်နေတုန်းမှာ အနေရခက်လောက်အောင် နီးနီးကပ်ကပ် အနားရောက်လာသည်။

''ဆိုတော့ ... မင်း ဘာလုပ်မှာလဲ''

စိတ်မသက်မသာဖြစ်မှုမျိုးကို ခံစားရသည်။

အသက်တစ်ခုလား ဒါမှမဟုတ် ဖုန်းလား ... အင်း ... ရွေးချယ်ရခက်တာပဲ''

''ကျွန်တော် ... ခဏ စဉ်းစားပါရစေ''

''အိုကေ ... စက္ကန့် ၂၀ ပေးမယ်၊ အခု ၁၀စက္ကန့် ပြည့်ပြီ၊ ကိုး ... ရှစ် ... ခွန် ...''

''အိုကေ ... အိုကေ ... လုပ်လိုက်ပါတော့၊ ကမ္ဘာပေါ်က ဖုန်းကို အဆုံးသတ်ပေးလိုက်ပါတော့''

ကျွန်တော် မှန်ကန်တဲ့အရာကို ရွေးမိလား၊ မရွေးမိဘူးလားဆိုတာ အဲ့ဒီအချိန်မှာ ဘာစဉ်းစားဉာဏ်မှ ထွက်မလာခဲ့ပါ။ ကျွန်တော် အလွန်အမင်း တုန်လှုပ်နေခဲ့သည်။

ဘဝနဲ့ ဖုန်း ...

''အိုကေ ... စပြီဟေ့''

နတ်ဆိုးရဲ့အသံဟာ မူလစတွေ့ခဲ့တုန်းက အသံကာလာ ပြန်ဖြစ်သွားသည်၊ ကျေကျေနပ်နပ်ကြီး ပျော်ရွှင်နေတဲ့လေသံမျိုး။

ဒီအချိန်မှာပဲ အဖေ့ကို ဖုန်းမခေါ်မိတာ အတော်ကြာခဲ့ပြီဖြစ်ကြောင်း ရုတ်တရက် စဉ်းစားမိလာသည်၊

ထားလိုက်ပါ။ ဘာမှမဖြစ်လောက်ပါဘူး။ ကျွန်တော် ကိုယ့်စိတ်ကို ဖြေသိမ့်လိုက်သည်။

အဖေ့ကို မဆက်သွယ်မိတော့တာ လွန်ခဲ့တဲ့လေးနှစ် အမေဆုံးပါးသွားကတည်းက မဟုတ်လား။ တကူးတကလည်း အဖေ့ဆီ မရောက်ဖြစ်တော့ဘူးလေ။ ကျွန်တော်နေတဲ့မြို့ရဲ့ မနီးမဝေးမြို့လေးမှာ အရင်လိုပဲ နာရီပြင်ဆိုင်သေးသေးလေး ဖွင့်ထားတုန်းလို့ သိတယ်။ ဒါပေမဲ့ သွားလည်ဖို့ အတွေးတစ်ခါမှ မရှိခဲ့ဘူး။ သေခါနီးမှ အဖေ့ဆီ ဖုန်းလေးနဲ့ ဆက်သွယ်ဖို့ ကြိုးစားချင်စိတ်ပေါ်လာတာဟာ သားတစ်ယောက်အနေနဲ့ အတော်လေးတာဝန်မကျေဖြစ်ခဲ့သော ဆိုးဝါးတဲ့လုပ်ရပ်ဆိုတာ ကျွန်တော် သဘောပေါက်သလိုလို ရှိလာမိသည်။

ကျွန်တော့်စိတ်ထဲ မတင်မကျဖြစ်နေတာကို Aloha ခံစားမိလေသလား မသိ၊ ပြုံးဖြဖြနှင့် အနားရောက်လာပြန်သည်။

''ငါက နားလည်မှုရှိတဲ့ စေတန်ပါကွာ၊ ဒီလိုက လူတိုင်းခံစားရတာပဲ၊ ဘဝထဲက တစ်စုံတစ်ခုကို ထာဝရဆွဲထုတ်ပစ်ရတော့မယ်ဆိုရင် အတော်လေးကို ဝန်လေးပြီး အတွေးစုံတွေးတတ်ကြတာ၊ ဒါကြောင့်လည်း ငါက အမြဲတမ်း ဒီလိုလုပ်တိုင်း အထူးအခွင့်အရေး တစ်ကြိမ်ပေးပစ်လိုက်တာ''

''အခွင့်အရေး ...''

''အွန်း ... မင်းဘဝထဲက တစ်ခုခုကို ထုတ်ပယ်ရတော့မယ်ဆိုတိုင်း အဲ့အရာကို နောက်ဆုံးအနေနဲ့ တစ်ကြိမ်သုံးခွင့်ရမယ်''

''ဩော် ...''

''အခုဆို မင်းဟာ နောက်ဆုံးဖုန်းခေါ်ဆိုခွင့် ရတော့မယ်။ မင်း ဆက်သွယ်ချင်တဲ့ ဘယ်သူ့ကိုမဆို ဆက်သွယ်နိုင်တယ်''

ဒါက ကျွန်တော့်ကို ပိုစိတ်ရှုပ်ထွေးသွားစေတယ်။

ပထမဆုံး သတိရတာတော့ အဖေပေါ့။ အဖေ့မျက်နှာကို မှတ်ဉာဏ်ထဲက ပြန်ပုံဖော်ကြည့်မိတဲ့အခါ အခုလက်ရှိ မျက်နှာနဲ့တူပါ့မလားလို့ တွေးမိလာတယ်။ နောက်ပြီး လေးနှစ်လုံးလုံး အဆက်အသွယ်မရှိခဲ့ဘဲနဲ့ အခုမှ ဖုန်းဆက်ပြီး ဘာစကားကို ဘယ်လိုစပြောရပါ့။ ဒီအတွေးတွေနဲ့ပဲ အဖေ့ဆီ ဖုန်းခေါ်ဖို့ ကျွန်တော် နောက်တွန့်လိုက်မိသည်။

''ဒါဆို ဘယ်သူက ကျွန်တော့်ရဲ့ နောက်ဆုံး ဖုန်းခေါ်ဆိုမှုကို လက်ခံမှာလဲ''

ကျွန်တော် တွေးမိသည်။

''တစ်ခါတုန်းက ရင်းနှီးခဲ့တဲ့ သူငယ်ချင်းဟောင်းလား''

သူက တော်တော်လေး ပေါင်းလို့ သင်းလို့ကောင်းတဲ့ လူ၊ ဒီနှစ်တွေထဲမှာ ကျွန်တော်သာ သူနဲ့ မကြာမကြာ ဆုံဖြစ်ခဲ့ရင် ဒီနေ့ ဒီအချိန်ထိ ကျွန်တော်တို့ သူငယ်ချင်းကောင်း ဆက်ဆံရေးရှိနေဦးမှာပဲ။ တစ်ဖက်က ကြည့်ရင်လည်း သူနဲ့ ကျွန်တော် တစ်ခါမှလေးနက်ပြီး အဓိပ္ပာယ်ရှိတဲ့ စကားမျိုး ဆွေးနွေးငြင်းခုံမှုမျိုး မလုပ်ခဲ့ဖူးဘူး။ အကယ်၍သာ ကျွန်တော် သူ့ဆီ ဖုန်းခေါ်ပြီး လက်ရှိ ကျွန်တော့် အခြေအနေရယ် ... ဖုန်းတွေဟာ ကမ္ဘာပေါ်က ပျက်သုဉ်းတော့မယ်ဆိုတဲ့အကြောင်း ပြောပြလိုက်ရင် သူဘယ်လိုတုံ့ပြန်မလဲ၊ သေချာပေါက် ကျွန်တော် ဆေးကြောင်နေတာ ဒါမှမဟုတ် ရူးသွပ်သွားပြီပဲ မှတ်ယူလိမ့်မှာ။ ပြီးတော့ ကျွန်တော့်ရဲ့နောက်ဆုံး ဖုန်းကောကိုလည်း ဟာသတစ်ခု လုပ်ပစ်လိုက်မှာ။ ကျွန်တော့်ရဲ့ နောက်ဆုံး ဆက်သွယ်ခေါ်ဆိုမှုဟာ ဒီလိုအလဟဿ မဖြစ်သင့်ဘူး မဟုတ်လား။



ဖုန်း Contact Lists ကို တစ်ခါပြန်ကြည့်မိသည်။

''ဒါဆို အလုပ်ထဲက အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက်ကိုရော''

သူက စိတ်အေးလက်အေးသမားပျ။ ကျွန်တော့်ထက် အသက်အတော်ကြီးပြီး အမြဲတမ်းအကြံကောင်းတွေ ပေးလေ့ရှိတယ်။ အလုပ်ကိစ္စအကြံဉာဏ်တင်မဟုတ်ဘဲ နေ့စဉ်ဘဝအကြောင်းတွေပါ တိုင်ပင်လို့ရတဲ့သူ။ ကျွန်တော့်ရဲ့ ယုံကြည်ရတဲ့ စီနီယာကောင်းတစ်ယောက်ပေါ့ဗျာ။ ဒါပေမဲ့ ... အခုက အလုပ်အရှုပ်ဆုံး ထမင်းစားနားပြီး ပြန်စတဲ့အချိန်။ ကျွန်တော် သူ့ကို မနှောင့်ယှက်သင့်ဘူးဗျာ။

နောက်တစ်ခု ကျွန်တော် စိုးရိမ်မိတာက ဒီအချိန်ကြီး နှောင့်ယှက်မိမှ ကျွန်တော့်ရဲ့ ဖုန်းခေါ်ဆိုမှုကို ဒေါသတကြီးနဲ့ တုံ့ပြန်လိုက်မှာကိုပဲ။ စဉ်းစား

ကြည့်တော့ သူနဲ့ကျွန်တော့်ကြားမှာ ကြီးကြီးမားမားခင်မင်မှု သေသေချာချာ မရှိပြန်ဘူး။ တစ်ခါတစ်လေ အလုပ်ထဲကလူတွေနဲ့ ဈေးပေါတဲ့ဘီယာဆိုင်တစ်ခု ဆုံသောက်ဖြစ်ပြီး နည်းနည်းမူးလာကြရင်တော့ သူနဲ့ ကျွန်တော်က ရင်ဖွင့်ဖော် ရင်ဖွင့်ဖက်၊ တကယ့်ငယ်ပေါင်းလိုလို။ နောက်နေ့ကျရင်တော့ ဒီလိုပဲ လုပ်ဖော်ကိုင်ဖက်ကောင်းထက် မပိုတော့ပြန်ပါဘူး။ တစ်ယောက်အကြောင်း တစ်ယောက် သိပ်ခေါင်းထဲထည့်ကြတာ မဟုတ်ဘူးရယ်။

အဲ့ဒါ ကျွန်တော်ပဲလေ။ အကြောင်းမရှိဘဲ ဖုန်းဆက်ဖို့ လူတစ်ယောက်တောင် မရှိတဲ့ ခါးသက်သက်ဘဝမှာ နေထိုင်တဲ့ကောင်။

ဖုန်း Contact Lists ကို မြန်နိုင်သလောက် မြန်မြန်ဆွဲချရင်း ပေါ်လာတဲ့နာမည်တွေကို သာမန်ကာလျှံကာ ဖတ်သည်။ ဖုန်း Lists ထဲက နာမည်တစ်ခုချင်းစီက ကျွန်တော့်ကို ဗလာဖြစ်သွားစေသလိုပဲ။ ပေါပေါပဲပဲ ခင်မင်မှုနဲ့ ဖြတ်သွားဖြတ်လာ တွေ့ဆုံမှုတွေ။ ကျွန်တော်ကရော ကျွန်တော့်ကိုရော အပြန်အလှန်အလေးမထားတဲ့ (relationship) (ဆက်နွယ်မှုမျိုး။ ကျွန်တော်ဟာ ကျွန်တော့် မိတ်ဆွေသူငယ်ချင်းကဏ္ဍကို ဖြစ်သလို ပြီးမြောက်စေခဲ့တာလား။

ဘဝတစ်ခု ပြီးဆုံးတော့မယ်။ နှုတ်ဆက်ရမယ့်သူ မရှိ။ ကြေကွဲပေးမယ့်သူမရှိနဲ့လေ၊ ကျွန်တော် အသက်ရှင်စဉ်တုန်းက မရေတွက်နိုင်တဲ့ လူတွေနဲ့ တွေ့ဆုံခဲ့ ရင်းနှီးခဲ့တယ်လို့ ထင်ခဲ့ပေမဲ့ အခုသေခါနီးအချိန်မှာ ဆက်သွယ်နိုင်မယ့် လူတစ်ဦးတစ်လေတောင် မရှိခဲ့။ ဘဝကို အရှုံးပေး လက်လျှော့ခါနီးအချိန်မှာ ဒီလိုအဖြစ်မျိုးကို လက်ခံရတာ အင်မတန် အင်မတန်ကို ဝမ်းနည်းအားလျော့စေသည်။

Aloha ကို ကျွန်တော့် ခံစားချက်တွေကို မရိပ်မိစေချင်ဘူး။ ဒီအတွက် အခန်းထဲက တိတ်တဆိတ်ထွက်လာပြီး လှေကားမှာ ထိုင်ငိုင်နေမိသည်။ လက်ထဲမှာ ဖုန်းကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားမိသည်။ ဒီခဏမှာပဲ ဖုန်းနံပါတ် တစ်ခုက ရုတ်တရက် စိတ်ထဲရောက်လာသည်။ သူမရဲ့နံပါတ်။

ကျွန်တော် ကိုယ်တိုင် မေ့လျော့နေခဲ့ပြီထင်ပေမဲ့ ကျွန်တော့် မသိစိတ်က ဘယ်တော့မှ မဖျောက်ပစ်နိုင်ပါဘူး ထင်ရဲ့။ သူမ ဖုန်းနံပါတ်က ကျွန်တော့် Contact Lists ထဲမှာ မရှိတော့တာကြောင့် သူမနံပါတ်တွေကို ဖြည်းဖြည်း ကျွန်တော် ရိုက်နှိပ်လိုက်သည်။

မိနစ်အနည်းငယ်ကြာ ဖုန်းပြောပြီးနောက် အခန်းထဲကို ပြန်ဝင်လာခဲ့သည်။ Aloha က ကျွန်တော့် ကြောင်နှင့် ကစားနေသည်။ ကစားတာမှ လုံးထွေးပြီးကို ကစားနေသည်။ ကြောင်ရော သူရော ကြမ်းပြင်ပေါ် အထွေးလိုက် ဟိုဘက်ဒီဘက် လူးလိမ့်နေကြသည်။ Aloha ကို ကြည့်ရတာ ကျွန်တော့်ကို လုံးဝမေ့နေပုံရသည်။ ဒါနဲ့ ကျွန်တော်လည်း အသံမပြုဘဲ တိတ်တဆိတ် သူတို့ကို ရပ်ကြည့်နေမိသည်။

မိနစ်တချို့ ကုန်ဆုံးသွားသည်။ အဲဒီနောက် ...

''အိုး ... မင်း ပြန်လာပြီကိုး''



နောက်ဆုံးတော့ ကျွန်တော့်ကို Aloha သတိထားမိသွားသည်။ အနည်းငယ် ရှက်ရွံ့နေဟန်နှင့် ကြမ်းပြင်ပေါ်က လူးလဲထသည်။ အနည်းငယ် ခက်ထန်တည်ငြိမ်တဲ့ မျက်နှာမျိုးဖြစ်အောင် ပြုပြင်ပြီး ကျွန်တော်နှင့် မျက်နှာချင်းဆိုင် လာရပ်သည်။

''ဆက်ပြီးပြီလား ...''

''အိုးဟိုး ... စေတန်တစ်ကောင်ကလည်း ကြောင်ချစ်တယ်လား။ အခုမှတော့ လာဟန်ဆောင်ပြီး ရပ်တည်ပြမနေပါနဲ့တော့ကွာ''

ကျွန်တော် တွေးမိပေမဲ့ စကားထုတ်ဖော်ပြီး မပြောတော့ပါ။ ဒါပေမဲ့ နတ်ဆိုးကိုတော့ နည်းနည်း အကောင်းမြင်မိသွားသလိုပဲ။ နောက်ဆုံးတော့ ရယ်ချင်ပက်ကျိဖြစ်နေတဲ့ စိတ်ကိုထိန်းပြီး ဘာမှမဖြစ်တဲ့ လေသံမျိုးနဲ့ပဲ စကားပြန်ပြောလိုက်သည်။

''ဟုတ်ကဲ့ ... လုပ်သင့်သလောက်တော့ ပြီးပါပြီ''

''အိုကေ ... ဖုန်းတွေ ပျက်သုဉ်းသွားပါစေ''

Aloha ကျေနပ်ပီတီဖြာနေတဲ့ လေသံနင့်ပြောသည်။ မျက်လုံးတစ်ဖက် မှိတ်ပြရန်လည်း ကြိုးပမ်းရှာသေးတယ်။ (ဒါပေမဲ့ မအောင်မြင်တဲ့ မျက်စိ တစ်ဖက် မှိတ်ပြခြင်းပဲ။ အစကတည်းက သူ့မျက်လုံးက တစ်ဖက်ပွင့် တစ် ဖက် ပိတ်လို့မှ မရခဲ့တာ)

ရုတ်ခြည်းပဲ ကျွန်တော့်လက်ထဲက ဖုန်းက လေလို အငွေ့လိုလို ပျောက်ကွယ်သွားသည်။

''ကဲ ... အောင်မြင်ပြီပေါ့။ မနက်ဖြန်မှ တွေ့မယ်ဟော့ ...''

နတ်ဆိုး ထွက်ခွာသွားရာကို ကျွန်တော် လိုက်ကြည့်သည်။

''ညောင် ...''

ကျွန်တော့် ကြောင်ရဲ့ ဝမ်းနည်းတပန်း အော်မြည်သံသာ အခန်းထဲမှာ ပဲ့တင်ထပ်ကျန်ခဲ့တော့သည်။

ကျွန်တော် သူမကို သွားတွေ့ရမည်။ အခုတော့ အတွေးပေါင်းစုံနဲ့ ကျွန်တော် အိပ်မောကျခဲ့ပြီးဖြစ်သည်။



အင်္ဂါနေ့

# အကယ်၍ ပုန်း[illegible]တွေသာ ကမ္ဘာပေါ်မှာ မ[illegible]တော့ရင် ...

ကျွန်တော့် အခန်းဖော်က ကြောင်တစ်ကောင်ဖြစ်သည်။

ဆိုဆကီ နတ်ဆုမီရေးတဲ့ 'ကျွန်တော်ဟာ ကြောင်တစ်ကောင် ဖြစ်သည်' ဆိုတဲ့ ဝတ္ထုဖတ်ဖူးလားဗျ။ ကျွန်တော့်ကြောင်လေးက အဲ့ထဲက ကြောင်ပုံစံမျိုးလေး၊ သိပ်တော့မတူဘူးပေါ့။ ကျွန်တော့် ကြောင်လေးနာမည်က 'မုန်လာထုပ်'။

ကျွန်တော် ငါးနှစ်သားတုန်းက အမေက စွန့်ပစ်ထားတဲ့ ကြောင်လေးတစ်ကောင် အိမ်ခေါ်လာခဲ့တယ်။ အဲဒီနေ့က မုတ်မုတ်ရရ မိုးအကြီးအကျယ်ရွာနေတာဗျ။ တိုင်ကီထဲက ရေတွေ သွန်ချနေသလိုကို ရွာနေတာ။ ကံမကောင်းတဲ့ ကြောင်ပေါက်စနလေးက လမ်းဘေးမှာ ကတ်ထူဘူးလေးထဲဝင်ဝပ်နေရတာပေါ့။ အဲ့ဒီ သနားစရာလေးကို အမေက ဈေးကအပြန်တွေ့ပြီးကယ်ခဲ့တာ။ ရေတွေနဲ့ ရွှဲရွှဲစိုနေတဲ့ အကောင်ပေါက်လေး။ နောက်တော့သူ့ကိုမွေးစားပြီး နာမည်ပေးမယ်ဆိုတော့ အမေက ဘာမှထွေထွေထူးထူးတွေးမနေပေါင်၊ သူ မိုးဝင်ခိုခဲ့တဲ့ ကတ်ထူပုံးမှာ တံဆိပ်ကပ်ထားတဲ့ 'သဘာဝဂေါ်ဖီထုပ်' များက 'ဂေါ်ဖီထုပ်'ကို ယူပြီး 'ဂေါ်ဖီထုပ်လေး' လို့ ကင်မွန်းတပ်ပေးလိုက်တာပဲ။

ဒါဟာ အတော်တော့ဆန်းကြယ်တယ်။ အမေက တိရစ္ဆာန်ချစ်တတ်တဲ့လူသားမဟုတ်။ အစပိုင်းမှာ ဂေါ်ဖီထုပ်လေးနဲ့ ရင်းနှီးဖို့ သူမ အတော်ကြိုးစားရသည်၊ ဒါကြောင့် အစောပိုင်းနေ့တွေမှာ သူမနဲ့ကြောင် မရင်းနှီးမချင်းကျွန်တော်ကပဲ ကြောင်ပေါက်တာဝန် အကုန်ယူထားရသည်။

ဒီ့ထက် ပိုဆိုးတဲ့အခြေအနေက အမေက ကြောင်နဲ့အလက်ဂျစ် ရှိနေတာပဲ၊ ဆိုးဆိုးဝါးဝါးကို နှာချေတော့တယ်။ အစောပိုင်း တစ်လလုံးလိုလိုမျက်ရည်ကျတဲ့အထိ မရပ်မနား နှာချေခဲ့တယ်။ ဒါပေမဲ့ အမေ 'ဂေါ်ဖီထုပ်လေး' ကို စွန့်ပစ်ဖို့ တစ်ခါလေးတောင် မစဉ်းစားခဲ့ဘူး။

''ဒီအကောင်လေးကို မပစ်နိုင်ပါဘူး။ သူက ကံစပ်လို့ ရောက်လာတာ''

45

ဒီလိုပြောရင်း သူမရဲ့ ဝဝဖောင်းဖောင်းမျက်နှာကို တဘက်နဲ့ကာရင်း ကြောင်လေးကို ဂရုစိုက်မြဲ ဂရုစိုက်နေတယ်။

ဒီလိုနဲ့ တစ်လနီးနီးကြာပြီး နောက်တစ်နေ့မှာ အမေ့ရဲ့ ကြောင် အလက်ဂျစ်က ရုတ်ခြည်းဆိုသလို ပျောက်သွားတယ်။ ဒါဟာ အံ့ဖွယ်ဖြစ်ရပ် ဒါမှမဟုတ် အမေရဲ့ ခန္ဓာကိုယ်က ကျင့်သားရသွားလို့လည်း ဖြစ်နိုင်တယ်။ ဘာကြောင့်ပဲဖြစ်ဖြစ်လေ အဲ့လို ရုတ်တရက် ရောဂါပျောက်သွားပြီး နောက် လည်း အမေက ဘယ်ကြောင်ကြောင့်မှ နှာမချေ၊ မျက်ရည်ပူမကျရတော့။

ကျွန်တော် အမေ့ရဲ့ရောဂါပျောက်သွားတဲ့နေ့ကို ကောင်းကောင်းကြီး မှတ်မိသေးသည်။ အဲ့နေ့က ဂေါ်ဇီထုပ်လေးက အမေ့အနားက တစ်မိနစ် တောင် ခွာမသွားဘဲ အဆက်မပြတ် ပွတ်သီးပွတ်သတ်လုပ်နေခဲ့သည်။

''တစ်စုံတစ်ခုကို ရရှိချိန်မှာ တစ်စုံတစ်ခုကို ဆုံးရှုံးရလေ့ရှိသည်''

အမေက အဲ့အဆိုကို ပြတ်ပြတ်သားသား ထောက်ခံသည်။ လူတွေဟာ ဘာမှမဟုတ်တဲ့ အဓိပ္ပာယ်မရှိတဲ့ အရာတွေကိုရယူဖို့ အမြဲကြိုးပမ်းနေကြ တယ်။ ရလာတော့လည်း သမားရိုးကျမျှသာ သဘောထားကြပြန်၏။ အကယ် ၍ ကျွန်ုပ် တစ်စုံတစ်ခုကိုရယူပိုင်ဆိုင်လိုက်ရချိန်မှာ ကမ္ဘာပေါ်က တစ်ယောက် ယောက်က အဲ့အရာကို ဆုံးရှုံးနင့်ခဲ့ပြီဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်တော်တို့ရဲ့ ပျော်ရွှင်မှုဆိုတာတွေက တစ်စုံတစ်ယောက်ရဲ့ ကံဆိုးမိုးမှောင် ကျမှုကနေ ရောက်လာတာလည်း ဖြစ်နိုင်သည်။ အမေ ရံဖန်ရံခါ ပြောလေ့ရှိတာတော့ 'ဒီလိုဖြစ်ပေါ်နေတာဟာ စကြဝဠာကြီးရဲ့ နိယာမတွေထဲကတစ်ခု' ဆိုတာ ပါပဲ။

ဂေါ်ဇီထုပ်ဟာ ကျွန်တော်တို့နှင့် ၇ နှစ်တိတိ နေထိုင်ခဲ့သည်။ သူဟာ အကျိတ်ယောင်ရောဂါ ခံစားခဲ့ရပြီး အဆမတန် ပိန်လာခဲ့သည်။ နောက်ဆုံး နေ့ရက်တွေကို အိပ်ရာထဲကသာ စောင့်မျှော်နေခဲ့ရင်း ငြိမ်းငြိမ်းချမ်းချမ်း ထာဝရအိပ်မောကျသွားခဲ့သည်။

ဂေါ်ဇီထုပ်လေး မရှိတော့သည်မှာ အမေ့ကို အမှန်တကယ် ဝမ်းနည်း နာကျင်စေခဲ့သည်။ အမြဲတက်ကြွပြီး အိမ်သန့်ရှင်းရေး လုပ်နေတတ်သော

ပျော်ပျော်ရွှင်ရွှင် ဟင်းလျာတွေ ချက်ပြုတ်နေတတ်သော အမေ့ဝိညာဉ်သည် ခဏတာ မှေးမှိန်သွားခဲ့သည်။ သူမ အိမ်မှာပဲနေကာ ဂေါ်ဇီထုပ်လေးကို တမ်းတငိုကြွေးနေခဲ့တော့သည်။ ဒါကြောင့်ပဲ အိမ်သန့်ရှင်းဖို့နှင့် အဝတ်အစား လျှော်ဖွပ်တဲ့ ကိစ္စတွေကို ကျွန်တော် ဝင်ရောက်ကူညီပေးခဲ့ရသည်။ ညစာအတွက်ကမူ အိမ်အနီးက စားသောက်ဆိုင်ကိုသာ အားကိုးရတော့သည်။ ကျွန်တော် ထင်တာတော့ အဲ့တရုတ်စားသောက်ဆိုင်မှာ ကျွန်တော်တို့ မမှာဖူးတဲ့ ဟင်းပွဲတောင် မရှိလောက်တော့ပေ။

တစ်လတာ ကုန်ဆုံးပြီးနောက် တစ်ညနေမှာ မမျှော်လင့်ထားတဲ့ ကိစ္စတစ်ခု ရုတ်တရက် ပေါ်ပေါက်ခဲ့သည်။ အမေဟာ နောက်ထပ် ကြောင်သေးသေးလေးတစ်ကောင်ကို ထပ်ကယ်လာခဲ့သည်။ ပြီးတော့ အရင်က ဂေါ်ဇီထုပ်လေးကို ပွေ့ဖက်လေ့ရှိသလို ဒီကြောင်လေးကိုလည်း သူမ လက်မောင်းပြည့်ပြည့်တွေကြား ထွေးသယ်လာခဲ့ပြန်သည်။

ဒီကြောင်ကလေးဟာ ဂေါ်ဇီထုပ်လေးနှင့် ဆင်သည်။ လုံးဝန်းတဲ့ ခန္ဓာကိုယ်ပေါ် အမည်းရောင်နှင့် ခဲရောင်စပ်ကြား နူးညံ့တဲ့အမွေးလေးတွေ ဖုံးလွှမ်းထားသည်။ လှပတဲ့ကြောင်တစ်ကောင်ဖြစ်ပြီး 'ဂေါ်ဇီထုပ်လေး' နှင့်လည်း အတော်ဆင်သည်မို့ သူ့ကို ကျွန်တော်တို့ 'မုန်လာထုပ်'ကလေးအဖြစ်ခေါ်ရန် ဆုံးဖြတ်ခဲ့ကြပေသည်။

'မုန်လာထုပ်'လေး ဆော့ကစားနေသည်ကိုကြည့်ရင်း အမေရယ်သည်။ ဒါဟာ ဂေါ်ဇီထုပ်လေး မရှိတော့သည့်နောက် သူမ ပထမဆုံး ပြန်လည်ပြုံးရယ်ခြင်းလည်း ဖြစ်သည်။

အမေ့ကိုကြည့်ရင်း ကျွန်တော် ကြောက်နေခဲ့မိသည်က အမေလည်း တစ်နေ့ ဂေါ်ဇီထုပ်လေးလို ပျောက်ကွယ်သွားမှာ။ ကျွန်တော့်ဘဝထဲ အမေ့ပုံရိပ် မှေးမှိန်သွားပြီး ဘယ်သောအခါမှ ကျွန်တော်တို့ဆီ ပြန်မလာတော့မှာကိုပါပဲ။

နောက် လေးနှစ်အကြာမှာတော့ အမေဟာ တကယ်ပဲ ကျွန်တော်တို့ကို ထားသွားခဲ့သည်။

''ဘယ်လို တိုက်ဆိုင်မှုမျိုးလဲ၊ ဂေါ်ဖီထုပ်လေးနဲ့ ရောဂါရတာချင်းတောင် တူနေပါပေါ့လား''

အမေတိုးတိုးဖွဖွ ရေရွတ်ရင်း ရယ်သည်။

ဂေါ်ဖီထုပ်လေးလိုပါပဲ။ အမေ့ရဲ့ ဝဝဖောင့်ဖောင့် ခန္ဓာကိုယ်ဟာ ဆွဲချလိုက်သလို ပိန်ချုံးလာခဲ့သည်။ တစ်နေ့တော့ သူမအိပ်စက်သွားစဉ် ထာဝရပြန်မနိုးလာနိုင်ခဲ့တော့ပေ။ အမေ ငြိမ်းချမ်းစွာ သေဆုံးသွားခဲ့ပြီ။

''မုန်လာထုပ်လေးကို ဂရုစိုက်ပါကွယ်''

အမေ မဆုံးခင် တဖွဖွမှာခဲ့သည်။

ကံကြမ္မာက အံ့ဩစရာကောင်းအောင် တိုက်ဆိုင်လွန်းလှသည်။ ကျွန်တော်လည်း အမေ့လို သေဆုံးရတော့မည် ဖြစ်သည်။ 'မုန်လာထုပ်'ကလေးကို ဆက်လက်စောင့်ရှောက်လို့ ရတော့မည်မဟုတ်။ အမေသာသိရင် အင်မတန် စိတ်ပျက်မိမှာလား မသိ။ ''မုန်လာထုပ်''လေးကို ကျွန်တော့်အစား တခြားတစ်ယောက်ယောက်နှင့် အပ်ခဲ့ရမှာဟု ပြောဆိုနေမည်ထင်သည်။



နောက်တစ်နေ့ မိုးသောက်။

အမေ့ကို ဒီအတောတွင်း ပထမဆုံး အိပ်မက် မက်သည်။

'မုန်လာထုပ်လေး'က တညောင်ညောင်အော်ရင်း အနားကပ်လာသည်။ ကျွန်တော် သူ့ကို ဆွဲယူလိုက်ပြီး အမွေးပွပွကိုယ်လုံးလေးကို ပွတ်သပ်ပေးလိုက်သည်။ နူးညံ့နွေးထွေးပြီး အိစက်နေတဲ့ ခန္ဓာကိုယ်လေးက တစ်ခဏတော့ စိတ်လုံခြုံမှု ရသွားသယောင်ရှိသည်။

ဒီရောက်တော့ ကျွန်တော့်ဘဝရဲ့ နောက်ထပ် အပိုရက်တစ်ရက် စနေပြီဖြစ်ကြောင်း သတိရလာသည်။

လွန်ခဲ့တဲ့ ရက်တွေက ဖြစ်ပျက်ခဲ့တဲ့ဖြစ်ရပ်တွေက တကယ်လား၊ အိပ်မက် မက်နေတာလားဆိုတာ ဝေခွဲမရ ဖြစ်လာသည်။ ဒါပေမဲ့ ကျွန်တော့်ဖုန်းကရော၊ ပုံမှန်ဆို အိပ်ရာဘေးက ခုံပုလေးပေါ် တင်ထားတတ်သည်။ အခုတော့ ဘယ်လိုမှ ရှာမရ။ နောက်ပြီးတော့ ကာလရှည်ကြာခံစားနေရတဲ့

ခေါင်းကိုက်ဝေဒနာလည်း ယူပစ်သလို ရုတ်တရက် ပျောက်သွားပြန်သည်။ ဒါဆို ကျွန်တော် နတ်ဆိုးနဲ့ အမှန်တကယ် အပေးအယူ လုပ်ခဲ့သည်လား။

တယ်လီဖုန်းတွေဟာ ကမ္ဘာမှာ မရှိတော့ပေ။

ဒါပေမဲ့ မိုဘိုင်းဖုန်းတွေပဲ ပျောက်ကွယ်သွားရုံပါဆို ခင်ဗျားတို့ စိတ်သက်သာရာရမှာပါ။

ဒီလိုဆိုတော့လည်း အရင်က ကျွန်တော်က ညမအိပ်ခင်အထိ ဒီဖုန်းကိုပဲ အကြောင်းမရှိ ကြည့်နေသုံးနေခဲ့ဟန်တူသည်။ ငယ်ငယ်ကလို စာအုပ်တွေလည်း မဖတ်ဖြစ်တော့။ သတင်းစာဆို ဝေလာဝေး။ ငှားလာတဲ့ DVDs အခွေတွေတောင် မကြည့်ဖြစ်ဘဲ အခန်းထောင့်ပုံထားမိတာ ကြာပေါ့။

အလုပ်သွားနေတဲ့လမ်းတစ်လျှောက် ရထားပေါ်မှာလည်း ကျွန်တော့်ဖုန်းပဲ အမြဲကြည့်နေခဲ့သည်။ အယုတ်စွဆုံး ရုပ်ရှင်ရုံမှာ ရုပ်ရှင်ကြည့်ရင်းတောင် ဖုန်းကို တစ်ချက် တစ်ချက် ကြည့်ဖြစ်အောင် ကြည့်သေးသည်။ နေ့လယ်ထမင်းစားနားချိန်မှာတောင် အစာစားရင်း ဖုန်းကို စွဲစွဲလမ်းလမ်း သုံးနေသေးသည်။ မုန်လာထုပ်လေးနဲ့ အတူရှိချိန်လည်း သူနဲ့ ကစားပေးရမယ့်အစား ဖုန်းဆက်သုံးနေမိသည်။ ကိုယ့်ဘာသာကိုယ် အကျဉ်းချမှန်းမသိ ချမိတာ အခုမှ ရှုံ့မုန်းလာမိသည်။ 

မိုဘိုင်းဖုန်းတွေ စပေါ်လာတာ လွန်ခဲ့တဲ့ နှစ် ၂၀ ဝန်းကျင်ကပါ။ ဒီအချိန်လေးအတွင်းမှာပဲ သူတို့က အလွယ်တကူ ကျွန်တော်တို့ဘဝကို လုံးဝ ဥသုံ လွှမ်းမိုးချုပ်ကိုင်ပစ်လိုက်သည်။ ကျွန်တော်တို့ဟာ နှစ် (၂၀) လောက် ဘဝ အတွက် မလိုအပ်တဲ့ပစ္စည်းလေးရဲ့ သူမရှိရင် မဖြစ်ပါဘူးဆိုတဲ့ စိတ်ကို ရိုက်သွင်းခံထားရပြီး လွှမ်းမိုးချုပ်ကိုင်ခံထားရတာလေ။ လူသားတွေဟာ မိုဘိုင်းဖုန်းတွေ စတီထွင်ကတည်းက အဲ့ဖုန်းမရှိလို့မဖြစ်ဆိုတဲ့ စိုးရိမ်ကြောင့်ကြမှုကိုပါ တစ်ပါတည်း ထည့်သွင်းပေးလိုက်ခြင်း ဖြစ်မည်။

လူတွေဟာ စာရွက်ပေါ်မှာချရေးပြီး ပေးဝေဆက်သွယ်တဲ့ စနစ်ကနေ အင်တာနက်တွေ၊ အီးမေးလ်တွေကတစ်ဆင့်ပဲ ဆက်သွယ်ပြောဆိုလာခဲ့ကြပြီ။ ဒီလိုပဲ၊ သမိုင်းတစ်လျှောက် ပြန်ကြည့်ရင် တစ်ခုခုက တိုးတက်ထွက်ပေါ်လာတာနဲ့ အခြားတစ်ခုကလည်း ငုပ်လျှိုးပျောက်ကွယ်သွားရတာပါပဲ။

ခင်ဗျားတို့လည်း ကျွန်တော့်ရဲ့ နောက်ဆုံးဖုန်းဆက်သွယ်ပြောဆိုမှု အကြောင်း သိချင်နေပြီထင်တယ်။ တကယ်တော့ ဒါဟာ ကျွန်တော့် ကိုယ်ရေးကိုယ်တာကိစ္စပျ။ ကိစ္စတော့ မရှိပါဘူးလေ။

သူမက ကျွန်တော့်ဘဝမှာ ပထမဆုံးနဲ့ နောက်ဆုံး ချစ်ခဲ့ရတဲ့ မိန်းမတစ်ဦး၊ ရည်းစားဦး။

ယောကျ်ားတစ်ယောက် သေခါနီးအချိန်ရောက်ရင် အရင်ဆုံး တမ်းတမိကြတာ သူ့ရဲ့ အချစ်ဦးနာမည်လေးပဲတဲ့။ ဒါဆိုရင်တော့ ဒီအဆိုကို ကျွန်တော် ထောက်ခံသင့်ပြီ ထင်ရဲ့။

အရုဏ်ဦးရဲ့ နေမင်းဟာ တစ်စ တစ်စ ပိုတောက်ပလာတယ်။ အိပ်ရာပေါ်မှာပဲ ကျွန်တော် ဆက်မှိန်းနေခဲ့တယ်။ ပြီးတော့ ရေဒီယိုလေးဖွင့်၊ မနက်စာကို သံစဉ်တွေနဲ့ ချက်ပြုတ်ရင်း နေ့သစ်စခဲ့တယ်။ နပ်ကော်ဖီမွှေးမွှေးလေးဖျော်၊ ကြက်ဥလေးကြော်ပြီး ကြက်ဥဆန်းဝပ်(စ်)လေးလုပ်။ ခရမ်းချဉ်သီးလေးတွေတောင် ပါးပါးလှီးပြီး ပန်းကန်ထဲ အစီအရီထည့်လို့ အလှဆင်လိုက်သေးသပျ။ မနက်စာ စားသောက်ပြီးတော့ နောက်ထပ် ကော်ဖီခါးခါးလေး တစ်ခွက်ဖျော်ပြီး စာအုပ်တစ်အုပ်ကို အေးအေးလူလူ ဖတ်ခွင့်ရသေးတယ်။ အာ ... ဒါက မိုဘိုင်းဖုန်းမရှိတဲ့ လူနေမှုဘဝလား၊ သိပ်ကောင်းမွန်လွန်းတယ်။ နေ့တာက ခါတိုင်းထက် ရှည်နေပြီး အနှောင်အဖွဲ့မရှိ လွတ်လပ်နေသလိုပဲ။

နေ့လယ် နေမင်းဟာ တဖြည်းဖြည်း ဝင့်ကြွားလာသည်။

ဖတ်လက်စစာအုပ်ကို ပိတ်ပြီးတော့ ရေချိုးဖို့ အချိန်တန်ပြီလို့ ကိုယ့်ကိုယ်ကိုယ် ပြောမိသည်။ ရေနွေးလေးနဲ့ ဇိမ်ခံချိုးပြီးတော့ ခါတိုင်းလို အဖြူ

နဲ့ အနက် ဖက်ရှင်ကိုဝတ်တယ်။ ထို့နောက် သူမဆီသွားဖို့ အိမ်က ထွက်လာခဲ့သည်။

ထွက်ထွက်ချင်းပဲ ညှပ်နေကျ ဆံသဆိုင်ဆီ ဦးတည်လိုက်ရသည်။ ဘယ်လိုပဲ သေရတော့မယ်ဆိုဆို ရည်းစားဟောင်းနဲ့ မဆုံခင် ညင်းသိုးသိုးရုပ်ကို ကြည့်ကောင်းစေချင်သည်လေ။ (ကြိတ်ရယ်မနေကြနဲ့ဗျ)

ပြင်ဆင်ပြီးတော့ လမ်းတစ်ဖက်ခြမ်းမှာရှိတဲ့ မျက်မှန်ဆိုင်ကိုလည်း ဝင်မွှေလိုက်သေးသည်။ ခေတ်စားနေတဲ့အထဲက ကျွန်တော်နဲ့ လိုက်ဖက်မယ့် မျက်မှန်တစ်လက် ဝယ်တပ်လိုက်သည်။

နောက်တော့ ကားဂိတ်ရောက်ရောက်ချင်းပဲ အသင့်ရောက်နေတဲ့ ထွက်ခွာနီးဆဲဆဲ အစိမ်းရောင်ကားကြီးပေါ် အမြန်ပဲ ခုန်တက်လိုက်ရတော့သည်။

ကြားရက် ရုံးဖွင့်ရက်ဖြစ်နေတာကြောင့် ကားပေါ်မှာ လူပြည့်နေသည်။ ပုံမှန်ဆို ခရီးသည် တော်တော်များများက ကားပေါ်ရောက်ရင် ဖုန်းကိုယ်စီ ကြည့်နေလေ့ရှိသည်။ ဒါပေမဲ့ ဒီနေ့ကတော့ ကွဲပြားသည်။ လူတွေဟာ လက်ကိုင်ဖုန်းတွေအစား စာအုပ်တွေ၊ သတင်းစာတွေ ကိုင်ထားကြသည်။ ဖတ်နေကြသည်။ တချို့က ရေဒီယိုကလာတဲ့ သီချင်းလေးနားထောင်ရင်း ပြင်ပရှုခင်းတွေကို ငေးစိုက်ကြည့်နေကြသည်။ ဒီလိုဆိုတော့ လူတွေဟာ သူတို့အချိန်ကုန်ဆုံးဖို့ ဖုန်းကို မလိုကြဟန်တူတယ်။ မျက်နှာအမူအရာတွေဟာ တောက်တောက်ပပ ကျေကျေနပ်နပ်ပါပဲ။

ဒါဆို ဘာလို့ ဖုန်းတွေကို အသုံးပြုခဲ့ကြစဉ်က သူတို့ အပြုအမူတွေက စိတ်မရှည်သလိုလို အမြဲအလျင်လိုနေဟန် ရှိနေခဲ့တာလဲ။ ကြည့်ရတာ ဖုန်းတွေဟာ လူတွေကို အာရုံနောက်စေတဲ့ ကြားခံပစ္စည်းတွေထင်ရဲ့။ ဒီလိုဆိုတော့လည်း ကျွန်တော်ဟာ ကမ္ဘာကြီးကို ပြန်ကောင်းမွန်စေခဲ့ဟန်တူသည်။

ဒါနဲ့ ရှိရှိသမျှဖုန်းတွေ အကုန်ကွယ်ပျောက်ကုန်တာလား ...

ဈေးခန်းတွေရှိတဲ့ဘက်ခြမ်းကို ကားပြတင်းပေါက်ကနေ မျှော်ကြည့်ရင်း စူးစမ်းလိုက်သည်။ ခေါက်ဆွဲဆိုင်တွေ အခြားခြားသော ဆိုင်ခန်းတွေရဲ့ ဆိုင်းဘုတ်တွေမှာ သူတို့ရဲ့ မိုဘိုင်းဖုန်းနံပါတ်တွေဟာ ယခင်အတိုင်း ရှိနေသေးကြောင်း တွေ့ရသည်။ ဒါပေမဲ့ လမ်းတစ်လျှောက် ဖုန်းနဲ့ပတ်သက်တဲ့ အရိပ်အယောင်ကတော့ ဘာဆို ဘာမှမရှိ။

ထို့နောက် ကျွန်တော် ရုတ်တရက် ငယ်ငယ်က ဖတ်ဖူးတဲ့ ကာတွန်းတစ်ခုကို အမှတ်ရလာသည်။ "Daraemon" ကာတွန်း ဖြစ်သည်။ ဇာတ်လမ်းကတော့ ဒီလိုဖြစ်သည်။

'နိဘိတ'ဆိုတဲ့ သူငယ်လေးက အမြဲ မိဘနစ်ပါးရဲ့ မျက်စိဒေါက်ထောက် ပြောဆို ဆုံးမခံနေရသည်။ နောက်တော့ ကောင်လေးက 'ဒိုရေမွန်'ခေါ် စက်ရုပ်လေးဆီ ရင်လာဖွင့်သည်။ 'ဒီလို အမြဲလိုက်ကြည့်ဖို့ ငါက ကလေးလေးမဟုတ်တော့ပါဘူး။ လွတ်လွတ်လပ်လပ် ဆော့ချင်တယ်'။ အဲဒါနဲ့ 'ဒိုရေမွန်'လေးက သူ့ရဲ့ ကိရိယာအိတ်လေးထဲက ဦးထုပ်လေးကို 'နိဘိတ'ကို ပေးလိုက်တယ်။

ဒိုရေမွန်က ရှင်းပြသည်။

''ဒါလေးကို မင်း ဆောင်းလိုက်တာနဲ့ ဘယ်သူမှ မင်းကို သတိရတော့မှာ မဟုတ်ဘူး။''

နိဘိတလေးလည်း ပျော်ရွှင်မြူးထူးစွာ ဦးထုပ်လေးကို ယူဆောင်းလိုက်သည်။ ခဏတော့ သူ ဆော့ချင်ရာဆော့ သွားချင်ရာသွားနှင့် ပျော်ရွှင်နေခဲ့သည်။ နောက်တော့ သူစပြီးငြီးငွေ့လာသည်။ အဖေနှင့် အမေက သူ့ကို လုံးဝလာမရှာခဲ့။ ကောင်လေးလည်း ဦးထုပ်လေးကို ဆွဲချွတ်သည်။ ဒါပေမဲ့ ဦးထုပ်လေးက ပြန်မကျွတ်လာခဲ့။ ကောင်လေးလည်း ဝမ်းနည်းတပန်း ငိုကြွေးတော့သည်။ နောက်တော့ သူ့မျက်ရည်တွေကြောင့်ပဲ မှော်အစွမ်းက ပျက်ခဲ့သည်။ နိဘိတလေး၏ အဖေနှင့် အမေလည်း ကောင်လေးကို ပြန်သတိရလာသည်။ ဇာတ်လမ်းအဆုံးကတော့ 'ဂရုစိုက်ခံရတာ ကံကောင်းခြင်းပဲ'ဆိုတာ ဖြစ်သည်။

ဩော် … ကျွန်တော့်စကားတွေလည်း လမ်းကြောင်းလွဲကုန်ပြီ ထင်တယ်။ ဒါပေမဲ့ ပြန်ဆက်ရင် Aloha လုပ်လိုက်တာလည်း ဒိုရေမွန်လို လှည့်ကွက်ပဲ။ အသေအချာပြောရရင် ဖုန်းတွေက ကမ္ဘာပေါ်မှာ ရှိနေသေးသည်။ ဒါပေမဲ့ သူတို့ကို လူတွေ လုံးဝမေ့လျော့ သတိမထားမိတာ ဖြစ်သည်။

ဒါဆို ကျွန်တော့်ရှေ့က ၁၀၇ ယောက်သော လူတွေက ဘာတွေ ပျောက်ကွယ်စေခဲ့တာလဲ။ အဲဒါတွေ ပျောက်ကွယ်ကုန်တာကို ကျွန်တော်တို့ သတိမထားမထိခဲ့သလို ဘယ်တော့မှလည်း သတိပြန်ရတော့မှာ မဟုတ်ပေ။

နောက်ဆုံးတော့ ကျွန်တော် စီးလာတဲ့ကားဟာ သူမနဲ့ ချိန်းထားတဲ့ မနီးမဝေးက မြို့ကလေးဆီ ဆိုက်ရောက်လာတယ်။

မြို့ကလေးရဲ့ အလယ်ဗဟိုမှာ မြို့ရဲ့ အထင်ကရ နာရီစင်ကြီးရှိသည်။ ကျွန်တော်တို့ ကောလိပ်ကျောင်းသားဘဝထဲက တွေ့ဖို့ချိန်းဆိုတဲ့အခါ ဒီနာရီစင်ကြီးရှေ့မှာဆုံဖို့ အချိန်းအချက်လုပ်လေ့ရှိသည်။ နာရီစင်ကြီးရှိရာ ရင်ပြင်ပတ်ပတ်လည်မှာတော့ စားသောက်ဆိုင်ခန်းတွေ၊ ပစ္စည်းအဟောင်းဆိုင်တွေ ဝန်းရံလျက်ရှိနေသည်။

ကျွန်တော် ၁၅ မိနစ် စောရောက်နေခဲ့သည်။ ထုံးစံဆို ဒီလိုအချိန်မှာ ဖုန်းသုံးရင်း စောင့်နေတတ်သည်။ အခုတော့ ကျွန်တော့် အိတ်ကပ်ထဲမှာ ဖုန်းအစား ဝတ္ထုစာအုပ်ခပ်သေးသေးတစ်အုပ်သာ ပါလာခဲ့သည်။ ဒီတော့လည်း ကျွန်တော် စာဖတ်ရင်း စောင့်ရုံပေါ့လေ။

နာရီဝက်ကျော်လွန်သွားခဲ့ပေမဲ့ သူမရဲ့ အရိပ်အယောင်မမြင်မိသေး။ သေစမ်း …

ဖုန်းတွေ ပျောက်ကွယ်သွားတာကို ကျွန်တော် မေ့လျော့ပြီး သူမကို ဖုန်းဆက်ရန် အိတ်ကပ်တွေထဲ မွှေနှောက်ရှာမိသည်။

"နေရာများမှားသလား။ ဒါမှမဟုတ် အချိန်များ မှားလာမိသလား"

ကျွန်တော် တွေဝေစ ပြုလာသည်။ အကယ်၍ ဖုန်းတွေသာရှိသေးရင် သူမဆီ လွယ်လွယ်ကူကူနှင့် ဆက်သွယ်နိုင်မည် ဖြစ်သည်။

''အရေးထဲမှကွာ'' ကျွန်တော် ညည်းတွားမိသည်။

ဖုန်းတွေကနေ လွတ်မြောက်ခွင့်ရတာကို ကျေနပ်လို့မှ မဆုံးသေးခင် သူတို့ကို ကျွန်တော် အလွန်အမင်း လိုအပ်လျက်ရှိသေးကြောင်း တွေ့လိုက်ရသည်။ အခုတော့ နာရီစင်အောက်မှာ မတ်တတ်ရပ်လျက် ဆက်စောင့်နေရုံကလွဲ၍ ဘာမှ ကျွန်တော် မတတ်နိုင်တော့။

ကျွန်တော် ကောလိပ်ကျောင်းတက်ချိန်မှာ သူမနှင့် ဆုံစည်းခဲ့ရသည်။ သူမက တခြားမြို့ကြီးတစ်မြို့က ဖြစ်သည်။ သို့သော် ယခု မြို့လေးမှာ ကောလိပ်လာတက်ရင်း တစ်ယောက်တည်းအိမ်ငှားနေသည်။ ကျွန်တော် မှတ်မိသလောက်ဆို ပန်ကာသေးသေးလေး တစ်လုံး၊ လျှပ်စစ်အပူပေးစက်လေးတစ်လုံးကသာ သူမရဲ့ပရိဘောဂဖြစ်သည်။ နောက်ပြီးတော့ စာအုပ်တွေ၊ သူ့ဆီမှာ စာအုပ်တွေ အတော်များများရှိသည်။ အဲ့အချိန်တုန်းက လူတော်တော်များများက လက်ကိုင်ဖုန်းတွေ စသုံးစွဲနေပြီဖြစ်သည်။ ဤအထဲတွင် သူ မပါဝင်ခဲ့။ သူမ ငှားနေတဲ့အိမ်လေးက ရိုးရိုးကြိုးဖုန်းတောင် မတပ်ဆင် ထားပေး၍ သူ ကျွန်တော့်ဆီ ဆက်သွယ်လိုတဲ့အခါ အခကြေးငွေနှင့် ငှားရမ်းသော (pay phone) ကိုသာ အသုံးပြုရသည်။

ဒါကြောင့်ပဲ 'တယ်လီဖုန်းရုံ' ဆိုပြီး ကျွန်တော့်ဖုန်းထဲ ခေါ်ဆိုမှု ဝင်လာခဲ့ရင် ဘယ်အချိန် ဘယ်နေရာပဲဖြစ်ဖြစ် ကျွန်တော် ရှင်မြူးစွာ အမြဲ ပြန်ဖြေခဲ့သည်။ အကယ်၍ သူမခေါ်စဉ်မှာ ကျွန်တော် ဖုန်းပြန်မဖြေဖြစ်ခဲ့ရင်တော့ ပြန်လည်ခေါ်ဆိုလို့ မရနိုင်တဲ့ သူမဆီက အဝင်ဖုန်းမှတ်တမ်းလေးကို နမြောတသငေးကြည့်ရုံကလွဲပြီး ဘာမှလုပ်မရ။ သူမနဲ့ လွဲချော်သွားမှာ ကျွန်တော် အင်မတန် စိုးရိမ်ခဲ့ဖူးသည်။

အဲ့အချိန်တွေတုန်းက ကျွန်တော် အိပ်ရင်တောင် ဖုန်းကို လက်က မချရဲခဲ့။ သူမနဲ့ လွဲချော်သွားမှာ ကြောက်လှပါ၏။ ကျွန်တော် ဖုန်းကို ဆုပ်

ကိုင်ထားရင်း အိပ်ရတဲ့အခါ သူမရဲ့ လက်ဖဝါးနွေးနွေးလေးကို ဆုပ်ကိုင်ထားရင်း အိပ်ရတယ်လို့ အမြဲစိတ်ကူးခဲ့သည်။

ကျွန်တော်တို့ အချစ်သက်တမ်း ခြောက်လအကြာမှာတော့ သူမကို ကြိုးဖုန်းလေးတစ်လုံး ကျွန်တော်ကိုယ်တိုင် တပ်ဆင်ပေးခဲ့သည်။ အိမ်နံရံမှာ ကပ်ထားတဲ့အမည်းရောင်ကြိုးဖုန်းအိုလေးကိုကြည့်ရင်း သူမ ရွှင်ပျစွာ ရယ်မောခဲ့သေးသည်။

"အလကားရတဲ့ ဖုန်းအိုလေး"

သူမ ကျွန်တော့်ဆီ ဖုန်းဆက်တိုင်း စနောက်ပြောလေ့ရှိသည်။

ဒီဖုန်းအိုကလေးရဲ့ နံပါတ်တွေကို အကြိမ်ဖန်များစွာ ကျွန်တော် ဆက်သွယ်ခဲ့ဖူးသည်။ ကျွန်တော် ဘယ်တော့မှ မမေ့တော့တဲ့အထိ ဒီနံပါတ်ကလေးဟာ ကျွန်တော့်ဘဝရဲ့ အစိတ်အပိုင်း ဖြစ်ခဲ့ဖူးသည်။

ကျွန်တော်တို့ လမ်းခွဲခဲ့တာ ၇ နှစ်ရှိခဲ့ပြီ။ ဒါပေမဲ့ ကျွန်တော့် သူမကို မေးစရာမေးခွန်းအချို့ ရှိနေသည်။ 

ကျွန်တော် သူမဆီ ဖုန်းဆက်စဉ်က ဖုန်းလာဖြေတာ သူမပါလို့ သေချာ မယုံရဲခဲ့။ ဒီလောက်နှစ်တွေ ကြာခဲ့ချိန်မှာ သူမရဲ့ ဖုန်းနံပါတ်မပြောင်းခဲ့တာ အံ့ဩခဲ့ရသည်။ သူမက ယခု မြို့လေးက ရုပ်ရှင်ရုံလေးမှာ အလုပ် လုပ်ကိုင်လျက်ရှိသည်။ သူမ နားရက်နဲ့ တိုက်ဆိုင်သွားသောကြောင့် ယနေ့တွေ့ဖို့ရန် သဘောတူပေးခဲ့တာဖြစ်သည်။ ဖုန်းထဲက သူမ အသံဟာ ငယ်စဉ်ကလိုပင် ဖြစ်သည်။ မပြောင်းလဲသွားခဲ့။

နာရီစင်ရှေ့မှာ တစ်နာရီလောက်ကြာအောင် ခြေချောင်းတွေ ထုံကျင်ကိုက်ခဲတဲ့အထိ ရပ်စောင့်ပြီးအဆုံးမှာတော့ ကျွန်တော့်ဆီ ဦးတည်လျှောက်လာတဲ့ သူမကို လှမ်းမြင်နေရပြီဖြစ်သည်။

သူမ ဝတ်ပုံစားပုံ၊ သွားလာပုံတွေဟာ အရင်ကအတိုင်း နည်းနည်းမှ မပြောင်းလဲသွားခဲ့ပါ။ ခါးလယ်လောက်ရှိနေကျ ဆံပင်တွေကိုသာ ခပ်တိုတို ညှပ်ပစ်လိုက်တာ သတိထားမိသည်။

ကျွန်တော့်မျက်နှာ ဖြူရော်ရော်ဖြစ်နေသည်ကို သတိထားမိပြီး အနည်းငယ် ပူပင်သွားဟန်နှင့် မေးသည်။

''နေမကောင်းဘူးလား၊ အဆင်ရောပြေရဲ့လား ...''

ရည်းစားဟောင်းနှစ်ယောက် ပြန်ဆုံတဲ့ပွဲမှာ 'မတွေ့တာကြာပြီနော်၊ ဘယ်တွေရောက်နေတာလဲ' စတဲ့ စကားမျိုးနဲ့ နှုတ်ဆက်အလွမ်းသယ်ကြရမယ့်အစား ဒီလိုကြီး အမေးခံလိုက်ရတာ နည်းနည်းတော့ အောင့်သက်သက် နိုင်သည်။

ခဏတဖြုတ် စကားရပ်ပြောပြီးနောက်မှ ကျွန်တော့်အခြေအနေကို သူမ သိသင့်တယ်ယူဆတာနဲ့ အနီးနားကကော်ဖီဆိုင်တစ်ခုမှာ ခဏထိုင်ဖို့ ခွင့်တောင်းလိုက်သည်။

''ငါ သေရတော့မယ်၊ သိပ်မကြာလောက်တော့ဘူး''

ကျွန်တော် ဒဲ့ဒိုးပြောလိုက်မိသည်။



သူမက ချောကလက်ဖျော်ရည်ပူပူကို အရသာခံသောက်မပျက်ဘဲ ကျွန်တော် ပြောသမျှကို နှုတ်ဆိတ်နားထောင်နေသည်။ ပြီးတော့ မျက်လွှာလှန်ကြည့်ရင်း မေးသည်။

''အဲဒီတော့ ...''

သူမရဲ့ တုံ့ပြန်မှုက ကျွန်တော့်ကို ကြက်သေ သေစေသည်။ ဒီလောက်ထိ ခံစားမှုမဲ့မဲ့ တုံ့ပြန်တာတော့ မဖြစ်သင့်ဘူးလို့ ကျွန်တော် ယူဆသည်။ တကယ်ဆို သူမ ရှော့ရသွားသင့်သည်။ ဒါမှမဟုတ် စိုးရိမ်ပူပန်ပေးသင့်သည်။ ယုတ်စွအဆုံး သူမ ကျွန်တော့်အတွက် ဝမ်းနည်းပေးလိမ့်မယ်ဟု မျှော်လင့်ခဲ့သည်။ အခုတော့ လုံးဝတခြားစီ။

အခြားတစ်ဖက်က ပြန်စဉ်းစားကြည့်ပြန်ရင်လည်း ကျွန်တော် ကိုယ်တိုင်တောင် အေးအေးဆေးဆေးနဲ့ သေရမယ့်သတင်းကို ပြောပြနိုင်သေးတာပဲ။ သူမ တည်တည်ငြိမ်ငြိမ်ရှိနေသေးတာလည်း သဘာဝကျသည်။ ကျွန်တော်တို့ ဘာကြောင့်များ တခြားလူတွေဆီက အရာရာတိုင်းကို မျှော်လင့်နေတတ်ကြတာလဲ။

''ရုတ်တရက်ကြီး ဘာကြောင့် အဲ့လိုပြောတာလဲ''

''ကင်ဆာတဲ့ ...''

''အိုး ... ဆိုးဝါးလိုက်တာ၊ ဒါနဲ့ နင့်ကြည့်ရတာ ဝမ်းနည်းနေပုံလည်း မရဘူး။ လူသားတိုင်းဟာ သူတို့ သေရတော့မှာကို ကြိုသိရင် နင့်လိုပဲ တည်ငြိမ်နိုင်ပါ့မလား'' သူမ ရေရွတ်သည်။

ကျွန်တော် နတ်ဆိုးနဲ့ အပေးအယူအကြောင်း သူမကို မပြောဖြစ်ခဲ့။ သူမရဲ့ အချစ်ဦးဟာ အကြောက်လွန်ပြီး ရူးသွပ်သွားပြီဟု သူမကို မမှတ်ယူစေချင်။

''ငါ သေရတော့မယ့်အချိန်မှာ ငါ့ကို နားလည်ပေးနိုင်တဲ့သူတွေနဲ့ပဲ အချိန်ကုန်ဆုံးစေချင်တယ်''

''သြော် ...''

''ငါ ဆိုလိုချင်တာက ငါ့ဘဝ အဓိပ္ပာယ်ကို ငါ ရှာချင်တယ်''

''အင်း ...ဒါကြောင်မို့ နင် ဒီကို ပြန်လာရှာတာလား''

''အဲ့လိုပဲ ပြောရမှာပေါ့၊ ငါတို့နှစ်ယောက်ရဲ့ အတိတ်နဲ့ပတ်သက်ပြီး ပြောပြချင်တယ်။ သေးသေးမွှားမွှားလေးကအစ ငါတို့ကြားမှာရှိခဲ့တဲ့ အမှတ်တရတွေအကုန် ငါ မှတ်မိနေသေးတယ်။ မင်းရော ငါနဲ့ပတ်သက်ပြီး အသေးအမွှားလောက်တောင် သတိမရတော့ဘူးလား''

ကျွန်တော် စိတ်တွေလောပြီး မေးနေမိသည်။ တစ်ငုံတောင်မသောက်ရသေးတဲ့ ကျွန်တော့်ကော်ဖီခွက်လေး အေးစက်ကုန်သည်အထိ သူမ နှုတ်ဆက်နေခဲ့သည်။

ရုတ်တရက်ကြီး ကျွန်တော် မအီမသာခံစားလာရ၍ သန့်စင်ခန်းဆီ ထွက်ခဲ့ရသည်။ အချိန်အတော်ကြာအောင် သူမဆီပြန်သွားဖို့ တွန့်ဆုတ်နေခဲ့သည်။

''နင် မပြောင်းလဲသေးဘူးနော်''

''ဘာကိုလဲ ...''

''သန့်စင်ခန်း ခဏခဏသွားတဲ့အကျင့်လေ''

သူမ စကားစတင်ပြောဆိုစပြုသည်။

''ပြီးတော့ ယောကျ်ားလေးဖြစ်ပြီး Toilet ထဲ အချိန်အကြာကြီးနေသေးတယ်''

အရင်တုန်းက ဒီကိစ္စနှင့်ပတ်သက်ပြီး သူမ တစ်ခါမှ ထုတ်မပြောခဲ့ဖူးပေ။ ကျွန်တော့်အကျင့်က သန့်စင်ခန်းကို အသုံးပြုပြီးရင် လက်ကို အတော်ကြာအောင် အချိန်ယူဆေးတတ်သည်။ သူမအတွက် စိတ်မရှည်ချင်စရာ ဖြစ်ခဲ့ပေမည်။ အပြင်သွားကြရင်း အများသုံး သန့်စင်ခန်းတွေ ဝင်ကြရရင်လည်း သူမပဲ ကျွန်တော့်ကို အချိန်အတော်ကြာ ရပ်စောင့်ရလေ့ရှိသည်။

''နောက်ပြီး နင်က အမြဲလိုလို သက်ပြင်းချပြီး ငြူစူတတ်တယ်။ အဲဒါက နင့်အနားက လူတွေက စိတ်မသက်မသာ ဖြစ်စေတယ်။



''ငါ တကယ် အဲ့လိုပြုမူခဲ့သလား''

''ပြီးတော့ နင် အရက်မသောက်နိုင်ဘူးမလား''

''အင်း ...''

''အာ ... ကျန်သေးတယ်။ စားသောက်ဆိုင်တစ်ခုခုများရောက်ရင် ဘာစားရမလဲဆိုပြီး နင် သိပ်ကြေးများတာပဲ။ ယောကျ်ားတစ်ယောက်အနေနဲ့ ဇီဇာကြောင်လွန်းတယ်။ နောက်ဆုံးကျ အမြဲစားနေကြ ထမင်းနဲ့ဟင်းပဲ။ ပြီးတော့ ငါ နင့်ကို စိတ်ကောက်တဲ့အခါတွေမှာ နင်ကပါ အမြဲ ငါနဲ့အပြိုင် စိတ်တိုတတ်တယ်။ နင် အဲ့လို အမြဲ ငါနဲ့ပြိုင်ပြီး သုန်မှုန်ဒေါသဖြစ်နေတာနဲ့ ပြဿနာတွေက မရှည်သင့်ဘဲ ပိုမိုကြာသွားတော့တာပဲ''

သူမ ပြောချင်တာတွေ အားမနာတမ်း ထုတ်ပြောလိုက်လို့လား မသိ။ ကျေနပ်သွားဟန်နှင့် သောက်လက်စ ချောကလက်ရည်ကို ဆက်သောက်နေသေးသည်။

ဝိုး ... သေခါနီးအချိန်မှာ ဒီစကားတွေ နားထောင်ဖို့ တကူးတက လာခဲ့မိသလားပဲ။ တစ်ချိန်တုန်းက ချစ်ခဲ့ဖူးသူဆီက ဒီလိုအကြောင်းတွေပဲ ပြန်ကြားရတာ ထိချက်တော့ ပြင်းသား။ ထားပါလေ၊ မိန်းမတွေက သူတို့ရဲ့ ရည်းစားဟောင်းတွေနဲ့ ပတ်သက်ပြီး ဘယ်တုန်းက အကောင်းထင်ဖူးလို့ လဲ၊

''အိုး ... ရှိသေးတယ်၊ ဖုန်းထဲမှာဆို နင်က စကားအတော်များ သလောက် လူချင်းတွေ့ရင်တော့ အရမ်းနှုတ်နည်းတာပဲ''

ဒါကတော့ သူမ အမှန်ပြောတာ ဖြစ်သည်။

အရင်အချိန်တွေတုန်းကတော့ သူမနဲ့ ကျွန်တော် ဖုန်းကို ၂ နာရီ ၃ နာရီကြာသည်အထိ ပြောဖြစ်ကြသည်။ အိမ်ချင်းဝေးလို့ မတွေ့ဖြစ်ကြ လို့ ပြောဖြစ်ကြတာမျိုး မဟုတ်။ တစ်နေကုန်နီးပါး အတူရှိခဲ့ပြီး ည ၈ နာရီ နောက်ပိုင်း အချိန်တွေမှာ အတူရှိခဲ့တဲ့ တစ်နေ့တာအကြောင်းတွေ စမြုံ့ ပြန်ရင်း ရယ်မောကြ၊ စနောက်ဖုန်းပြောနေကြဖြစ်သည်။

တကယ်တမ်း အပြင်မှာတွေ့တဲ့အခါတွေကျ ကျွန်တော် နှုတ်မသွက် တော့။ ဖုန်းထဲမှာကျတော့ စကားပြောရတာ ပိုလွတ်လပ်ပြီး ပိုရင်းနီးနေသလို ခံစားရတာကြောင့်လည်း ပါသည်။

ဒီလိုဆိုတော့လည်း သူမအတွက် ကျွန်တော်ဟာ မကောင်းတဲ့ရည်းစား တစ်ယောက်ပဲ ဖြစ်ခဲ့ပုံပဲ။ ကျွန်တော် အလွန်အမင်း ခံစားရသော်လည်း သူမရဲ့အမြင်တွေကို ဆက်နားထောင်ဖို့ ဆုံးဖြတ်လိုက်သည်။

''မင်း ပြောပုံအရဆို သုံးနှစ်ကျော်ကျော်လောက် ငါနဲ့ အတူမရှိချင်ဘဲ ဒုက္ခခံနေခဲ့ရတာပေါ့''

''အဲ့လိုယူဆလည်း ရပါတယ်၊ ဒါပေမဲ့ ...''

''ဒါပေမဲ့ ဘာဖြစ်လဲ ...''

''နင်နဲ့ ဖုန်းပြောရတာ ငါ ကြိုက်ခဲ့တယ်။ နင် စိတ်အားထက်သန် သန်နဲ့ ပြောပြလေ့ရှိတဲ့ သီချင်းတွေ၊ ဝတ္ထုတွေအကြောင်း ကြားရရင် ငါ

ကမ္ဘာကြီးပါ ရုတ်တရက် လိုက်ပြောင်းလဲသွားသလိုပဲ။ အဲ့လို နင့်ကို ငါ ကြိုက်ခဲ့တယ်။ ငါ နင့်ကို ချစ်လည်း ချစ်ခဲ့ပါတယ်ဟာ''

''ဟုတ်တယ်၊ နင် ပြောသလိုပဲ၊ ငါလည်း နင်နဲ့ စကားပြောရရင် နင့်အသံလေး ကြားရုံနဲ့ ပျော်ရွှင်ခဲ့ဖူးတယ်''

ကျွန်တော်တို့ကြားက ရေခဲမြစ်ဟာ အက်ကွဲသွားပြီဖြစ်တယ်။ ဒီနောက်တော့ စကားတွေ တရစပ်ပြောမိကြတယ်။ သူငယ်ချင်းဟောင်းတွေ အကြောင်းရော၊ ဥပမာ ကောလိပ်တုန်းက သူငယ်ချင်းမတစ်ယောက် အိမ်ထောင်ရက်သားကျလို့ ကလေးအမေတောင် ဖြစ်နေပြီဆိုတာမျိုး စသည် ဖြင့်ပေါ့။

မှောင်ရီသန်းလာတဲ့အချိန်မှာ ကျွန်တော် သူမ အိမ်ကို လမ်းလျှောက်ပြီး လိုက်ပို့ခဲ့သည်။ သူမက သူမ အလုပ်လုပ်နေတဲ့ ရုပ်ရှင်ရုံရဲ့ အပေါ်ထပ် အခန်းလေးမှာ နေထိုင်သည်။



''နင်က အပြောနဲ့အလုပ် ညီသားပဲ။ ရုပ်ရှင်တွေကိုပဲ လက်ထပ် လိုက်မယ် ဆိုတာလေ''

သူမ ရယ်သည်။

''ဒါနဲ့ နင့်အဖေရော၊ ဘယ်လိုလဲ ...''

ကိုတယ်(လ်)လမ်းတလျှောက် ဆင်းလာစဉ် သူမ မေးသည်။

''အင်း ... သေချာတော့ မသိပါဘူး''

''အမေ ဆုံးထဲက အဖေ့ဆီ ငါ မရောက်တော့ဘူး''

''နင့်အမေက နင်တို့နှစ်ယောက်ကို အရမ်းရင်းရင်းနှီးနှီး နေစေချင် တာကို''

''အမေ မျှော်လင့်ခဲ့သလို ဒီတစ်သက် ဖြစ်လာမယ် မထင်ပါဘူး ဟာ''

ကျွန်တော်တို့တွဲတာ ၆ လလောက် ကြာချိန်မှာ ကျွန်တော် သူမကို မိဘတွေနှင့် မိတ်ဆက်ပေးခဲ့သည်။ အဖေကတော့ သူ့ဆိုင်က ထွက်မလာ

ခဲ့သလို နှုတ်ဆက်တာတောင် လက်မခံပေးခဲ့။ အမေကတော့ ကောင်းကောင်း မွန်မွန် ဆက်ဆံပေးခဲ့သည်။ သေချာပြင်ဆင်ကျွေးမွေးဧည့်ခံခဲ့သည်။ သူမ အတွက် ကိတ်မုန့်တောင် ကိုယ်တိုင်ဖုတ်ထားခဲ့သေးသည်။ အမေ သူမကို နှစ်သက်သည်။

''သမီးလေးတစ်ယောက်ကို ဒေါ်ဒေါ် အမြဲလိုချင်နေခဲ့တာ''

သူမကို အမေ ပြောလေ့ရှိသည်။ အစ်ကိုတွေ၊ မောင်တွေပဲရှိခဲ့သော အမေသည် တိုးတိုးဖော် ညီအစ်မကို တမ်းတလေ့ရှိသည်။ သို့ရာတွင် မွေး ထားရသော ကြောင်နှစ်ကောင်တောင် အထီးလေးတွေပဲ ဖြစ်သည်။

နောက်တော့ သူမကိုခေါ်၍ အမေ မကြာခဏ အပြင်သွားတော့သည်။ ကျွန်တော့်ကိုတောင် အသိမပေးတော့ချေ။

''ဒေါ်ဒေါ်က တအားသဘောကောင်းတယ်''

သူမ ပြုံးရင်းပြောသည်။

''ဘာကိုလဲ ...''

''စားသောက်ဆိုင်အသစ်တစ်ခုခု အနားလာဖွင့်ရင်လည်း သူ မြည်း စမ်းကြည့်ဖို့ ငါ့ကို အဖော်လုပ်လေ့ရှိတယ်။ ဟင်းချက်နည်းတွေလည်း သင် ပေးတယ်။ တစ်ခါတလေ ငါတို့ အလှပြင်ဆိုင်တောင် အတူတူသွားဖြစ် တယ်''

''ဟမ် ...အဲဒါတွေ ငါတောင် မသိလိုက်ပါလား''

ကျွန်တော်တို့ လမ်းခွဲပြီး သုံးနှစ်အကြာမှာ အမေဆုံးသည်။ ဒါပေမဲ့ အမေ့ရှာပနအခမ်းအနားကို ကျွန်တော့် ရည်းစားဟောင်း လာခဲ့သည်။ အခမ်း အနားမပြီးမချင်း မုန်လာထုပ်လေးကို ထိန်းပေးရင်း မျက်ရည်ကျနေခဲ့ သည်။

ကျွန်တော် သူမနှင့် လမ်းခွဲပြီးတော့ သူမကို မြင်တိုင်း အမေပြော သည်။ ''မင်းတော့ လွတ်တဲ့ငါး ကြီးတော့မှာပဲ'' အမေ့ရှာပနမှာ 'မုန်လာ ထုပ်လေး' ကို ကူထိန်းပေးနေတဲ့ သူမကို တွေ့ရတော့မှ အမေ ဘာကို ဆိုလိုချင်လဲဆိုတာ သဘောပေါက်လာမိတော့သည်။

''မုန်လာထုပ်လေးရော ... နေကောင်းလား''

''ကောင်းပါတယ်''

''ဒါနဲ့ နင် သူ့ကို ဘယ်လိုလုပ်မယ်စဉ်းစားထားလဲဟင်။ နင် မရှိတော့ရင် ဘယ်သူက စောင့်ရှောက်ပေးမှာလဲ''

''ငါလည်း အဲ့ဒါစဉ်းစားနေတာ၊ တစ်ယောက်ယောက်တော့ သူ့ကို လိုချင်မှာပါ''

''ကောင်းပြီလေ၊ ဘယ်သူမှ သူ့ကို မခေါ်ထားပေးနိုင်ဘူးဆို ငါ့ကို ပြောပေါ့''

''ကျေးဇူး ...''

တောင်စောင်းတလျှောက် ဆင်းလာပြီးတော့ မလှမ်းမကမ်းမှာ ရုပ်ရှင်ရုံ ဆိုင်းဘုတ်ကို မြင်နေရပြီ ဖြစ်သည်။

''ငါ ဒီကိုလာခဲ့တာ နင့်ကို မေးစရာတစ်ခုကြောင့်ဆိုတာ နင် သိတယ်



မဟုတ်လား။ ကျွန်တော် တုန်လှုပ်စွာ ပြောသည်။

''ဘာလဲ ...''

''ငါတို့ ဘာကြောင့် ပြတ်တယ်လို့ နင် မြင်လဲ''

''ရုတ်တရက်ကြီး ဒါတွေ ဘာလို့ပြန်သိချင်တာလဲ''

တကယ်တော့ ကျွန်တော် တစ်ချိန်လုံး ဒီအကြောင်းကို သိချင်နေခဲ့တာ။ ကျွန်တော်တို့ ဘာကြောင့် လမ်းခွဲခဲ့ရတာလဲ။ တစ်ယောက်နဲ့ တစ်ယောက် ငြီးငွေ့သွားလို့လား။ အဲ့လို သေချာတဲ့အကြောင်းပြချက်ဖြစ်ဖြစ်တောင် ကျွန်တော့်မှာ မပြောနိုင်။

''နင် မှတ်မိလား ...''

သူမ ခဏလောက်ငြိမ်သက်သွားသည်။ ထို့နောက် ရုတ်တရက် ကျွန်တော့် မျက်နှာကို စေ့စေ့ကြည့်ရင်း မေးခွန်းတချို့ မေးတော့သည်။

''အိုကေ ... ငါအကြိုက်ဆုံး အစားအစာက ဘာလဲ ...''

ဘယ်လိုမေးခွန်းမျိုးပါလိမ့်။ စက္ကန့်အချို့ ကုန်သွားသည်။

''အမ် ... ပုစွန်ကြွပ်ကြော်''

''မှားတယ် ... ပြောင်းဖူးတန်ပူရာ''

''ဟေး ... ငါ ပြောတာလည်း နီးစပ်သားနဲ့။ နှစ်ခုလုံး အကြော်ပဲ ဟာ''

''နေစမ်းပါဦး ... သူ ဒါတွေကို ဘာလုပ်မလို့ ပြောနေတာလဲ''

''အိုကေ ... ဒါဆို ငါ အကြိုက်ဆုံးတီရှတ်''

''ဘာရယ် ... အမ် ... မျောက် ...''

''မှန်တယ်''

''ငါ အကြိုက်ဆုံးဖျော်ရည်ကရော၊ ဘာပါလိမ့် ...''

''ဆောရီး ... ငါ မပြောတတ်တော့ဘူး''

''ချောကလက်လေ၊ အခုလေးတင် သောက်ခဲ့သေးတယ်။ နင် လုံးဝ သတိမထားမိပုံပဲ''

ကျွန်တော် သတိရပြီ။ သူမ ချောကလက်ရည်ပူပူလေးကို ကြိုက် သည်၊ နွေရာသီမှာတောင် စွဲစွဲမြဲမြဲသောက်လေ့ရှိသည်။ တကယ်တော့ သူမ နဲ့ ပတ်သက်ပြီး တချို့တလေလောက်ပဲ မမှတ်မိတာပါ။ ကျွန်တော် ခံယူထား တာက လမ်းခွဲပြီးရင် အဲဒီလူနဲ့ပတ်သက်တဲ့ မှတ်ဉာဏ်အားလုံးကို မေ့နိုင် အောင် မေ့ဖို့ပဲ။ ဒါမှလည်း ကိုယ့်ဘဝ ကိုယ် ကောင်းကောင်းရှေ့ဆက်နိုင်မှာ မဟုတ်လား။

''ကောင်းပြီလေ၊ နင် သိပ်သိချင်ရင် ပြောပြပါ့မယ်။ ငါတို့ ကျောင်း ပြီးတော့ အတူထွက်ခဲ့တဲ့ ခရီးက လမ်းခွဲဖို့ အစပျိုးခဲ့တာပဲ''

''Buenos Aires ခရီးစဉ်''

* * *

မြို့ကျဉ်းကျဉ်းလေးထဲမှာ ချိန်းတွေ့ဖို့နေရာတော့ အတော်နည်းသား။ Class ပြီးရင် သွားနေကြကော်ဖီဆိုင်သွားရင် သွား၊ မသွားရင် ရုပ်ရှင်အတူ သွားကြည့်၊ ပြီးတော့ သူမအခန်းမှာ Monopoly ပဲဖြစ်ဖြစ်ဆော့။ တစ်ခါ

တလေ တောင်ကုန်းပြန့်ပြန့်လေးမှာ သူမ ချက်ပြုတ်ပြင်ဆင်လာတဲ့ အစားအသောက်တွေယူပြီး ပျော်ပွဲစားထွက်ဖြစ်သည်။ ကျွန်တော်တို့ ပျော်ရွှင်ခဲ့ကြသည်။

သုံးနှစ်ကျော်ကျော် တွဲလာတဲ့တစ်လျှောက်လုံး သူမနဲ့အတူ ခရီးတစ်ခါတည်းပဲ ထွက်ဖူးခဲ့သည်။ Argentina ... Buenos Aires ဆီကို။ ဒါဟာ ကျွန်တော်တို့အတူသွားခဲ့တဲ့ ပထမဆုံးနှင့် နောက်ဆုံးခရီးစဉ်လည်း ဖြစ်သည်။

အဲ့အချိန်တုန်းက နှစ်ယောက်လုံး ဟောင်ကောင်ရုပ်ရှင်တစ်ခုက Buenos Aires မှာ ရိုက်တဲ့ ဇာတ်ဝင်ခန်းတွေကြည့်ပြီး အဲ့နေရာကို အရူးအမူး သွားချင်နေကြတာဗျ။

ဒါနဲ့ ကျောင်းပိတ်တုန်းလေးမှာ အတူတူလေ့လာကြတယ်ပေ့ါဗျာ။

ကျောင်းသားတွေပီပီ ဘတ်ဂျက်ခရီးစဉ်ပဲ စီစဉ်ရတာပေ့ါ။ လေယာဉ်တွေက ဈေးပေါသလောက် ကျွေးတဲ့အစားအသောက်လည်း အတော်ဆိုးပဲ့။ ၂၆ နာရီလောက် ကုန်ဆုံးပြီးချိန်မှာတော့ Buenos Aires မြို့လေးဆီ ဆိုက်ရောက်လာခဲ့သည်။

Ezeiza International Airport ကနေ ဟိုတယ်အထိ တက္ကစီတစ်ခါတည်းငှားလိုက်တယ်။ Checked In ဝင်ပြီးတာနဲ့ အခန်းထဲ သွားနားနေချင်နေတော့တာပဲ။ ရေမိုးချိုးပြီး အိပ်ရာပေါ်ရောက်တော့လည်း အိပ်မရပြန်ပါဘူး။ ကျွန်တော်တို့ရဲ့ ကိုယ်တွင်း စံတော်ချိန်က Japan စံတော်ချိန်ပဲရှိသေးတာ။ ရုတ်တရက်ကြီး အချိန်ပြောင်းလဲမှုကို အကျင့်မရသေး။

မြို့ကလေးရဲ့ လမ်းတလျှောက်မှာ ကချေသည်တွေက တန်ကိုအကနဲ့ ဖျော်ဖြေနေကြသည်။ La Boca သွားတဲ့လမ်းတွေမှာ အရောင်စုံအိမ်လေးတွေနဲ့ ပန်းရလှသည်။ အပျော်တမ်းတီးဝိုင်းတွေနဲ့ အခြားခြားသော စိတ်ဝင်စားစရာတွေနဲ့ အလွန်စိတ်ရွှင်မြူးဖွယ် ဖြစ်သည်။ နေဝင်ရီတရော ရောက်လာလေလေ အစိမ်း၊ အပြာ၊ အဝါ၊ အရောင်စုံနှောနေတဲ့ သစ်သားလှနေအိမ်လေး

တွေက ဆည်းဆာရောင်အောက်မှာ တောက်ပသထက် တောက်ပလာသည် မှာ နတ်သမီးပုံပြင်တွေက အရုပ်အိမ်လေးတွေသဖွယ် နစ်လိုဖွယ်အတိ ဖြစ်နေသည်။ ညအချိန်မှာတော့ San Telno မြို့နယ်က La Ventana ဇာတ်ရုံမှာ Tango အကအလှပွဲကို ကျွန်တော်တို့အတူ သွားကြည့်ကြသည်။

ဒီမြို့လေးမှာ နစ်ရက်လောက် သောက်လိုက်စားလိုက်နဲ့ ကျွန်တော်တို့နှစ်ယောက် ပျော်မြူးနေကြသည်။ နောက်တော့ တွမ်ဆိုသူနှင့် တွေ့ဆုံသည်။ သူက ကျွန်တော်တို့ငှားနေတဲ့ ဈေးပေါပေါဟိုတည်းမှာပဲ တည်းခိုနေသူ ဖြစ်သည်။

သူကလည်း ဂျပန်လူမျိုးတစ်ဦး ဖြစ်သည်။ သို့ရာတွင် မိမိကိုယ်ကို 'တွမ်'ဟုသာ ပြောဆိုလေ့ရှိသည်။ ၂၉ နှစ်အရွယ် လူငယ်တစ်ယောက် ဖြစ်ပြီး ကမ္ဘာအနှံ့ ခရီးသွားကြည့်ဖို့ ဆေးကုမ္ပဏီတစ်ခုက နုတ်ထွက်ခဲ့သူ ဖြစ်သည်။ သူနဲ့ ခင်မင်ပြီး ညနေတွေမှာ ကျွန်တော်တို့အတူ ဒေသညဈေးသွားကြသည်။ ဝိုင်တွေ၊ အသားတွေ၊ ချိစ်တွေဝယ်ပြီး အခန်းပြန်ကာ ညစာ စားကြသည်။ ညနက်သည်အထိ ဝိုင်အတူသောက်ရင်း စကားပြောဖြစ်သည်။

များသောအားဖြင့် တွမ်ရဲ့ ခရီးသွားအတွေ့အကြုံတွေအကြောင်း နားထောင်ရသည်။ အိန္ဒိယက စာခြောက်ရုပ်တွေအကြောင်း၊ တိဘက်က ဗုဒ္ဓဘာသာကိုရင်ငယ်လေးနဲ့ ဆုံတဲ့အကြောင်း၊ အစ္စတန်ဘူမြို့က အပြာရောင်ခြယ် ဗလီကြီးတွေအကြောင်း ဖြစ်သည်။ လစ်ဘမ်မြို့က အဆုံးမဲ့ ပင်လယ်ကြီးကတော့ သူ အနှစ်သက်ဆုံးဖြစ်ဟန် တူသည်။

တွမ်က ဝိုင်နီတောင် သိပ်မသောက်နိုင်။ နည်းနည်းသောက်တာနှင့် မူးသည်။ သို့ရာတွင် ရုပ်ပျက်ဆင်းပျက်တော့ မဟုတ်။

''ကမ္ဘာပေါ်မှာ ယုတ်မာရက်စက်တဲ့ လူတွေမှအများကြီး။ ဒါပေမဲ့ လှပပြီး ကောင်းမွန်တဲ့အရာတွေလည်း အများကြီးရှိပါတယ်''

သူ ပြောလေ့ရှိသည်။

မြို့သေးသေးမှာပဲ နေထိုင်ခဲ့ရသော ကျွန်တော်တို့အတွက် သူ ပြောပြတဲ့ ကမ္ဘာကြီးက အံ့သြဖွယ်အတိဖြစ်သည်။ သူကတော့ သူ့ခရီးသွား အတွေ့အကြုံတွေကိုပြောရင်း ရယ်လိုက်၊ မျက်ရည်ဝဲလိုက်နဲ့ပါပဲ။

နောက်ဆုံးတော့ ကျွန်တော်တို့ ဂျပန်ကိုပြန်ရမယ့်ရက် နီးလာပြီ။ ဒါပေမဲ့ တွမ်က ရတ်တရက်ပျောက်သွားတယ်။ ညဖက်မှာ သူ့ကို စောင့်နေကျအတိုင်း ဝိုင်သောက်ဖို့ စောင့်နေသေးသည်။ သူကမူ ခါတိုင်းလိုပင် မြို့အနီးကို လှည့်ပတ်ကြည့်ဖို့ ထွက်သွားရာမှ ပြန်ပေါ်မလာခဲ့ပေ။

နောက်တစ်နေ့မှာတော့ တွမ်ရဲ့သတင်းဆိုး ရောက်လာသည်။ Argentia နဲ့ Chile နယ်စပ်က သမိုင်းဝင်ရှေးဟောင်း Christ ရုပ်ထုကို လေ့လာဖို့အသွားမှာ သူ စီးလာခဲ့တဲ့ ဘတ်စ်ကားက တောင်စောင်းမှာ လမ်းချော်ခဲ့သည်လေ။

တွမ် သေပြီဆိုတာ အိပ်မက်လို ခံစားရသည်။ ခါတိုင်းလို ဝိုင်တစ်ပုလင်းဆွဲပြီး အခန်းတံခါးလာခေါက်မယ်လို့သာ စိတ်က ထင်နေသည်။ ကျွန်တော်တို့ အဲ့နေ့တစ်နေ့လုံး ဝမ်းနည်း၍ သတိလက်လွတ်ဖြစ်နေခဲ့ကြသည်။



Argentina ရဲ့ နောက်ဆုံးရက်မှာ Iguazu ရေတံခွန်ကို ကျွန်တော်တို့ သွားကြည့်ခဲ့သည်။ တောင်စောင်းလမ်းကျဉ်းကျဉ်းလေးကို ၂ နာရီလောက် အချိန်ယူတက်ပြီးတဲ့အခါ 'မိစ္ဆာခံတွင်းဝ' ဆိုတဲ့ ရေတဝေါဝေါကျနေတဲ့ တောင်စောင်းအစွန်းကို ရောက်ရှိခဲ့သည်။ ဟောင်ကောင်ရုပ်ရှင်ထဲမှာ ထည့်ရိုက်ခဲ့တဲ့ နေရာရှုခင်းဖြစ်သည်။ ကမ္ဘာ့အကြီးဆုံး ရေတံခွန်တွေထဲက တစ်ခုလည်း ဖြစ်သည်။

ရေတွေက အရှိန်ဟုန်ပြင်းပြင်းနဲ့ အလျဉ်မပြတ် စီးဆင်းနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း ရေတဝေါဝေါကျသံမှလွဲ၍ ဘာသံမှမကြားရ။

ထို့နောက် သူမ စတင်ငိုကြွေးလာသည်။ အသံကိုမြှင့်ပြီး အာခေါင်ခြစ်အော်သည်၊ ငိုကြွေးသည်။ ဒါပေမဲ့ ရေကျသံတွေကြားထဲမှာ သူမ ငိုညည်းသံသည်လည်း တိုးဝင်ပါးလျသွားရတော့သည်။

သူမလိုပင် ကျွန်တော်လည်း တွမ် သေဆုံးမှုအပေါ် ယူကျုံးမရ ခံစားရသည်။ ကျွန်တော်တို့ ချစ်ခင်သူတွေကို ဆုံးရှုံးရတာ အလွန်အမင်း စိတ်ထိခိုက်စေသည်။ တွမ် မရှိတော့။ ညနက်တဲ့အထိ စကားပြောတတ်တဲ့ တွမ်၊ ဝိုင်နီဝယ်လာပေးတဲ့ တွမ်၊ ဟင်းချက်ကောင်းတဲ့တွမ် သေပြီ။ ကျွန်တော်တို့လည်း တစ်ချိန်တော့ သေရမည်ဖြစ်သည်။ ကြီးမားတဲ့ ရေတံခွန်ကြီးကို နောက်ခံပြုလျက် သူမ ငိုနေသည်ကို ယှဉ်တွဲမြင်ရသောအခါ သူမသည် ရှိရင်းစွဲထက် သေးငယ်သွားသလို၊ အင်အားမဲ့နေသလို ခံစားလာရသည်။ အရှိန်ဟုန်ပြင်းပြင်းနှင့် ကျလာသော ရေမြုပ်ဖွေးဖွေးတွေသာလျှင် ကမ္ဘာအဆုံးထိ ဦးတည်နေဟန် စီးဆင်းသွားကြသည်။

လာလမ်းအတိုင်းပင် ဂျပန်ကို ပြန်ခဲ့ပြီ။ အပြန်လမ်းတစ်လျှောက် ကျွန်တော်တို့ စကားတစ်ခွန်းမှမပြောဖြစ်။ “Buenos Aires” မှာ အတော်ကြာအောင် အတူအချိန်ကုန်ဆုံးခဲ့လို့ ပြောစရာစကား မရှိတော့တာလား။ အဲ့လိုတော့ ဟုတ်မယ်မထင်။ ဘေးချင်းကပ်၍ အတူရှိနေသော်လည်း တစ်ယောက် ခံစားချက်ကို တစ်ယောက်မသိတော့။ သေချာတာတော့ တွမ်အတွက် ကျွန်တော်တို့နှစ်ယောက်လုံး ပူဆွေးခဲ့ရသည်။

အတူတကွ လေယာဉ်ပေါ်မှာ ၂၆ နာရီဝန်းကျင်လောက် ယှဉ်တွဲထိုင်နေရင်း ကျွန်တော်တို့နှစ်ယောက် ဇာတ်လမ်းအဆုံးသတ်တော့မယ်ဟု စိတ်က ခံစားသိလာမိသည်။ ဘယ်လောက်ထူးဆန်းသလဲ၊ စတွေ့တုန်းကလည်း သူမနှင့် ချစ်မိလိမ့်မည်ဟု ကျွန်တော်တို့ ကြိုတင်ခံစားရဖူးသည်။

အချိန်အတော်ကြာ တိတ်တဆိတ်ထိုင်နေရင်း နောက် ကျွန်တော်လေယာဉ်ရှေ့ခုံမှာ ထည့်ထားပေးတဲ့ ခရီးသွားလမ်းညွှန် စာစောင်ကို ယူဖတ်မိသည်။ တောင်တန်းစုတွေအကြောင်း အကျယ်တဝင့် ဓာတ်ပုံများနှင့် ဖော်ပြထားသည်။ Argentina နဲ့ Chile နယ်စပ်က Mt. Aconcagua တောင် (တောင်အမေရိကရဲ့ အမြင့်ဆုံးတောင်ထိပ်)ရဲ့ ရှုခင်းတွေကို သေသေချာချာ ဖော်ပြထားသည်။ တကယ်လို့ တွမ်သာ ဘေးကင်းကင်းနဲ့ ရောက်ခဲ့ရင် ဒီရှုခင်းတွေကို သူ နှစ်သက်မှာသေချာသည်။

တွမ်တစ်ယောက် တောင်ထိပ်ပေါ် အရောက်သွားနိုင်ခဲ့ပြီး Christ ရုပ်တုကြီးကို လေ့လာနိုင်ခဲ့လျှင် သိပ်ကောင်းမှာပဲလို့ ကျွန်တော် တွေးမိသည်။ ဝင်လုဆဲဆဲ နေမင်းရဲ့ အလှတရားနဲ့ Christ ရုပ်တုရဲ့ခမ်းနားပုံ၊ ဘေးပတ်လည်က အဆုံးမရှိတဲ့ တောင်တန်းတွေ ဝန်းရံထားနေမှုကို တွမ် ငေးကြည့်သာယာနေပုံကို ကျွန်တော် စိတ်ကူးပုံဖော်မိသည်။

၂၆ နာရီကြာပြီးနောက်တော့ ကျွန်တော်တို့ရဲ့ မြို့သေးသေးလေးကို ပြန်ရောက်လာသည်။

"အိုကေ … နောက်မှတွေ့ကြမယ်"

သူမ နှုတ်ဆက်၍ အိမ်ပြန်သွားသည်။ သူမ တဖြည်းဖြည်းပျောက်ကွယ်သွားသည်အထိ ကျွန်တော် ရပ်ကြည့်နေခဲ့သည်။

နောက်တစ်ပတ်လောက်နေတော့ ကျွန်တော်တို့ ပြတ်စဲလိုက်ကြသည်။ လမ်းခွဲဖို့ကို ငါးမိနစ်သာသာ ဖုန်းထဲကနေပဲ ဆွေးနွေးဖြစ်ခဲ့သည်။ တိုတောင်းပြီး စီးပွားရေးဆန်ဆန်စကားမျိုးဖြစ်သည်။ နာရီထောင်နဲ့ချီအောင် ဖုန်းပြောရင်း အလွမ်းသယ်လေ့ရှိသည်မှာ ကျွန်တော်တို့ မဟုတ်ခဲ့သလို ထင်ရသည်။ သမီးရည်းစား ဆက်ဆံရေးတစ်ခု ဖျက်သိမ်းဖို့ အချိန်ငါးမိနစ်က လုံလောက်သည်။

တယ်လီဖုန်းတွေက တစ်ဦးနှင့်တစ်ဦး ပိုရင်းနှီးအောင် ပြုလုပ်ပေးတတ်တဲ့ ကြားခံတွေဖြစ်သလို တစ်ချိန်တည်းမှာပဲ တစ်ယောက်ရဲ့ခံစားချက်တွေ တစ်ယောက်မသိအောင် တားဆီးတတ်သည်။ စစ်မှန်တဲ့ခံစားမှုကို ရှာဖွေဖို့နဲ့ အမှတ်တရတွေကို ပြန်လည်သယ်ဆောင်လာနိုင်ဖို့ လုံလောက်တဲ့ အချိန်ပမာဏကို ဖုန်းတွေက မပေးစွမ်းနိုင်ခဲ့။ နောက်ဆုံးတော့ ခံစားချက်တွေဟာ ရေလို တိမ်လို အငွေ့ပြန်သွားရစမြဲ ဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက်ကြားမှာရှိတဲ့ သံယောဇဉ်က အဲဒီအချိန်တုန်းက ခဏအေးစက်သွားသည် ထင်သည်။ Buenos Aires မှာ ကြုံခဲ့ရတဲ့ ဝမ်းနည်းစရာတွေကလည်း ဒီအခြေအနေရောက်အောင် တွန်းပို့ခဲ့သည်။

နောင်တတော့ ရမိသည်။ အကယ်၍ ဂျပန်ကို ပြန်လာစဉ်ကတည်းက ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း စကားပြောဖြစ်ကြရင် ဒီလိုလမ်းခွဲရမှာ မဟုတ်ဘူးမလား။

ခရီးက ပြန်ရောက်တုန်းက သူမ နှုတ်ဆက်ပြုံး ပြုံးပြခဲ့တာကို မမေ့၊ သူမရဲ့ ဖျော့တော့လှတဲ့အပြုံးက ခေါင်းထဲ သံမှိုစွဲထားသလို မှတ်မိနေသည်။ အကြောင်းသင့်တဲ့အခါတိုင်း တမြေ့မြေ့ ကိုက်ခဲစေသည့် အနာဟောင်းတစ်ခုလို ဖြစ်သည်။ ဒါကို ကျွန်တော် နောင်တဟုခေါ်သည်။

''အမ်း ... ဒီနေ့ နင်လာတာက''

သူမ စကားသံက ပစ္စုပ္ပန်ကို ပြန်ရောက်စေခဲ့သည်။

''ဟုတ်တယ် ...''

''ငါ ပြောတာတွေက နင့်ကို ထိခိုက်စေခဲ့ရင် တောင်းပန်ပါတယ်''

''မဟုတ်ပါဘူး၊ စိတ်ဝင်စားစရာကောင်းနေတာပဲ''

''ဒါပေမဲ့ ... နင်မှတ်မိလား၊ ငါတို့ ကတိထားခဲ့ကြတာလေ''

''ဟင် ...''

ကျွန်တော် လုံးဝမမှတ်မိပြန်။

''မမှတ်မိတော့ဘူးလား ... လမ်းခွဲပြီးရင် တစ်ယောက်ရဲ့ မကောင်းတဲ့ အကျင့်ဆိုးတွေအကြောင်း တစ်ယောက်ကိုတစ်ယောက် ပွင့်ပွင့်လင်းလင်း ပြောခဲ့ကြေးလို့လေ''

မှန်သည်။ ကျွန်တော်တို့ ကတိထားခဲ့ကြသည်။ လမ်းခွဲဖြစ်ခဲ့ရင် တစ်ယောက် မကြိုက်တဲ့ တစ်ယောက်ရဲ့အကျင့်တွေကို ပွင့်ပွင့်လင်းလင်း ဝန်ခံကြမယ်လို့လေ။ ဒါမှလည်း ကျွန်တော်တို့ ဘဝရှေ့ဆက်တဲ့အခါ ထပ်ချစ်ရမယ့်လူ ရှိလာတဲ့အခါ ပိုကောင်းမွန်တဲ့ ဆက်ဆံရေးတစ်ခု တည်ဆောက်နိုင်မယ်လို့ ထင်ခဲ့ကြသည်။ အဲ့လိုပြောဖြစ်တဲ့အချိန်တုန်းကတော့ သူမက ကျွန်တော်နှင့် လမ်းခွဲဖို့ မတွေးတောင် မတွေးရဲဘူးဟု ငြင်းဆိုခဲ့သည်။ ကျွန်တော်လည်း သူမနည်းတူ ခံစားခဲ့ရပါသည်။

''နင်ပြောသလိုဆို နင်က သေတော့မှာပေါ့ ဟုတ်လား''

ရုပ်ရှင်ပြခန်းရဲ့ ကြီးမားလေးလံသော တံခါးကို ဆွဲဖွင့်ရင်းမေးသည်။

''ပြောလိုက်တာ ပေါ့ပေါ့ပါးပါးပါပဲလားဟ''

''ကောင်းပြီလေ၊ ငါက နင် အကြိုက်ဆုံးရုပ်ရှင်တစ်ခုကို နောက်ဆုံး အနေနဲ့ ကိုယ်တိုင်ပြမလို့၊ တစ်ခါပဲနော်။ ငါပြောတာ နင် နားလည်မှာပါ''

''ဝိုး ...ကျေးဇူးပဲ ...''

''ဒါဆို မနက်ဖြန်ည ကိုးနာရီ ဒီကိုပြန်လာခဲ့လိုက်။ နင် အကြိုက်ဆုံး ဇာတ်ကားခွေပါ ယူခဲ့။ ရုပ်ရှင်ရုံပိတ်ပြီးရင် သီးသန့်ကြည့်ကြတာပေါ့''

''ကောင်းသားပဲ ...''

''အို ... နင်မသွားခင် နင့်ကိုမေးစရာတစ်ခုရှိတယ်''

''လုပ်ပြန်ပြီ ...''

''ငါ အကြိုက်ဆုံးနေရာက ဘယ်နေရာလဲ''

ကျွန်တော် တစ်စွန်းတစ်စတောင် မမှတ်မိ။

''အိုကေ ... မမှတ်မိပြန်ဘူးမလား။ မနက်ကျ စဉ်းစားပြီးမှလာခဲ့''

သူမ ပြောပြောဆိုဆိုနဲ့ တံခါးဆွဲပိတ်သွားသည်။

''မနက်ဖြန်မှ တွေ့ကြမယ် ...''

အထဲကနေ အော်ပြောသည်။

''အိုကေ ... လာခဲ့မယ်''

ကျွန်တော် ပြန်ဖြေသည်။

ရုပ်ရှင်ရုံက မီးတွေ ပိတ်သွားတာနဲ့ လမ်းကလေးကလည်း မှောင်ရိပ် ကျလာခဲ့သည်။ အုတ်တွေနှင့် တည်ဆောက်ထားသော ရုပ်ရှင်ရုံအိုလေးကို ခဏရပ်ကြည့်မိသေးသည်။

ဖုန်းတွေကတော့ ကမ္ဘာပေါ်ကနေ ပျောက်ကွယ်သွားပြီ။ ဒီတော့ ကျွန်တော် ဘာဖြစ်သလဲ။

ကျွန်တော့် မှတ်ဉာဏ်နဲ့ မှတ်ရမယ့်အစား အရာအတော်များများအရာကို နောက်ပြီး ဆက်သွယ်ရမယ့်လူတွေရဲ့ နံပါတ်တွေ၊ လိပ်စာတွေကို ဖုန်းထဲမှာ သိမ်းထားခဲ့သည်။ ဖုန်းတွေ ရုတ်တရက်ကြီး ပျောက်ကွယ်သွားတော့ အတော်ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ခဲ့ရသေးသည်။ ကျွန်တော့် ရည်းစား ဟောင်းကို နာရီစင်ရှေ့ ဘာအဆက်အသွယ်လုပ်လို့မရဘဲ စောင့်ရတုန်းကဆို အတော်လေး ကသိကအောင့်နိုင်ပြီး ကူရာမဲ့သလို ခံစားခဲ့ရသည်။

ရုတ်တရက်ကြီး သူမ အနစ်သက်ဆုံးနေရာကို ကျွန်တော် မှတ်မိလာသည်။ အဲဒီနေရာပဲ၊ သူမ အကြိုက်ဆုံးက ရုပ်ရှင်ရုံတွေ ဖြစ်သည်။

အခုပဲ ကျွန်တော် အဖြေမှန်သိပြီဖြစ်ကြောင်း သူမကို လှမ်းပြောချင်သည်။ မေ့မေ့လျော့လျော့ပဲ အိတ်ကပ်ထဲကို ထပ်နှိုက်မိသည်။ သေစမ်း ... ဖုန်းတွေမှ မရှိတော့တာ။

ရုပ်ရှင်ရုံဆိုင်းဘုတ်ကို လှမ်းကြည့်မိရင် ကျွန်တော့်ရဲ့ တစ်ချိန်က အမျိုးသမီးလေးအကြောင်းကို ဆက်စဉ်းစားမိသည်။ ပြီးတော့ သူမရဲ့ စကားသံကို အမှတ်ရလာသည်။

''ဒီတော့ နင် ဆိုလိုချင်တာက နင်က မကြာခင်သေရတော့မယ် ပေါ့''

ရုတ်တရက် ဦးခေါင်းတစ်ခြမ်းက ထိုးကိုက်လာသည်။ ရင်ဘတ် တစ်ခုလုံး ပြည့်ကျပ်ပြီး အသက်ရှူခက်လာသည်။ ရုတ်ခြည်း ခန္ဓာကိုယ် တစ်ခုလုံး တုန်တက်သွားပြီး မေးခိုက်ခိုက်တုန်အောင် ချမ်းလာတော့သည်။ ကျွန်တော် သေတော့မည် ထင်သည်။

ဘယ်လိုမှ တောင့်ခံမထားနိုင်တော့ဘဲ ဒူးထောက်၍ လဲကျသွားသည်။ နောက်တော့ ရုတ်တရက် ကျွန်တော့်အသံကို နောက်နားက ကျွန်တော် ပြန်ကြားလိုက်သည်။

''ကျွန်တော် မသေချင်သေးဘူး ...''

အံ့ဩတကြီး လှည့်ကြည့်မိတော့ Aloha ဖြစ်နေသည်။

အနှုတ်ရောက်အောင် အေးခဲနေတဲ့ ရာသီဥတုမှာ ဘောင်းဘီတို၊ ဟာဝေယံရှပ်နှင့် နေကာမျက်မှန်တောင် ခေါင်းပေါ်တင်ထားလိုက်သေးသည်။ အင်္ကျီအဆင်ကလည်း ပြောင်းလဲသွားသည်။ ယခင်လို ထန်းပင်တွေ ကားတွေနှင့် အင်္ကျီမဟုတ်တော့။ ဝေလငါးတွေ ရေလွှာလျှောပုံတွေပါတဲ့ အင်္ကျီဖြစ်နေပြန်သည်။

''ဆိုတော့ ကောင်မလေးနဲ့ ချိန်းတွေ့ရတာ ပျော်ရဲ့လား။ မင်းကို တစ်နေ့လုံး လိုက်ကြည့်ရင်း မနာလိုတောင်ဖြစ်ချင်လာတယ်။ အချိန်ကောင်းလေးတွေ ပိုင်ဆိုင်လိုက်ပုံပဲ''

''တစ်နေကုန် ကျွန်တော့်ကို စောင့်ကြည့်တယ် ဟုတ်လား။ မမြင်မိပါလား ...''

အေးခဲနေသည့်ကြားက ကျွန်တော် ချွေးစေးပြန်လာသည်။

''ဟိုအပေါ်က ...''



ကောင်းကင်ကို Aloha လက်ညှိုးထိုးပြသည်။ ဩော် ... အာဂနတ်ဆိုးကောင်ပါတကား။

''ဒါနဲ့ ... မင်း အခုမသေချင်သေးဘူးမလား''

''အမှန်ပဲ ...''

''အိုးဟိုး ... လူတိုင်းမသေချင်ကြပါဘူး။ အားလုံးအတူတူပဲ ...''

ထားပါလေ၊ မင်း နောက်ထပ် နေ့တစ်ရက်အတွက် ဘာကို လက်လျှော့နိုင်းရမလဲဆိုတာ ငါ စဉ်းစားပြီးပြီ။

''ဘာလဲ ...''

''ဒီဟာ ...''

ရုပ်ရှင်ရုံကို Aloha ညွှန်ပြလေသည်။

''ဘယ်လိုလဲ ... ရုပ်ရှင်တွေနဲ့ မင်းနဲ့ လွဲကြတော့မလား''

''ရုပ်ရှင်တွေ ...''

ကျွန်တော် ရုပ်ရှင်ရုံကြီးကို ငေးကြည့်ရင်း တိုးလျှိုစွာ ရေရွတ်မိသည်။ ကျွန်တော့် အမြင့်အာရုံတွေ ဝေဝါးသထက်ဝေဝါးလာသည်။


ကျွန်တော်တို့ အတူကြည့်ခဲ့တဲ့ ရုပ်ရှင်တွေအကြောင်း ပြန်တွေးမိသည်။ အမျိုးမျိုး ဇာတ်ကွက်တွေကို မျက်လုံးထဲမြင်လာသည်။ လူပျက်တွေ၊ မြင်းတွေ၊ ဘုရင်တွေ၊ သရဖူတွေ၊ အာကာသယာဉ်ပျံတွေနဲ့ အဝတ်မဲ့မိန်းမလှပုံတွေ ...

ရုပ်ရှင်တွေထဲမှာ ဘာမဆိုဖြစ်နိုင်တယ်။ လူပျက်တွေ အော်ရယ်နေကြပြီး အာကာသယာဉ်ပျံတွေ ကဆုန်ပေါက်နေချိန်မှာ မြင်းတွေက အချင်းချင်း စကားထပြောနေကြသည်။

အိပ်မက်ဆိုး မက်တာပဲဖြစ်ပါစေ။

''ကယ်ကြပါ ...''

ကျွန်တော် အာခေါင်ခြစ်အော်သည်။ ဒါပေမဲ့ တိုးလွန်းလှသည်။ ကိုယ့်အသံ ကိုယ် ကြားအောင်ပင် မအော်နိုင်။ ပြီးတော့ ကျွန်တော် အရုပ်ကြိုးပြတ် လဲကျသွားခဲ့သည်။ 



ဗုဒ္ဓဟူးနေ့

# ရုပ်ရှင်ဇာတ်လမ်းတွေသာ ကမ္ဘာပေါ်က ကွယ်ပျောက်ခဲ့ရင်...

ကျွန်တော့်ကို အိပ်မက်ထဲမှာ လူတစ်ယောက် ဒီလိုလာပြောသည်။

''ဘဝဆိုတာ အနီးကပ်ကြည့်ရင် အဒိုဇာတ်၊ အဝေးက ကြည့်ရင် ဟာသတစ်ခုပဲ''

ပိုးဦးထုပ်အနက်ကို ဆောင်းထားပြီး သူနဲ့ ကြီးနေတဲ့ အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားတဲ့ လူကောင်သေးသေးလေးက လမ်းလျှောက်တုတ်တစ်ချောင်းကို လှည့်ကာ လှည့်ကာ ကစားရင်း ကျွန်တော့်အနား ချဉ်းကပ်လာသည်။ ပြဿနာနဲ့ကြုံလာတိုင်း ဒီစကားက ကျွန်တော့်ထွက်ပေါက်ပေးလေ့ရှိသည်။ ဒီအကြောင်းကို ပြောပြချင်ပေမဲ့ အသံက ထွက်လို့မရ။

လူကောင်သေးသေးလေးက စကားဆက်ပြောသည်။ ''ဘဝမှာ ရှောင်လွှဲလို့မရတာက သေခြင်းတစ်ခုပဲ မဟုတ်ဘူး။ မွေးလာပြီးနောက် ရှင်သန်ရခြင်းလည်း ပါတယ်''

ကျွန်တော် ဒီစကားကို အတိအကျ နားလည်သည်။ ပထမဆုံး ကြားဖူးကတည်းက အဓိပ္ပာယ်အတိမ်အနက်ကို ခံစားလို့ရသည်၊ အခုလိုသေဖို့ နီးကပ်လာလေလေ ပိုနားလည်လာလေလေ။ ရှင်ခြင်းနဲ့ သေခြင်းက အစွန်းတစ်ဖက်ဆီမှာ ရှိသည်။ ယခုမှ ကျွန်တော်က သေဆုံးခြင်းသို့ တဖြည်းဖြည်းပိုနီးကပ်လာတာပဲ ဖြစ်သည်။ ဒီ့မတိုင်ခင်ကတော့ ဘဝကို ကောင်းနိုင်သမျှအကောင်းဆုံး ကြိုးစားနေလာခဲ့သလိုပဲ။ တကယ်တမ်း နေဝင်ချိန်ရောက်တော့ လုပ်ခဲ့သမျှက ဘာအဓိပ္ပာယ်မှမရှိတဲ့ ဗလာဘဝဖြစ်နေမှန်း သိခဲ့ရတယ်။ နောင်တအပြည့်နဲ့ သေဆုံးရတော့မယ် ထင်သည်။

အနောက်တိုင်းဝတ်စုံအပြည့်နဲ့ လူက ကျွန်တော့်အတွေးကို သိနေဟန်နှင့် အနားကို ပိုတိုးကပ်လာသည်၊ သွားတိုက်တံက ဖိုင်ဘာမျှင်စုလို နှုတ်ခမ်းမွေးစုလေးကို ပွတ်သပ်နေရင်း ပြောသည်။ ''ဘာအတွက် ဘဝအဓိပ္ပာယ်ကိုပဲ လိုက်ရှာနေတာလဲ၊ ဘဝဆိုတာ ဆန္ဒပဲ၊ တိကျတဲ့အဓိပ္ပာယ်ဖွင့်ဖို့ မလိုဘူး။ ဘဝဆိုတာ ဒီလိုပဲ၊ ဂျယ်လီငါးတစ်ကောင်ရဲ့ ဘဝတောင် သူ့ အတွက်တော့ ခမ်းနားပြီးလှပတယ်။

ဒါအမှန်တရားဖြစ်သည်။ ဘဝဟာ လူတိုင်း အရာရာတိုင်းအတွက် တပ်မက်စရာဖြစ်ပြီး သူ့အမိပွာယ် သူ့အယူအဆနဲ့သူ ဖြစ်သည်။ ဂျယ်လီငါး တစ်ကောင်ရဲ့ ဘဝဖြစ်ဖြစ် လမ်းဘေးက ကျောက်စရစ်ခဲလေးပဲဖြစ်ဖြစ် သူ့ ဘဝနှင့်သူ၊ သူ့အမိပွာယ်နှင့် သူ။ တည်ရှိမှုတိုင်းမှာ အကြောင်းတရား ကိုယ်စီ ရှိသည်။

ဒီလိုဆို ကမ္ဘာကြီးပေါ်ကနေ ကျွန်တော် အရာဝတ္ထုပစ္စည်းတွေ ပျောက်ပစ်နေတာကရော၊ အလွန်ဆိုးရွားတဲ့ ရာဇဝတ်သားတစ်ကောင် ဖြစ်နေပြီလား။ ကျွန်တော့်မှာ ကိုယ်ပိုင်ဘဝရှိသလို ဂျယ်လီငါးမှာလည်း ဘဝ ရှိသည်။ ကိုယ်စီ ဘဝတွေနဲ့မှာမှ ကျွန်တော့်ဘဝက ဂျယ်လီငါးရဲ့ဘဝထက် တန်ဖိုးကြီးတယ်လို့ တွေးထင်နေတာ ဖြစ်သင့်ရဲ့လား။ ကျွန်တော် စတင် စဉ်းစားအံ့သြစ ပြုလာသည်။

ရယ်ရွှင်ဖွယ်မျက်နှာထားနဲ့ လူလေးက အနားကို ထပ်တိုးကပ်လာသည်။ အခု ကျွန်တော် သူ့ကို သိပြီ။ သူက ချာလီချက်ပလင်ပဲ။ ကျွန်တော့် မျက်လုံး ရှေ့တည့်တည့်မှာ ရပ်နေပြီးတော့ သူ့ဦးထုပ်နဲ့ မျက်နှာကို ကွယ်လိုက်တယ်။ ကြောင်တစ်ကောင်ကဲ့သို့ သူ အသံပြုလိုက်သည်။ နောက်တစ်ခါ ကျွန် တော် သူ့ကို ထပ်ကြည့်မိချိန်မှာတော့ ချာလီချက်ပလင်အစား ဦးထုပ်ချွန် ဆောင်းထားတဲ့ ကြောင်တစ်ကောင်သာ ရပ်နေခဲ့သည်။ ကျွန်တော် ထပ် အော်ဟစ်မိသည်။ သို့သော် အသံက လည်ချောင်းဝ၌သာ ပျောက်ဆုံးသွား သည်။ ဒီနောက်တော့ ကျွန်တော် အိပ်ရာပေါ်မှ ဗလုံးဗထွေး ငိုရှိုက်ရင်း လိမ့်ကျသွားခဲ့သည်။

နာရီကို လှမ်းကြည့်မိတော့ ၉ နာရီအထိ ဖြစ်သည်။ 'မုန်လာထုပ်' လေးက ကျွန်တော့်ကို ပူပူပင်ပင် မျက်နှာထားနဲ့ စိုက်ကြည့်နေသည်။ တစ်ချက်အသံပြုပြီး ခေါင်းအုံးတွေကိုကျော်ခွကာ ကျွန်တော့်ဆီ ရောက်လာ သည်။ သူ့ကို ကျွန်တော် ငြင်ငြင်သာသာ ပွတ်သပ်လိုက်သည်။ အလွန်နူးညံ့ ပြီး နွေးထွေးတဲ့ အမွေးဖွားဖွား ကိုယ်လုံးလေး၊ ဒါက ဒီခဏမှာ ခံစားမိတဲ့ ကျွန်တော့်ဘဝပဲ ဖြစ်နေပြန်သည်။

နောက်ဆုံးတော့ ဟိုဟိုသည်သည် အတွေးတွေ ခေါင်းထဲရောက်လာပြန်သည်။ မနေ့ညက အဖြစ်အပျက်တွေ တဖြည်းဖြည်းပြန်ပေါ်လာသည်။ သေလောက်အောင် မူးဝေအေးစက်ပြီး ရုပ်ရှင်ရုံရှေ့မှာ လဲကျခဲ့တာတွေဖြစ်သည်။ ဒီနောက်ပိုင်းတော့ ဘာမှမသိတော့။ ခေါင်းတွေ ခဲနေဆဲဖြစ်ပြီး အဖျားငွေ့ငွေ့လည်း တက်လာသည်။

''အိုကေ ... အိုကေ ... ထစမ်းပါ၊ ဘာဖြစ်နေပြန်တာလဲ၊ တစ်ချိန်လုံး ဇာတ်တွေ နာပြမနေပါနဲ့ကွာ ...''

မီးဖိုချောင်ထဲက ကျွန်တော်က လှမ်းအော်သည်။ ဆောရီး ကျွန်တော်နဲ့ ချွတ်စွပ်တူတဲ့ နတ်ဆိုးကောင် အော်နေတာ။

''အိုး ... ကျွန်တော့်ကို လွှတ်ထားစမ်းပါ၊ အအေးလေး မိရုံလေးကို''

''ဘာ ... အအေးလေးမိတာ ဟုတ်လား''

Aloha ရဲ့ အနီရောင်တောက်တောက် အကျီက မျက်စိတောင်ကျိန်းသည်။

''အအေးလေး မဆိုသလောက်မိရုံမို့လို့ မနေ့ညက ငါ မင်းကို တရွတ်ဆွဲပြီး အခန်းရောက်အောင် ပြန်ပို့ခဲ့ရတာပေါ့။ ပင်ပန်းတယ် ... ဟော့ကောင်ရ။ နတ်ဆိုးလည်း ပင်ပန်းတတ်တယ်''

Aloha က မတ်ခွက်ထဲကို ရေနွေးဖြူလောင်းထည့်ပြီး တစ်ဆက်တည်း ပျားရည်ထည့်၊ သံပုရာသီး ညစ်ထည့်လိုက်လုပ်နေသည်။

''မနေ့က ငါ မင်းကို ပစ်ရပြီမှတ်တာ''

ဖျော်ရည်ထည့်ထားတဲ့ မတ်ခွက်ကို ကျွန်တော့်ဘေးနား လာချပေးရင်း ပြောသည်။

''အိုး ... ဆောရီး''

ချဉ်ပြုံးပြုံး သံပုရာရည်ကို ကျွန်တော် တစ်ငုံသောက်လိုက်သည်။

''မင်း သိတဲ့အတိုင်းပဲ၊ ဒီအစီအစဉ်က အမြဲအလုပ်ဖြစ်ခဲ့တာချည်းပဲ။ ပြီးတော့ ငါတို့ သဘောတူညီမှုလည်း လုပ်ထားပြီးပြီ။ အခုလိုအချိန်မှာ မင်း

သေသွားရင် ဖန်ဆင်းရှင်တော့ ငါ့ကို ဒေါသဖြစ်တော့မှာပဲ။ သဘောပေါက်တယ်မလား''

''နောက်ဆို ကျွန်တော် ပိုသတိထားပါ့မယ်''

''ဟော့ ... မင်းအခြေအနေက အနာဂတ်ရယ်၊ ဘာရယ် သေချာတော့တာ မဟုတ်ဘူး။ 'နောက်' ဆိုတဲ့ စကားက မင်းနဲ့မဆိုင်ဘူး။ မှတ်ထားစမ်းကွာ ...''

Aloha က တစ်ခါတလေ စကားပြောရတာ အင်မတန် လက်ပေါက်ကပ်သည်။ ပြိုင်ငြင်းနေလည်း အကြောင်းထူးမှာမဟုတ်။

''အခု ဘာလုပ်မလဲ''

ကျွန်တော် ပျားသံပုရာရည်အကုန်ကို စောင့်ပေးသည်။

''ဘာကိုလဲ ...''

''လုပ်စမ်းပါ ... ကမ္ဘာပေါ်က တစ်ခုခု ပျောက်ကြရမယ်''

''အိုး ... ဟုတ်သားပဲ''

''ရုပ်ရှင်တွေ ...''

''ရတယ်လေ ...''

အကယ်၍ ရုပ်ရှင်တွေသာ ကမ္ဘာပေါ်က ကွယ်ပျောက်ခဲ့ရင် ...

လွယ်တော့ လွယ်မှာမဟုတ်။ ကျွန်တော်ဆို ဝါသနာတစ်ခု ဆုံးရှုံးရပြီဖြစ်သည်။ ဝယ်ထားတဲ့ DVDs ချပ်တွေ ပစ်ရတော့မည်။ တလောလေးကမှ ငှားလာတဲ့ Star Wars အသစ်လည်း ကြည့်ရတော့မှာ မဟုတ်။ အမ်း ... သေရမှာနဲ့စာရင်တော့ ဝါသနာဆိုတာလည်း ပစ်လို့ရပါတယ်။

''မြန်မြန် ... မြန်မြန်'' Aloha ဆော်ဩသည်။

တစ်မိနစ်လောက်တော့ စဉ်းစားပါရစေဦး။

''တစ်ခုခုရော အစားထိုးလို့ရမလား''

''ကောင်းပြီလေ ... စဉ်းစားကြည့်တာပေါ့''

ဂီတ ကွယ်ပျောက်သွားရင်ရော ...

No Music, No Life.

တေးသံသွင်းရုံပိုင်ရှင်တစ်ယောက်က ပြောဖူးသည်။

ဒါဆို ကမ္ဘာကြီးမှာ သီချင်းသံတွေမရှိဘဲ နေလို့ရလား။

တစ်နည်းမဟုတ် တစ်နည်းနဲ့တော့ အဆင်ပြေသွားမည်။

မိုးရွာတဲ့နေ့တွေမှာ Chopin နဲ့ ဂန္ထဝင် စန္ဒရားသံစဉ်တွေကို ကျွန်တော် နားထောင်လေ့ရှိသည်။ နေသာတဲ့နေ့တွေမှာ Bab Marley ရဲ့ သံစဉ်တွေကို ခုံခုံမင်မင်ရှိပြန်တယ်။ "The sound of freedom" တူညီတဲ့ ဂီတအမျိုးအစားတွေမဟုတ်၊ သို့သော် ကျွန်တော် လိုက်လျောညီစွာ ခံစားနိုင်သည်။

Beatles ရဲ့ ခပ်မြင့်မြင့်သံစဉ်တွေက လမ်းတလျှောက် စက်ဘီးအပျော်လျှောက်စီးနေချိန်တွေနှင့် အလုပ် လုပ်နေချိန်တွေအတွက် အားဖြည့်သံစဉ်တွေဖြစ်သည်။ ညနေမှောင်ရိပ်ပျိုးစမှာ တစ်ကိုယ်တည်း အလုပ်ပြန်ချိန်တွေမှာ Bill Evans က အဖော်ပြုပေးလေ့ရှိသည်။ ဒီသံစဉ်နဲ့ဂီတကို စွန့်လွှတ်ဖို့ဆိုတာ ခက်ခဲသည်။ နမြောတသဖြစ်ရလွန်းသည်။ သို့ရာတွင် ကျွန်တော် ဂီတမရှိလည်း နေနိုင်မည်မှာ သေချာသည်။



ကောက်ချက်ဆွဲခြင်း - ၁

No MUSIC, YES LIFE.

နမြောစရာတော့ ကောင်းပေမဲ့ ဂီတမရှိလည်း ကျွန်တော်တို့ ကောင်းကောင်းကြီး အသက်ဆက်ရှင်နိုင်သည်။

NO COFFEE, NO LIFE!

NO COMICS, NO LIFE.

ကောင်းပြီ။ ကမ္ဘာပေါ်မှာ ကော်ဖီတွေ၊ ကာတွန်းစာအုပ်တွေ ပျောက်ကွယ်ကုန်ရစ်ရော။ သေချာတာတော့ Starbucks ကော်ဖီဆိုတာ ကျွန်တော့်အတွက်တော့ သိပ်တမ်းတလိုအပ်နေမှာမျိုးမဟုတ်။ "Naruto, Daraemon" တို့ မရှိတော့မှာတော့ ဝမ်းနည်းစရာဖြစ်သည်။ သို့သော် သေချာတာတော့ သူတို့မရှိလည်း အသက်ဆက်နိုင်သည်။

ကျွန်တော် အနစ်သက်ဆုံးအရာတွေလည်း ထို့အတူဖြစ်သည်။ ဦးထုပ်တွေ၊ Pepsi Coca ဖျော်ရည်တွေ၊ ရေခဲမုန့်တွေ၊ ကျွန်တော့်ရဲ့ စုဆောင်းထားခဲ့ရတဲ့ အကြိုက်ဆုံး Anime ရုပ်ထုသေးသေးလေးတွေ (အမ်နီမီ–ဂျပန်ကာတွန်းဇာတ်ကောင်)၊ ကန့်သတ်ထုတ်ထားတဲ့ ဘောလုံးကန်ဖိနပ်တွေ၊ ဒါတွေ အကုန်ပျောက်ကွယ်သွားလည်း အဆင်ပြေပြေ နေနိုင်မည်။ ကျွန်တော့်ဘဝအတွက် လဲလှယ်ရမယ်ဆို ဝမ်းမြောက်ဝမ်းသာနဲ့ လဲလှယ်လိုက်မည်ပဲ ဖြစ်သည်။

ကောက်ချက်ချခြင်း–၂

အစာ၊ ရေနှင့် အမိုးအကာတို့သာ လူသားတွေ ရှင်သန်ဖို့ အမှန်တကယ်လိုအပ်တာ ဖြစ်သည်။

တစ်ဖက်တစ်လမ်းက ပြောရရင် ကမ္ဘာပေါ်က လူသားတွေ ထပ်တီထွင်ထားတဲ့ အရာမှန်သမျှက တကယ်တမ်းကျ အသုံးမလိုတာချည်းပဲ။ ထိုအရာတွေ မရှိလည်း ကျွန်တော်တို့ အသက်ကောင်းကောင်းဆက်နိုင်သည်။

ဘာပဲပြောပြော ရုပ်ရှင်ဇာတ်လမ်းတွေက ကျွန်တော့် ဘဝအတွက်တော့ အရေးပါသည်။ အကယ်၍ သူတို့သာ ကွယ်ပျောက်သွားရင် ကျွန်တော့်ဘဝရဲ့ တစ်စိတ်တစ်ပိုင်းပါမရှိတော့သလို ခံစားနေရမည် ထင်သည်။

''လမ်းကြောင်းကို သိရုံသိတာနဲ့ အဲ့လမ်းကို ကိုယ်တိုင်လျှောက်ဖူးတာနဲ့က အတော်ကွာခြားတယ်''

Matrix ရုပ်ရှင်ထဲက စာသားဖြစ်သည်။

ကျွန်တော့်ရည်းစားဟောင်းအတွက်တော့ စိတ်မကောင်းဖြစ်မိသည်။ ကမ္ဘာက လူတိုင်းထက်ပင် သူက ရုပ်ရှင်တွေကို ပိုနှစ်သက်ဟန်တူသည်။ တခြားလူတွေရဲ့ အရေးပါတဲ့ ဝါသနာ ဘဝအစိတ်အပိုင်းကို ဒီလိုပျောက်ကွယ်စေတာ ကျွန်တော် အမှန်ပင် စိတ်မသက်မသာ ဖြစ်နေသည်။ အပြစ်ကြီးတစ်ခုကို ကျူးလွန်ပြီး ရှောင်ပုန်းနေရတဲ့ ရာဇဝတ်သားတစ်ကောင်လို ခံစားရသည်။

ဒါပေမဲ့ လက်ရှိ ကျွန်တော့်ဘဝက စေတန်ရဲ့ လက်ခုပ်ထဲကရေပဲ။ စောဒကတက်ခွင့်မရှိ။ ပြီးတော့ သေသွားရင်လည်း ကျွန်တော် နှစ်သက်လှပါတယ်ဆိုတဲ့ ဇာတ်ကားတွေ ကြည့်ခွင့်မရ။ ရုပ်ရှင်ရှူး ရည်းစားဟောင်းအကြောင်းလည်း မတွေးတောပေးနိုင်တော့။ နောက်ဆုံးတော့ ဆုံးဖြတ်ရတော့သည်။ ရုပ်ရှင်တွေ ကမ္ဘာမှာ မရှိလည်း အဆင်ပြေပါတယ်။

ရုပ်ရှင်တစ်ခုထဲက ဇာတ်လိုက်ပြောတဲ့ စကားတစ်ခွန်းကို ပြန်အမှတ်ရလာသည်။

''ကမ္ဘာမှာ ဝိညာဉ်ရောင်းပြီး စေတန်နဲ့ အလဲအလှယ်လုပ်ချင်တဲ့ သူတွေမှ အများကြီး။ ပြဿနာက ဘယ်စေတန်ကမှ လူတွေကို စိတ်မဝင်စားတာပဲ''

ကျွန်တော့်အဖြစ်နဲ့ဆို ဒီစကားက မှားသည်။ မသေခင်မှာ ဝိညာဉ်ကို ခြယ်လှယ်ချင်တဲ့ စေတန်တစ်ကောင် ရောက်လာသည်လေ။ ဘယ်တုန်းကမှတော့ 'နတ်ဆိုးနဲ့ အသက်ကို အလဲအလှယ်' လုပ်ဖို့ ယောင်လို့တောင် မတွေးခဲ့ဖူးပေ။

''ကြည့်ရတာ ဆုံးဖြတ်ပြီးဟန်တူရဲ့''

နတ်ဆိုးက တက်တက်ကြွကြွမေးသည်။

''အင်း ...''

''ကောင်းပြီ၊ စည်းမျဉ်းကတော့ သိတဲ့အတိုင်းပဲ၊ မင်း ကြည့်ချင်တဲ့ ဇာတ်ကားတစ်ကား နောက်ဆုံးအနေနဲ့ တစ်ခါကြည့်ခွင့်ရမယ်''

''နင်နဲ့အတူ နောက်ဆုံးအကြိမ်အဖြစ် ရုပ်ရှင်အတူကြည့်ပေးမယ်''

မနေ့ညက သူမစကားကို သတိရလာသည်။

အခုတော့ ကျွန်တော် ဇာတ်ကားတစ်ကားကို ရွေးချယ်နေတော့မည်။ ကျွန်တော် ကြည့်ပြီးသားဇာတ်လမ်းကို ပြန်ကြည့်သင့်လား။ ဒါမှမဟုတ် အသစ်ထွက်ထားတဲ့အထဲက ရွေးချယ်သင့်သလား။

''မဆုံးဖြတ်ရသေးဘူးလား၊ သိပြီ ... မင်းက ရုပ်ရှင်တော်တော်များများကို တကယ်ကြိုက်တော့လည်း နောက်ဆုံးအကြိမ်ကြည့်ဖို့ မရွေးနိုင်ဖြစ်နေတာ အံ့သြစရာတော့ မရှိပါဘူး''

''ကျွန်တော် သေချာစဉ်းစားမှာပါ''

''ကောင်းပြီလေ၊ သက်ညှာသောအားဖြင့် နေ့တစ်ဝက်အချိန်ပေးမယ်''

ကျွန်တော် မဆုံးဖြတ်နိုင်။ ထို့ကြောင့် ဆုတာယဆီသွားဖို့ ပြင်ဆင်လိုက်သည်။ ဒါက စတိုးဆိုင်တစ်ခုရဲ့ နာမည်လည်း ဟုတ်သလို ကျွန်တော်သိတဲ့ လူတစ်ယောက်ရဲ့ နာမည်လည်း ဖြစ်သည်။

တကယ်တော့ ဆုတာယဆိုသည့် အခွေငှားဆိုင်လေးဖြစ်သည်။ အဲဒီမှာ အလယ်တန်းတုန်းက ခင်တဲ့ သူငယ်ချင်းတစ်ယောက် အလုပ်လုပ်သည်။ ရုပ်ရှင်ဇာတ်ကားတွေအကြောင်း အကုန်သိသော ဝါသနာအိုးမို့လို့ ကျွန်တော်တို့က 'ဆုတာယ'လို့ နာမည်ပြောင်းပေးခဲ့ခြင်း ဖြစ်သည်။ ယခုလည်းသူ့ဆီက အကူအညီ ရကောင်းရနိုင်မည်ဖြစ်သည်။



'ဆုတာယ' က အဲဒီဆိုင်လေးမှာ လုပ်နေတာ ၁၀ နှစ်ကျော်ရှော့မည်။ သူ့ဘဝတစ်ဝက်လောက် အချိန်ကို ယင်းဆိုင်လေးထဲမှာ ကုန်ဆုံးသည်။ ကျန်ရှိသော ဘဝတစ်သက်စာအချိန်တွေတော့ ရုပ်ရှင်တွေနဲ့ပဲ ကုန်ဆုံးစေလိမ့်မည် ဖြစ်သည်။ သူ့ဘဝတစ်ခုလုံးကို ရုပ်ရှင်တွေထဲမှာ မြှုပ်နှံထားသောလူတစ်ယောက် ဖြစ်သည်။

ဆုတာယနှင့် ကျွန်တော်စတွေ့တာ အလယ်တန်းစာသင်နှစ်စ နွေဦးလောက် ဖြစ်မယ်ထင်သည်။ ပထမနှစ်ပတ်လောက်ထိ 'ဆုတာယ'က သူငယ်ချင်းမရှိ။ တစ်ချိန်လုံး ချောင်တစ်ချောင်ကုပ်ပြီးတော့ ဘယ်သူနှင့်မှ အဆက်အဆံမလုပ်။ ဒီလိုနဲ့ ကျွန်တော်လည်း သွားမိတ်ဆွေဖွဲ့ဖြစ်သည်။ ထိုမှစ၍ အခင်ဆုံးသူငယ်ချင်းတွေ ဖြစ်ခဲ့ရသည်။

ဘယ်လောက်ပဲ ခင်မင်ရင်းနှီးခဲ့တယ်ဆိုဆို 'ဆုတာယ'က စကားအများကြီး ပြောလေ့မရှိ။ အမြဲရှက်ကိုးရှက်ကန်းဟန်နှင့် ဖြစ်သည်။ သို့သော်

ကျွန်တော်တို့ အကြိုက်ချင်းတူသည်။ ရုပ်ရှင်အကြောင်းများ ပြောရပြီဆိုလျှင် သူက ခရားရေလွှတ်သလို အဆက်မပြတ် အာပေါင်အာရင်းသန်သန်နှင့် ဆွေးနွေးငြင်းခုံလာလေ့ရှိသည်။

အလယ်တန်းနောက်ဆုံးစာသင်နှစ်မှာ သူ့ဆီက ရုပ်ရှင်ဇာတ်လမ်း အတော်များများကို သိခွင့်ရခဲ့သည်။ သူ ညွှန်းသမျှ ဇာတ်ကားတွေထဲမှာ ဂျပန်ရှေးဟောင်း ဆာမူရိုင်းဇာတ်လမ်းမျိုးကစပြီး ဟောလိဝုဒ်ရဲ့ ခေတ်လွန် သိပ္ပံဇာတ်ကားတွေနှင့် ပြင်သစ်၊ အိန္ဒိယတစ်လှည့်က ဇာတ်ကားတွေပါ ပါသည်။

ကံကောင်းထောက်မစွာ အထက်တန်းအရောက်မှာလည်း အတန်းတူ ပြန်သည်။ အကျိုးဆက်ကတော့ ကျွမ်းကျင်ရုပ်ရှင်ဝေဖန်သူတစ်ယောက် ကို ဂိုက်အဖြစ် ၆ နှစ်နီးပါး ရလိုက်ခြင်းဖြစ်သည်။ တော်ရုံတန်ရုံ ဝေဖန် ရေးသမားတွေ 'ဆုတာယ'နဲ့ တွေ့လျှင် ဖျားသွားမည်။ ဒီနေ့ခေတ်လူတွေက ဘာသာတစ်ရပ်ကို တစ်ထွာတစ်မိုက်လောက် လေ့လာသိတာနဲ့တင် ကျွမ်း ကျင်သူအဖြစ် ကိုယ့်ဘာသာကိုယ် ခံယူလိုက်ကြတာ များသည်။ 'ဆုတာယ' ကတော့ အမှန်တကယ်ကျွမ်းကျင်သူဖြစ်သည်။ စိတ်အားထက်သန်ပြီး စိတ် ဝင်စားရာကို ထဲထဲဝင်ဝင်လေ့လာတတ်သည်။ အဲ့လောက်ထိ ရုပ်ရှင်ဝါသနာ ပါတာ ဘဝအတွက်တော့ အရမ်းအသုံးမဝင်လှပေမဲ့ ကျွန်တော် 'ဆုတာယ' လိုမျိုး ဖြစ်ချင်မိသေးတယ်။

အခွေဆိုင်ကိုရောက်ဖို့ ၈ မိနစ်သာသာလောက် လျှောက်ရသည်။ ထုံးစံအတိုင်း 'ဆုတာယ'ကောင်တာနောက်မှာ ထိုင်နေသည်။ သမားဝင်စားနေ သော လူလိုပင် တုပ်တုပ်မျှမလှုပ်ဘဲ သူ ထိုင်နေနိုင်သည်။ ယခုလည်း ထိုသို့ပင် ဖြစ်သည်။ ပတ်ပတ်လည်ဝန်းရံလျက်နေသော အခွေတွေ စီထား သော စင်တွေကြားမှာ ထိုင်လျက်ရှိသည်။

''ဆုတာယ ...''

အလိုအလျောက်ပွင့်သော စနစ်နှင့် တံခါးမှဝင်လာရင်း ကျွန်တော် ခေါ်လိုက်သည်။

''ဟ ... ဟေး ... မ ... မတွေ့တာကြာပြီ။ ဘာ ... ဘာဖြစ်လို့လဲ''

''ပြောရရင် အရှည်ကြီးပဲ။ ထားပါ၊ တစ်ခုကူညီကွာ ...''

''ဘာ ... ဘာဖြစ်လို့လဲ''

''ငါ ကင်ဆာဖြစ်နေပြီ၊ သေရတော့မယ်''

''ဟင် ...''

''မနက်ဖြန်တောင် သေသွားနိုင်တယ်''

''ဘာ ... ဘာ ... ဘာပြောတယ်''

''ဒါကြောင့် ငါ မသေခင် ရုပ်ရှင်တစ်ကားလောက် ကြည့်သွားချင်တယ်ကွာ၊ အချိန်သိပ်မရှိဘူး၊ ကူညီပါကွာ ...''

''ဘ ... ဘယ်လိုလဲ''

''ဆုတာယ ... ကူညီပါကွာ၊ ငါ ဘာကြည့်ရမလဲ ရွေးပေးစမ်းပါ''



''တ ... တကယ်လား''

''အေး ... ကူညီပါကွာ''

'ဆုတာယ' တစ်ခုခုစဉ်းစားလိုက်ရင် သူ့မျက်စိများ အရင်ကထက်ပိုမှေးသွားသည်။

သက်ပြင်းမောကြီးချပြီးတော့ အခွေတွေထားရာ စင်ကြားထဲ လျှောက်သွားသည်။ 'ဆုတာယ'က အမြဲဒီလိုပဲဖြစ်သည်။ တစ်ယောက်ယောက် သူ့ကို အကူအညီတောင်းလျှင် မေးခွန်းတစ်ခွန်းတောင် ပြန်မမေးဘဲ ထလုပ်ပေးလိုက်တာပဲ ဖြစ်သည်။

ကျွန်တော်တို့ နှစ်ယောက်သား DVD နဲ့ Blue-rays အခွေတွေရှိရာ စင်ကြီးတွေကို အလျင်အမြန် ရှာကြည့်ကြသည်။ ကျွန်တော့်ရဲ့ နောက်ဆုံးကြည့်ရမယ့် ဇာတ်လမ်းကို ဇာတ်ကွက်တစ်ခုချင်းစီ စကားပြောတစ်လုံးချင်းစီကအစ မှတ်မိနေချင်သည်။

''ရုပ်ရှင်ဆိုတာ ဘဝတွေရဲ့အကြောင်းပဲ''

Water John "Jack" Buchanan က (actor, singer, dance, producter & director) "The Band wagon" ဇာတ်ကားထဲမှာ ပြောခဲ့သည်။

ဒါဆို ကျွန်တော့်အဖြစ်အပျက်မျိုးကို ရိုက်ထားတဲ့ ရုပ်ရှင်ရော ရှိလား။

တစ်နေ့မှာ ကင်ဆာဖြစ်တာ သိလိုက်ရပြီး နေရဖို့ သိပ်မကျန်ဘူးလို့ အပြောခံရတယ်။ နောက်တော့ စေတန်ရောက်လာပြီး အသက်တစ်ရက်အတွက် အခုအလို အလဲအလှယ်တွေ စလုပ်ရပါလေရော။ ခေတ်လွန်သိပ္ပံဇာတ်ကားတွေထက် လက်တွေ့ဘဝက ပိုဆန်းကြယ်သည်။

'ဆုတာယ'က အမေရိကန်ဇာတ်ကားတွေထားတဲ့ စင်နား တဝဲလည်နေသည်။

''ပါဝါပိုကြီးလာလေ တာဝန်ပိုကြီးလာလေလေ''

Spiderman ဇာတ်ကားမှာ Peter Parker ပြောခဲ့သည်။

ကျွန်တော်လည်း သည့်အတူဖြစ်ရမယ်။ ဘဝအတွက် ကမ္ဘာပေါ်က တစ်စုံတစ်ခုဆီကို ပျောက်ကွယ်သွားစေနေရသည်လေ။ ဘယ်လိုဝတ္တရားကြီးပါလိမ့်။ အင်မတန် စိတ်ညစ်ညူးစရာ မလူးသာမလွန့်သာ အခြေအနေကြီး ဖြစ်သည်။

ရုတ်တရက် ကျွန်တော့်အနောက်က အသံတစ်သံထွက်လာသည်။

''မ ... မစဉ်းစားနဲ့၊ ခံစားကြည့် ...''

"Enter the Dragon" အခွေကို ကမ်းပေးရင်း 'ဆုတာယ' ပြောသည်။

''ကျေးဇူးပဲ ဆုတာယ၊ Bruce Lee ရဲ့ ဇာတ်ကားတွေတိုင်းကကောင်းပါတယ်။ သေခါနီးလူတစ်ယောက်ရဲ့ နောက်ဆုံးရုပ်ရှင်အဖြစ်တော့ မသင့်တော်ဘူးကွ''

* * *

''စာအုပ်အသစ်တစ်အုပ်များ ကျွန်တော် ရရင်လေ နောက်ဆုံး စာမျက်နှာကို အရင်လှန်ဖတ်ပလိုက်တာပဲ။ ဒါဆို ဒီစာအုပ်ဖတ်မပြီးခင် ကျွန်တော် သေသွားလည်း ဘယ်လိုဇာတ်သိမ်းလဲဆိုတာကိုတော့ သိသွား ရတာပေါ့''

'When Harry Met Sally' ဇာတ်ကားထဲမှာ Billy Crystal ပြောခဲ့ သည်။

အခွေစင်ကြီးတွေကို ကြည့်ပြီး ဒါတွေအားလုံးကို မကြည့်ရသေးခင် ကျွန်တော် သေရတော့မည်ဖြစ်ကြောင်း မစဉ်းစားဘဲမနေနိုင်။

တဖြည်းဖြည်းနဲ့ Chaplin's (ချာလီချက်ပလင်) ခွေတွေထားရာ စင်နား ရောက်လာကြသည်။

ကျွန်တော် တစ်ကိုယ်တည်းကြားရုံ ခပ်တိုးတိုးရေရွတ်မိသည်။

''ဘဝဆိုတာ အနီးကပ်ကြည့်ရင် အငိုဇာတ်၊ ခပ်လှမ်းလှမ်း အဝေးက ကြည့်ရင် ဟာသပြဇာတ်တစ်ခုပဲ''

''ဒါ ... ဒါက လိုင်း ... လိုင်းလိုက် (Limelight) ဇာတ်ကား ထဲက စာသားပဲ''

ဆုတယ ထအော်သည်။

Limelight ဇာတ်ကားမှာ မအောင်မြင်တဲ့ လူရွှင်တော်လေး (ချာလီ ချက်ပလင် သရုပ်ဆောင်သည်)က ဘဲလေးအကမယ်လေးကို သူ့ကိုယ်သူ သေကြောင်းကြံစည်မှုကနေ လိုက်ကယ်ခြင်းဖြစ်သည်။ အကမယ်လေးကို သူ ပြောခဲ့သည်။

''ဂျယ်လီငါးတစ်ကောင်ရဲ့ ဘဝတောင် ဆန်းကြယ်ပြီး အဖိုးတန် တယ်''

ချာလီပြောတာမှန်သည်။ ဂျယ်လီငါးတစ်ကောင်ရဲ့ ဘဝမှာတောင် သူ့ အဓိပ္ပာယ်နှင့်သူ ရှိသည်။ ဒီလိုဆိုပြန်တော့လည်း ရုပ်ရှင်၊ ဂီတနဲ့ ကော်ဖီ လိုအရာမျိုးမှာလည်း အဓိပ္ပာယ်ကိုယ်စီရှိနေနိုင်သည်။ 'မလိုအပ်တဲ့အရာတွေ' လို့ ကျွန်တော်တို့ ကောက်ချက်ချခဲ့တဲ့ အရာတွေဟာ တခြားတစ်ယောက်

အတွက် တစ်နည်းတစ်ဖုံ အရေးပါနေနိုင်သည်။ တစ်စုံတစ်ခုကို 'အမိပ္ပာယ်မဲ့တယ်'လို့ ခင်ဗျား ဝေဖန်လိုက်တာနဲ့ ခင်ဗျားက လူသားအားလုံးနဲ့ သူတို့ရဲ့ ဖြစ်တည်မှုကို ရှုံ့ချလိုက်တာနဲ့ အတူတူပဲဖြစ်သည်။ ကျွန်တော့်အတွက်တော့ ယနေ့ထိ ကျွန်တော် ကြည့်ဖူးခဲ့သမျှ ရုပ်ရှင်တွေ သူတို့နဲ့ဆိုင်တဲ့ မှတ်ဉာဏ်တွေအားလုံးက အဓိပ္ပာယ်အပြည့်ရှိသည်။ သူတို့ကပဲ ကျွန်တော်က ဘယ်လိုလူစားမျိုးလဲဆိုတာ သိစေခဲ့တာဖြစ်သည်။

ကျွန်တော့်ခေါင်းထဲမှာ သူငယ်ချင်းတွေ၊ ချစ်သူ၊ မိသားစုနှင့် အတူကြည့်ခဲ့ဖူးသမျှ ရုပ်ရှင်ဇာတ်လမ်းတွေက ဟိုက သည်က ထွက်ပေါ်လာသည်။ မရေတွက်နိုင်အောင် များပြားတဲ့ရုပ်ရှင်တွေကို ကျွန်တော်တို့ အတူတကွကြည့်ခဲ့ကြသည်။ ဒီမှတ်ဉာဏ်တွေဟာ နှစ်လိုဖွယ်ဖြစ်ပြီး ကျွန်တော့်ကို တမ်းတမျက်ရည် ကျစေသည်။

ကျွန်တော် ကြည့်ခဲ့သမျှ ရုပ်ရှင်ဇာတ်လမ်းတွေကို အကုန်ပေါင်းစုစဉ်းစားလိုက်တဲ့အခါမှာ လူသားတွေရဲ့ မျှော်လင့်ချက်နဲ့ စိတ်အားငယ်မှုဟာ ချည်မျှင်လေးနဲ့ ချည်ထားသလိုမျိုး နီးနီးကပ်ကပ်ရှိနေသည့်သဘောကို တွေ့ရသည်။

''ဒါ ... ဒါဆို ဒီကား ကြည့်သင့်တယ်''

'ဆုတယ'က Limelight အခွေကို ကမ်းပေးနေသည်။

''ကျေးဇူးပဲ ...''

''အမ် ... ငါ ... ငါ အခု ဘာတွေဖြစ်နေလဲတော့ သေချာမသိဘူး။ ဒါပေမဲ့ ...''

'ဆုတယ'စကားဆက်မပြောနိုင်တော့ဘဲ ငိုညည်းစပြုသည်။

''ဟော့ ... ဘာဖြစ်လို့လဲ''

'ဆုတယ'က မျက်နှာကိုအုပ်ကာ ကလေးငယ်တစ်ယောက်လို ရှိုက်ကြီးတငင် ငိုကြွေးသည်။

'ဆုတယ'ကို စတွေ့စဉ်ကအကြောင်းကို သတိရမိသည်။ ကျောင်းပြတင်းပေါက် ဘောင်ပေါ်တက်ထိုင်နေတတ်သည့် သူ့ပုံစံမှာ အထီးကျန်ဆန်

နေသယောင် ရှိသည်။ ဒါပေမဲ့ သူ့အတွက် အရေးကြီးတယ်လို့ ခံယူထားတဲ့ အရာတွေကို ဘယ်သူ့မျက်နှာမှ မကြည့်ဘဲ စိတ်ဝင်တစား လုပ်ဆောင်တတ်တဲ့ သူ့စိတ်ဓွန်အားကို ကျွန်တော် သဘောကျသည်။ ဒီလိုကျ ကျွန်တော့် ဘဝတစ်လျှောက်လုံးနေလာတာ ဘာက ကျွန်တော့်အတွက် အရေးပါခဲ့လဲတောင် ကျွန်တော် မစဉ်းစားတတ်တော့ဘူး။ တကယ်တမ်းတော့ 'ဆုတာယ'က ကျွန်တော့်ကို လိုအပ်ခဲ့တာမဟုတ်ဘဲ ကျွန်တော်ကပဲ 'ဆုတာယ'ကို လိုအပ်ခဲ့တာဖြစ်သည်။

အတိတ်ကို ပြန်တွေးရင်း ဝမ်းနည်းမှုတွေက ပျို့တက်လာသည်။ ကျွန်တော်လည်း သူနှင့်အတူ လိုက်ငိုကြွေးမိတော့သည်။

''ကျေးဇူး''

ရင်ထဲဆို့နင့်နေသည့်အတွက် ဒီစကားလေးနှစ်လုံးကိုပင် အနိုင်နိုင်ပြောရသည်။



''ငါ ... ငါ ... မင်းကို မသေစေချင်ဘူး''

ရှိုက်သံတွေနှင့် ပြောသည်။

''မငိုပါနဲ့ကွာ ... မင်း ထင်သလောက်လည်း ရောဂါက မဆိုးသေးပါဘူး။ ငါ့ကို မင်း မမေ့ပစ်ဘူးမလား။ '၁၉၀၀ ပြည့်နှစ် သူရဲကောင်းများ' ဇာတ်ကားလိုပဲ 'ကောင်းကောင်းမွန်မွန် ရှင်သန်ခဲ့ပြီး သေဆုံးသွားတဲ့အခါ ကိုယ့်ကို သတိတရရှိနေမယ့် တစ်ယောက်ယောက်ကျန်ရစ်မယ်ဆို သေပျော်ပါတယ်' ပေါ့ကွာ။ ငါ့ကို သတိရနေမယ်မလား။ မင်းက ငါ့အတွက် သူငယ်ချင်းကောင်းပဲ။ ငါ မလုပ်နိုင်ခဲ့တဲ့အရာတွေ ဆက်လုပ်ရင်း ငါ့ကို သတိရပေးပေါ့ကွာ''

''ကျေး ... ကျေးဇူး''

'ဆုတာယ' ဆက်လက်ငိုကြွေးနေသည်။

''ဟေး ... ဘယ်လိုနေလဲ၊ ဘာကြည့်မယ် ဆုံးဖြတ်ပြီးပြီလား''

ကျွန်တော် ရုပ်ရှင်ရုံအိုလေးဆီရောက်တော့ ကျွန်တော့် ရည်းစားဟောင်းက အဆင်သင့်စောင့်နေသည်ကို တွေ့ရသည်။

''ဒီမှာ ...''

သူ့ကို အခွေကမ်းပေးလိုက်သည်။

''Limelight စိတ်ဝင်စားစရာကားပဲ''

သူမ DVD အခွေးဖုံးကိုဖွင့်လိုက်ပြီး အံ့အားသင့်သွားဟန်နှင့် ကြည့်သည်။ အထဲမှာ ဘာအခွေမှမရှိ။ ကာဗာသက်သက်ကြီးသာ ဖြစ်နေသည်။

အခွေဆိုင်တွေထုံးစံအတိုင်း အခွေတွေကို သူတို့ ကာဗာအဖုံးတွေထဲထည့်ပြီး ငှားလေ့ရှိသည်။ ဆိုတော့ အထဲမှာ အခွေပါမလာတာလည်း ဖြစ်လေ့ဖြစ်ထ ရှိသည်။ သို့သော် ယခုမှုကား တိုက်ဆိုင်လွန်းလှသည်။

''ဆုတယရေ ... ဘယ်လိုအမှားလိုက်လုပ်တာလဲကွာ''

''ငါတို့ဆီမှာ တခြားရုပ်ရှင်အသစ်တွေ ရှိပါတယ်။ အဲ့ထဲက နင်ရွေးလို့ရတယ်''

ဘယ်လိုရုပ်ရှင်ဇာတ်ကားကို နောက်ဆုံးအနေနဲ့ ကြည့်ဖို့ရွေးချယ်မလဲတဲ့'' 

အဖြေကတော့ ရှင်းပါတယ်။ လက်တွေ့မှာ ...

ရုပ်ရှင်ပြခန်းထဲက ခုံတစ်ခုကို ရွေးချယ်ထိုင်လိုက်သည်။ နောက်ဆုံးက ရေရင် လေးတန်းမြောက်နဲ့ ညာဘက်ခြမ်း သုံးခုံမြောက် ဖြစ်သည်။

ကျွန်တော်တို့ ကောလိပ်တတ်နေစဉ် ကာလတစ်ခုလုံး ရုပ်ရှင်ကြည့်ဖြစ်ရင် ရွေးချယ်ထိုင်လေ့ရှိသော ခုံတန်းဖြစ်သည်။

''အိုကေ ... စပြီ''

Projection အခန်းထဲက သူမအသံက ထွက်ပေါ်လာသည်။ ဇာတ်ကား စပြီ။ ပိတ်ကားပေါ်သို့ အလင်းတစ်ခု ကျရောက်လာသည်။ ဒါပဲ ဖြစ်သည်၊ အခြားသော ဘာပုံရိပ်မှမရှိ။ အနက်ရောင် ပိတ်ကားပေါ်မှ ထောင့်မှန်စတုဂံအကွက်ငယ်သာသာ အဖြူရောင် အလင်းပုံရိပ်တစ်ခုသာရှိသည်။

ဒါက ကျွန်တော့်ရွေးချယ်မှုပင်ဖြစ်သည်။

အနက်ရောင်ပိတ်ကားကို ကျွန်တော် ငေးကြည့်နေတုန်းမှာပဲ ကျွန်တော် တွေ့ဖူးခဲ့တဲ့ ဓာတ်ပုံတစ်ခုကို အမှတ်ရလာသည်။ ရုပ်ရှင်ရုံရဲ့ ရုပ်ရှင်ပြခန်းထဲမှာ ရိုက်ထားခြင်းဖြစ်သည်။ ရုပ်ရှင်ဇာတ်လမ်းတစ်ခုလုံးကို ဓာတ်ပုံတစ်ပုံတည်းနှင့် မှတ်တမ်းတင်နိုင်အောင် ကြိုးစားထားပုံရသည်။ ဇာတ်လမ်းစတာနှင့် ကင်မရာ၏ အလင်းအမှိန်ချိန် တံခါးကိုဖွင့်လိုက်သည်။ ဇာတ်ကားအဆုံးသတ်တော့မှ ပြန်ပိတ်သည်။ ပြောရရင် ရုပ်ရှင်ကား (၂)နာရီစာလောက်ကို မှတ်တမ်းတင်ခဲ့သည်။ ဓာတ်ပုံ၏ ရလဒ်ကတော့ ဇာတ်လမ်းရဲ့ အခန်းတိုင်း အခန်းတိုင်းမှာပါတဲ့ အရောင်တွေ အလင်းတွေကို စုပ်ယူထားသလိုဖြစ်ပြီး နောက်ဆုံးမှာ အဖြူရောင်စတုဂံပုံစံ အလင်းတစ်ကွက်သာ ကျန်ရစ်ခဲ့တော့သည်။

ကျွန်တော့်ဘဝလည်း ထိုနည်းလည်းကောင်းပဲ ဖြစ်သည်။ ဘဝတစ်လျှောက်လုံး ငိုခဲ့ရ ရယ်ခဲ့ရ၊ အဆုံးသတ်ကျတော့ ဗလာနတ္ထိ။



တစ်ခါတလေမှာ ကြည့်ပြီးသား ရုပ်ရှင်တွေကိုပြန်ကြည့်တဲ့အခါ ပထမတစ်ခါ ကြည့်တုန်းကလိုနဲ့ စိတ်ခံစားမှုချင်း မတူညီတော့။ ရုပ်ရှင်ဇာတ်လမ်းကတော့ မပြောင်းလဲသွား၊ ကျွန်တော်တို့ ကိုယ်၌သာ ပြောင်းလဲနေခြင်း ဖြစ်သည်။

ကျွန်တော့်ဘဝသာ ရုပ်ရှင်တစ်ခုလို ပြန်ကြည့်ခွင့်ရရင် အတော်လေးကျွန်တော့်အတွက် ကသိကအောင့် နိုင်လိမ့်မည်။ အရင်က ကျွန်တော်စွဲလမ်းခဲ့တဲ့ အရာတချို့ကို ယခု အတော်မုန်းနေပြီ။ အရင်တုန်းက သေလောက်အောင် ကြောက်လန့်ခဲ့ရတဲ့ကိစ္စကို ပြန်ကြည့်ပြန်ရင်လည်း ယခုမူကား ဘာမှမဟုတ်တဲ့ အဖြစ်အပျက်သာသာ သဘောထားနေပြီဖြစ်သည်။ အရင်က ငိုခဲ့ရတဲ့အချိန်တွေက ပြန်တွေးရင် ဟာသသက်သက်ဖြစ်နေပြီး ဝါသနာဟောင်းတွေ၊ စွဲလမ်းမှုအဟောင်းတွေကား ယခု ဘာမှအရေးမပါတော့။

အခုချိန်မှာ ကျွန်တော် အမှတ်ရနေတာက အဖေနဲ့အမေနဲ့ အတူတူ ပျော်ရွှင်ခဲ့သောအချိန်များပင် ဖြစ်သည်။

ကျွန်တော် သုံးနှစ်သားလောက်တုန်းက အဖေ အမေနှင့်အတူ ရုပ်ရှင်ရုံမှာ ကြည့်ခဲ့ရတဲ့ ပထမဆုံးရုပ်ရှင်ကားကို မှတ်မိသေးသည်။ E.T ခေါ် ဂြိုဟ်သားဇာတ်ကားလေးဖြစ်သည်။ (၃) နှစ်အရွယ်ကောင်လေးအတွက် ရုပ်ရှင်ထဲက ကျယ်ကျယ်လောင်လောင်အသံတွေက ထိတ်လန့်စရာ ဖြစ်သည်။ မှောင်မည်းနေတဲ့ ရုပ်ရှင်ရုံကြီးထဲမှာ ကျွန်တော် အဖေနှင့် အမေကြားထဲမှာ ထိုင်နေရင်း ကြီးမားလှတဲ့ပိတ်ကားပေါ်ကိုသာ မျက်တောင်မခတ် ကြည့်နေခဲ့တယ်။ ရုပ်ရှင်ရဲ့အကြောင်းတော့ သေသေချာချာ မမှတ်မိတော့ပေ။ E.T နဲ့ လူသားကလေးငယ်တို့ သူငယ်ချင်းဖြစ်ပြီး ကောင်းကင်ပေါ်မှာ ပျံဝဲနေတဲ့ ဇာတ်ဝင်ခန်းကိုတော့ အသေအချာ မှတ်မိသည်။ ပျံဝဲနေတဲ့ ဇာတ်ဝင်ခန်းက ကျွန်တော့်ကို စိတ်လှုပ်ရှားစေသည်။ ငိုချင်သလို ရယ်ချင်သလို ဖြစ်အောင်ပင် အသည်းတယားယားနှင့် ဒီဇာတ်ဝင်ခန်းကို ကြည့်ခဲ့ရသည်။ အဖေ့လက်ကို အဲ့ဒီအချိန်တုန်းက ကျွန်တော် တင်းကြပ်စွာ အားကိုးစွာ ဆုပ်ကိုင်ခဲ့သည်။



နောက်နှစ်အနည်းငယ်ကြာတော့ E.T ဇာတ်ကားကိုပဲ ပြန်ရိုက်ထားတဲ့ ဇာတ်လမ်းတွဲတစ်ခုကို T.V မှာ ပြသည်။ ကြော်ငြာတွေက များကများနဲ့ဆိုတော့ မကြည့်ဖြစ်တော့ပါဘူးဗျာ။ အဲ့ ... တစ်ခါတစ်လေ တော်တော်လေး ကြည့်ချင်စိတ်ဖြစ်မှပဲ ကြည့်ဖြစ်တော့တယ်။

နောက် ၂၅ နှစ်ကြာခဲ့ချိန်မှာတော့ ကျွန်တော် ပထမဆုံး ကြည့်ဖူးခဲ့တဲ့ E.T ကားလေးကို ပြန်ကြည့်မိတဲ့အခါ ကျွန်တော့်ကိုယ် ကျွန်တော် ကလေးတစ်ယောက်လို ခံစားချက်မျိုး ရတုန်းပဲ။ ငိုမိနေတုန်းပဲ။ ဒါပေမဲ့ ဒီတစ်ခါ ငိုမိတဲ့အကြောင်းကတော့ လွန်ခဲ့တဲ့ သုံးနှစ်သားဘဝတုန်းက ငိုရတဲ့အကြောင်းရင်းနဲ့တော့ မတူညီတော့ပေ။

ပထမအချက်က ကျွန်တော်တို့ ကောင်းကင်ပေါ် မပျံတက်နိုင်ဘူးဆိုတာ သိရှိနေတဲ့ အသက်အရွယ်ကြောင့်ပင် ဖြစ်သည်။ ပြီးတော့ ကျွန်တော့်ဘေးမှာထိုင်ပြီး ကျွန်တော့်လက်ကို တင်းတင်းဆုပ်ကိုင်ပေးခဲ့ဖူးတဲ့ အဖေ

နှင့် စကားမပြောဖြစ်တာ နှစ်အတော်ကြာခဲ့ပြီ။ ရုပ်ရှင်ရုံထဲ ကျွန်တော့် ဘေးခုံမှာ ထိုင်နေခဲ့တဲ့ အမေလည်း အခုချိန်မှာ မရှိတော့ပြီဘဲ ဖြစ်သည်။ ဒီလိုဆိုတော့လည်း ကလေးဘဝဆိုတာ အကြောင်းအရာတွေ အများကြီးကို မသိရှိခဲ့တာကပင် ပျော်ရွှင်ခြင်းဖြစ်မည်။ ယခုတော့ ကျွန်တော် သိပြီ။ လူသားတွေက လေပေါ်မပျံဝဲနိုင်ဆိုတာရယ်၊ ပိုင်ဆိုင်ဖူးသမျှအရာအားလုံး တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ထာဝရ ဆုံးရှုံးရမယ်ဆိုတာရယ်။

အသက်တစ်ရက်ထက် တစ်ရက်ကြီးလာတာနှင့်အမျှ ကျွန်တော် ဘာတွေကို ဆုံးရှုံးခဲ့ပြီးပြီလဲ။ ကလေးဘဝက အတွေးတွေ ခံစားမှုတွေကို ပြန်မရနိုင်တော့တာ သေချာသည်။ ငယ်ဘဝကို ပြန်စဉ်းစားမိတိုင်း ကျွန်တော် ဖြေမဆည်နိုင်အောင် ဝမ်းနည်းရသည်ကတော့ အမှန်ဖြစ်သည်။

ရုပ်ရှင်ရုံထဲမှာ ဘာမှမပြတဲ့ အနက်ရောင်ပိတ်ကားကို ငေးကြည့်ကာ တစ်ကိုယ်တည်း ထိုင်နေရင်း တစ်စုံတစ်ရာကို စတင်တွေးမိလာသည်။



အကယ်၍များ ကျွန်တော့်ဘဝသာ ရုပ်ရှင်ပြဇာတ်တစ်ခုဆို ဘယ်လိုဇာတ်ကားဆိုပြီး ခေါင်းစဉ်တပ်ရပါ့မလဲ။ ဟာသကားလား၊ ချောက်ချားစရာဇာတ်လမ်းလား ဒါမှမဟုတ် လွမ်းမောဖွယ်ပဲလား။ ဘာပဲဖြစ်ဖြစ်ပါလေ၊ သေချာတာကတော့ အချစ်ဇာတ်မြူးကားတစ်ကား မဟုတ်ခဲ့တာဘဲဖြစ်သည်။

ချာလီချက်ပလင် နောက်ဆုံးနေ့ရက်တွေက ပြောခဲ့တဲ့စကားတွေထဲက တစ်ခွန်းကို ပြန်ပြောရရင် ...

''ငါ ဂန္ထဝင်မြောက်လက်ရာတွေကို မဖန်တီးနိုင်ခဲ့ဘူး။ ဒါပေမဲ့ လူတွေရယ်မောအောင်တော့ ပြုလုပ်ခဲ့တယ်။ ဒီလောက်ဆို မဆိုးဘူးမလား''တဲ့။

ပြီးတော့ Fellon (အီတလီယံ ရုပ်ရှင်ဒါရိုက်တာ)ကလည်း ပြောခဲ့ဖူးတယ်။

''အိပ်မက်တွေအကြောင်းပြောတာဟာ ရုပ်ရှင်တွေအကြောင်း ပြောတာနဲ့ အတူတူပါပဲ။ ရုပ်ရှင်ဇာတ်လမ်းတွေဆိုတာ စိတ်ကူးအိပ်မက်တွေကနေ ပေါက်ဖွားလာကြတာ မဟုတ်လား''

သူတို့နှစ်ဦးလုံးဟာ ဂန္ထဝင်မြောက်လက်ရာတွေကို ဖန်တီးခဲ့ကြတယ်။ လူတွေကို ရယ်မောစေခဲ့ပြီး အိမ်မက်တွေနဲ့ အမှတ်တရတွေကို ပေးခဲ့ကြတယ်။

ဒါပေမဲ့ ကျွန်တော် စဉ်းစားလေလေ၊ သဘောပေါက်လာတာတစ်ခုတော့ ရှိတယ်။ ကျွန်တော့် ဘဝဆိုတဲ့အရာက ကျွန်တော်တစ်ယောက်တည်း ဖန်တီးထားလို့ရတဲ့အရာမှ မဟုတ်ဘဲ။

ဗလာဖြစ်နေတဲ့ ပိတ်ကားကိုကြည့်နေရင်း ဘဝဆိုတဲ့အရာကို ဘယ်လိုပုံဖော်ကြသလဲဆိုတာ ကျွန်တော် တွေးနေမိသည်။

ကျွန်တော်က ဒါရိုက်တာပဲ ဆိုပါစို့။

ဒါဆို ဒီဇာတ်လမ်းအတွက် တခြားအဖွဲ့သားတွေလည်း ပါမှ တည်ဆောက်လို့ ရမယ်။ ဥပမာ– မိဘာ်းစုတွေ၊ သူငယ်ချင်းတွေနဲ့ ချစ်သူတွေပေါ့။

လွန်ခဲ့တဲ့ အနှစ် ၃၀ မှာ ဇာတ်လမ်းက ဒီလို စဖွင့်လိမ့်မယ်။ ကျွန်တော့်ကို မွေးပြီပေါ့။ ကျွန်တော့်မိဘတွေက အနီးထုပ်ထဲက ကျွန်တော့်ကို ပြုံးပြီးကြည့်နေမယ်။ မွေးကင်းစကလေးလေးအနားမှာ အမျိုးတွေ စုဝေးပြီးတော့ ကလေးရဲ့ လက်ကလေးတွေ၊ ပါးလေးတွေကို ဖျစ်ညှစ်ကြည့်ကြမယ်ပေါ့လေ။ သိပ်မကြာခင်မှာဘဲ လေးဘက်တွားသွားတတ်လာတယ်။ ကိုယ့်ဘာသာ လမ်းလျှောက်တတ်လာတယ်ပေါ့။ အခုမှ မိဘဘဝရောက်လာတဲ့အဖေနဲ့ အမေကလည်း ကလေးလေးကို သေချာပြုစုကြမယ်၊ အတူတကွ ကစားပေးကြမယ်ပေါ့။

ဒီလိုမျိုးလေးပဲ ဘဝအဖွင့်ကို ပိုပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ စလို့မရဘူးလား။

နောက်တော့ တဖြည်းဖြည်း ကြီးပြင်းလာတာနဲ့အမျှ ဒေါသတွေ၊ မျက်ရည်တွေနဲ့ ငိုတစ်ခါ ရယ်တစ်လှည့် ဖြစ်လာတော့တာပဲ။ ဘာကြောင့်မှန်းမသိဘဲအဖေနဲ့ စကားသိပ်မပြောဖြစ်တော့ဘူး။ ငယ်ငယ်တုန်းက အတူတူပျော်ခဲ့

သလောက် အခုချိန်မှာ အဖေနဲ့ ဘာလို့ သိပ်အစေးမကပ်တော့တာလဲဆိုတာ ကျွန်တော် စဉ်းစားမရခဲ့။

တစ်နေ့မှာ 'ဂေါ်ဖီထုပ်'လို့ ခေါ်တဲ့ ကြောင်တစ်ကောင် အိမ်ရောက်လာတယ်။ အမေ၊ သူနဲ့ ကျွန်တော်တို့ အတော်ပျော်ခဲ့ကြသည်။ ဒါပေမဲ့ 'ဂေါ်ဖီထုပ်လေး''တဖြည်းဖြည်း အိုလာပြီးတော့ သေဆုံးသွားတယ်။ ပြီးတော့ အမေပါ ထပ်မရှိတော့ပြန်ဘူး။ ရုပ်ရှင်မှာဆိုရင်တော့ အတော်ဝမ်းနည်းဖွယ် ဇာတ်ဝင်ခန်းပဲ ဖြစ်လိမ့်မယ်။

အခုတော့လည်း 'မုန်လာထုပ်' လေးနဲ့ ကျွန်တော်ပဲ ကျန်နေခဲ့တယ်။ ကျွန်တော်တို့ နှစ်ယောက်အတူ နေသွားဖို့ ဆုံးဖြတ်လိုက်တဲ့အချိန်မှာ အဖေက ကျွန်တော်တို့ ဘဝထဲကို ပါဝင်မလာခဲ့ပေ။ ကျွန်တော် စာပို့တဲ့အလုပ် စလုပ်တယ်။ နောက်တော့လည်း ဒါက နေ့စဉ်ဘဝဖြစ်လာတယ်။

အခကြေးငွေ နည်းနည်းနဲ့ ရိုက်ထားတဲ့ ရုပ်ရှင်လိုပဲ။ ပျင်းရိငြီးငွေ့စရာချည်းပဲ။ ကျွန်တော်ဆိုတဲ့ ကျွန်တော့်ဘဝရဲ့ ဇာတ်လိုက်ကောင်ကလည်း ဘဝမှာ ရည်မှန်းချက်ရယ်လို့ သတ်သတ်မှတ်မှတ် ပြဖို့မရှိ။ နောက်ဆုံး စိတ်ဆန္ဒ၊ စိတ်ဝိညာဉ်ပါမရှိတဲ့ သနားစရာ ငပိန်းတစ်ကောင်လို့ပဲ ပရိသတ်က မှတ်ချက်ချလိမ့်မည်။

အကယ်၍ ကျွန်တော့်ဘဝကသာ ရုပ်ရှင်ဆိုရင်လေ ကျွန်တော် အဖြစ်ချင်ဆုံးကတော့ ကျွန်တော့်အကြောင်းကို တခြားသူတွေကို မှတ်မိစေချင်တာပါပဲ။ ကျွန်တော့်အကြောင်းက တစ်စုံတစ်ယောက်ကို ဘယ်လိုနည်းနဲ့မဆို တိုးတက်စေအောင် လှုံ့ဆော်မှုဖြစ်ပေးဖို့ပဲ မျှော်လင့်မိတယ်။

အားလုံးခြုံပြောရရင် ကျွန်တော် သေသွားသည့်တိုင် တစ်စုံတစ်ယောက်ပဲဖြစ်ဖြစ် ကျွန်တော့်ကို အမှတ်ရနေစေချင်တယ်။

ပြသချိန် (၂)နာရီ ကုန်ဆုံးသွားခဲ့ပြီ။

ရုပ်ရှင်ရုံရဲ့ အပြင်ဘက်မှာ ကျွန်တော် ရပ်နေသည်။ အမှောင်ထုနဲ့ ငြိမ်သက်မှုသာ ကျွန်တော့်ကို လွှမ်းမိုးနေသည်။

''ဝမ်းနည်းနေသလား ...''

အတူတကွ ရုပ်ရှင်ရုံမှ ထွက်ခွာလာစဉ် သူ မေးလာသည်။

''မပြောတတ်ဘူး''

''ဒါက နင့်အတွက် ခက်ခဲနေတယ်ထင်တယ်''

''ငါတကယ် မပြောတတ်ဘူး၊ တောင်းပန်ပါတယ်။ အခု ငါ ဘယ်လို ခံစားနေရလဲဆိုတာ ငါ့ဘာသာ ငါတောင် မသိဘူး''

ဒါကတော့ ကျွန်တော် အမှန်ပြောခြင်းပါ။ အခု ကျွန်တော် ဝမ်းနည်းနေတာ မကြာခင်မှာ သေရတော့မှာကြောင့်လား။ ဒါမှမဟုတ် ကမ္ဘာပေါ်ကနေ အဓိပ္ပာယ်ရှိပြီး အရေးပါလှတဲ့အရာတစ်ခု ပျောက်ကွယ်သွားမှာကြောင့်လား ဆိုတာ ကျွန်တော် ဝေခွဲမရပါ။

''အချိန်မရွေး ငါ့ဆီလာခဲ့ပါ၊ နင်တစ်ခုခုကြောင့် ဝမ်းနည်းနေချိန်ပဲဖြစ်ဖြစ်၊ နာကျင်ရရင်ပဲဖြစ်ဖြစ် ... နော်''

ကျွန်တော် လှည့်ထွက်ဖို့ ခြေလှမ်းနေစဉ် သူမ အော်ပြောသည်။

''ကျေးဇူးပါ ...''

ကျွန်တော် တောင်ကုန်းဘက်ကို ဦးတည်လိုက်သည်။

''စောင့်ဦး''

သူမ ထပ်အော် ခေါ်ပြန်သည်။

''မေးခွန်းတစ်ခု ထပ်ဖြေခဲ့ပါ''

''တော်သင့်ပြီလေ''

''ဒါနောက်ဆုံးပါပဲ၊ မေးခွန်းတစ်ခုတည်းပါ''

သူမ အော်ပြောရင်း ငိုသံပါလာသည်။

ငိုနေတဲ့ သူ့ကို ကြည့်ရတာ ကျွန်တော် ရင်နာရသည်။

''အိုကေ ... နောက်ဆုံးတစ်ခါပဲနော်''

''ဇာတ်သိမ်းမလှတဲ့ ဝမ်းနည်းစရာ ရုပ်ရှင်တွေကို ငါကြည့်တိုင်း အမြဲ နောက်တစ်ခါ ထပ်ထပ်ကြည့်တာ ဘယ်လို့လဲဆိုတာ နင်သိလား''

ကျွန်တော် သိသည်။ ဒီအကြောင်းကို ကျွန်တော် အသေအချာ မှတ်မိနေသည်။

ဒါဟာ Buenos Aires က ပြန်လာတဲ့ လေယာဉ်ခရီးစဉ်တလျှောက် လုံးရော၊ သူမနဲ့ လမ်းခွဲပြီးစဉ်မှာရော ကျွန်တော် မျှော်လင့်ခဲ့ရဖူးတဲ့အရာဖြစ် သည်။

''အင် ... သိတယ်''

''ဒါဆို နင်ပြောလေ ...''

''ဘာလို့လဲဆိုတော့ နင် မျှော်လင့်နေတာ၊ နောက်တစ်ခေါက် ထပ် ကြည့်မိရင် ပျော်ရွှင်စရာ ဇာတ်သိမ်းပိုင်းလေးများ ရှာတွေ့မလားဆိုပြီး နင် မျှော်လင့်တာ''

''အတိအကျပဲ၊ ငါမျှော်လင့်နေလို့ ...''

သူမ မျက်ရည်တွေကို အင်္ကျီလက်နဲ့ ခပ်ကြမ်းကြမ်း သုတ်ပစ်ရင်း ကျွန်တော့်ကို လက်ပြနှုတ်ဆက်သည်။ ပြီးတော့ စိတ်လှုပ်ရှားစွာ အော်ပြော သည်။

''May the Force be with you''



''ငါ ပြန်လာမှာပါ''

မျက်ရည်တွေကြားကပဲ ကျွန်တော် တုံ့ပြန်ပြောဆိုလိုက်သည်။

ကျွန်တော် အိမ်ပြန်ရောက်တော့ Alohaက ပြုံးဖြဲဖြဲ မျက်နှာပေးနှင့် ဆီးကြိုသည်။ မျက်စိတစ်ဖက် မှိတ်ပြရှာသေးသည်။ (သူ တကယ် အဲ့လို နေရာမှာ မကျွမ်း။ ထို့ကြောင့် မှတ်စိမှိတ်ပြတာနဲ့မတူဘဲ ဖွေစောင်းစောင်း ဖြစ်နေရှာသည်။) နောက်ပြီးတဲ့အခါတော့ ကမ္ဘာပေါ်မှာ ရုပ်ရှင်ဇာတ်လမ်းတွေ မရှိတော့ပြီ။

ကမ္ဘာပေါ်က ရုပ်ရှင်တွေကို လိုက်ဖျက်ရင်း Aloha အလုပ်ရှုပ်နေစဉ် ကျွန်တော်ကတော့ အမေ့အကြောင်းသာ စိတ်ရောက်နေသည်။ အီတလီယံ ဇာတ်ကား အတော်များများကို အမေ ကြိုက်သည်။ ဥပမာ–ဖယ်လီနီရဲ့ La Strada (သည်လမ်း)။

ဂယ်ဆိုမီနာလို့ ခေါ်တဲ့ ငယ်ငယ်ရွယ်ရွယ် လှလှပပ အမျိုးသမီးလေးကို သူရဲ့ဆင်းရဲလှတဲ့ မိခင်က ဆပ်ကပ်ထဲကို ရောင်းစားခဲ့တယ်။ ဇမ်ပန်လို့


အမည်ရတဲ့ ဆပ်ကပ်ပိုင်ရှင်က သူမကို ဇနီးမယားအဖြစ်ရော၊ ကူဖော်လောင် ဖက်အနေနဲ့ပါ ထားခဲ့သည်။ သူတို့ ဆပ်ကပ်ဟာ အီတလီကျေးရွာ ဒေသ တစ်လျှောက် လှည့်လည်ဖျော်ဖြေခဲ့ကြသည်။ နောက်တော့ ဂယ်ဆိုမီနာ နေ မကောင်း ဖြစ်လာသည်။ ဇမ်ပနိရဲ့ နိပ်စက်ကလူ ပြုမူတွေကို သူမ ခန္ဓာကိုယ် က မခံစားနိုင်တော့ပေ။ ဒီအခါ ဇမ်ပနိက သူမကို စွန့်ပစ်သွားတော့သည်။

နှစ်အနည်းငယ်အကြာမှာတော့ ဆပ်ကပ်ဟာ ပင်လယ်ဆိပ်ကမ်းမြို့ တစ်မြို့ကို လာရောက်ဖျော်ဖြေသည်။ ဒီခဏမှာပဲ ဂယ်ဆိုမီနာ ဆိုနေကျ သီချင်းသံကို ဇမ်ပနိ ကြားသည်။ ဂယ်ဆိုမီနာ သေဆုံးနှင့်ပြီကို သူသိသည်။ ဒါပေမဲ့ သူမရဲ့ သီချင်းဟာ ဆက်လက်ရှင်သန်နေဆဲပင် ဖြစ်သည်။ တခြား မိန်းမငယ် သီဆိုနေတဲ့ ဂယ်ဆိုမီနာဆိုခဲ့တဲ့ သီချင်းကို နားထောင်နေဆဲမှာပင် သူ သူမကို သိပ်မြတ်နိုးကြောင်း ဇမ်ပနိ သိလိုက်ရသည်။ ပင်လယ်ကမ်းဘက် ဆက်လက်ထွက်ခွာလာရင်း အသေကောင်တစ်ကောင်လို တုပ်တုပ်မှ မလှုပ်နိုင်ဘဲ သူ ငိုကြွေးသည်။ သူမကို ဘယ်လိုပဲ သူ ချစ်ခဲ့ပါစေ၊ အတူရှိစဉ် က သူမကို ကောင်းကောင်းမွန်မွန် မဆက်ဆံပေးခဲ့မိတာ သူ နောင်တရလာ တော့သည်။ 

''တစ်စုံတစ်ခုဟာ မင်းအတွက် ဘယ်လောက်အရေးကြီးမှန်း သူတို့ မရှိတဲ့အခါမှ မင်း သတိထားမိလိမ့်မယ်''

ဒီဇာတ်ကားကို ကြည့်အပြီးမှာ အမေ ကောက်ချက်ချခဲ့သည်။

ကျွန်တော်လည်း ယခု ဇမ်ပနိလို ခံစားနေရသည်။ ရုပ်ရှင်တွေ အမှန် တကယ်မရှိတော့မှာကို တွေးရင်း ဆို့နင့်လာသည်။ ကျွန်တော် သူတို့ကို တမ်းတနေရတော့မည် ဖြစ်သည်။ ရုပ်ရှင်ဇာတ်ကားကောင်းတွေကနေ ကျွန် တော်တို့ကို ဘယ်လို စိတ်ဓာတ်ခွန်အား ရခဲ့လဲ။ သူတို့ ဖော်ဆောင်ပေးတဲ့ ဇာတ်ကောင်တွေကနေ ကျွန်တော်တို့ ဘာတွေ သင်ယူလေ့လာခွင့်ရခဲ့သလဲ ဆိုတာ တွေးမိချိန်တော့ ကျွန်တော့် လုပ်ရပ်ဟာ အင်မတန် မိုက်မဲကြောင်း သိခဲ့ရသည်။ ဒါပေမဲ့ ကျွန်တော့်ဘဝကတော့ အမြဲအလေးသာသည်လေ။



ကြာသပတေးနေ့

# အကယ်၍ ကမ္ဘာမှာ နာရီတွေသာ မရှိတော့ရင် ...

တစ်ခုခု ဖြစ်ပါပြီဆိုမှ နောက်ထပ် သောက်ကျိုးနဲစရာတွေပါ ဆက်တိုက်ဖြစ်လာတာ ရယ်စရာတော့ အကောင်းသားပျ။ သော့ပျောက်ရှာရင်းနဲ့မှ ပိုက်ဆံအိတ်ပါ ပျောက်နေတာမျိုးပေါ့။

ကျွန်တော်လား ... ကင်ဆာဖြစ်တယ်၊ နတ်ဆိုးနဲ့ ဆုံတယ်၊ ဖုန်းတွေ၊ ရုပ်ရှင်တွေ ကမ္ဘာမှာ မရှိတော့ဘူး။ အခုကတော့ ကျွန်တော့်ကြောင်က စကားပြောနေပြန်တယ်။

''အိပ်နေတုန်းလား ... ဆရာ''

ကျွန်တော် အိပ်မက်နေတာ ဖြစ်မည်။

''ဟေ့လူရေ ... ခင်ဗျား ထသင့်ပြီ''

အိပ်မက်ပဲ ဖြစ်ရမယ်။

''ထပါတော့ကွာ''

ဒါ အိပ်မက် မဟုတ်ဘူး။ တစ်စုံတစ်ယောက် စကားလာပြောနေတာ၊ ပြီးတော့ စကားပြောနေတာက ကျွန်တော့်ကြောင် 'မုန်လာထုပ်'။ သူ့ လေယူလေသိမ်းက အရမ်းကောင်းလွန်းနေတယ်။ ဘာတွေဆက်ဖြစ်မယ်ဆိုတာ ကျွန်တော် မပြောနိုင်တော့ပါ။ 

''စိတ်ရှုပ်နေပြီလား ... ငါ့ကောင်''

ထုံးစံအတိုင်း ပြောင်ချော်ချော် မျက်နှာထားနဲ့ Aloha ပေါ်လာလေသည်။ ဒီနေ့တော့ မိုးပြာရောင် ဟာဝေယံရှပ်အင်္ကျီကို ဝတ်ဆင်ထားသည်။

''ခင်ဗျား ကျွန်တော့်ကို အင်မတန်ဒုက္ခပေးတာပဲ။ အခု ကျွန်တော့်ကြောင်က ကြောင်လိုမအော်တော့ဘဲ စကားပြောနေပြန်ပြီ။ ပြောနေတာမှ တော်ဝင်မျိုးရိုးက သူဌေးသားလိုဟန်နဲ့။ ရှင်းစမ်းပါဦး ... အခု ဘာတွေဖြစ်နေတာလဲ''

''မနက်ခင်းလေးကို ပျော်ပျော်ရွှင်ရွှင် မဖြတ်သန်းချင်ဘူးလားကွာ။ ဒါက မင်းအတွက် အပိုဆုလေး စီစဉ်ပေးတာပါ''

''အပိုဆု ... ဟုတ်လား''

''အေးလေ ... မင်း အရမ်းကြိုက်ခဲ့တဲ့ ရုပ်ရှင်တွေ၊ ဖုန်းတွေကို ငါ ဖျောက်လိုက်ပြီးပြီဆိုတော့ မင်းအတွက် စိတ်အားငယ်မနေအောင် တစ်ခုခု စီစဉ်ပေးတဲ့သဘောပါ။ စကားပြောဖော် တစ်ယောက်ယောက်ပဲဖြစ်ဖြစ်၊ ဝါသနာအသစ်ပဲဖြစ်ဖြစ်ပေါ့။ ဒါနဲ့ ကြောင်စကားပြောတတ်လာရင် ကောင်းမယ်လို့ တွေးမိတာ။ မင်း မေ့နေပြန်ပြီလား။ ငါက စေတန်လေကွာ''

''ဒါပေမဲ့ ရတ်တရက်ကြီး ကြောင်က စကားတွေ ပြောလာတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ဒါကို ပြန်ဖျက်ပေးလို့ ရမလား''

''အိုး ...''

ရုတ်တရက် Aloha ငြိမ်ကျသွားသည်။

''ကျွန်တော့် စကားထဲမှာ အမှားပါသွားလား''

Aloha နှုတ်ခမ်းကို တင်းတင်းစေ့ထားဆဲ ဖြစ်သည်။

''ငါ သိပြီ၊ ခင်ဗျား ပြန်ပြင်လို့ မရလို့မလား။ တစ်ခုခုကို လုပ်ပြီးရင်

၉၇ ခင်ဗျား အရင်အတိုင်း ပြန်ထားလို့ မရဘူးလား''

''မဟုတ်ပါဘူး ငါ ပြောချင်တာက ငါ အကုန်လုံးကို ပြန်ပြင်လို့ရတယ်၊ အရာရာတိုင်းကို သူ့ နဂိုမူလပုံစံကို တဖြည်းဖြည်း ပြန်ရောက်လာအောင် လုပ်နိုင်တယ်ဆို ပိုမှန်လိမ့်မယ်၊ အချိန်တစ်ခုပဲလိုတာ။ အဲ ... ဘယ်လောက် ကြာမယ်တော့ လာမမေးနဲ့၊ ဘုရားပဲ သိလိမ့်မယ်။ ငါ တကယ်ကို မသိတာ။ ငါက ဘုရားမှ မဟုတ်တာ၊ မင်း သိတဲ့အတိုင်းပဲ၊ ဒီအတိုင်း စေတန်ပဲဟာ။ ငါက် ...

ခင်ဗျားခေါင်းကို အုတ်နံရံနဲ့ တိုက်ပစ်ရင်ရော သိလာမှာလား။

ဒါက ကျွန်တော် စိတ်ထဲမှာပဲ ပြောမိတာပါ။ ဒါပေမဲ့ အပြင်ကို ထုတ်မပြောမိအောင် ထိန်းရင်းနေလိုက်ရသည်။ ရုပ်ရှင်တွေ မရှိဘဲ ကြောင်တွေ စကားထပြောတဲ့ ကမ္ဘာကတော့ ကျွန်တော် နေချင်တဲ့ နေရာမဟုတ်ဘူး။

တွေးနေတုန်းမှာပဲ 'မုန်လာထုပ်'လေးက ကျွန်တော့် မျက်နှာပေါ် တက်လာသည်။ သူ အမြဲ ကျွန်တော့်ကို ယခုလို နှိုးနေကြဖြစ်သည်၊ ကျွန်

တော် ကြားဖူးတာတော့ ဟိုးရှေးတုန်းက ကြောင်တွေကို ဂျပန်လို 'နီကို' လို့ ခေါ်ကြတယ်တဲ့။ 'နီကို' အဓိပ္ပာယ်ကတော့ 'အိပ်နေသောကလေး'တဲ့။ ဒါက ကျွန်တော့်အဖို့တော့ မမှန်ပါဘူး။ 'မုန်လာထုပ်'က ဘယ်တော့မှ နေမြင့်တဲ့အထိ မအိပ်။ စောစောထပြီး ကျွန်တော့်ကို နှောင့်ယှက်လေ့ ရှိသည်။

''သင် ခဏနေမှ မထသေးရင် ကျွန်တော် ဒီထက်ပိုပြီး မျက်နှာပေါ် တက်မိတော့မှာပါ''

မုန်လာထုပ် အော်ပြောသည်။ ဆက်တိုက်ပင် ကြောင်တစ်ကောင် ကဲ့သို့ ညည်းတွားသံလည်း လုပ်သေးသည်။

''အဲ့ဒါပဲ ငါ သည်းမခံနိုင်ဘူးဆိုတာ''

ကျွန်တော့်ကြောင်ကြည့်ရတာ ကျွန်တော် မထမချင်း ကျေနပ်မည့် ပုံမရ။ ကျွန်တော်လည်း ရှိသမျှအားကုန်သုံးကာ အိပ်ရာပေါ်မှ ခုန်ထလိုက် သည်။

''အိုး ... ကြည့်ရအောင်၊ မင်း မှတ်မိတယ်မလား၊ မသိဘူးတော့ ငြင်းမယ် မကြံနဲ့နော်''

''ဘာလဲ ... ဘာတွေလာပြောနေတာလဲ''

''ဒီနေ့ ငါ ဘာကို ဖျောက်ထားလဲဆိုတာပေါ့''

သူ ပြောနေတာနဲ့ ပတ်သက်ပြီး ကျွန်တော် ဘာမှစဉ်းစားမရ။ သူ ဘာကို ဖျောက်ပစ်ပြန်ပြီလဲ၊ ဘယ်အရာကိုလဲ။ ကျွန်တော် အခန်းကိုလှည့် ပတ်ကြည့်ပေမဲ့ ဘာမှထူးခြားနေပုံမရပေ။

''တောင်းပန်ပါတယ် ... ကျွန်တော် တကယ်မမှတ်မိဘူး''

''ဒီနေ့ မင်းနဲ့ ငါနဲ့ ဖျောက်ဖျက်ပစ်ရမှာက နာရီလေကွာ ... နာရီ ...''

''နာရီတွေ ...''

''အတိအကျပဲ၊ ဒီနေ့ မင်း နာရီတွေကို ဖျောက်ဖျက်ပစ်လိုက်ပြီ''

''အာ ... အခု ကျွန်တော် သတိရပြီ။ ကျွန်တော် နာရီတွေကို ပျောက်ကွယ်စေခဲ့တယ်။ အကယ်၍ နာရီတွေသာ ကွယ်ပျောက်သွားရင် ...''

ကမ္ဘာကြီး ဘာဖြစ်သွားမလဲ၊ ဒါကို ကျွန်တော် ခဏတော့ တွေးပါရစေ။

ပထမဆုံး စိတ်ပူမိတာကတော့ ကျွန်တော့်အဖေကို ဖြစ်သည်။ သူ့နာရီဆိုင် သေးသေးလေးထဲမှာ တကုပ်ကုပ်နှင့် လုပ်နေသော ပုံရိပ်ကို မြင်ယောင်မိသည်။

ကျွန်တော် ကြီးပြင်းလာတဲ့ အိမ်ရဲ့မြေညီထပ်တွင် အဖေက ဆိုင်ဖွင့်ထားသည်။ ဒါကြောင့် ကျွန်တော် လှေကားကနေဆင်းလာတိုင်း အမှောင်ဖျော့ဖျော့ထဲမှာ စားပွဲတင်မီး အားကိုးနှင့် ခါးကိုကိုင်းကာ နာရီပြင်နေသော အဖေ့ကို တွေ့ရသည်။ ကျွန်တော် အဖေ့ဆီ မရောက်တာ ၄ နှစ် ရှိခဲ့ပြီ။ အဖေကတော့ မြို့ကလေးရဲ့ ထောင့်တစ်နေရာက ဆိုင်ကျဉ်းကျဉ်းလေးထဲမှာ အရင်ကလို နာရီတွေကို ပြုပြင်နေဆဲပဲ ထင်သည်။



အကယ်၍ နာရီတွေသာ ကွယ်ပျောက်သွားရင် နာရီပြင်ဆိုင်ဆိုတာလည်း ရှိဖို့မလိုတော့။ ဒီဆိုင်ခန်း ကျဉ်းကျဉ်းလေးရော အပါအဝင် (သို့မဟုတ်) အဖေ့ရဲ့ ကျွမ်းကျင်အားထုတ်ခဲ့မှုရော အပါအဝင်ပေါ့။ ဒါကို ကျွန်တော် တွေးမိတဲ့အချိန်မှာ ကိုယ့်ဘာသာကိုယ် အပြစ်ကျူးလွန်မိသလို ခံစားခဲ့ရ၏။

ဒါနဲ့ နာရီတွေက ကမ္ဘာပေါ်က ပျောက်ကွယ်သွားပြီဆိုတာ လတ်'တလောတော့ လက်ခံဖို့ ခပ်ခက်ခက်ပဲဗျ။ ကျွန်တော့်အခန်းကို လှည့်ပတ်ကြည့်မိမှပင် ကျွန်တော့်ရဲ့ လက်ပတ်နာရီရော၊ အလန့်နာရီ(Alarm)လေးရော စုပ်စမြုပ်စမရှိ ပျောက်သွားခဲ့ပြီ။ ဖုန်းတွေ ပျောက်ကွယ်သွားတုန်းကလိုမျိုး ကျွန်တော်တို့ကသာ သူတို့ကို ရှာမရ၊ မမြင်ရတော့တာမျိုး ဖြစ်သည်။ ထားပါလေ၊ အခုတော့ နာရီတွေဟာ ကမ္ဘာပေါ်ကနေ ပျောက်ဆုံးသွားခဲ့ပြီ။

နောက်တော့ ကျွန်တော် တွေဝေစပြုလာတယ်။ နာရီတွေမရှိဘဲ ကျွန်တော်တို့ အချိန်တွေ ဘယ်လိုကြည့်ကြမလဲ။ အခုလောလောဆယ် အနေ

အထားအရတော့ မနက်ပိုင်းနဲ့တူတယ်။ ဒါပေမဲ့ ကျွန်တော် အအိပ်လွန်သွား၍ ယခုအချိန်က ၁၁ နာရီ ဝန်းကျင်လောက်ဖြစ်ဖို့ များသည်။ ကျွန်တော် တီဗွီကို ဖွင့်မိတော့လည်း ခါတိုင်းလို အချိန်ကို စခရင်ထိပ်မှာ ဖော်ပြမလာတော့။ ဖုန်းတွေကတော့ အရင်ပျောက်ကွယ်သွားသဖြင့် သူတို့ကို အချိန်ကြည့်ဖို့ အားထားလို့မရပေ။ အရိုးသားဆုံးဝန်ခံရရင် အခု ဘယ်နှစ်နာရီရှိမှန်းကို ကျွန်တော် လုံးဝမသိ။

နောက်တစ်ခုက နာရီတွေ မရှိတော့တာ အခုထိတော့ ဘာမှမထူးခြားသွားခဲ့။ အဖေ့အတွက် အပြစ်ရှိသလို ခံစားစိတ်မှအပ ကျန်တဲ့နောင်တတို့ တမ်းတမှုတို့ စိုးစဉ်မှမရှိ။ ဒါပေမဲ့ နာရီတွေ ကွယ်ပျောက်ကုန်တာ ကမ္ဘာကြီးအတွက်တော့ ကြီးကြီးမားမား သက်ရောက်မှုတစ်ခုတော့ ရှိလိမ့်မည်။ နာရီတွေကပဲ ကမ္ဘာကြီးကို လည်ပတ်စေတာ မဟုတ်လား။

ကျောင်းတွေ၊ အလုပ်ရုံတွေနှင့် အများသုံး သွားလာမှုစနစ်တွေ၊ စတော့ရှယ်ယာဈေးကွက်နှင့် အခြားသော ဝန်ဆောင်မှုလုပ်ငန်းတွေကျတော့ ကိုယ်ယို့ကားယား အခက်တွေ့နေလောက်ပြီ။ ဒါပေမဲ့ ကျွန်တော့်လို လူအအဖို့တော့ အချိန်နာရီတွေကို မသိတော့တာ သိပ်မထူးခြားနေချေ။

"ဒါဆို ဘာလို့ နာရီတွေက အရေးအကြီးဆုံးပစ္စည်း ဖြစ်တာလဲ"

Aloha တော့ သိနိုင်မည်ထင်သည်။

"မေးခွန်းကောင်းပဲ။ နာရီတွေ မတီထွင်ခင်တည်းက လူသားတွေမှာ အချိန်ကို အလိုလိုသိနိုင်စွမ်းရှိခဲ့တယ်"

"ဟမ် ... ကျွန်တော် နားမလည်ဘူး"

ကျွန်တော် ဇဝေဇဝါ ဖြစ်နေတာကိုကြည့်ရင်း Aloha ဆက်ပြောသည်။

"ဒီလိုလေ ... မင်းတို့ ပြောပြောနေတဲ့ အချိန်ဆိုတာချည်းက တကယ်တော့ လူတွေ စိတ်ကူးပေါက်သလို ထွင်ခဲ့တဲ့ စည်းမျဉ်းစည်းကမ်းတစ်ခုပဲ။ ဒီနေရာမှာ ပြောနေတာက နေထွက်တာ၊ နေဝင်တာစတဲ့ သဘာဝ

ဖြစ်စဉ်တွေ မပါဘူးနော်။ ဒီတစ်နေ့တာကိုပဲ လူသားတွေက အချိန်ဆိုပြီး အစု အစုလေးတွေ ဖွဲ့စည်းလိုက်တယ်။ ပြီးတော့ နေ့တစ်နေ့ရဲ့ မတူညီတဲ့ ကာလအပိုင်းအခြားတွေအပေါ် နာမည်တွေ၊ နံပါတ်တွေ တပ်ခေါ်လိုက်ကြတယ်။ ၆ နာရီ၊ မွန်းတည့် ၁၂ နာရီ၊ ညသန်းခေါင် ... စသည်ဖြင့်ပေါ့။

''အိုး ... အမှန်ပဲ''

''ဒီလိုကွ ... လူသားတွေက ကမ္ဘာကြီးကို သူ့အတိုင်း ရှုမြင်နေရတယ်ထင်ကြပေမဲ့ ဒါက မှားနေပြီကွ။ အမှန်က လူသားတွေသိတဲ့ ကမ္ဘာဆိုတာ သူတို့ကိုယ်တိုင်ပဲ အရာဝတ္ထုတွေ ပြုလုပ်၊ အဓိပ္ပာယ်တွေ ဖွင့်ပြီး သူတို့နေထိုင်ဖို့ အဆင်ပြေရန်အတွက် ကမ္ဘာကြီးကို ပြုပြင်လိုက်တာ။ ဒီတော့လည်း ငါ စဉ်းစားကြည့်မိတယ်။ လူသားတွေ တီထွင်ထားတဲ့ နည်းနိသယတွေ၊ အချိန်ဆိုတဲ့စနစ်တွေ မရှိတဲ့ကမ္ဘာမှာသာ လူတွေဖြစ်နေကြရင် သိပ်စိတ်ဝင်စားစရာကောင်းမယ်။ နည်းနည်းတော့ ရှုပ်ထွေးကောင်း ရှုပ်ထွေးမှာပေါ့ကွာ''



''အိုး ... အကြောင်းပြချက်က ဒါလား၊ ခင်ဗျား စိတ်ထင်တိုင်း လျှောက်လုပ်နေတာပဲ''

''ဟုတ်ပ့ါ၊ ကောင်းပြီလေ ... ဒီနေ့အတွက်တော့ ပြီးပြီပေါ့၊ ဟုတ်လား။ ကောင်းသောနေ့ပါ ငါ့ကောင်ရေ၊ အချိန်မရှိတော့တဲ့ နေ့တစ်နေ့ပေါ့ကွာ''

ပြောဆိုပြီးချိန်မှာတော့ Aloha ကွယ်ပျောက်သွားပြန်သည်။ သူ့စကားဝဲတွေသာ ပဲ့တင်ထပ်လျက် ကျန်ခဲ့သည်။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက အကြောင်းဟာ သမိုင်းစာအုပ်တစ်အုပ်ရဲ့ စာမျက်နှာ တစ်ရွက်လောက်နဲ့ပဲဖြစ်ဖြစ်၊ စာတစ်ကြောင်းလောက်နဲ့ဖြစ်ဖြစ် ဖော်ပြကောင်း ဖော်ပြလိုက်နိုင်ပါတယ်။

ကျွန်တော့်အတွက် အချိန်သိပ်မကျန်တော့ဘူးဆိုတာ သိလိုက်ရချိန်မှာ နာရီတွေ မိနစ်တွေအစား စက္ကန့်တွေနဲ့ပဲ တိုင်းတာတော့မယ်လို့ စဉ်းစားခဲ့

တယ်။ တစ်နာရီလို့ တွေးတာထက် ၃၆၀၀ စက္ကန့်ဆိုတာ ကျွန်တော့်အတွက် ပိုစိတ်သက်သာရာ ရစေသည်လေ။ အခုတော့ နာရီတွေပါ ပျောက်ကွယ်ကုန်ပြီ။ စက္ကန့်တွေဆိုတာလည်း ရေတွက်စရာ မလိုတော့ပေ။

ထားပါလေ ... ဘာပဲဖြစ်ဖြစ် ကျွန်တော့်မှာ လုပ်စရာရယ်မှ မည်မည်ရရ မရှိတာဆိုတော့ အချိန်ဖြုန်းနေတာပဲပေါ့။ အင်းလေ ... ဖြုန်းစရာ အချိန်ရယ်မှ မရှိတော့ပေမဲ့လည်းလေ။

ကျွန်တော် နိုးလာပြီးနောက် အချိန်ဘယ်လောက် ကုန်ဆုံးသွားပြီလည်း မသိပေ။ ထုံးစံအတိုင်းဆို အိပ်ရာဘေးက စားပွဲတင်နာရီကို လှမ်းကြည့်လိုက်ရုံ ဖြစ်ပေမဲ့ ယခုတော့ နာရီတွေလည်း မရှိတော့ပြီ။ နာရီကင်းမဲ့ဇုန်ပဲ။ အဆုံးအစမရှိတဲ့ အချိန်စီးဆင်းမှုထဲမှာ ရောက်နေသလိုပဲ။ ဘာမှန်းမသိတဲ့ တစ်ခုခုက ကျွန်တော့်ကို ဆွဲယူနေသလိုခံစားရသည်။ အာ ... ကျွန်တော်တို့ ရှေးဦးလူသားဘဝကို ပြန်သွားနေရတာပဲ။

လူသားတွေဟာ ကိုယ်တိုင်ဖန်တီးထားတဲ့ အချိန်ဆိုတဲ့ စည်းမျဉ်းကာလအောက်မှာ အိပ်ရတယ်၊ နိုးထရတယ်၊ စားသောက်ရ၊ အလုပ်လုပ်ကြရတယ်။ နောက်တစ်မျိုးပြောရရင် ကိုယ့်ဘဝကို ကိုယ် နာရီတွေနဲ့ ခြေချုပ်ပစ်လိုက်တော့တာပါပဲ။ လူသားတွေဟာ ကိုယ့်ဒုက္ခကိုယ်ရှာတဲ့နေရာတော့ အတော်တော်ကြတာပျ။ နာရီတွေ၊ ရက်စွဲတွေ၊ နှစ်ကာလတွေနဲ့ တစ်ဘဝလုံးကို ခြံသွင်းဘောင်ခတ်လိုက်ကြတယ်။ နောက်တော့ နာရီဆိုတာတွေ တီထွင်ပြီး ကိုယ့်ဘဝကို ပိုအသေးစိတ်ကျကျ လွှမ်းမိုးချုပ်ကိုင်ခွင့် ပေးလိုက်တော့တာပါပဲ။

ဒီလို စည်းမျဉ်းအုပ်ချုပ်ခွင့်ကို နာရီတွေကို ပေးလိုက်ကတည်းက လူသားတွေဟာ မလွတ်လပ်တော့တာပဲ။ ပြီးတော့ သူတို့ ချုပ်နှောင်ခံထားရတယ်ဆိုတာကို နည်းအမျိုးမျိုးနဲ့ မိမိကိုယ်ကို သတိပေးနေကြသေးတယ်။ နာရီတွေကို နံရံပေါ်မှာ ချိတ်ဆွဲထားတာမျိုး၊ အိမ်နေရာအနှံ့မှာ လျှောက်ထားထားတာမျိုး စသည်ဖြင့်ပေါ့။ ဒါတင် မကသေးဘူး၊ လူသားတွေဟာ မိမိသွားလေးရာ

နာရီကို ခေါ်သွားချင်ကြသေးသဗျ။ လက်ကောက်ဝတ်တွေမှာ ပတ်ပြီးတော့ ခေါ်တောင်သွားလို့ရတဲ့ လက်ပတ်နာရီဆိုတာမျိုး တီထွင်ကြတယ်။ လူသားတွေဟာ သူတို့ ခန္ဓာကိုယ်ကို အချိန်စည်းမျဉ်းနဲ့ ဆက်နွယ်ထားမှ အဆင်ပြေပြေ နေနိုင်ကြသလိုပဲဗျ။

ဘာကြောင့်လဲဆိုတာ ကျွန်တော် သဘောပေါက်သလိုပဲဗျ။

လွတ်လွတ်လပ်လပ် နေချင်တိုင်းနေခွင့်မှာ ကပ်ပါလာတဲ့ ဆိုးကျိုးတွေက ရှေ့ရေးမသေချာမှုတို့၊ မလုံခြုံမှုတို့နဲ့ စိတ်လှုပ်ရှားခံစားလွယ်။ ပြောရရင် ထင်ရာစိုင်းမှုတွေပေါ့ဗျာ။

ဒီတော့လည်း လူသားတွေက မိမိကိုယ်ပိုင် လွတ်လပ်ခွင့်ထက် အနာဂတ်ဘဝမှာ လုံခြုံစိတ်ချမှုကို ပိုအလေးထားခဲ့ရတယ် ထင်တယ်။ စည်းမျဉ်းတွေ၊ နေ့စဉ်ဘဝ ဝတ္တရားတွေနဲ့ လွတ်လပ်ခွင့်ကို လဲလှယ်လိုက်ကြတယ်။

ကျွန်တော့်အတွေးစ ဆုံးမိမှာပဲ 'မုန်လာထုပ်' လေးက ပေါင်ပေါ်ခုန်တက်လာသည်။ တစ်ခုခု မလိုချင်သရွေ့ ဒီကောင်က ကျွန်တော့်ကို ပတ်ချွဲနပ်ချွဲ လုပ်လေ့မရှိ။



''ဘာဖြစ်လဲ ... ကောင်လေး၊ ဆာလို့လား ...''

ပုံမှန်ဆို မနက်စောစော သူ အစာတောင်းလေ့ရှိသည်။

''မဟုတ်ပါဘူးဗျာ ...''

''အိုး ...''

ကိုယ့်ကြောင်က ကိုယ့်ကို လူစကားနဲ့ ပြန်ပြောတာ နားထောင်ရတာ ကျွန်တော့်အတွက် စိမ်းသက်နေဆဲ ဖြစ်သည်။

'မုန်လာထုပ်' လေးက သက်မကြီး ချသည်။

''ဆရာ ... ဒီတစ်ခါလည်း ကျွန်တော် ဆိုလိုချင်တာကို လုံးလုံးနားမလည်ဘူးလားဗျာ''

'ဆရာ' ဒါက ဘာကို ဆိုလိုတာပါလိမ့်။

ဆရာဆိုတာ ကျွန်တော့်ကို ဆိုလိုတာဖြစ်မည်။ ဟိတ်ကြီးဟန်ကျယ်ပုံစံမျိုးနဲ့ ဒီကြောင် ဘယ်အချိန်ထိ စကားပြောနေမှာလဲ။

''တဆိတ်လောက် ရှင်းပြခွင့်ပြုပါ ဆရာ။ ကျွန်တော် ကြမ်းပြင်မှာ လူးလိမ့်ဆော့ချင်လို့ အော်တဲ့အခါမျိုးကျရင် ဆရာက ကျွန်တော့်ကို ဆာလို့ အော်တယ်ထင်တယ်။ တကယ်တမ်း ကျွန်တော် ဆာလောင်နေတဲ့အခါမျိုးကျပြန်တော့ ကျွန်တော် အနားယူချင်တယ်၊ ခဏလှဲချင်တယ်လို့ ဆရာတွေးပြန်တယ်။ အဲ ... ကျွန်တော် လဲလျောင်းနေချင်ပြန်တော့ ဆရာက ကျွန်တော် ခင်ဗျားနဲ့အတူ ဆော့ကစားချင်တယ်လို့ သတ်မှတ်ပြန်တယ်။ အမြဲတမ်း ဆရာ့ ထင်မြင်ယူဆချက်တွေက လွဲမှားနေတော့တယ်ဗျာ။ ကျွန်တော့်အဖို့ ခက်ခဲတဲ့ ဘဝနေထိုင်မှု ဖြစ်စေပါတယ်''

''အိုး ... အဲ့လို တကယ်ဖြစ်နေတာလား''

ကြောင်က ခေါင်းဆတ်ရင်း ဆက်ပြောသည်။

''အမှန်ပါပဲဗျာ။ ခင်ဗျားတို့က ကျွန်တော်တို့ မျိုးနွယ်စုကို နားလည်သလိုလိုနဲ့ တကယ်တမ်းတော့ လုံးဝနားလည်မပေးနိုင်ကြပါဘူး။ ကျွန်တော် အေးဆေးနေနေတဲ့ အချိန်မျိုးမှာဆိုရင် ဝမ်းနည်းနေလို့လား ကောင်လေး ဆိုပြီး လာလာမေးပြန်တယ်။ ကျွန်တော်တို့ကို အနားလာဖို့ ညင်ညင်သာသာ တမီမီနဲ့ ခေါ်ကြပြန်တယ်။ ကျေးဇူးပြုပြီး ဒါမျိုးမလုပ်ပါနဲ့ ဆရာ။ ဒီလိုပြုမူတာ ခင်ဗျားတစ်ယောက်တည်းတော့ မဟုတ်ပါဘူးလေ၊ လူတိုင်းပါပဲ ...''

ကျွန်တော် ငိုင်ကျသွားသည်။ ဒီလောက် သူနဲ့ နှစ်တွေ အကြာကြီးနေလာတာ ကျွန်တော်ထင်တာ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် နားလည်နေကြပြီပေါ့။ ကြောင်စကား စပြောမှပဲ ကျွန်တော်တို့ လုပ်ရပ်တွေဟာ အလွန်ဆိုးရွားနေမှန်း သိရတော့သည်။

''တောင်းပန်ပါတယ် ... မုန်လာထုပ်ရယ်။ ဒါဆို မင်းအခု ဘာလုပ်ချင်သလဲ''

''လမ်းလျှောက်ထွက်ချင်ပါတယ် ... ဆရာ''

''ဒီကြောင်လေးဟာလေ ခွေးလို ပြုမူနေတော့တာပဲ''

မုန်လာထုပ်အကြောင်းပြောတိုင်း အမေ ရယ်လေ့ရှိသည်။

ရံဖန်ရံခါ အမေ သူ့ကို လမ်းလျှောက်ခေါ်ထွက်လေ့ရှိတာ ကျွန်တော် မှတ်မိသည်။

ကျွန်တော် အဆင်သင့်ပြင်ရန် တစ်မိနစ်လောက်စောင့်ရန် ʻမုန်လာထုပ်ʼကို ပြောထားခဲ့ပြီး ရေချိုးခန်းထဲ အမြန်ဝင်ရသည်။ အိမ်သာတက်လို့မှ မပြီးသေးခင် လက်ကိုင်တံခါးကို ကုတ်ခြစ်သံကြားရပြီး တံခါးကြားမှ မုန်လာထုပ် တိုးဝင်လာသည်။

ʻʻမြန်မြန်လုပ်ပါ ... သွားချင်လှပြီʼʼ

ʻʻပြီးပါပြီဟ ...ʼʼ

ʻမုန်လာထုပ်ʼကို ပြန်တွန်းထုတ်ပြီး လုပ်လက်စကို အမြန်အပြီးသတ်ရသည်။ ပြီးတော့ လက်အမြန်ဆေးကြောပြီး မျက်နှာသစ်သည်။ သူ့ကို ရှာကြည့်တော့ မှောင်ရိပ်ကျနေတဲ့ ထောင့်နားကနေ ကျွန်တော့်ကို စောင့်ကြည့်နေတာ တွေ့ရသည်။

ʻʻအိုး ... အမြန်လုပ်ပါʼʼ



ʻʻအိုကေ ... အိုခေ ... စက္ကန့်လောက်ပဲ ထပ်စောင့်ပါʼʼ

ခါတိုင်း သူ တညောင်ညောင်အော်နေရုံသာ ကြားရမည်။ အခုတော့ လောတဲ့စကားတွေပါ လာပြောနေသည်။ ကြောင်တွေ လူလိုပြောတတ်တာဟာ သိပ်အဆင်မချောလှဘူးပဲ။

အင်္ကျီကို လောလောနဲ့ဆွဲချွတ်ပြီး ရေပန်းအောက်ကို အမြန်ဝင်ရသည်။ ခေါင်းလျှော်နေတုန်းမှာပဲ တစ်စုံတစ်ယောက်က ကျွန်တော့်ကို နောက်ကွယ်က ချောင်းမြောင်းကြည့်နေသလို ခံစားရသည်။ သရဲတစ်ကောင် ရှိနေသလိုမျိုးပဲ။ အဲ့လို စဉ်းစားလိုက်မိပြန်တော့ ကျောရိုးတစ်လျှောက် စိမ့်တက်သွားသည်။ ခေါင်းကို အမြန်လျှော်ပြီး ကြည့်လိုက်အခါမှာတော့ တံခါးကြားကနေ ʻမုန်လာထုပ်ʼ လေးက ချောင်းနေတာကိုးဗျ။

ʻʻသွားစို့ ...ʼʼ

မင်းက စတော့ကာ (လိုက်လံချောင်းမြောင်းတွယ်တပ်တက်သူ) လား မုန်လာထုပ်ရာ။ ကျွန်တော် အော်ထုတ်လိုက်ချင်သည်။ ဒါပေမဲ့ စိတ်ကို

ထိန်းထားရသည်။ တံခါးကို သေချာပြန်ပိတ်ပြီးတော့ အမြန်ရေဆက်ချိုး ရသည်။ အဝတ်အစား မြန်မြန်ဝတ်ပြီး ငှက်ပျောသီးတစ်လုံးကို နွားနို့တစ်ခွက် နှင့် မျှောချလိုက်ရသည်။

''ကျွန်တော် စိတ်မရှည်ဖြစ်နေပြီ။ တံခါး အမြန်ဖွင့်လိုက်ပါ။ ကျွန် တော် အပြင်ထွက်ဖို့ မျှော်လင့်နေပါတယ်''

'မုန်လာထုပ်'က တိုက်ခန်းတံခါးဝကို လက်သည်းနှင့် ကုတ်ခြစ်ရင်း ပြောသည်။

သာယာတဲ့နေ့လေး ဖြစ်သည်။ လမ်းလျှောက်ထွက်ဖို့ အလွန်ကောင်းတဲ့ ရာသီဥတုလေး ဖြစ်သည်။ 'မုန်လာထုပ်'ကတော့ ရှေ့ကနေ ပျော်ပျော်ရွှင်ရွှင် သွားနေသည်။ အမေက 'မုန်လာထုပ်' လေးကို လမ်းအမြဲခေါ်လျှောက်လေ့ ရှိသည်။ သူ့အနေနဲ့ အမေ့အကြောင်းကို ကျွန်တော့်ထက်တောင် သိချင် သိနေနိုင်သေးသည်။ နောက်ဆုံးတော့ ကျွန်တော် ဒီနေ့တစ်နေ့ကို 'မုန်လာ ထုပ်'လေးနဲ့အတူ သာသာယာယာကုန်ဆုံးဖို့ ဆုံးဖြတ်လိုက်တော့သည်။ ၁၀၇

'မုန်လာထုပ်'တစ်ကောင် ဘာကြောင့် အထက်တန်းလွှာက လူယဉ် ကျေးတစ်ယောက်လို စကားပြောနေပါလိမ့်လို့ ကျွန်တော် အမြဲအံ့သြခဲ့ ရသည်။ ယခုတွင် ရုတ်တရက် အဖြေပေါ်လာသည်။

ဒါက အမေ့စနက်ပဲ။

'မုန်လာထုပ်'ကောင် အိမ်ကို စရောက်တုန်းက အမေ TVက လာ တဲ့ အပိုင်းဆက် ဒရမ်မာကားတစ်ကားကို ကြည့်နေကျဖြစ်သည်။ အဲ့ဒီအခါ တုန်းက နာမည်ကြီး ရေပန်းစားလှတဲ့ ဇာတ်ကားအရှည်ကြီးကိုကြည့်ပြီး ချိန်မှာတော့ 'ဂျပန်အမျိုးကောင်းသားတိုင်းဟာ ဒီဇာတ်လိုက်လို ပြုမူနေ ထိုင်သင့်တယ်'ဆိုပြီး အမေ ပြောပါလေရော။

ဂျပန် အမျိုးကောင်းဆိုတာ ဘယ်လိုနေထိုင်ရမယ်ဆိုတဲ့ အမေ့ရဲ့ တစ်ကိုယ်တော် သတ်မှတ် 'ဟစ်ကြွေးသံ' က အဲ့ဒီ 1990 အစောပိုင်းက ခေတ်နောက်ကျနေပြီဖြစ်တဲ့ ဇာတ်လမ်းကျောရိုးက ထွက်ပေါ်လာခဲ့တယ်။

အမေက ဇာတ်လမ်းတွဲ အတူတူကြည့်ဖို့ခေါ်တိုင်း ကျွန်တော် ယဉ်ယဉ်ကျေးကျေးပဲ ငြင်းဆိုခဲ့သည်။

အမေကတော့ တစ်ယောက်တည်းလည်း 'မုန်လာထုပ်'လေးကို ပေါင်ပေါ်တင်ပြီး ကြည့်မြဲကြည့်သည်။ ဒီလိုစကားပြောတွေကို ဒီဇာတ်ကားတွေကပဲ 'မုန်လာထုပ်' တတ်မြောက်လာတာ ဖြစ်မည်။

'မုန်လာထုပ်'ပြောနေတဲ့ ဂျပန်စကား အသုံးအနှုန်းတွေက အမေ့ရဲ့ ပြောဟန်ဆိုဟန်နဲ့ ဇာတ်လမ်းတွဲတွေထဲက အသုံးအနှုန်းတွေ၊ ဟန်တွေ ရောထားတာ ဖြစ်နိုင်သည်။ ဆိုးဝါးပုံ့ကွာ၊ အဲ ... တစ်မျိုးတော့လည်း ချစ်စရာ ဖြစ်သည်။ သူပြောချင်သလို ပြောတတ်သလိုသာ ပြောပါပစေတော့။ သူ့အသံထွက်ဆန်းဆန်းတွေကို ပြင်ပေးမိဖို့ မကြိုးစားတော့ဘူးဟု တွေးမိလာသည်။

'မုန်လာထုပ်' က ရှိုးရှိုး လူသွားလမ်းထက် ပေါင်းပင်မြက်ပင်တွေပေါ်က ဖြတ်လျှောက်ရတာ ပိုကြိုက်ပုံရတယ်။ ပေါင်းမြက်တွေ အကြားမှာလည်း



တောရိုင်းပန်းကလေးတွေ ပွင့်နေကြသေးကိုး။ တယ်လီဖုန်း တိုင်တစ်တိုင်အောက်မှာတော့ အလေ့ကျပေါက်တဲ့ ဒုဓလီလိုမျိုး ပန်းပွင့်ဝါဝါလေးတွေကို တွေ့လိုက်ရသည်။ နွေဦးတောင် ရောက်တော့မည်ဖြစ်ကြောင်း သူတို့ကို မြင်မှ ကျွန်တော် သတိထားမိလာသည်။ မုန်လာထုပ်လေး ရောက်လာပြီး ပန်းတွေကို အနံ့ခံကြည့်သည်။

''ဒုဓလီတွေလေ ...''

ကျွန်တော် ပြောလိုက်တော့ 'မုန်လာထုပ်' ကျွန်တော့်ဘက် လှည့်လာသည်။

''ဒါတွေကို ပြောတာလားခင်ဗျာ''

''မင်းမသိဘူးလား''

''မသိပါဘူး ... ခင်ဗျာ''

''နွေဦးမှာပေါက်လေ့ရှိတဲ့ ပန်းတွေပေါ့''

''အော် ... သိပြီ''

လမ်းတလျှောက် တွေ့သမျှ မြင်သမျှ ပန်းတွေအနား ချဉ်းကပ်သွားလာရင်း 'မုန်လာထုပ်'က အဆက်မပြတ် မေးသည်။

''ဒါလေးတွေကို ဘယ်လိုခေါ်လဲဗျာ ... ဒါကရော ...''

လမ်းဘေးဝဲယာတလျှောက်မှာ မရေတွက်နိုင်အောင် အမျိုးအစားစုံလင်လှသော တောရိုင်းပန်းတွေ ပွင့်အာနေကြသည်။ 'မုန်လာထုပ်' ကတော့ အကုန်လုံးကို စပ်စုသိချင်နေသည်။ ဒါက 'ကဒူးပင်'၊ 'ပဲချဉ်ပေါင်ပင်'၊ 'ဒေစီပန်း'၊ 'ပူစီနံအနွယ်ဝင်ပန်း'၊ 'ဂန္ဓမာပန်း' စသည်ဖြင့် စုံအောင် ပြောပြရသည်။

တောရိုင်းပန်းလေးတွေဟာ တောင်လေရဲ့ ထိတွေ့ကျီစယ်မှုမှာ ယိမ်းနွဲ့လှုပ်ရှားနေကြသည်။ ရှင်သန်ဖို့နှင့် အစာရေစာ ချက်လုပ်မှုအတွက် နေရောင်အနည်းငယ်သာ ရရှိနေသော်လည်း နှစ်တစ်နှစ်ရဲ့ ယခုလို အချိန်ရောက်လျှင်တော့ အမြဲတာဝန်မပြတ်ဘဲ အစွမ်းကုန်ပွင့်လန်းပေးကြစမြဲ ဖြစ်သည်။ 
သူတို့ရဲ့ အမည်နာမတွေကို 'မုန်လာထုပ်' လာမေးတိုင်း အသေအချာ ပြန်စဉ်းစားယူနေရသည်။ တချို့ ပန်းနာမည်တွေကို စဉ်းစားကြည့်တဲ့အခါ ငယ်ဘဝရဲ့ အပိုင်းအစတွေကို ပြန်သတိရလာမိသည်။ ချန်ရစ်ခဲ့ရတဲ့ အချိန်တော်တော်များများကိုပေါ့။ ကျွန်တော် ငယ်ငယ်တုန်းက အမေနဲ့အတူ မကြာခဏ လမ်းလျှောက်ထွက်လေ့ရှိသည်။ ယခု 'မုန်လာထုပ်' လေးကဲ့သို့ပင် ကျွန်တော်လည်း လမ်းတစ်လျှောက် တွေ့ရသမျှကို အမေ့ကို တရစပ်မေးလေ့ရှိခဲ့သည်။ အမေဟာ သူ့ဘဝရဲ့ နေ့ရက် အတော်များများကို ကျွန်တော့်အနွံတာခံရင်း ဒီနောက် 'မုန်လာထုပ်'တို့ရဲ့ အနွံတာခံရင်း ကုန်ဆုံးစေခဲ့သည် ထင်သည်။

''မင်း ငယ်ငယ်ကလေ လမ်းလျှောက်ထွက်လို့ လမ်းမှာ ပန်းတစ်ပွင့်လေး တွေ့တာနဲ့ ထိုင်ပြီးစပ်စု၊ နောက်တစ်လှမ်း နှစ်လှမ်းလောက် လှမ်းလို့ နောက်ထပ် ပန်းတွေ့တာနဲ့ ဆော့ပြန်ရော။ ကလေးသေးသေးလေးတွေကို ထိန်းရတာ တကယ်မလွယ်တာဘဲ''

ကျွန်တော် သိတတ်လာတော့ အမေက ငယ်ဘဝအကြောင်း ပြောပြသည်။

''ဒါပေမဲ့ ... အဲ့တုန်းက အင်မတန်ပျော်စရာကောင်းတယ်''

အဝေးတစ်နေရာကို လှမ်းကြည့်ရင်း အတိတ်ကို အမေ တမ်းတနေတတ်ပြန်သေးသည်။

'မုန်လာထုပ်' နှင့် ကျွန်တော် တဖြည်းဖြည်းလမ်းလျှောက်လာရာ ပန်းခြံတည်ရာ တောင်ကုန်းထိပ်သို့ ရောက်လာသည်။

ပန်းခြံ၏ ရှုခင်းအကုန်ကို ဤနေရာမှ မြင်ရသည်။ ကျွန်တော်တို့ လျှောက်ခဲ့တဲ့ လမ်းနှင့် ဘေးဘီဝဲယာက အိမ်တွေ၊ ကြည်ပြာရောင်တောက်နေတဲ့ ပင်လယ်အထိ အလုံးစုံတွေ့မြင်နိုင်သည်။ ပန်းခြံက အတော်ကြီးမား ကျယ်ဝန်းပြီး ဒန်းတွေ၊ စီးလျှောတွေပါ ထည့်သွင်းဆောက်လုပ်ထားသည်။ မိခင်တွေနှင့်အတူ ဆော့ကစားနေသော ကလေးငယ်လေးများကို သဲအိမ်ဆောက်လုပ်ရာ သဲကန်ထဲတွင် တွေ့မြင်ရသည်။



မုန်လာထုပ်ကတော့ ပန်းခြံကို လှည့်ပတ်နေသည်။ ကလေးတချို့နှင့် ခဏဆော့လိုက်သေးသည်။ နောက်တော့ အဘိုးအိုနှစ်ယောက် စစ်တုရင်ထိုးနေရာ ခုံတန်းဆီကို ဦးတည်သွားတော့သည်။ 'ကျွန်ုပ်ရှေ့က ဖယ်ကြစမ်းပါ။ ကျွန်တော် ထိုင်မလို့' သူ ပြောသည်။ စကားပြောတတ်တဲ့ ကြောင်ကြောင့် အဘိုးအိုများ ရုတ်တရက် လန့်ဖျပ်သွားတော့မလားဟု ကျွန်တော် စိတ်ပူလိုက်ရသော်လည်း အဘိုးနှစ်ဦးမှာ ပြုံးရုံသာ ပြုံးကြသည်။ ဒီတော့မှ 'မုန်လာထုပ်'စကားပြောတာ နားလည်သူဟာ ကျွန်တော် တစ်ဦးတည်းမှန်း သိရသည်။

''မလုပ်နဲ့ ကောင်လေး ... လူတွေထိုင်နေတယ်''

ကျွန်တော် တားသည်။

သို့ရာတွင် မုန်လာထုပ်ကတော့ နည်းငယ်မျှပင် မမှုဘဲ စစ်တုရင်ခုံပေါ်သို့ ခုန်တက်သွားရာ စစ်တုရင်ရုပ်များ တစ်စစီ ပြန့်ကျဲကုန်၏။ အဘိုးအို

နှစ်ဦးမှာမူ ယခုလို အဖြစ်မျိုး တွေ့ကြုံနေကြဟန်နှင့် အနည်းငယ်မျှ စိတ်မဆိုးဘဲ ရယ်မောနေကြသည်။ နောက်တော့ သူတို့၏ ကစားပွဲကို ရပ်နား၍ ထွက်ခွာသွားကြသည်။

အဘိုးအိုနှစ်ဦးကို တောင်းပန်သည့်သဘောဖြင့် ကျွန်တော် ဦးညွတ်နှုတ်ဆက်လိုက်သည်။ 'မုန်လာထုပ်'ကတော့ ကျွန်တော့်ကို တစ်ချက်မျှ စောင်းကြည့်ကာ သစ်သားခုံတန်းပေါ်တွင် နေရာတကျဖြစ်အောင်ထိုင်လိုက်ပြီး သူ့လက်ဖဝါးများကို လျှာဖြင့် သပ်လျက်ရှိသည်။

သူ ဒီမှာ ခဏနားဦးမည်အထင်နှင့်ပင် ကျွန်တော်လည်း သူ့ဘေးနားဝင်ထိုင်ရင်း ပင်လယ်ပြင်ကြီးကိုသာ မျက်စိတစ်ဆုံး ငေးကြည့်မိသည်။ အလွန်တရာ ငြိမ်းအေးသာယာသော တစ်ခဏ ဖြစ်ပေသည်။ နောက်တော့ အကျင့်ပါနေသည့်အတိုင်း ပန်းခြံနာရီစင်ကြီးကို ကြည့်မိသည်။ တွေးထင်ထားသလိုပင် မည်သည့်နာရီမှ ချိတ်ဆွဲထားခြင်း ရှိမနေတော့ပြီ။ ဒီလိုလူတွေ အေးအေးလူလူ ရှိနေကြတာ နာရီမရှိတော့တာနဲ့ ဆိုင်လား၊ ဒါမှမဟုတ် အရင်ကလည်း ပန်းခြံထဲမှာ အေးအေးလူလူ နေ,နေကြလား၊ ကျွန်တော် မဖြေနိုင်ပါ။ ဒါပေမဲ့ ... နာရီတွေ ပျောက်ကွယ်သွားပြီဆိုတဲ့ အမှန်တရားကိုတော့ လက်ခံရပြီဖြစ်သည်။ ဒီခဏမှာပင် ကျွန်တော် ပေါ့ပါးလွတ်လပ်သွားသလို ခံစားမိသည်။

''လူတွေဟာ ထူးဆန်းတယ်''

သူ့ကိုယ်သူ သပ်ရပ်အောင် လျှာနဲ့လျက် သ,အပြီးမှာ 'မုန်လာထုပ်' ပြောလာတယ်။

''ဘာကြောင့်လဲ ...''

''ပန်းတွေကို ဘာလို့ နာမည်တွေပေးကြတာလဲ''

''သူတို့က အမျိုးအစားအများကြီး ရှိလို့ပေါ့၊ နာမည်တွေသာ မရှိရင် သူတို့ကို ဘယ်ခွဲခြားသိနိုင်မလဲ''

''အမျိုးအစားမတူတိုင်း တစ်ပွင့်ချင်းစီကို နာမည်လိုက်တပ်ရမယ်လို့ ဘယ်သူပြောလဲ၊ အားလုံးကို ပန်းလို့ပဲ ခေါ်လိုက်ရင်ရော မရဘူးလား''

သူ မှန်တယ်လို့ ကျွန်တော် ထင်သည်။ ဘာလို့ လူသားတွေဟာ ပန်းတွေကို နာမည်လိုက်ပေးသလဲ၊ ပန်းလို့ ခြုံပြောလိုက်လို့ ရနေတာပဲလေ။ ကျွန်တော်တို့တွေက ရှိသမျှအရာတိုင်းကို နာမည်လိုက်တပ်ကြတယ်။ အရောင်တွေမှာတောင် နာမည်ရှိတယ်။ လူတွေတိုင်းလည်း နာမည်ကိုယ်စီနှင့် ကျွန်တော်တို့ ဘာကြောင့် အမည်နာမတွေ လိုအပ်နေတာလဲ။

အချိန်တွေလိုပင် ဖြစ်မည်။ နေထွက်လာပြီး နေဝင်တယ်ဆိုတဲ့ သဘာဝဖြစ်စဉ်မှာ နှစ်တွေ၊ နာရီတွေကို ကိုယ်တိုင်ထွင်ပြီးထည့်လိုက်သလို ပဲပေါ့။ အရာရာတိုင်းကိုလည်း ကျွန်တော်တို့ နာမည်ပေးကြသည်။

'မုန်လာထုပ်' ရဲ့ ကမ္ဘာကတော့ ရှင်းသည်။ အချိန်တွေမရှိ၊ နာရီမရှိ ချိန်းဆိုမှုတွေ၊ အချိန်ဇယားတွေ မရှိသောကြောင့် နောက်ကျသည်၊ စောသည် လည်း မရှိပေ။ ပြီးတော့ လူတွေလို တစ်ယောက်ကိုတစ်ယောက် အသက် အပိုင်းအခြား (သို့) ကျောင်းပြီးတဲ့ ခုနှစ်တွေ လိုက်ပြီးခွဲခြားထားတာမျိုးလည်း မရှိ။ ထို့အပြင် အားလပ်ရက် အားလပ်ချိန်တာလည်း တကူးတက ထားနေ စရာ မလိုပေ။ သဘာဝတရားကြီးအပေါ် လိုက်၍နေကြသည်။ ပြီးတော့ ခန္ဓာ ကိုယ်ရဲ့ ဖြစ်စဉ်တွေအပေါ်မှာပဲ သက်ရောက်လုပ်ဆောင်ကြသည်။ ဥပမာ– ဗိုက်ဆာတယ်၊ အိပ်ချင်ပြီ စသည်ဖြင့်ပေါ့။

နာရီတွေ မရှိတော့ကတည်းက တွေးချင်ရာကို ကြိုက်သလောက် အချိန်ယူပြီး တွေးနိုင်သည်။ ဒီလိုဆိုတော့လည်း ကမ္ဘာကြီးပေါ်က ရှိသမျှ ဥပဒေစည်းမျဉ်းဆိုတာ လူသားတွေကပဲ ဖန်တီးထားခဲ့ဟန် တူသည်။ သေချာ အနီးကပ်ကြည့်လေ ကမ္ဘာကြီးအတွက် အကျိုးမပြုကြောင်း တွေ့ရတဲ့ စည်း မျဉ်း ဥပဒေသတွေပေါ့။ ကျွန်တော်တို့ဟာ တစ်ခုနဲ့တစ်ခု၊ တစ်ယောက်နဲ့ တစ်ယောက် နှိုင်းယှဉ်တိုင်းတာဖို့ အတော်ကြိုးပမ်းခဲ့ကြသည်ကိုး။ ဥပမာ– တူညီတာတို့၊ အပူချိန်တိုင်းတာစက်တို့၊ အလင်းပြန်တုံးတို့ အားလုံးက လူသား တွေ တီထွင်ထားတဲ့ အရာတွေချည်းပဲ။ ယေဘုယျအားဖြင့် လူသားတွေဟာ သူတို့ စိတ်ကူးမိသမျှ အရာအားလုံးကို တံဆိပ်ခတ်ပလိုက်တာပါပဲ။ တခြား

သော သတ္တဝါတွေရဲ့ ကမ္ဘာမှာတော့ နာရီတွေ၊ စက္ကန့်တွေဟာ အသုံးမဝင်ပေ။ အနီ၊ အဝါ၊ အပြာ စသော အရောင်တွေလည်း မခွဲထား။ အပူချိန်ဆိုတာ တိုင်းတာ၍ ရကောင်းတောင် မသိ။ တခြားတစ်ဖက်က ကြည့်ပြန်ရင်လည်း အကယ်၍သာ အဝါတွေ၊ အပြာတွေစတဲ့ အရောင်တွေသာ မကွဲပြားခဲ့ဖူးဆိုရင် ဒုဓလီပန်းတွေက လှသလား (ဒါမှမဟုတ်) နှင်းဆီတွေက လှပသလားဆိုတာ ဘယ်သူမှသိနိုင်တော့မည် မဟုတ်ပေ။

''ဒါနဲ့ ကောင်လေးရေ ... အမေနဲ့ အတူတူ မင်း လမ်းလျှောက်ခဲ့ရတာ အတော်ပျော်ဖို့ကောင်းခဲ့မယ်နော်''

''ဘယ်လို''

''မင်းကို အမေက အရမ်းချစ်တာကွ၊ သူ မင်းကို အချိန်အတော်ပေး ခဲ့တာ''

''အမေလို့ ပြောလိုက်သလား ခင်ဗျာ''

''ငါ့အမေလေ ... မင်းအမေဆိုရင်လည်း မှားမယ်မထင်ပါဘူး ကွာ''

''ခင်ဗျာ 'အမေ' လို့ ပြောနေတာ ဘယ်သူ့ကို ရည်ညွှန်းနေတာလဲ ခင်ဗျာ''

ကျွန်တော် ဆွံ့အ မှင်သက်သွားသည်။

မုန်လာထုပ်လေးက အမေနှင့် ပတ်သက်၍ လုံးဝမေ့သွားပြီလား။ ဖြစ် တော့ မဖြစ်နိုင်ဘူးဟု ထင်သည်။ သို့သော် သူကိုယ်တိုင် အမေ့ကို မမေ့ မေ့အောင် ကြိုးစားနေလိုက်တာလည်း ဖြစ်နိုင်သည်။

'မုန်လာထုပ်'ကို ကယ်လာတဲ့နေ့တုန်းက အမေ့မျက်နှာကို သတိရ သည်။ သူမကို ကြည့်ရတာ အတော်ဝမ်းနည်းနေသလို တစ်ဖက်ကလည်း ပျော်နေပုံရသည်။ သူ့ကို ပေါင်ပေါ်တင်ပြီး အမေ တီဗွီကြည့်လေ့ ရှိသည်။ ပြီးတော့ ကြောင်လေးကို အိပ်မပျော်မချင်း ပွတ်သပ်ပေးပြီး အိပ်မောကျသွားမှ ဆိုဖာပေါ် အသာအယာချပေးသည်။ ဒီလိုအချိန်ဆို အမေဟာ အရမ်းငြင်သာပြီး ငြိမ်းအေးသည်။

''မင်း အမေ့ကို တကယ်မမှတ်မိဘူးလား''

''ဆရာ ဘယ်သူ့ကို ဆိုလိုတာလဲ''

'မုန်လာထုပ်'သည် ကျွန်တော်ပြောသည့်ကိစ္စနှင့် ပတ်သက်ပြီး စိတ်ရှုပ်နေဟန် ရှိသည်။ အမေ့ကို သူ တကယ်မေ့သွားပြီထင်သည်။ ကျွန်တော် ရုတ်တရက်ကြီး ဝမ်းနည်းလာသည်။ ကျွန်တော် ယုံကြည်ထားတာက အိမ်မွေးတိရစ္ဆာန်တွေက သူတို့ရဲ့ သခင်တွေကို ဘယ်တော့မှ မမေ့ဘူးလို့လေ။ ဟာချီကိုလေးဆို သခင် အိမ်အပြန်ကို ရထားဘူတာမှာ နှစ်ပေါင်းများစွာ စောင့်နေခဲ့သည်လေ။ သူ့သခင် ဆုံးပါးခဲ့တာကို မသိဘဲနှင့်ပေါ့။

ဒါပေမဲ့ ဒါက လူသားတွေ ဖြစ်စေချင်တဲ့ အတွေးပဲ မဖြစ်နေနိုင်ဘူးလား။ 'မုန်လာထုပ်'က ကျွန်တော့်ကိုရော မကြာခင်မှာ မေ့ပစ်တော့မှာလား။ 'မုန်လာထုပ်'ရဲ့ ကမ္ဘာလေးထဲက ကျွန်တော် ပျောက်ကွယ်သွားမယ့်နေ့က ရောက်လာတော့မှာလား''

၁၁၄

ကျွန်တော် နေလာတဲ့ ဘဝတစ်လျှောက်လုံးမှာ တစ်ခါမှ မစဉ်းစားခဲ့ဖူးတဲ့ အရာတွေက အခုအချိန်မှာ အရေးကြီးလာကြတယ်။ 'မုန်လာထုပ်' နဲ့ နောက်ထပ်ဘယ်နကြိမ်လောက် အတူလမ်းလျှောက်နိုင်မှာလဲ။ ကျွန်တော် အကြိုက်ဆုံးသီချင်းကို ဘယ်နခါလောက်ပဲ နားဆင်နိုင်တော့မလဲ။ ကျွန်တော့်မှာ အချိန်ဘယ်လောက် ကျန်နေဦးမလဲ။ ကော်ဖီတစ်ခွက်သောက်ဖို့၊ နေ့လယ်စာ ကောင်းကောင်းတစ်နပ်စားဖို့၊ နောက်ထပ် နှုတ်ခွန်းဆက်ရမယ့် မနက်ခင်းတွေ ဘယ်လောက်များ ကျန်နေသေးလဲ။

ဘဝဆိုတာ ဒီလိုအဆုံးသတ်ဖို့ပဲလို့ ကျွန်တော် တစ်ခါမှ မတွေးခဲ့ဖူးပေ။ အယုတ်စွဆုံး အမေ ဆေးရုံတက်ရတုန်းကတောင် မစဉ်းစားခဲ့။ အကယ်၍သာ တစ်နေ့မှာ မဖြစ်မနေ အဆုံးသတ်ရမယ်ဆိုတာ ဒီထက် ကြိုသတိထားမိခဲ့ရင် အမေနဲ့အတူနေစဉ်က အချိန်တိုင်းကို တန်ဖိုးထားမိမည်ဖြစ်သည်။ ဒါပေမဲ့ ဒီလိုအကြောင်းတွေ ကျွန်တော် မသိရသေးခင်မှာပဲ အမေဆုံးပါးသွားခဲ့သည်။

အနှစ် ၃၀ အတွင်းမှာ အကျိုးရှိတာ တစ်ခုလောက်ဖြစ်ဖြစ် ကျွန်တော် လုပ်ခဲ့ဖူးသလား၊ ကျွန်တော် ချစ်တဲ့လူတွေကို အချိန်ပေးဖူးခဲ့လား။ ကျွန်တော် ပြောသင့်ပြောထိုက်တဲ့ စကားအကုန်ကို ထုတ်ပြောမိခဲ့ရဲ့လား။

ကျွန်တော့်မှာ ဖုန်းဆက်စရာ အမေရှိခဲ့တုန်းက အမေ့ဆီ ဆက်သွယ်ရမယ့်အစား လတ်တလော ဖြစ်နေတဲ့အရာတွေနဲ့ အရေးမပါလှတဲ့ ကိစ္စတွေအတွက် အမေ့ကို အမြဲလိုလို မေ့နေခဲ့မိသည်။ အဲ့ဒီအချိန်တုန်းက ဘယ်အရာက ကျွန်တော့်အတွက် အရေးပါလဲဆိုတာ သိခဲ့ရင် ကျွန်တော့်ရဲ့အချိန်တွေကို ဒီဘာမှမဟုတ်တဲ့ ကိစ္စရပ်တွေနဲ့ သူစိမ်းတွေအတွက် ဖြုန်းတီးခဲ့မည် မဟုတ်ပေ။ အခုတော့ အလွန်ဝမ်းနည်းဖို့ကောင်းစွာပင် ထိုအခိုက်အတန့်တွေကို ကျွန်တော် ဆုံးရှုံးခဲ့ရပေပြီ။

ကျွန်တော် အတွေးလွန်တုန်းမှာပင် 'မုန်လာထုပ်' ကတော့ ခုံတန်းပေါ်မှာ ကွေးကွေးလေး အိပ်ပျော်သွားလေပြီ။ သူ့ရဲ့ အနက်နဲ့ ခဲစပ်ကြား အမွေးပွခန္ဓာကိုယ်ထဲကို အဖြူရောင်ခြေထောက်လေးချောင်းကို ကွေးထည့်ပြီးနေပုံမှာ ဝိုင်းဝိုင်းလုံးလုံး ခေါင်းအုံးဖောင်းဖောင်းလေးနှင့် တူနေသည်။ ကျွန်တော် သူ့ကို ပွတ်သပ်ပေးတဲ့အခါ နလုံးခုန်နှုန်း သေးသေးလေးကို ခံစားမိသည်။ ဒီလိုအကောင်သေးသေးလေး နစ်နစ်မြိုက်မြိုက် အိပ်မောကျနေချိန်မှာတောင် ဘဝရှင်သန်ရေးအတွက် နလုံးသွေးတွေ လှည့်ပတ်စီးဆင်းနေစေတာ အံ့သြစရာပင် ဖြစ်သည်။

သွေးနွေး သတ္တဝါတွေရဲ့ နလုံးဟာ သူတို့သက်တမ်းတလျှောက်မှာ အကြိမ်ပေါင်း ၂ ဘီလီယံလောက် ခုန်နေရတယ်လို့ ကျွန်တော် ဖတ်ဖူးသည်။ ဆင်တစ်ကောင်ကို နှစ် ၅၀ လောက်၊ မြင်းတွေအတွက်ဆို နှစ် ၂၀၊ ကြောင်တစ်ကောင်အတွက် ၁၀ နှစ်၊ ကြွက်ရဲ့သက်တမ်းဆို ၂ နှစ်အတွင်းမှာပေါ့။

ဘဝသက်တမ်းတွေ ဘယ်လောက်ပဲ မတူညီစေဦးတော့ သူတို့ရဲ့ နလုံးတွေဟာ အကြိမ် ၂ ဘီလီယံစီ တူညီစွာခုန်နေရပေမည်။ လူသားတစ်ယောက်ရဲ့ ယေဘုယျသက်တမ်းက အနှစ် ၇၀ လို့ သတ်မှတ်ကြသည်။

ဒီလိုဆို ကျွန်တော့်နလုံးဟာ ၂ ဘီလီယံ ပြည့်အောင် ခုန်နေခွင့်ရှိပါ့မလား။

အရင်ကတော့ ကျွန်တော့်မှာ မရေမတွက်နိုင်တဲ့ နေရက်တွေကို ရင်ဆိုင်ရဦးမယ်လို့ တွေးခဲ့ဖူးတယ်။ အခုကျတော့လည်း သေရတော့မယ့်တဲ့။ မဝေးတော့တဲ့ အနာဂတ်မှာ ကမ္ဘည်းကျောက်တိုင်က စောင့်ကြိုနေပြီလို့ပဲ ခံစားနေရတော့သည်။

ဘယ်လောက်သနားစရာ ကောင်းလိုက်လဲ။ ဘဝ အစတုန်းကတော့ အနာဂတ်ဆိုတာ မျှော်ကြည့်ရင်း ကြိုးစားခဲ့ဖူးတယ်။ အခုတော့လည်း အနာဂတ်ဆိုတာ မရှိတော့ဘူးတဲ့။

ကျွန်တော် မသေချင်သေးဘူး။ ဆက်ပြီး အသက်ရှင်နေချင်သေးတယ်။

မနက်ဖြန်ကျရင် တစ်စုံတစ်ခုကို ကမ္ဘာပေါ်က ပျောက်ကွယ်အောင် လုပ်ရဦးမယ်။

ဘယ်လိုပြောရမလဲ ... ကျွန်တော် အနာဂတ်မှာ မရှိတော့မယ့် တစ်စုံတစ်ခု ကွယ်ပျောက်သွားတဲ့အခါ ကျွန်တော့်ထက် အသက်ရှင်ခွင့်ရမည်။

'မုန်လာထုပ်' အိပ်ပျော်နေဆဲ ဖြစ်သည်။

နေစောင်းလာသည်နှင့်အမျှ ပန်းခြံထဲတွင်လည်း ကလေးများ မရှိသလောက် ရှင်းနေပြီဖြစ်သည်။ နောက်ဆုံးတော့ 'မုန်လာထုပ်' နိုးလာသည်။ သူ အကြီးအကျယ်သမ်း၍ အညောင်းဆန့်သည်။ ပြီးတော့ ကျွန်တော့်ကို ပျင်းရိစွာ စောင်းငဲ့ကြည့်သည်။

''ပြန်သင့်ပြီ မဟုတ်လား ... ခင်ဗျာ''

အိမ်မှုန်စုန်မွှား ဖြစ်နေဆဲမှာပင် 'မုန်လာထုပ်' သူ ပြောနေကျအတိုင်း နိမ့်ချစွာပြောသည်။ ခုံတန်းပေါ်မှ ခုန်ဆင်းသွားကာ သူ့ရဲ့ ကြွရွသော ခြေလှမ်းဟန်များနှင့် ကျွန်တော့်ရှေ့မှ အေးအေးသာသာ ထွက်ခွာနှင့်လေသည်။

'မုန်လာထုပ်'က ဘူတာရုံသို့ ဦးတည်ရာ လမ်းအတိုင်း လျှောက်သွားလေသည်။ ဈေးဆိုင်တန်းတွေကို ကျော်ဖြတ်လာပြီးနောက်မှာ ခေါက်ဆွဲဆိုင်တစ်ဆိုင်ရှေ့အရောက်တွင် ရပ်တန့်ကာ ကျယ်ကျယ်လောလောင် အသံပြုလိုက်သည်။ ထိုအခါ ဆိုင်ရှင်မှ ခေါက်ဆွဲနှင့် တွဲဖက်တည်ခင်းလေ့ရှိသော ပင်လယ်ငါးအလွှာအကျန် လက်တစ်ဆုပ်စာနှင့် ထွက်လာလေသည်။ အောင်သေအောင်သား စားရသကဲ့သို့ပင် 'မုန်လာထုပ်' သည် သူ့အစာကို စားသောက်ကြွေးကြော်ပြီးနောက် ဆက်လက်ထွက်ခွာသွားသည်။ ဒီလို သူပြမှုပုံမျိုးဟာဆိုရင် ဘယ်သူက သခင်၊ ဘယ်သူက အိမ်မွေးတိရစ္ဆာန် ဖြစ်ကြောင်းပင် ခွဲခြားရခက်ပေသည်။

ဒီအဖြစ်အပျက်ကို ကြည့်ခြင်းအားဖြင့် 'မုန်လာထုပ်' သည် ဒီဈေးထဲတွင် နာမည်ကြီးပုံ ရသည်။ သူ ဘယ်ကိုသွားသွား လူတွေက မှတ်မိပုံနှင့် နှုတ်ဆက်ကြသည်။ ဒီလိုဆိုတော့ ကျွန်တော်က အဆင့်အတန်းမြင့်မြင့် စကားပြောတတ်တဲ့ကြောင်ရဲ့ အထိန်းတော်လိုလို ဘာလိုလိုလောက်သာ ဖြစ်ဟန်တူသည်။ အေးလေ ... အကောင်းဖက်က လှည့်တွေးတော့လည်း 'မုန်လာထုပ်'ရဲ့ ကျော်ကြားမှုကို အမှီပြုပြီး ကျွန်တော် ဟင်းသီးဟင်းရွက်၊ ငါးနှင့် တခြားလိုအပ်သမျှကို လျှော့ဈေးနှင့် ရကောင်းရနိုင်သည်။ 'ကြောင်ကုပွန်'ဆိုတဲ့ အရာမျိုးကို ဘယ်သူမှတော့ တွေးမိဖူးမည် မထင်ပေ။

''အခုကစပြီး ငါ ဈေးသွားရင် မင်းပါ လိုက်ခဲ့ပေတော့'' ဈေးဝယ်အိတ်များကို လက်နှစ်ဖက်နှင့် သယ်လာရင်း 'မုန်လာထုပ်'ကို ပြောလိုက်သည်။

''ကောင်းပြီ ... ဒါက အဆင်ပြေလွန်းတာပါ။ အခုဆို ကျွန်တော် စားချင်တာ ခင်ဗျား ချက်ကျွေးနိုင်ပြီ''

''ငါ့ အမြဲ မင်းကြိုက်တာ ကျွေးနေတာပဲလေ။ 'Neko- Manma' ဆိုလည်း မင်း ကြိုက်တာပဲမလား ...''

မုန်လာထုပ်က ကျွန်တော့်ကိုကျော်ပြီး ခပ်လှမ်းလှမ်းလောက်က သွား နေရာမှ ရုတ်တရက် ရပ်လိုက်သည်။

''ဘာဖြစ်တာလဲ ...''

မုန်လာထုပ် ဒေါသထွက်နေပုံ ရသည်။

''အဲဒီ 'Neko-Manma' ဆိုတာတွေနဲ့ပတ်သက်ပြီး ကျွန်တော် ပြော ချင်တာကြာပြီ''

''ဘာလဲ ... ပြောလေ''

''Neko-Manma ဆိုတာ ဘာပစ္စည်းလဲ ...''

''ဟမ် ...''

''အဲဒါက လူတွေမစားတဲ့ လွှင့်ပစ်ရမယ့် အမျိုးအမည်မသိ အစာ တွေကို ဟင်းခတ်မှုန့်မျိုးစုံနဲ့ ရောနှောထားပြီး နာမည်လှလှလေးတပ်ထားတဲ့ အစာပဲ''



'မုန်လာထုပ်'က အင်မတန်စိတ်ဆိုးပေါက်ကွဲလာဟန်နှင့် တိုတိုပြတ် ပြတ် ပြောသည်။ ထို့နောက် အနီးနားရှိ တယ်လီဖုန်းတိုင်တစ်တိုင်ဆီသို့ လျှောက်သွားပြီး သူ့ လက်သည်းများကို သွေးနေလေတော့သည်။

ဒီအတောအတွင်း ကျွန်တော် သူ့ကို အစာအနေဖြင့် ဤလိုအစာမျိုး ကို ကျွေးခဲ့တိုင်း သူ ဘယ်လောက်မုန်းတီး စိတ်တိုနေမလဲဆိုတာ ကျွန် တော် သတိမထားမိခဲ့။ တိုက်ခန်းသေးသေးလေးထဲမှာ အတူနေရင်းနှင့်ပင် ကျွန်တော်တို့ ဝေးကွာနေခဲ့ပေသည်။

ကျွန်တော်တို့ ဈေးမှ အိမ်သို့ပြန်ရောက်သောအခါ 'မုန်လာထုပ်' အကြိုက် ငါးကင်စားကြသည်။ ထို့နောက် နစ်ယောက်သား သက်သောင့် သက်သာနေကာ အနားယူကြသည်။

''မုန်လာထုပ် ...''

''ဘာလဲခင်ဗျာ ...''

''အမေ့ကို တကယ်မသိတော့တာလား''

''ဘာမှမမှတ်မိဘူး ခင်ဗျာ ...''

''ဝမ်းနည်းစရာပဲ''

''ဘာလို့ကြောင့်လဲ ခင်ဗျာ ...''

'မုန်လာထုပ်'ကို ဘယ်လိုရှင်းပြရမလဲ ကျွန်တော် မသိပေ။ အမေ့ကို မေ့သွားတဲ့အပေါ်လည်း သူ့ကို အပြစ်မတင်ရက်။ ဒါပေမဲ့ အမေနဲ့ သူနဲ့ အတူနေခဲ့တဲ့ အကြောင်းတွေကိုတော့ သူ့ကို မှတ်မိစေချင်သည်။ အမှန်တရားဆိုတာ ငြင်းပယ်ဖို့ ရကောင်းတဲ့အရာမျိုး မဟုတ်ပေ။

ကျွန်တော် အဝတ်ဗီရိုအပေါ်ထပ်မှာ တင်ထားတဲ့ ကတ်ထူဘူးအဟောင်းလေးကို ဆွဲယူချလိုက်သည်။ ကတ်ထူဘူးအဟောင်းလေးထဲမှာ ဖုန်တက်နေသော နီညိုရောင်ဓာတ်ပုံအယ်လ်ဘမ်လေး ရှိသည်။ ကျွန်တော် 'မုန်လာထုပ်' ကို ပြချင်လို့ ယူလိုက်တာဖြစ်သည်။

ဓာတ်ပုံအယ်ဘမ်ကို တစ်ရွက်ချင်းလှန်ပြီး ဓာတ်ပုံတစ်ပုံချင်းစီ အကြောင်းကို သူ့ကို ပြောပြသည်။

ကျွန်တော် သူ့ကို ဓာတ်ပုံတစ်ပုံကိုပြသည်။ ဤဓာတ်ပုံထဲတွင် အမေက ဟောင်းနွမ်းနေတဲ့ လှုပ်ကုလားထိုင်အိုကြီးပေါ်တွင် ထိုင်လျက်ရှိပြီး သူ့ကို ပေါင်ပေါ်တင်ထားသည်။ အဲဒီကြောင်လေးက မင်းပဲ 'မုန်လာထုပ်'။ မင်း အမြဲ အမေ့ပေါ် တက်ထိုင်လေ့ရှိတယ်။ ဒီဘေးနားက ချည်ခင်လုံးလေးက မင်း ကြိုက်တဲ့ကစားစရာတစ်ခုပဲ။ ပြီးတော့ ကုလားထိုင်အောက်က ခင်းထားတဲ့ ဂွမ်းစောင်ဟောင်းက မင်း အရင်ကအိပ်နေကျပဲ။ အမေ့ကို မင်း ပြန်အာခဲ့တာ ငါ မှတ်မိသေးတယ်ကွ။ ဟောဒါကတော့ မင်း အကြိုက်ဆုံး အစိမ်းရောင် တဘက်လေး။ အမေ သိပ်ကြိုက်တဲ့တာ၊ ဒါပေမဲ့ မင်းကို ပေးလိုက်ရတယ်။ ဒီနားက စန္ဒရားအရုပ် သေးသေးလေးက မင်းကို ခရစ်စမတ် လက်ဆောင်အနေနဲ့ အမေ ဝယ်ပေးတာ။ ဒီမှာကြည့် မင်း စန္ဒရားတီးနေတဲ့ပုံ။ မင်းက အတော်အဆော့ကြမ်းတယ်ကွ။ ပြီးတော့ ဒီမှာကြည့်ဦး၊ ခရစ်စမတ် သစ်ပင်နဲ့ ရိုက်ထားတာ။ နှစ်တိုင်း အမေက ခရစ်စမတ်သစ်ပင်ကို အလှ

၁၁၉

ဆင်ရင် အတော်ပျော်တာပဲ။ အကုန်ပြင်ဆင်ပြီးလို့မှ မဆုံးခင် မင်းက တက်ဖွ ပလိုက်ပါလေရောလား။ အမေ့မှာ ပင်ပင်ပန်းပန်း ပြန်လုပ်ရတယ်။ အိုး ... ဒီမှာသက်သေ၊ ခရစ်စမတ်ပင်ပေါ်ကနေ မင်း ခုန်ချလာတဲ့ ဓာတ်ပုံ။ မင်းက တကယ့်အရှုပ်ထုပ်ပဲ။ ဒါပေမဲ့ ဒီဓာတ်ပုံတိုင်းမှာတော့ မင်းနဲ့အတူ အမေက ပျော်ရွှင်နေတယ်။

ကျွန်တော်တို့ ဓာတ်ပုံအယ်လ်ဘမ်တွေကို တစ်ခုပြီးတစ်ခု ကြည့်ကြတယ်။ 'ဂေါ်ဖီထုပ်' လေး ရောက်လာတဲ့ မိုးသည်းတဲ့နေ့အကြောင်းရော၊ သူ ဘယ်လိုဆုံးပါးသွားခဲ့လဲဆိုတာရော၊ အမေ ဝမ်းနည်းခဲ့ရတဲ့ နေ့ရက်တွေ အကုန်ထိပေါ့။ နောက်တော့ အမေနဲ့ 'မုန်လာထုပ်'တို့ရဲ့ တွေ့ဆုံခန်း၊ ပြီးတော့ အတူတကွ ပျော်ရွှင်စွာ နေခဲ့တာတွေ။ ဒီနောက် အမေ ကျန်းမာရေး မကောင်းတော့တဲ့ အကြောင်းတွေအထိ သူ့ကို ကျွန်တော် ပြောပြနေခဲ့သည်။ 'မုန်လာထုပ်' ကတော့ ငြိမ်သက်စွာထိုင်ကာ ကျွန်တော် ပြောသမျှ



ကို ဂရုတစိုက် နားထောင်နေ၏။

ဒါပေမဲ့ တစ်ခုတလေများ သူ မှတ်မိပြီလားဟု ကျွန်တော် အကဲခတ်ကြည့်သောအခါများတွင် သူ့ပုံက အရာအားလုံး အစိမ်းသက်သက်ဖြစ်နေဆဲသို့ပင် ရှိသည်။ ထို့နောက် ရုတ်တရက် ဓာတ်ပုံတစ်ပုံကိုတွေ့ပြီး သူ စိတ်ဝင်စားသွားခဲ့သည်။

လှပတဲ့ ကမ်းခြေတစ်နေရာမှာ မနက်စောစောလောက်က ရိုက်ထားခဲ့သော ပုံတစ်ပုံဖြစ်သည်။ ဤပုံထဲတွင် ကျွန်တော်က 'Yukata' (နွေရာသီ ကီမိုနိုအင်္ကျီ) ကို ဝတ်ဆင်ထားသည်။ အဖေနှင့် ကျွန်တော်က အမေ့ထိုင်နေတဲ့ ပိုးချဲ (ဘီးတပ်ကုလားထိုင်)ရဲ့ တစ်ဖက်တစ်ချက်မှာ ဖြစ်သည်။ မုန်လာထုပ်ကမူ ထုံးစံအတိုင်း အမေ့ပေါင်ပေါ်မှာ ဖြစ်သည်။ အဖေရော ကျွန်တော်ပါ ရှက်ကိုးရှက်ကန်းနှင့် ရယ်ပြုံးနေကြသည်။ ဒီလို ပြုံးရယ်နေကြတာမျိုးကို မြင်တွေ့နေကြမဟုတ်သည့်အတွက် ကျွန်တော် မျက်တောင်မခတ်ဘဲ ကြည့်နေမိသည်။

''ဘယ်သူလဲဟင် ...''

'မုန်လာထုပ်'က စိတ်ဝင်တစား မေးလာသည်။ ဒါက အဖေ့ပုံပါတဲ့ ပထမဆုံးဓာတ်ပုံလည်းဖြစ်သည်။

''ငါ့အဖေပါ ...''

အဖေ့အကြောင်းကို သိပ်မပြောလို၍ တိုတိုပြတ်ပြတ်ပင် ကျွန်တော် အဖြေပေးလိုက်သည်။

''ဘယ်နေရာမှာ ရိုက်ထားတာလဲ ...''

''ရေပူစမ်းကို အတူသွားလည်တုန်းကပုံ ထင်တယ်''

ဓာတ်ပုံပေါ်က ရက်စွဲကို ကြည့်လိုက်သောအခါ အမေ မဆုံးခင် တစ်ပတ်အလိုက ဖြစ်သည်။

''အမေ ဆေးရုံတက်ရတုန်းက ကိုယ့်ဘာကိုယ်တောင် မသယ်နိုင်တော့တဲ့ အခြေအနေမှာ ရုတ်တရက်ကြီး ရေပူစမ်းသွားချင်တယ် ပြောတာပဲ''

''ဘာလို့လဲ ...''

''အမှတ်တရကောင်းတစ်ခုလောက် ချန်ခဲ့ချင်လို့ နေမှာပေါ့။ အမေက ပုံမှန်ဆို ခရီးသိပ်ထွက်တာ မဟုတ်ဘူး''

'မုန်လာထုပ်'က ဓာတ်ပုံကို အသေအချာ စိုက်ကြည့်နေသည်။

''တစ်ခုခုကို သတိရလာလို့လား ...''

''ထင် ... ထင်တာပါပဲ။ ကျွန်တော် ထူးထူးခြားခြား ခံစားမိနေတယ်''

'မုန်လာထုပ်' ကြည့်ရတာ တစ်စိတ်တစ်ဒေသလောက်တော့ ပြန်သတိရလာပုံရသည်။ ကျွန်တော်လည်း တတ်နိုင်သမျှ သူ ပြန်မှတ်မိလာစေရန် ဓာတ်ပုံတွေကို ဆက်ပြရင်း ဖြစ်ခဲ့သမျှ အကြောင်းအရာတွေကို ရှင်းပြနေခဲ့သည်။

လွန်ခဲ့တဲ့ လေးနှစ်အကြာက ...

အမေ့ရောဂါအခြေအနေ အလွန်ဆိုးလာသည်။ နေ့စဉ် ရက်ဆက် ဆိုသလို နာကျင်မှုကြောင့် ညည်းတွားနေရသည်။ သူမ ကောင်းကောင်းလည်း မအိပ်နိုင်ပေ။ ဒါပေမဲ့ တစ်မနက်ခင်းမှာတော့ ထူးထူးခြားခြား ကျွန်တော့်ကို ခေါ်သည်။ သူ ရေပူစမ်းတစ်ခုခုကို သွားချင်သည်။ အထူးသဖြင့် ပင်လယ်ကို မြင်နိုင်တဲ့ တစ်နေရာရာက ရေပူစမ်းကို သွားလိုသည်ဟု ပြောလာသည်။

သူမ ယခုလို ရုတ်တရက် တောင်းဆိုလာမှုအပေါ် ကျွန်တော် ဇဝေဇဝါ ဖြစ်သွားခဲ့သည်။ ထို့ကြောင့်ပင် အမေ ခရီးထွက်ချင်တာ သေချာရဲ့လားဟု အကြိမ်ကြိမ်မေးရသည်။ ဒီလို အထူးတလည် တောင်းဆိုတာမျိုး အမေက တစ်ခါမျှပင် မလုပ်ခဲ့ဖူး၍ ကျွန်တော် အံ့ဩခဲ့ရသည်။

တစ်ရက်၊ နှစ်ရက်လောက် အမေ့ကို အပြင်ခေါ်ထုတ်ဖို့အရေးကို ဆရာဝန်တွေနှင့် ကျွန်တော် တိုင်ပင်ခဲ့သည်။ ဒီနောက် အမေက သူမရဲ့ အစီအစဉ်ကို ထုတ်ဖော်ပြောကြားခဲ့လေသည်။

''တစ်မိသားစုလုံးနဲ့ ခရီးအတူထွက်ချင်တယ်။ မင်းနဲ့ မင်းအဖေရော၊ မုန်လာထုပ်လေးပါ ခေါ်ခဲ့''

မိသားစုအတူတူရှိနေဖို့ကို သူမ သိပ်အလေးထားခဲ့သည်။

အမေ မမာမကျန်းဖြစ်နေစဉ်တစ်လျှောက်လုံး အမေ့ကျန်းမာရေး အကြောင်းမှလွဲ၍ အဖေနှင့် ကျွန်တော် စကားမပြောဖြစ်ခဲ့ကြပါ။ မျက်နှာ ချင်းဆိုင်တောင် သေချာမဆုံမိခဲ့ကြပေ။ ဒီနှစ်တွေထဲမှာ ကျွန်တော်တို့ သားအဖ ဆက်ဆံရေးက သိပ်မပြေလည်လှ။ အဖေနှင့်အတူ ခရီးထွက်ရမည်ဆို တော့ ကျွန်တော် ကသိကအောက်နိုင်စွာဖြင့် ငြင်းပယ်လိုလှသည်။ သို့ရာတွင် ဤခရီးစဉ်သည် အမေ့ရဲ့ နောက်ဆုံးခရီးစဉ် ဖြစ်သွားနိုင်သောကြောင့်ပင် အဖေ့ကို အပါခေါ်ရန် ကျွန်တော် ကတိပေးခဲ့သည်။

''ရှုးပဲ့ကွာ ...''

ခရီးအကြောင်းကြားရသောအခါ အဖေ့ တုံ့ပြန်မှုက ဒါအကုန်ပဲဖြစ်သည်။ အဖေနှင့် စကားပြောရတာ စိတ်ကျဉ်းကျပ်၍ ကသိကအောက်နိုင်လှသော်လည်း ခရီးစဉ်တွင် အဖေပါလိုက်ရန် သဘောတူညီချက်ရအောင် ကြိုးစားခဲ့သည်။

ဤခရီးသည် အမေ့ရဲ့ နောက်ဆုံးခရီးသွားရခြင်း ဖြစ်ခဲ့သည်။ ထို့အပြင် အမေနဲ့အတူ နီးနီးကပ်ကပ်နေခဲ့သော ပထမဆုံးခရီးစဉ်လည်း ဖြစ်သည်။ ကမ်းရိုးတန်းပေါ်မှာ တည်ရှိတဲ့ ရေပူစမ်းတစ်ခုဆီသို့ရောက်အောင် သုံးနာရီနီးပါး ကျွန်တော်တို့ ရထားစီးခဲ့ကြရသည်။ ကမ်းခြေမှာ မျက်စိတဆုံးထိ သာယာပြန့်ပြူးလှသည်။ ဆည်းဆာရောင်အောက်တွင် တောက်ပနေသည်။

တည်းခိုဖို့အတွက် ရှုခင်းကောင်းကောင်းမြင်ရမည့် ကမ်းရိုးတန်းပေါ်က တည်းခိုဆောင်တစ်ခုကို ရွေးချယ်ထားခဲ့သည်။ အမေက သည်တည်းခိုဆောင်ပုံကို မဂ္ဂဇင်းတစ်ခုမှာ တွေ့မြင်ဖူးကတည်းက သွားရောက်ချင်ခဲ့ခြင်းဖြစ်ပေသည်။ ၁၂၃

တည်းခိုဆောင်မှာ သာယာလှသည်။ ရှေးလယ်တောအိမ်ကို ပြန်ပြုပြင်မွမ်းမံထားခြင်းဖြစ်ပြီး ဟိုတယ်တစ်ခုကဲ့သို့ ခမ်းနားအောင်အဆင့်မြှင့်ထားသည်။ တည်းခိုဆောင်တွင် အခန်းလွတ်နှစ်ခန်းသာ ကျန်တော့သည်။ အဲဒီအထဲမှ တစ်ခန်းသည် ဒုတိယအလွှာတွင်ရှိပြီး ပင်လယ်ပြင်ကို ကောင်းကောင်းကြီး မြင်နိုင်သည်။ အရိုင်းဆန်သောအလှနှင့် ကမ်းခြေရေကစားရာနေရာကိုလည်းကောင်း၊ ကျယ်ပြောလှသော ကမ်းရိုးတန်းတလျှောက်ကိုလည်းကောင်း ရှုမြင်နိုင်သည်။ နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားဖို့ အကောင်းဆုံးနေရာလည်း ဖြစ်သည်။ ကျွန်တော် ကြိုတင်မှာယူထားသည့်အခန်းကို အမေ နှစ်သက်လိမ့်မည်ပင် ဖြစ်သည်။

ခရီးထွက်ရန် သတ်မှတ်ထားသောနေ့ ရောက်သောအခါ မိသားစုတစ်စုလုံး စည်းစည်းလုံးလုံးထွက်ခွာလာခဲ့သည်။ ဆရာဝန်နှင့် နာ့စ်အချို့က ဆေးရုံ

ရှေ့အထိ လိုက်ပါပို့ကြပြီး လက်တွေ့ ငွေ့ယမ်းကာ ခရီးလမ်း အဆင်ပြေ အောင် ဆုတောင်းပေးကြသည်။ ဤသည်မှာ အချိန်အတော်ကြီးကြာမှ မိသားစုလိုက် (မုန်လာထုပ်)အပါ ခရီးသွားရခြင်း ဖြစ်သည်။

ရထားပေါ်တွင် ခုံအပြည့် ခရီးသည်များ လိုက်ပါလာသည်။ အဖေ နှင့် ကျွန်တော်က မျက်နှာချင်းဆိုင်နေရာယူကြပြီး အမေက ကျွန်တော့် မျက်စောင်းထိုးနေရာ အဖေ့ဘေးမှာ ဖြစ်သည်။ အမေသည် စကားတစ်ခွန်းမှ မဆိုဘဲ ပြုံးရုံသာပြုံး၍ ဘေးဘက်ရှုခင်းတွေကိုကြည့်ရင်း လိုက်ပါလာသည်။ အမေ စကားစမပြောသဖြင့် အဖေနှင့် ကျွန်တော်မှာလည်း ထုံးစံအတိုင်း နှုတ်ဆိတ်နေကြသည်။ သုံးနာရီကြာအောင် အဖေနှင့် မျက်နှာချင်းဆိုင်ထိုင်၍ နစ်ယောက်သား ကသိကအောက်နိုင်စွာ ဖြတ်သန်းအပြီးတွင် ရေပူစမ်းရောက် တော့မည်ဖြစ်ကြောင်းကို ရထားမယ်မှ ကျယ်လောင်စွာ အသိပေးကြေညာလေ သည်။



အမေ့ကို ဝှီးချဲ (ဘီးတပ်ကုလားထိုင်)ပေါ် ပြောင်းရွှေ့ထိုင်စေပြီး ကျွန်တော်တို့ တည်းခိုဆောင်သို့ မျှော်လင့်တကြီး ချီတက်ခဲ့ကြလေသည်။

ဒါပေမဲ့ ထိုသို့ရောက်ရှိသောအခါ အကုန်သဲထဲရေသွန် ဖြစ်ကုန်သည်။ ကျွန်တော့်ရဲ့ ကြိုတင်အမှာစာကို မှားယွင်းမှတ်ယူထားလိုက်၍ အခန်းအား တခြားဧည့်သည်တစ်စုအား ပေးလိုက်ပြီ ဖြစ်နေခဲ့သည်။

ကျွန်တော် ကိုယ့်နားတောင် ကိုယ် မယုံနိုင်ပေ။ ကျွန်တော် ဖုန်းထဲ တွင် သေချာအောင်အထပ်ထပ်မှာခဲ့သည်။ ယခု ကျွန်တော့်အမေ၏ ကျန်း မာရေး အခြေအနေကို ရှင်းပြ၍ ဒီခရီးစဉ်ဟာ သူမအတွက် သိပ်ကိုအရေး ကြီးကြောင်းပြောကာ အကူအညီတောင်းခံခဲ့သည်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ တောင်းဆိုမှုကို ငြင်းပယ်ခဲ့ကြပြီး ပိုင်ရှင်ကိုယ်တိုင် ယဉ်ကျေးစွာ တောင်းပန် ခဲ့သည်။ သို့ရာတွင် ကျွန်တော်လိုချင်တာ တောင်းပန်မှုမဟုတ်။ ကျွန်တော် အရှုံးသမားလို ခံစားလာရသည်။ အမေ့ကို ပျော်ရွှင်အောင် ဒီလောက်လေးမှ မလုပ်ပေးနိုင်လိုက်၍ ယူကျုံးမရဖြစ်ကာ ဝမ်းနည်းလာသည်။

''ကိစ္စမရှိပါဘူးကွယ်''

အမေက ပြုံး၍ အားပေးသည်။

ဒါပေမဲ့ ကျွန်တော့် အသုံးမကျမှုဟုသာတွေးထင်မိ၍ အလွန်ပင် စိတ်ကစဥ့်ကလျားဖြစ်ကာ စိတ်ပျက်မှုများနှင့် ကျွန်တော် မျက်ရည်ကျမိမတတ် ဝမ်းနည်းလာသည်။ ဘာဆက်လုပ်ရမယ်မှန်း မသိတော့ဘဲနှင့် ငူငူကြီး ရပ်နေမိသည်။

ထိုခဏမှာပင် အဖေက ကျွန်တော့် ပခုံးကို သူ၏ ကြီးမားမြဲမြံလှသောလက်နှင့် ဖျစ်ညစ်လိုက်ပြီး ပြောသည်။

''မင်းအမေ့အခြေအနေက အပြင်မှာပဲနေလို့တော့ မဖြစ်ဘူးကွ။ ငါ တစ်နေရာများ ရှိဦးမလား သွားစုံစမ်းလိုက်မယ်''

ပြောပြီးပြီးချင်းပင် အဖေက တည်းခိုဆောင်တံခါးမကို တွန်းဖွင့်ကာ အလျင်အမြန် ပြေးထွက်သွားသည်။ တစ်သက်နှင့်တစ်ကိုယ် အဖေ ဒီလောက် မြန်မြန်ပြေးတာမျိုး မတွေ့ဖူးခဲ့ပေ။ ကျွန်တော်လည်း အဖေ့နောက်သို့ ပြေး လိုက်ခဲ့သည်။ ၁၂၅

အဖေက အနီးအနားက တည်းခိုဆောင်တိုင်းကို တစ်ဆောင်ဝင် တစ်ဆောင်ထွက်နှင့် အခန်းလွတ်များရနိုင်မလားဟု စုံစမ်းသည်။ ကြီးပြင်းလာတဲ့တစ်လျှောက်လုံးလိုလို အဖေ့ကို သူ့ နာရီပြင်ဆိုင်လေးထဲမှာ ငြိမ်ငြိမ် ကုပ်ကုပ် အလုပ်လုပ်နေသည်ကိုသာ မြင်ခဲ့ရသည်။ ယခုကဲ့သို့ အလျင်စလို ပြေးလွှားလုပ်ဆောင်နေတာမျိုး တစ်ခါမျှပင် မတွေ့မြင်ခဲ့ဘူးပေ။ ယုတ်စွအဆုံး ကျွန်တော် ပါဝင်တဲ့ ကျောင်းအားကစားပွဲကို လာရောက်အားပေးကြည့်ရှုစဥ်မှာပင် အဖေက ခပ်အေးအေးသာ ထိုင်နေတတ်သူ ဖြစ်သည်။

''မင်းအဖေက ငယ်ငယ်က အရမ်းအပြေးမြန်တာ''

ရေပူစမ်းအပန်းဖြေစခန်း တောက်လျှောက် အဖေ့ကိုမှီအောင် လိုက်ပြေးရင်းနှင့်ပင် အမေ့စကားမှန်ကြောင်း သိလာသည်။

ခရီးသွားရာသီဖြစ်သဖြင့် ရှိသမျှတည်းခိုဆောင်တွေ အကုန်လူပြည့်နေသည်။ ကျွန်တော်တို့ နေရာတိုင်းကို သွားရောက်စုံစမ်းခဲ့သော်လည်း လှည့်ပြန်လာရစမြဲသာ ဖြစ်သည်။ သို့သော် ကျွန်တော်တို့ အမေ့ကို နားနေစရာမရှိဘဲ မထားနိုင်သောကြောင့်ပင် ကျွန်တော်တို့ မရပ်နားဘဲ ဆက်လက်ရှာဖွေသည်။ ကျွန်တော်တို့ အမေ့အတွက် အကောင်းဆုံးစီစဉ်ပေးချင်သည်။ ဤသည်မှာ ကျွန်တော် အရွယ်ရောက်လာပြီးနောက်ပိုင်း အဖေနှင့် ပထမဆုံးအကြိမ်အဖြစ် စိတ်တူကိုယ်တူဖြစ်နေခြင်း ဖြစ်ပေသည်။

ကျွန်တော် ကမ်းခြေတစ်လျှောက် နေရာအနှံ့ ပြေးလွှားရှာကြရာ နောက်ဆုံးတွင် အခန်းလွတ်တစ်ခု ရရှိခဲ့လေသည်။ တည်းခိုဆောင်မှာ အနက်ရောင်ဆေးသုတ်ထားပြီး အပြင်ပန်းအရ အနည်းငယ် ဟောင်းမြင်းနေပုံရသည်။ တခြားသော တည်းခိုဆောင်တွေထက် သက်တမ်းကြာမြင့်နေပုံပေါ်ပြီး ရေးဟောင်းပုံစံအတိုင်းပင် ရှိသည်။ ကျွန်တော်တို့ ရှေ့တံခါးကိုဖြတ်ပြီး

၁၂၆ ဧည့်ကြိုကောင်တာကို သွားရာလမ်းတွင် ခင်းထားသော ပြင်ချပ်များသည် နင်းလိုက်တိုင်း တကျွိကျွိ မြည်နေလေသည်။

''ဒီတည်းခိုဆောင်လည်း မဆိုးပါဘူး''

ကျွန်တော်တို့ အမေ့ကို ခေါ်လာတော့ အမေရေရွတ်သည်။

သိုပေမဲ့ အမေ့ကို ဒီလိုနေရာလောက်မှာပဲ တည်းခိုစေရတာအပေါ် ကျွန်တော် မချိတင်ကဲ ဖြစ်မိသည်။ တခြား ရွေးချယ်စရာ မရှိတဲ့ အခြေအနေမို့သာ ဒီတည်းခိုဆောင်မှာ တည်းခိုရန် ကျွန်တော်တို့ ဆုံးဖြတ်လိုက်ရခြင်း ဖြစ်ပေသည်။

တည်းခိုဆောင်ဟာ အရမ်း မသားနားလှပေမဲ့ ပိုင်ရှင်ကမူ ဖော်ဖော်ရွေရွေ ရှိလှသည်။ စားသောက်ဖွယ်ရာတွေ ပြင်ဆင်ပေးပုံမှာ မခမ်းနားလှသော်လည်း စားဖိုမှူး၏ စေတနာပါပါ ချက်ပြုတ်ထားပုံမှာ စားလိုက်ရုံနှင့် သိသာသည်။ အလွန်တရာ အစပ်အဟပ်တည့်လှသည်။ အမေကမူ အစားအစာတွေ ဘယ်လောက်အရသာ ရှိကြောင်း၊ တည်းခိုရတာ သက်သောင့်

သက်သာဖြစ်ကြောင်းကို အထပ်ထပ်ပြောနေတော့သည်။ ယခုလို အမေ ပြုံးရယ်နေတာ မြင်ကာမှ ကျွန်တော်လည်း စိတ်သက်သာရာ ရစပြုသည်။

ထိုညက ကျွန်တော်တို့ ဂျပန်ရိုးရာ tatami (ပရိဘောဂများမထည့်ထားဘဲ ရှင်းလင်းသပ်ရပ်နေသော ရှေးဟောင်း အခန်းကျယ်)ထဲတွင် အတူတကွ စု၍အိပ်စက်ရသည်။ ကျွန်တော့်တို့ရဲ့ ရိုးရာမွေ့ရာခင်းတွေကို တန်းလိုက် အစီအရီစီထားသည်။ ဤသည်မှာ ဆယ်နှစ်တာအတွင်း ကျွန်တော်တို့ အတူတကွ အချိန်ကုန်ဆုံးစေခြင်း ဖြစ်သည်။

သစ်သားမျက်နှာကြက်ကို ငေးခိုက်ကြည့်နေစဉ် ကျွန်တော် မူလတန်းအထိ နေခဲ့ရတဲ့ အိမ်လေးကို အမှတ်ရလာသည်။ အခန်းတွေ အများကြီးမရှိသော ထိုအိမ်လေးထဲတွင် ကျွန်တော်တို့ မိသားစုတစ်ခုလုံး အပေါ်ထပ်အိပ်ခန်းတစ်ခန်းထဲတွင် စုအိပ်ခဲ့ကြသည်။

အခု နှစ် (၂၀)ကြာပြီးနောက်မှာ ကျွန်တော်တို့ အရင်ကလို ပြန်အိပ်စက်နေကြသည်ကို တွေ့ရသည်မှာ ကျွန်တော့်အတွက် အင်မတန်ထူးဆန်းနေသလို ဖြစ်နေသည်။ ဒါဟာ မိသားစုအတူရှိတဲ့ နောက်ဆုံးအချိန်လည်း ဖြစ်နိုင်သည်။ အတွေးပေါင်းစုံ လျှောက်တွေးနေမိ၍ ကျွန်တော် အိပ်မရဖြစ်နေခဲ့သည်။ အဖေနှင့်အမေလည်း ထိုနည်းလည်းကောင်းပင် ဖြစ်ပေမည်။ တစ်ခန်းလုံး တိတ်ဆိတ်မှောင်မဲနေပြီး ''မုန်လာထုပ်''ရဲ့ အသက်ရှူသံ၊ တစ်ချက် တစ်ချက် လူးလွန့်သံများနှင့် ပင်လယ်မှ လှိုင်းတို့၏ စည်းချက်မှန်မှန် ရိုက်ခတ်သံများကိုသာ ကြားရသည်။

ရောင်နီပျိုးလာသည်။ မနက် (၄)နာရီ (သို့) (၅)နာရီလောက်တော့ရှိပြီထင်သည်။ ကျွန်တော့်ရဲ့ တစ်ကိုယ်ရည် မွေ့ယာလိပ်ထဲမှ ထွက်လိုက်ပြီး ပြတင်းပေါက်နားကို သွားထိုင်နေလိုက်သည်။ ခန်းဆီးဝကိုဖွင့်၍ အပြင်ဘက်သို့ ကြည့်လိုက်ခြင်းမှာပင် အံ့သြပျော်ရွှင်ဖို့ကောင်းစွာ ပင်လယ်ကမ်းစပ်ကိုအနီးကပ် တွေ့မြင်လိုက်ရသည်။ ညက အမှောင်ထဲမှာမို့ ကျွန်တော်တို့တည်းခိုဆောင်နေရာသည် ကမ်းစပ်နှင့် ဒီလောက်နီးနီးစပ်စပ် ဖြစ်နေသည်ကို ကျွန်တော်တို့ မသိရှိခဲ့ပေ။

ခဏာတဖြုတ်လောက် ကျွန်တော် ပြတင်းပေါက်ရှေ့မှာထိုင်ပြီး နေရောင်ဖျော့ဖျော့ကျနေတဲ့ ပင်လယ်ပြင်ကြီးကို ငေးမောနေမိသည်။ အိပ်မက်ဆန်သော အလွန်တရာ ငြိမ်းအေးလှပေသော ရှုခင်းဖြစ်သောကြောင့်ပင် ဖြစ်မည်။ နောက်တော့ အဖေနှင့် အမေတို့လည်း နိုးနေကြောင်း သတိထားမိသွားသည်။ နှစ်ဦးစလုံးပင် ညက အိပ်မပျော်ဟန်နှင့် မျက်ကွင်းကိုယ်စီညိုလျက်ရှိသည်။

အမေက ရိုးရာဂျပန် ညအိပ် ကီမိုနိုကို ဝတ်ထားဆဲပင် ဖြစ်သည်။ ထို့နောက် အမေက သက်ဝင်လှုပ်ရှားစပြုလာသော ပင်လယ်ကမ်းစပ်ဘက်ကို ကြည့်ကာ လမ်းလျှောက်ထွက်ချင်သည်ဟု ဆိုသည်။

''ဓာတ်ပုံရိုက်ရအောင်။ မနက်စောစော ကမ်းစပ်မှာ လမ်းလျှောက်ရတာကို ငါ အရမ်းကြိုက်တာပဲ''

'မုန်လာထုပ်' က အိပ်ပျော်နေဆဲဖြစ်၍ အမေက သူ့ပေါင်ပေါ် ယူတင်လိုက်သည်။ သူမရဲ့ ' Yukato' (ရိုးရာကီမိုနို) ကို သပ်ရပ်အောင်ဆွဲဆန့်လိုက်ပြီးတာနဲ့ သူမရဲ့ ပြင်ဆင်မှုပြီးဆုံးသွားသည်။ အမေ့ကို ဘီးတပ်ကုလားထိုင်ပေါ်တင်ပြီး ကျွန်တော်တို့အားလုံး အတူလမ်းလျှောက်ထွက်ခဲ့ကြသည်။ မနက်အစောပိုင်း ကမ်းခြေမှာ အလင်းရောင် အားနည်းဆဲဖြစ်ပြီး အေးစိမ့်စိမ့်ဖြစ်နေသည်။ ဒါပေမဲ့ အမေက တတ်နိုင်သမျှ ပင်လယ်ရေနှင့်ထိတွေ့ချင်နေသည်။ သဲစိုစိုပေါ်တွင် အမေ့ တွန်းလှည်းကို တွန်းပေးရသည်မှာ ခက်ခဲသည်။ ကျွန်တော် လက်ပန်းကျတော့မတတ် ဖြစ်နေချိန်မှာပင် နေထွက်လာသည်။ ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် နေရောင်များ ဖြာကျနေ၍ တလက်လက် တောက်ပနေသည်။ ဤလှပပင့်သက်ဖွယ် ပင်လယ်အလှကို ကျွန်တော်တို့ သုံးယောက်လုံး ငေးမောနေကြလေသည်။

''မြန်မြန် ... ဓာတ်ပုံလေး ရိုက်ရအောင်''

အမေက ဆော်ဩသည်။

အသင့်ယူလာသော ကင်မရာဖြင့် အဖေနှင့် ကျွန်တော်တို့ အမေနှင့် တစ်လှည့်စီ တွဲရိုက်ကြသည်။ ထိုအချိန်ပင် တည်းခိုဆောင်ပိုင်ရှင် လမ်းလျှောက်ထွက်အလာနှင့်ဆုံ၍ သူကပင် ကျွန်တော်တို့ မိသားစုပုံကို ရိုက်ကူးပေးသွားလေသည်။ ပင်လယ်ကြီးကို နောက်ခံထား၍ အဖေနှင့် ကျွန်တော်က အမေထိုင်နေသော ဘီးတပ်ကုလားထိုင် တစ်ဖက်တစ်ချက်စီ၌ ရပ်နေကြသည်။ အဖေနှင့် ကျွန်တော် အရပ်ပင် ညီစပြုနေသည်။ 'မုန်လာထုပ်' က နိုးလာပြီး အမေ့ပေါင်ပေါ်မှာ အကြီးအကျယ် သမ်းနေတုန်း ရိုက်ယူမိလိုက်သော မိသားစုဓာတ်ပုံလေးဖြစ်သည်။

''အိုကေ ... ချိ(စ်)''

တည်းခိုဆောင်ပိုင်ရှင်က ကင်မရာ ခလုတ်ကို နှိပ်ချလိုက်သည်။

''သင့်(ခ်)ယူ''

ကျွန်တော် အားလုံးတိုင်ပင်ထားသလို အော်ပြောကြသည်။

ထို့နောက် တည်းခိုဆောင်ပိုင်ရှင်က 'နောက်တစ်ပုံ'ဟု အော်ပြောသဖြင့် ကျွန်တော်တို့ အားလုံးအတူ မတ်တတ်ရပ်ကာ ဓာတ်ပုံနောက်တစ်ပုံ အတူတကွ ထပ်ရိုက်ကူးခဲ့ကြသည်။ 

''အိုကေ ... ပြုံးမယ် ... ချိ(စ်)ကိတ်''

တည်းခိုဆောင်ပိုင်ရှင်ရဲ့ ဖော်ဖော်ရွေရွေ နောက်ပြောင်မှုမှာ ကျွန်တော်တို့အားလုံး စိတ်လွတ်လပ်ပေါ့ပါးစွာ ရယ်မိကြသည်။ ထိုခဏကိုပင် တည်းခိုဆောင်ပိုင်ရှင်က ရိုက်ယူပေးနိုင်ခဲ့သည်။

''တစ်ခုခုကို ပြန်သတိရလာလား''

အကြောင်းစုံ ရှင်းပြအပြီးမှာ 'မုန်လာထုပ်' ကို ကျွန်တော် မေးကြည့်သည်။

''တောင်းပန်ပါတယ် ... အကိုကြီးရေ၊ ကျွန်တော် ကြိုးစားပြီး စဉ်းစားလည်း ဘာမှသတိရမလာပါဘူး''

''စိတ်ပျက်စရာပဲ မုန်လာထုပ်ရာ''

''ကျွန်တော် တကယ်တောင်းပန်ပါတယ်၊ ဘယ်လိုပဲတွေးတွေး တစ်ခုကလွဲပြီး ကျန်တာဘာမှမသိဘူး''

''တစ်ခု၊ ဟုတ်လား''

''အဲ့ဒီအချိန်တွေမှာ ကျွန်တော် ပျော်ရွှင်ခဲ့ရတယ်။ ဒီတစ်ခုပဲ မှတ်မိတော့တယ်''

''မင်း ပျော်နေခဲ့တယ်''

''ဟုတ်တယ်၊ ဒီပုံတွေကြည့်ပြီး ကျွန်တော် ပြောနိုင်တာကတော့ အဲ့ဒီအချိန်တိုင်းမှာ ကျွန်တော် ပျော်နေခဲ့တယ်ဆိုတာပဲ''

ခရီးအကြောင်းတွေ၊ တည်းခိုဆောင်နှင့် အယုတ်စွဆုံး အမေ့အကြောင်းတစ်စုံတစ်ခုပင် 'မုန်လာထုပ်' သတိရမလာသည်မှာ အတော်စိတ်ပျက်ဖွယ် ဖြစ်သည်။ သို့ရာတွင် သူ ပျော်ရွှင်ခဲ့သည်ကိုတော့ အမှတ်ရသဖြင့် တော်သေးသည်ဟု ဆိုရမလိုပင်။ ဒါပေမဲ့ 'မုန်လာထုပ်' ပြောစကားနှင့် ဆက်စပ်ပြီးမှပင် တစ်စုံတစ်ခုကို ကျွန်တော် သဘောပေါက်လာခဲ့သည်။ တကယ်တော့ အမေသည် သူမအတွက်ကိုပဲ ကြည့်၍ ခရီးသွားချင်ခဲ့တာ မဟုတ်ပေ။ အဖေနှင့် ကျွန်တော်တို့ ဆက်ဆံရေးကို ပြန်လည်ကောင်းမွန်စေချင်ခဲ့လို့ ဖြစ်ပေသည်။

ဒီအကြောင်းကို ဘာလို့ အရင်ထဲက မတွေးမိခဲ့သလို့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။ ကျွန်တော် လူ့လောကထဲသို့ ရောက်ချိန်မှစပြီး အမေဟာ သူ့ရဲ့ အချိန်အားလုံးကို ကျွန်တော်တို့ သားအဖနှင့်သာ ကုန်ဆုံးစေခဲ့သည်။ သူမရဲ့ နောက်ဆုံးနေ့ရက်တွေအထိတောင် ကျွန်တော်တို့ သားအဖကို ပူပင်ပေးနေလိမ့်မည်ဟု ကျွန်တော် တစ်ခါမျှပင် မတွေးမိခဲ့ပါ။ မည်သူမှ မတောင်းဆိုပါဘဲနှင့် အမေသည် သူ့ဘဝတစ်ခုလုံးကို ကျွန်တော်တို့ သားအဖပေါ်တွင် နစ်နစ်ကာကာ မြှုပ်နှံပေးသွားခဲ့သည်။

ခရီးစဉ်တစ်ခုလုံးမှ အမေ ကျွန်တော်တို့ကို ပိပိရိရိ လှည့်စားခဲ့တာကို အချိန်အတော်ကြာမှပင် ကျွန်တော် သတိထားမိသည်။ ဓာတ်ပုံထဲတွင် အဖေ

က ရှက်ကိုးရှက်ကန်းနှင့် အနေရခက်နေသယောင် အတင်းပြုံးဖို့ ကြိုးစားနေသည်။ ကျွန်တော်လည်း အမေ့ဘေးမှာ မအီမသာရုပ်နှင့် ဖြစ်သည်။ ဒီတော့လည်း ကျွန်တော်တို့ နှစ်ယောက်ကြားက အမေသည်လည်း ထင်ထားသလောက် မပျော်ရွှင်နိုင်ဟန်နှင့် ပြုံးရုံမျှသာ ပြုံးနေလေတော့သည်။

အမေ့မျက်နှာကို ကြည့်ရင်း ကျွန်တော်တို့အတွက် အမေလုပ်ကိုင်ပေးခဲ့သမျှကို ပြန်တွေးရင်းနှင့်ပင် ကျွန်တော့် နှလုံးသားတစ်ခုလုံး ခဲဆွဲထားသလို လေးလံလာသည်။ ရုတ်တရက်ဆိုသလို 'မုန်လာထုပ်' ရှေ့မှာပင် မရှောင်နိုင်ဘဲ မျက်ရည်ကျလာသည်။ ကျွန်တော့်စကားသံသည် လည်ချောင်းဝမှာပင် ကွယ်ပျောက်သွားပြီး ဓာတ်ပုံကိုသာ စိုက်၍ ကြည့်မိနေတော့သည်။

'မုန်လာထုပ်'က စိုးရိမ်ဟန်နှင့်အနားတိုးကပ်လာသည်။ ကျွန်တော့်အပေါ် ခုန်တက်ကာ ခြေထောက်ပေါ်တွင် ခွေလျက်အိပ်လိုက်သည်။ သူ၏နွေးထွေးသော ခန္ဓာကိုယ်လေးနှင့် ထိတွေ့နေစေတာက တဖြည်းဖြည်း ကျွန်တော် နှစ်သိမ့်နေသလို ခံစားလာရသည်။

'မုန်လာထုပ်'က ထူးခြားသည်။ သူတို့သည် ဘာသိဘာသာ နေနေကြလိမ့်မည် ဖြစ်သော်လည်း တကယ်တမ်း ကျွန်တော်တို့ နှစ်သိမ့်မှုကို လိုအပ်လာသောအခါတွင်လည်း အလိုက်သိကြပေသည်။

ကြောင်တွေဟာ အချိန်တွေကို ဂရုမထားထဲက အထီးကျန်ဆန်မှုဘာတို့ ညာတို့လည်း ရှိမှာမဟုတ်။ လူအတော်များများက အထီးကျန်ဆန်ခြင်း မဆန်ခြင်းကို တစ်ကိုယ်တည်းနေရတဲ့အချိန် နည်းခြင်း များခြင်းနဲ့ ဆုံးဖြတ်တတ်ကြတာကိုး။ ဒီတော့ ''အထီးကျန်ဆန်''တယ်ဆိုတာချည်းက လူသားတွေဘာသာလုပ်ယူပြီး လူသားတွေသာ ခံစားရတာမျိုး ထင်ပါ့ဗျာ။ ဒါပေမဲ့ ဓာတ်ပုံတွေထဲက အမေ့ရဲ့ အပြုံးအချိုချိုတွေကို လွမ်းမိပြန်တော့လည်း အထီးကျန်ဆန်တယ်ဆိုတာ လူသားတွေရဲ့ တခြားသော ခံစားမှုတွေကနေ ထပ်ဆင့်ပေါက်ဖွားလာတာမျိုးလားလို့ တွေးမိလာပြန်သည်။

'မုန်လာထုပ်'ရဲ့ အမွေးပွပွ ကိုယ်ခန္ဓာနွေးနွေးလေးကို ပွတ်သပ်ပေးရင်း မေးခွန်းတချို့ မေးကြည့်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်သည်။

''မုန်လာထုပ်ရေ ... မင်း အချစ်ဆိုတာ ဘယ်လိုမြင်လဲ''

''အဲ့ဒါ ဘာကြီးလဲ ... ဆရာ''

''ကောင်းပြီလေ ... မင်းတို့ ကြောင်တွေ မသိနိုင်လောက်ဘူး ထင်တယ်။ လူသားတွေမှာရှိတဲ့ နောက်ထပ်အရာတစ်ခုပဲ။ တစ်ယောက်ယောက်ကို မင်းသဘောကျလာတဲ့အခါ အဲ့ဒီလူက မင်းအတွက် အရေးပါလာပြီး ဒီလူနဲ့ပဲ အချိန်တွေ ကုန်ဆုံးချင်တာမျိုးပေါ့''

''အဲ့ဒီအရာက ကောင်းတဲ့အရာလား''

''ကောင်းပါတယ်။ တစ်ချိန်ချိန်မှာ မင်းနာကျင်ကောင်း နာကျင်ရပြီး အဲ့ဒီတစ်ဖက်လူကို ခက်ထန်တယ်လို့ ယူဆချင် ယူဆလိမ့်မယ်၊ ခြုံပြောရရင်တော့ အချစ်သက်သက်ဆို ကောင်းမွန်တဲ့ ခံစားချက်တစ်ခုပါ''

အချစ်ဆိုတာလည်း ခံစားချက်တစ်ခု ဖြစ်သည်။ ဓာတ်ပုံထဲက အမေ့အပြုံးလေးလိုပေါ့။ ထပ်ပြောရရင် လူသားတွေအတွက် အချစ်ဆိုတာက

၁၃၂ အလွန်အရေးပါတယ်ဗျ။ တစ်ခါတစ်လေ ဘဝအတွက် ဆူးညှောင့်ခလုတ်ဖြစ်နေနိုင်ပေမဲ့ ဘဝအတွက် လိုအပ်တဲ့ ခံစားချက်ပဲမဟုတ်လား။ အချိန်တွေလို၊ အရောင်တွေလိုပဲ အချစ်ကလည်း လူသားတွေကို ကြိုးကိုင်ခြယ်လှယ်ထားသလို ဘဝကို အဓိပ္ပာယ်နဲ့ ပြည့်စုံစေတယ်လေ။

ကျွန်တော့် ခေါင်းထဲမှာ အတွေးတွေ အမျှင်တန်းနေတုန်းမှာပဲ နာရီသံလိုလို ကြားလိုက်ရသည်။ ကျွန်တော် လိုက်ရှာတဲ့အခါကျတော့လည်း အခါတိုင်းလိုပင် ဘယ်နေရာမှာမှ မတွေ့ရပါ။

နောက်ဆုံးတော့ ကျွန်တော် မျက်လုံးအစုံမှိတ်လို့ အဆုံးအစမရှိ 'တချက်ချက်' မြည်နေတဲ့ အသံနောက်ကို မျောပါနေမိသည်။ တကယ်တော့ ဒီအသံဟာ လူသားတွေအားလုံးရဲ့ တစ်ချိန်တည်းမှာ တူညီစွာ ခုန်နေကြသော နှလုံးသားတွေဆီမှ အသံလည်း ဖြစ်နိုင်သည်။

ကျွန်တော် အချိန်မှတ်နာရီကို ကိုင်ထားသည်။ နာရီလက်တံတွေဟာ လည်ပြီးရင်း လည်နေသည်။

တာတို အပြေးသမားတွေက မီတာတစ်ရာပြေးဖို့ ပြိုင်ဆိုင်နေကြသည်။

အချိန်မှတ်နာရီဟာ သူ့လက်တံတွေကို လှည့်ပြီးရင်း လှည့်တယ်။ လူတစ်ယောက်ရောက်လာပြီး ခလုတ်ကို နှိပ်ချလိုက်တယ်။

ဒါပေမဲ့ နာရီက အလန်းပေးထားတဲ့ နှိုးစက်နာရီ ဖြစ်သွားပြန်တယ်။

ကလေးတွေဟာ နာရီကိုပိတ်ပြီး သူတို့ရဲ့ စောင်ပုံထဲ ပြန်တိုးခွေ့ ဝင်ကြတယ်။

သူတို့ရဲ့ အိမ်မက်တွေထဲမှာ နာရီအကြီးကြီးတွေက သူတို့ရဲ့ မျက်နှာပြင် ဒိုင်ခွက်တွေပေါ်မှာ လက်တံတွေကို လှည့်လည်ပြလျက် ရှိသည်။

နောက်တော့ နေထွက်ပေါ်လာပြီး နာရီစင်ကြီးကို ဆွဲယူမလိုက် ပြန်တယ်။

ငယ်ရွယ်တဲ့ ချစ်သူစုံတွဲတွေက ချိန်းဆိုထားတဲ့ အချိန်အတိုင်း နာရီစင်အောက်မှာ တစ်ယောက်ကိုတစ်ယောက် စောင့်စားလျက်ရှိသည်။

ကျွန်တော် သူတို့နားက အမြန်ဖြတ်လျှောက်ကာ မီးရထားသံလမ်းဘက်သို့ သွားရင်း နာရီကို ငုံ့ကြည့်မိသည်။

ထုံးစံအတိုင်းပင် ရထားက နောက်ကျပြန်သည်။

နောက်တော့ ကျွန်တော်ကိုယ်တိုင် နာရီပြင်ဆိုင်လေးတစ်ခု ရှေ့ရောက်နေကြောင်း တွေ့ရသည်။

မရေမတွက်နိုင်သော နာရီတွေကို တန်းစီ ခင်းကျင်းထားသည်။ အသံတွေက တစ်စထက်တစ်စ ကျယ်လောင်လာပြီး တစ်ခန်းလုံးကို ဖုံးလွှမ်းသွားတော့သည်။

ကျွန်တော် မတ်တတ်ရပ်လျက်ပင် အသံကြားရာ လိုက်နားစွင့်မိလေသည်။

ကျွန်တော် လူမှန်းသိတတ်စကတည်းက နားယဉ်နေခဲ့ရသောအသံ။

ကျွန်တော့် ဘဝကို နားချိန်ရော၊ အလုပ်လုပ်ချိန်ရော သတ်မှတ်ပေးခဲ့တဲ့ အသံ။

တဖြည်းဖြည်း နားဆင်ရင်းပင် ကျွန်တော့် နလုံးခုန်သံဟာ တိုးညင်း သထက် တိုးညင်းလာခဲ့ပြီ။ နောက်တော့ အသံတွေပါ လွင့်ပါးသထက် အဝေး ကို လွင့်ပါးသွားလိုက်တာ သဲ့သဲ့မျှသာ ကြားရတော့ပြီး တစ်စထက် တစ်စ ပျက်ပြယ်သွားတော့သည်။

''ကောင်းပြီ ... မုန်လာထုပ်ရေ၊ ပြန်သိမ်းရအောင်ဟေ့''

ဓာတ်ပုံအယ်လ်ဘမ်ကို ပြန်ဆွဲယူရင်း မုန်လာထုပ်ကို အရေးတယူ လုပ်ပြောလိုက်သည်။

မုန်လာထုပ်ဆီမှ ကြောင်အော်သံထွက်လာသည်။

'မုန်လာထုပ်' ဘာလို့ ကြောင်လိုပဲ အော်နေပြန်တာလဲ''

ဘယ်လိုလေကြီး လေကျယ်စကားတစ်လုံးမှကို မကြားရ။

'မုန်လာထုပ်'က ထုံးစံအတိုင်းပင် ကြောင်တစ်ကောင်လို အော်ပြန် သည်။



''ဘာဖြစ်ပါသလဲ ... ဆရာ၊ စိတ်ပျက်နေပြန်တာလား''

ရုတ်တရက်ဆိုသလို ကျွန်တော့် နောက်နားမှ အသံတစ်ခုထွက်ပေါ် လာသည်။ ကျွန်တော် အမြန်လှည့်ကြည့်လိုက်သောအခါ Aloha ဖြစ်နေ သည်။ ဒီတစ်ခါတော့ စိတ်စနိုးစနောင့်ဖြစ်အောင် ကျောချမ်းဖွယ်ရာ ပုံရိပ်တွေ ပါတဲ့ အနက်ရောင် ဟာဝေယံရှပ်အင်္ကျီကို ဝတ်ဆင်ထားသည်။ သူ့မှုပိုင် စပ်ဖြဲဖြဲ အပြုံးဟန်နှင့်ပင် မတ်တတ်ရပ်ထားလျက် ရှိသည်။

''ပြောတော့ ကြောင်စကားပြောတာ မကြိုက်ဘူးဆို ဆရာ''

''ဒါက ရယ်စရာမကောင်းဘူး''

''ဟုတ်ပါပြီဗျာ ... တောင်းပန်ပါရဲ့။ ငါ့မျှော်အစွမ်းက ထင်သလောက် တာရှည်မခံဘူး ဖြစ်သွားတယ်။ အခု ဒီကောင်က ရိုးရိုးကြောင် ပြန်ဖြစ်နေ ပြီ။ စိတ်ပျက်သွားသလား ဆရာရဲ့''

''ဟေး ... မရွှဲ့စမ်းပါနဲ့''

''အိုကေ ... ဒါပေမဲ့ မင်း သိထားရမှာက ငါဟာ အချိန်ကိုက်ရောက်ချလာတာ မဟုတ်ဘူး''

Aloha ပြုံးသည်။ ကြက်သီးထစရာ အေးစက်စက် အပြုံးမျိုးဖြစ်သည်။ ဒီအပြုံးမျိုးကို ကျွန်တော် မြင်ဖူးသည်။ ကောက်ကျစ်ယုတ်မာတဲ့ အကြံအစည်ကို အကောင်အထည် ဖော်ခါနီး လူတွေ ပြုံးလေ့ပြုံးထရှိသလိုမျိုး ဖြစ်သည်။

''အခုဆို ငါ ဆုံးဖြတ်ပြီးသွားပြီ။ ကမ္ဘာပေါ်က နောက်ထပ်ဘာကို ထပ်ဖျောက်ပစ်ရမလဲဆိုတာ''

Aloha က စိတ္တဇဆန်ဆန် ထပ်ပြုံးသည်။

တစ်ခုခုတော့ ဆိုးဆိုးဝါးဝါး ဖြစ်တော့မည်မှန်း ကျွန်တော် ရိပ်မိပြီး အသက်ရှူမဝသလိုတောင် ဖြစ်လာသည်။

စဉ်းစားစမ်း ... လူသားကမ္ဘာမှာပဲရှိတဲ့ အရာမျိုး နောက်ထပ် ဘာရှိသေးလဲ။ ကြောက်ရွံ့ထိတ်လန့်မှုတွေဟာ သွေးတွေထဲမှာ ပြောင်းဆန်လာကြသည်။ 

''တော်ပါတော့ ...''

ကျွန်တော့်ဘာသာတောင် သတိမထားမိဘဲ ပါးစပ်က ထွက်သွားတာလား။ ဒါမှမဟုတ် ကျွန်တော်နဲ့ ချွတ်စွပ်တူတဲ့ စေတန်ကပဲ အော်လိုက်တာလား ကျွန်တော် မသိလိုက်ပေ။

''မင်းရောပဲ အော်ဟစ်လိုက်ချင်နေတာမလား''

Aloha ရယ်ပြန်သည်။

''ကျေးဇူးပြုပြီး ရပ်တန့်ပေးပါတော့''

ကျွန်တော် သူ့ကို ဒူးထောက်တောင်းပန်သည်။

သို့သော် Aloha က သူ့ အကြံအစည်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

''ဒီတစ်ခါတော့ ကြောင်တွေအလှည့်ပဲ''




သောကြာနေ့

# အကယ်၍သာ ကြောင်တွေ ကမ္ဘာပေါ်မှာ ပျောက်ကွယ်ခဲ့ရင် ...

သူ့ရဲ့ ခန္ဓာကိုယ် သေးသေးလေးဟာ တုန်ခါနေပြီး နာနာကျင်ကျင် အော်သံလေး ထွက်ပေါ်လာသည်။ ကျွန်တော့်ကို အကူအညီတောင်းဟန်နှင့် ကြည့်နေသော်လည်း သူ သက်သာစေရန် ကျွန်တော်ဘာမှ ကူညီမပေးနိုင်ဘဲ ကြည့်နေရုံသာ တတ်နိုင်သည်။ ''ဂေါ်ဖီထုပ်'' ကြိုးစားပြီး မတ်တတ်ရပ်သော်လည်း ခဏချင်းပင် ပြန်လဲကျသွားတော့သည်။

''သိပ်မကြာတော့ဘူး ထင်တယ်'' ကျွန်တော် တစ်ကိုယ်တည်း ကြားရုံ ရေရွတ်မိသည်။

''ဟုတ်လောက်မယ် ...''

ကျွန်တော် ပြောတာကို အမေ ဝမ်းနည်းစွာထောက်ခံသည်။

'ဂေါ်ဖီထုပ်' အိပ်ရာထဲ လဲနေတာ (၅) ရက် ရှိခဲ့ပြီ။ အစာလည်း မဝင် ရေလည်းမဝင်တော့ပေ။ သူ အကြိုက်ဆုံး တူနာငါးအစိမ်းလွှာကိုပင် မစားနိုင်တော့။ အချိန်တော်တော်များများမှာ မှိန်း၍သာနေ၍ တဖြည်းဖြည်း နှင့် ယခု ကျွန်တော်တို့ မြင်တွေ့ရသည့်အတိုင်း ရပ်ပင်မရပ်နိုင်တော့ချေ။

သို့ပေမဲ့ 'ဂေါ်ဖီထုပ်'အားတင်း၍ သူ့ခြေထောက်ပေါ် သူ ရပ်ကြည့်ရှာပါသေးသည်။ ရေပင် ကိုယ်တိုင်မသောက်နိုင်တော့၍ ကျွန်တော် သူ့ကို မျက်စဉ်းခတ်သည့် ဆေးတံနှင့် အစက်ချ တိုက်ခဲ့ရသည်။ သူ့ရဲ့ နောက်ဆုံး လက်ကျန်အင်အားကို စုစည်းလိုက်ပြီး သူ မတ်တတ်ရပ်နိုင်သွားသော်လည်း သူ့ ခြေချောင်းတွေဟာ မကြံ့ခိုင်တော့ဘဲ ခဏလောက်သာ တောင့်ခံပေးနိုင်တော့သည်။ သူ့ရဲ့ ယိုင်နဲ့နေတဲ့ ခြေလှမ်းများနှင့်ပင် အမေ့ဆီသို့ ဒယိမ်းဒယိုင် လျှောက်သွားပြီး အမေ့ဆီ အရောက်တွင် ပစ်လဲကျသွားတော့သည်။

''ဂေါ်ဖီထုပ် ...''

ကျွန်တော် စိုးရိမ်တကြီး အော်မိကာ သူ့ကို ပြေးပွေ့မိသည်။ သူ့ရဲ့ ကိုယ်လုံးလေးဟာ နွေးနေဆဲဖြစ်ပြီး စက္ကူတစ်ရွက်လို ပေါ့ပါးလွန်းနေသည်။ သူ့ရဲ့ ခန္ဓာကိုယ်လေးဟာ မသိမသာလေး တုန်နေပြီး သေခြင်းနှင့် ရှင်ခြင်း ကြားမှ လက်ကျန်အင်အားလေးနှင့် လွန်ဆွဲထားရသည်။ သူ့ကိုယ်သူ သေရတော့မယ်ဆိုတာ နားမလည်လောက်ပေမဲ့ သူ ကြောက်လန့်နေတာကို

တော့ ကျွန်တော် ကောင်းကောင်းကြီး သိနေသည်။ တစ်အောင့်လောက် နေမှ သူ့ကို အမေ့ပေါင်ပေါ် တင်ပေးလိုက်သည်။

သက်သောင့်သက်သာ ဖြစ်သွားဟန်နှင့် သူ အသံသဲ့သဲ့ပြုသည်။ အရင်တုန်းကတော့ အမေ့ပေါ်ရောက်ရင် တညောင်ညောင်နှင့် သူ ကျေနပ်ကြောင်း ပြောနေကျဖြစ်သော်လည်း ယခုမူ ယဲ့ယဲ့သာအော်မြည်နိုင်တော့သည်။ အမေက သူ့ကို ကြည်ကြည်ဖြူဖြူ လက်ခံပွေ့ကာ သူ့ကိုယ်လေးကို ဖြည်းညင်းစွာ ပွတ်သပ်ပေးလျက် နေသည်။ တဖြည်းဖြည်းနှင့် သူ မျက်လုံးများမှိတ်ကာ တုန်ခါနေမှု ရပ်တန့်သွားသည်။ ရုတ်တရက် အားပြန်ပြည့်လာဟန်နှင့် သူခေါင်းကိုမော့ကာ ပြူးကျယ်သောမျက်လုံးများနှင့် ကျွန်တော်တို့ကို ကြည့်လိုက်သည်။ နောက်ဆုံးမှာတော့ သူ သက်မကြီးကို ချလိုက်ရင်း အမေ့ပေါင်ပေါ်ကို ခေါင်းငိုက်စိုက်ကျသွားပြီး မလှုပ်ရှားတော့ပေ။

"ဂေါ်ဖီထုပ်ရေ ..."

ကျွန်တော် သူ့နာမည်ကို အော်ခေါ်ရင်း သူအိပ်ပျော်သွားတာပဲ ဖြစ်ပါစေဟု ဆုတောင်းနေမိသည်။ ဒီလိုသာ သူ့နာမည်ကို အော်ခေါ်နေခဲ့ရင် သူ ပြန်လာလိမ့်မယ် အထင်နှင့်ဖြစ်သည်။

"တိုးတိုးနေ ... သား"

အမေက သတိပေးသည်။

'ဂေါ်ဖီထုပ်'လေးကို ညင်ညင်သာသာ ပွတ်သပ်ပေးနေတာကို မရပ်ပစ်ဘဲ အမေ ပြောသည်။

"ကြောက်စရာ မရှိပါဘူးကွယ် ...။ ကလေး မနာကျင်ရတော့ပါဘူးကွယ်"

'ဂေါ်ဖီထုပ်'ရဲ့ အသက်မဲ့ကိုယ်လေးကို ပွေ့ပိုက်ချော့မြူရင်း အမေ့ မျက်ရည်တွေ တားမရအောင် စီးကျလာသည်။

နောက်ဆုံးတော့ 'ဂေါ်ဖီထုပ်' လေး သေဆုံးပြီဆိုတာ ကျွန်တော် လက်ခံခဲ့ရသည်။ ကျွန်တော် သူ့ကိုယ်လေးကို ပွတ်သပ်ကြည့်သောအခါ အသက်ရှိနေသယောင် ပျော့ပျောင်းပြီး နွေးနေဆဲဖြစ်သည်။

'ဂေါ်ဖီထုပ်'လေးရဲ့ လည်ပတ်နီနီလေးကို ကျွန်တော် ကြည့်နေမိသည်။ သူ ဒါကို အချိန်အတော်ကြာ ဝတ်ဆင်ထားခဲ့သည်။ အမြဲတမ်း သူ လည်ပတ်ကို ချွတ်ပစ်ဖို့ ကြိုးစားသည်။ မပျက်ပျက်အောင် အမြဲဝါးပစ်လိုက် ထွေးပစ်လိုက်လည်း လုပ်တတ်သေးသည်။ စဝတ်ပေးတုန်းက သူ လည်ပတ်နှင့် အသားမကျသေးချိန်က ဖြစ်သည်။ ယခုတော့ ဒီလည်ပတ်လေးကို သူ ဝတ်စရာ မလိုတော့ပြီ။ သူ့လည်ပတ်လေးကို ကိုင်ထားရင်းနှင့် သေခြင်းတရားရဲ့ ထိတ်လန့်ကြောက်ရွံ့စရာကောင်းပုံကို ကျွန်တော် ခံစားမိလာသည်။

ကျွန်တော် နိုးလာသောအခါ ကျွန်တော့်မျက်လုံးထဲတွင် မျက်ရည်များ ဝေ့သီနေသည်။ အပြင်မှာ မှောင်နေဆဲဖြစ်ပြီး မနက်(၃)နာရီဝန်းကျင်လောက်သာ ရှိဦးမည်ထင်သည်။ ကျွန်တော့်ဘေးဘီကို ကြည့်လိုက်တော့ 'မုန်လာထုပ်' ကို သူအိပ်နေကျနေရာတွင် မတွေ့။ 'သွားပြီ ...' ကျွန်တော် ပူထူပြီး အိပ်ရာမှ ခုန်ထွက်ကာ တစ်ခန်းလုံးကို ပတ်ရှာမိသည်။ နောက် 'မုန်လာထုပ်' ကို ကုတင်ခြေရင်း၌ တွေ့တော့မှသာ စိတ်သက်သာရတော့သည်။ မနေ့ညက 'ကြောင်'တွေနှင့်ပတ်သက်ပြီး Aloha ပြောခဲ့သော စကားက နားထဲ ပဲ့တင်ထပ်လျက် ရှိသည်။

ကျွန်တော် ဘာလုပ်ရမလဲ။ ကျွန်တော့်ဘဝကို မေ့လိုက် ဒါမှမဟုတ် ကြောင်တွေကို စတေးရမလား။ 'မုန်လာထုပ်' မရှိတော့တဲ့ ကျွန်တော့်ဘဝကြီးကို တွေးတောင်မတွေးဝံ့။ အမေ မဆုံးခင်ကတည်းက အခုအချိန်ထိ အနားမှာ ရှိနေပေးခဲ့တဲ့ သူ့ကို ဘယ်လိုဆုံးရှုံးခံနိုင်ပါ့မလဲ။ ဒါဆို အခု ကျွန်တော် ဘာကို ရွေးချယ်ရတော့မလဲ။

အကယ်၍ ကြောင်တွေသာ ကမ္ဘာပေါ်က ကွယ်ပျောက်သွားရင် ဘာတွေ ထူးခြားသွားမှာလဲ။ ဘာတွေ အကျိုးရှိလာပြီး ဘာတွေ ပျယ်ပြယ်သွားမလဲ။

အရင်တုန်းက အမေ ပြောခဲ့ဖူးတဲ့ စကားကို သွားအမှတ်ရမိသည်။

''ကြောင်တွေဆိုတာ လွန်ခဲ့တဲ့ နှစ်တစ်ထောင်လောက်ထဲက လူတွေရဲ့ မိတ်ဖက်ပဲ။ ကြောင်တစ်ကောင်နဲ့ အချိန်အတော်ကြာ အတူနေဖူးရင် သိလာလိမ့်မယ်။ ငါတို့က သူတို့ကို ပိုင်တယ်လို့ ထင်ကြပေမဲ့ တကယ်တမ်းတော့ ကြောင်တွေကသာ ဘယ်လိုလူတွေနဲ့ အတူနေမယ်၊ မနေဘူး ရွေးချယ်ကြတာကွဲ့''

'မုန်လာထုပ်'က ကွေးကွေးလေး အိပ်နေဆဲဖြစ်သည်။ ကျွန်တော် သူ့ဘေးမှာ ဝင်လှဲကာ သူ့မျက်နှာဖောင်းဖောင်းလေးကို စိုက်ကြည့်နေမိသည်။ ငြိမ်းငြိမ်းချမ်းချမ်း အိပ်မောကျနေတာပဲ။ သူ့ရဲ့ အိမ်မက်ဆိုးတွေထဲမှာတောင် ကမ္ဘာပေါ်ကနေ သူ ပျောက်ဆုံးသွားတော့မယ်လို့ ထည့်မက်ဖူးလိမ့်မည် မဟုတ်ပေ။ အခုနေ သူနိုးလာပြီး လူကြီးလူကောင်း စတိုင်နှင့် အစာထ တောင်းရင်လည်း ကျွန်တော် အံ့သြတော့မည် မဟုတ်။ ထို့အတူ သစ္စာရှိတဲ့ ငယ်ပေါင်းတစ်ယောက်လို 'ကျွန်တော် ခင်ဗျားအတွက် ကျေကျေနပ်နပ်ကြီး စတေးခံဖို့လည်း အသင့်ပါဗျာ'လို့ ပြောလာခဲ့မယ်ဆိုလည်း ကျွန်တော် အံ့သြလိမ့်မည် မဟုတ်ပေ။

တခြားတစ်ဖက်ကလည်း လူသားတွေက သေခြင်းတရားကို သိကြတယ်လို့ ပြောကြပြန်တယ်။ 'ကြောင်' တွေက သေခြင်းတရားကို မသိကြ။ ဒါကြောင့်မို့ လူသားတွေလို ကြိုတင်ကြောက်လန့် တုန်လှုပ်တာတွေမဖြစ်ကြဟုသည်။ နောက်ပိုင်းမှာ လူသားတွေက ကြောင်တွေကို အိမ်မွေးအချစ်တော်တွေအဖြစ် မွေးမြူလာကြတယ်။ ကြောင်တွေရဲ့ သက်တမ်းက လူသားတွေထက် တိုတောင်းတာ သိလျက်သားနှင့် မွေးမြူကြပြီး အချစ်တော်ကြောင်လေးတွေ ကိုယ့်မျက်စိရှေ့မှာ ဆုံးရှုံးရသောအခါတွင်လည်း ပူဆွေးသောကရောက်ရပြန်သည်။

အကြောင်းအရာတွေကို ဆက်စပ်စဉ်းစားရင်းနှင့်ပင် လူတွေ ဘာလို့ အိမ်မွေးတိရစ္ဆာန်တွေ မွေးကြလဲဆိုတာကို ကျွန်တော် နားလည်သဘောပေါက်စ ပြုလာသည်။ တကယ်တော့ ကျွန်တော်တို့ရဲ့ သက်တမ်း ကျွန်

တော်တို့ရဲ့အကြောင်းကို ကိုယ့်ဘာသာ ဆန်းစစ်ကြည့်ဖို့အတွက်လည်း ပါဝင်မည်။ ကျွန်တော်တို့ကို တခြားသူတွေ ဘယ်လို သဘောထားကြလဲ။ ကျွန်တော်တို့ရဲ့ အနာဂတ်နှင့် ကျွန်တော်တို့ ဘယ်လိုဘယ်ပုံနှင့် အသက်သေရမည်လဲဆိုတာ ကျွန်တော်တို့ကိုယ်တိုင် ဘာဆိုဘာမှမသိ။ ဒါကြောင့်မို့ ကြောင်တွေ၊ အိမ်မွေးတိရစ္ဆာန်လေးတွေကို အနီးကပ်လေ့လာ သံဝေဂယူဖို့ လိုအပ်ကြတာ ဖြစ်သည်။ အမေပြောခဲ့သလိုပေါ့၊ ကြောင်တွေက သူတို့ဘာသာ ရှင်သန်နိုင်ကြတယ်။ လူတွေကသာ သူတို့ကို လိုအပ်နေတာလို့လေ။

ဒီအတွေးတွေက ကျွန်တော့်ဦးနှောက်ထဲမှာ ထပ်ကာထပ်ကာ လည်ပတ်နေပြီး ရုတ်တရက်ဆိုသလို ဦးခေါင်းညာဖက်ခြမ်းမှ စူးခနဲဖြစ်အောင် နာကျင်သွားသည်။

'ဂေါ်ဇီထုပ်' ရဲ့ နောက်ဆုံးအချိန်တွေတုန်းကလိုပင် ကျွန်တော်လည်း ယခု အားအင်ချိနဲ့ တုန်ရီစွာ ကုတင်ပေါ်မှာပဲ လဲနေရသည်။ ခန္ဓာကိုယ်ကြီးက သေမင်းကို အရှုံးပေးလိုက်ပုံနှင့်ငြိမ်သက်ပြီး အကူအညီမဲ့နေသည်။ ရင်ဘတ်တစ်ခုလုံး မောဟိုက်ကျပ်ခဲမှုကို ကျွန်တော် ခံစားလာရသည်။

ဦးခေါင်း ကိုက်ခဲမှုက ပြင်းထန်သထက် ပြင်းထန်လာသည့်နောက် ကျွန်တော် အားယူကာ အကိုက်အခဲပျောက်ဆေးနှစ်လုံးကို ရေနှင့် မျောချလိုက်ပြီး အိပ်ရာဆီသို့ ပြန်လာလှဲရသည်။ ဒီနောက် ကျွန်တော် အိပ်မောရှည်ကြီး ကျသွားလေတော့သည်။

''ဒီတော့ မင်း ဘာဆက်လုပ်မလဲ''

မနေ့ညက Aloha ပြောခဲ့တဲ့ စကားကို ပြန်သတိရလာသည်။

''မင်းဘဝလား ... ကြောင်တွေလား''

ဤစကားကို ပြောစဉ်က သူ မကောင်းဆိုးရွားဆန်စွာ ရယ်မောနေခဲ့သည်။

''ခက်ခဲတဲ့ ရွေးချယ်မှုမျိုး မဟုတ်ဘူးမလား၊ မင်း သေသွားရင်လည်း ဘယ်သူက မင်းကြောင်ကို စောင့်ရှောက်မှာလဲ''

''ကျွန်တော့်ကို အချိန်ခဏပေးဗျာ''

''ဘာတွေ ဒီလောက်စဉ်းစားမှာလဲ၊ အဖြေက ရှင်းနေပြီ''

''ခဏလောက်တော့ ပေးစမ်းဗျာ''

''အိုခေ ... ကောင်းပြီလေ။ မနက်ဖြန် အသေအချာပြန်ပြော၊ မင်း မသေခင်လေးပေါ့''

ပြောပြီးနောက် Aloha ကွယ်ပျောက်သွားလေသည်။

နောက်နေ့မနက် ကျွန်တော် နိုးလာသောအခါ နေမြင့်နေပြီ ဖြစ်သည်။ နိုးနိုးချင်း 'မုန်လာထုပ်'ကို လိုက်ရှာမိသော်လည်း အခန်းထဲမှာ သူ့ကို မမြင်။

''သူ ဘယ်မှာရှိနိုင်မလဲ''

ကျွန်တော် အိပ်တစ်ဝက် နိုးတစ်ဝက် ဖြစ်နေစဉ်မှာ ကြောင်တွေကို အဆုံးရှုံးခံဖို့ ဆုံးဖြတ်မိလိုက်သလား''



ကျွန်တော် အခန်းထဲမှာ လှည့်ပတ်ရှာသည်။ စာအုပ်စင်အပေါ်၊ ကုတင်အောက်၊ ရေချိုးခန်းနှင့် မီးဖိုချောင်ပါမကျန်အောင် ကျွန်တော် ရှာသော်လည်း သူ့ကိုမတွေ့ရပေ။ 'မုန်လာထုပ်' က ချောင်ကြိုချောင်ကြားတွေထဲ ဝင်ရတာ ကြိုက်တယ်။ အဝတ်လျှော်စက်နောက်မှာလည်း ခဏခဏပုန်းနေတတ်သည်။ သို့ရာတွင် ထိုနေရာတွေမှာလည်း သူ ရှိမနေပြန်။

ထို့နောက် ပြတင်းပေါင်ဘောင်တွေပေါ် အကြည့်ရောက်သွားသည်။ မုန်လာထုပ်က အဲ့ဘောင်တွေပေါ်မှာ အမြီးတယမ်းယမ်းနှင့် နေပူစာလှုံလေ့ရှိသည်။ မုန်လာထုပ်ရဲ့ ကိုယ်လုံးလေးကို ကျွန်တော် တွေးမိလာသည်။ သူ့အသက်ရှူသံ မျှဉ်းမျှဉ်းလေးနှင့် ကျွန်တော့်ပေါင်ပေါ် တက်ခွေတတ်တဲ့ သူ့ကိုယ်လုံးနွေးနွေးလေးကို တမ်းတမိသည်။

နောက်ဆုံးတော့ အပြင်ဘက် တစ်နေရာဆီမှ ကြောင်အော်သံတိုးတိုးကို ကျွန်တော် ကြားလိုက်သည်ဟု ထင်ယောင်လာသည်။

''မုန်လာထုပ် ...''

အိမ်နေရင်းစီးတဲ့ အဝတ်ဖိနပ်နှင့်ပင် ကျွန်တော် ပြေးထွက်လာခဲ့သည်။ လမ်းတစ်ဘက်မှာ အမြဲရပ်လေ့ရှိတဲ့ အဖြူရောင်ပင်ကားအောက်က အောင်နေတာ ဖြစ်မည်ဟုထင်၍ အပြေးသွားသော်လည်း သူ ရှိမနေခဲ့ပါ။

ကျွန်တော်တို့အတူ လမ်းလျှောက်ထွက်နေကြ လမ်းတစ်လျှောက် ကျွန်တော် လိုက်ရှာသည်။ 'ဒီကောင် ပန်းခြံကိုများ သွားလား' တောင်ကုန်းအဆုံးထိ ကျွန်တော် တက်ကြည့်သည်။ မနေ့က ကျွန်တော်တို့ ထိုင်ခဲ့တဲ့ ဆေးသားတချို့ကွာနေတဲ့ ခုံတန်းအပြာလေးပေါ် သူအိပ်ပျော်နေတာ ဖြစ်မယ်။ သို့သော် ထိုခုံတန်းပေါ်တွင်လည်း မုန်လာထုပ် မရှိ။ သူ အစာသွားတောင်းနေကျ ခေါက်ဆွဲဆိုင်နားမှာလည်း မမြင်ရ။ ကျွန်တော် တောင်အောက် ပြန်ဆင်းကာ ဆိုင်ခန်းတွေကြား လိုက်ရှာသော်လည်း 'မုန်လာထုပ်'ရဲ့ အရိပ်အယောင်လေးတောင် မမြင်မတွေ့ရပေ။

''မုန်လာထုပ် ...''

သူ့နာမည်ကို တကြော်ကြော်ခေါ်ရင်း ကျွန်တော် ပြေးလွှားရှာဖွေနေခဲ့ 
သည်။ ကျွန်တော့် လည်ချောင်းနှင့် အဆုတ်တစ်ခုလုံး အလွန်အမင်း ပူလောင်ခြောက်ကပ်၍ ရေဓာတ်လိုလာသည်အထိ ကျွန်တော့် ခြေဖဝါးတွေဟာ ဆုတ်ဖြဲခံရသလို ကွဲလေပြီ ဖြစ်သည်။ လူတစ်ကိုယ်လုံး မြောက်တက်သွားသလို ဖြစ်ကာ မူးဝေလာသည်။ ယခုကဲ့သို့ စိတ်ရော လူရော ပူလောင်ပင် ပန်းမှုမျိုးကို ကျွန်တော် ယခင်ကလည်း ခံစားခဲ့ရဖူးသည်။ ဒီလို ထပ်တူညီတဲ့ ခံစားချက်မျိုးဟာ အတိတ်က ကျွန်တော် မေ့ထားချင်တဲ့ မှတ်ဉာဏ်တွေကို ပြန်ပေါ်လာစေခဲ့သည်။

လွန်ခဲ့တဲ့ ၄ နှစ် ...။

အဲ့ဒီနေ့ကို ကျွန်တော် ပြက်ပြက်ထင်ထင်ကို မှတ်မိသည်။ ဆေးရုံသို့ မြန်နိုင်သမျှ မြန်အောင် ကျွန်တော် ပြေးသွားနေသည်။ အမေ ဒုတိယအကြိမ် ရှော့ရပြီး နလုံးခုန်ရပ်မတတ် ဖြစ်နေသည်။ ဆေးရုံပေါ်မှာ အမေ အချိန်အကြာကြီး သတိမေ့နေခဲ့ပြီး တစ်ခါတစ်ခါ ရှော့ရပြီးပြန်သတိဝင်လာတတ်

သည်။ ဤသို့ဖြစ်တိုင်း ဆေးရုံမှ ကျွန်တော့်ကို အကြောင်းကြားပေး၍ ကျွန်တော်လည်း ရောက်တဲ့နေရာမှ အမေ့ဆီ အပြေးလာလေ့ရှိသည်။

အဲ့ဒီနေ့က ကျွန်တော် ဆေးရုံရောက်တော့ အမေက သူ့ခုတင်ပေါ်မှာ မသက်မသာ နာကျင်နေဆဲပုံနှင့် ထိုင်နေသည်။ သူမ ချမ်းလွန်းနေသည်ဟု တုန်တုန်ရီရီနှင့် အခါခါပြောသည်။ အမေ့ကို ဒီလိုပုံနှင့် မြင်ရတာ ကျွန်တော့်ကို တုန်လှုပ်ချောက်ချားစေသည်။ ကျွန်တော် ကြီးပြင်းလာတဲ့ဘဝ တစ်လျှောက်လုံးမှာ အမေဟာ တက်ကြွပျော်ရွှင်ပြီး နွေးထွေးသော အမျိုးသမီးတစ်ဦးသာ ဖြစ်သည်။ အမေ့အနားမှာ နေရလျှင် ကျွန်တော် နွေးထွေးလုံခြုံသည်ဟု ခံစားရသည်။ အခု သူက ကျွန်တော့်ကို ခွဲခွာသွားတော့မည်ကို ကျွန်တော် ဆောက်တည်ရာမဲ့စွာ ထိတ်လန့်ကြောက်ရွံ့နေသည်။ အမေက တစ်ခုခုကို ဗလုံးဗထွေးပြောလာသော်လည်း မကြားနိုင်လောက်အောင် တိုးလွန်းလှသည်။ ''တောင်းပန်ပါတယ် ... သားရယ်၊ အမေ မင်းကို ထားခဲ့

၁၄၄ ရတော့မယ်'' ကျွန်တော် ဖြေမဆည်အောင်ဘဲငိုရှိုက်မိသည်။ ကျွန်တော် တုန်လှုပ်ချောက်ချားစွာ အမေ့ကို ဖက်ထားပေးရင်း အမေ့ကျောပြင်ကို လက်ဖဝါးနှင့် ဖွဖွပွတ်သပ်ပေးနေမိတော့သည်။

အမေ တစ်နာရီလောက် အပြင်းအထန်ဝေဒနာ ခံစားခဲ့ရပြီးမှာတော့ ဆရာဝန်တွေက အကိုက်အခဲပျောက်ဆေးကို အကြောထဲ ထိုးသွင်းပေးလိုက်သည်။ နောက်တော့ သူ နစ်နစ်မြုပ်မြုပ် အိပ်ပျော်သွားသည်။ အရမ်းကို ငြိမ်းချမ်းစွာ အိပ်မောကျသွား၍ စောစောက ဝေဒနာအပြင်းအထန် ခံစားနေရသူမှာ အမေပါပဲလားဆိုတာတောင် ယုံရခက်ပေလိမ့်မည်။ အမေ အိပ်သွားမှ ကျွန်တော်လည်း စိတ်ပြေကာ ကုတင်အနားက ကုလားထိုင်တစ်လုံးမှာ ထိုင်မိတော့သည်။ များမကြာမီ ကျွန်တော်လည်း စိတ်ပန်း လူပန်းထား၍ အမေ့နည်းတူ အိပ်ပျော်သွားသည်။

ကျွန်တော် နိုးလာသောအခါ ဘယ်အချိန်ရောက်နေပြီလဲဆိုတာ ကျွန်တော် မသိပေ။ အမေက သူ့အိပ်ရာပေါ်မှာပဲ စာကြည့်မီးအိမ် အလင်းလေး

နှင့် စာအုပ်တစ်အုပ်ကို ဖတ်နေသည်။ သူမ ကြည့်ရတာ အရင်ကလိုပင် သက်သာဟန် ရှိသည်။

''နေကောင်းရဲ့လား ... အမေ''

''အိုး ... သား နိုးပြီလား ... အမေ နေလို့ကောင်းပါတယ်''

''တော်သေးတယ် ...''

''... အမေ နေပြန်ကောင်းပါတော့မလားပဲ''

သူမရဲ့ လက်ကောက်ဝတ်ကို စမ်းရင်းနှင့် အမေပြောသည်။ သူမ တကယ့်ကို ပိန်းလျှလွန်းနေပြီ။

''ဂေါ်ဖီထုပ်လို ဖြစ်နေပြီ''

''အဲ့လိုမပြောပါနဲ့ ... အမေရယ်''

''ဟုတ်သားပဲ ... အမေ တောင်းပန်ပါတယ်''

ဆေးရုံခန်း ပြတင်းပေါက်တွေဟာ အနောက်ဖက်မှာရှိ၍ ဝင်ခါနီးဆဲဆဲ နေလုံးကို တွေ့မြင်ရသည်။ ထူးထူးခြားခြား သည်နေ့ဆည်းဆာဟာ ပိုတောက်ပနေသည်။ အမေ့ ခုတင်ဘေးက ဓာတ်ပုံထဲတွင်မူ ကျွန်တော်တို့ မိသားစုအားလုံး ပင်လယ်ကို နောက်ခံပြု၍ ပြုံးနေကြသည်။ ၁၄၅

''ရေပူစမ်းသွားတုန်းက ပျော်စရာပဲနော်''

''ဟုတ်တယ် ... တကယ်ပျော်ဖို့ကောင်းတယ်''

''အဲ့ဒီတုန်းက တည်းခိုဆောင်မရမှာ ပူလိုက်ရတာ အမေရာ''

''ဟုတ်ပ့ါ ... အမေဖြင့် လန့်သွားတာပဲ''

''အခုလို ပြန်ပြောတော့လည်း ရီစရာလိုပဲ''

''အေးကွယ် ...''

''ငါးအသားလွှာလေးက စားကောင်းတယ်''

''ထပ်သွားကြမယ်နော် ... အမေ''

''သွားချင်တာပေ့ါ ... သားရယ်၊ ဒါပေမဲ့ အမေတော့ မလိုက်နိုင်တော့ဘူး ထင်တယ်''

အမေက သူ ထပ်သွားဖို့ မဖြစ်နိုင်တော့ကြောင်ကို သူ့အခြေအနေ သူ ရိပ်မိကြောင်းကို အထပ်ထပ်ပြောသည်။ အမေ့ကို အားပေးဖို့ရာအတွက် ကျွန်တော် မတတ်နိုင်ခဲ့ပါ။

''အဖေ့ကို မမြင်ပါလား၊ ဒီနေ့ရော မလာဘူးလား''

ကျွန်တော် စကားရှာပြောသည်။

''အမေ မတွေ့မိပါဘူးကွယ်''

''ကျွန်တော်နဲ့ပြောတော့ သူ နာရီပြင်တာလေး လက်စသတ်ပြီး လာမယ်ပြောတာပဲ''

''သြော် ... ဟုတ်လား''

အမေ တစ်ချိန်လုံး ဝတ်ထားခဲ့တဲ့ လက်ပတ်နာရီလေးတစ်လုံးရှိသည်။ အမေရဲ့ အနှစ်သက်ဆုံး အရာတစ်ခုဖြစ်ပြီး အဖေကိုယ်တိုင် ပြန်ပြင်ပေးခဲ့ဖူးသည်။ နာရီပြင်သမားတစ်ယောက်ရဲ့ ဇနီးဖြစ်ပြီး အမေ့မှာ နာရီတစ်လုံးထဲသာ ရှိသည်ကတော့ ထူးဆန်းသည်။



''အဲ့ဒီနာရီက ဘာတွေများ လှလို့လဲ''

''မင်းအဖေပေးတဲ့ ပထမဆုံးလက်ဆောင်လေ''

''အိုး ... ဒါကလား''

''သူ စုဆောင်းထားတဲ့ ရှေးဟောင်းပစ္စည်းလေးတွေနဲ့ မင်းအဖေကိုယ်တိုင် လုပ်ထားပေးတာ''

''ဒါဆို အဖေကောင်းကောင်းလုပ်ပေးတာလည်း ရှိတယ်ပေါ့''

''မင်းအဖေက လူကောင်းပါကွယ်၊ သူ့ကိုယ်သူ ထုတ်ဖော်မပြောပြတတ်တာပါ''

အဖေအကြောင်း ပြောစဉ်မှာ အဖေက မိန်းမငယ်လေးတစ်ယောက်ကဲ့သို့ပင် ခိုးခိုးခစ်ခစ်လည်း ရယ်တတ်သေးသည်။

''ရှေ့တစ်ပတ်လာတုန်းကတောင် အမေ့နာရီစက်ရပ်သွားပြီလို့ ပြောလိုက်သေးတယ်။ မင်းအဖေကတော့ ဘာမှမပြောဘဲ နာရီယူပြီး ပြန်သွားတာပဲ။ သူ ပြင်နေတယ်ဆိုတာ အမေ့နာရီ ထင်တယ်''

''ဒါဆို ဘာလို့အမေ့ဆီ ရောက်မလာပြန်တာလဲ''

''အမေ အဆင်ပြေပါတယ်၊ မင်းလည်း ရှိသားပဲကွယ်။ တချို့လူတွေက သူတို့အချစ်ကို ထုတ်ဖော်မပြတတ်ဘူး။ ထူးခြားတယ်''

''ကျွန်တော် နားမလည်ဘူး''

''ဒီလိုပါပဲကွယ် ...''

ဒါဟာ အမေနဲ့ ကျွန်တော် နောက်ဆုံးစကားပြောရခြင်းပဲ ဖြစ်သည်။ တစ်အောင့်လောက်အကြာမှာ အမေရောဂါ ပြန်ဖောက်လာပြီး တစ်နာရီအတွင်းလောက်မှာပဲ သေဆုံးသွားသည်။

ကျွန်တော် အဖေ့ဆိုင်ဖုန်းကို ခေါ်ပြီးရင်း ခေါ်သည်။ သို့သော် အဖေကား ပေါ်မလာခဲ့။ အမေဆုံးပြီး တစ်နာရီကြာမှ ရောက်လာသည်။ အမေ့ရဲ့ နာရီလေးကိုပါ သယ်ဆောင်လာခဲ့သည်။ အမေ့ရဲ့ နာရီလေးကို ပြန်ကောင်းအောင် အဖေ မပြုပြင်နိုင်သေးပေ။ အမေ့ရဲ့ အသက်မဲ့ခန္ဓာကိုယ်ဟာ ဆေးရုံပေါ်မှာ လဲလျောင်းနေပြီ။ အဖေ့ကို ကျွန်တော် စွပ်စွဲခဲ့သည်။

''ဘာလို့ အခုမှရောက်လဲ''

''ဘာလို့ ဒီလိုအချိန်မှ နောက်ကျခဲ့လဲ''

အမေ မဆုံးခင်က ရှင်းပြခဲ့သော်လည်း ကျွန်တော် နားလည်နိုင်စွမ်း ထိုအချိန်က မရှိခဲ့ပေ။

အမေ့ရဲ့ ရုပ်အလောင်းကို အိမ်သို့ ပြန်သယ်ခဲ့ကြသည်။ အမေ ရောဂါသည်းစဉ် တစ်လျှောက်လုံးနေခဲ့တဲ့ ဆေးရုံခန်းတွင် အဖြူရောင်ပိတ်ပါးမှလွဲ၍ မကျန်ခဲ့။ အမေ့လက်ပတ်နာရီလေးကို ကုတင်ဘေးနားက ခုံပေါ်မှာ တင်ထားသည်။ အမေ့ရဲ့ ခန္ဓာကိုယ် တစ်စိတ်တစ်ပိုင်းလို အမြဲဝတ်ဆင်ထားခဲ့ဖူးသော နာရီလေး ဖြစ်လေသည်။ ယခုတော့ အားလုံးအသက်မဲ့သွားလေပြီ။ ပိုင်ရှင်မဲ့ပြီဖြစ်သော နာရီအပျက်လေးသည်လည်း အသုံးမဝင်သော အမှိုက်သာသာ ကျန်ခဲ့ပေတော့မည်။ ရုတ်တရက်ဆိုသလို 'ဂေါ်ဇီထုပ်'လေးရဲ့ လည်ပတ်အနီလေးကို သွားတွေးမိသည်။ ကျွန်တော့် အမေ့နာရီကို ရင်ထဲမှာကပ်၍ တစ်ကိုယ်တည်း ရှိုက်ငိုနေမိတော့သည်။

အမေ သေဆုံးသည့်နေ့မှစ၍ အဖေ့ကို ကျွန်တော် စကားမပြောတော့ပေ။

ယခုအချိန်ထိ အဖေနှင့် ကျွန်တော့်ဆက်ဆံရေး ဘာကြောင့် ဒီလောက်ဆိုးဝါးသွားလဲဆိုတာ ကျွန်တော် အဖြေရှာမတွေ့။ ကျွန်တော်တို့ ပျော်စရာမိသားစု ဖြစ်ခဲ့ကြသည်။ ပိတ်ရက်တွေမှာ အလည်အပတ်သွားကာ ရင်းရင်းနှီးနှီး နေခဲ့ကြသည်။ အချိန်တွေ ကြာလာတဲ့အခါမှာတော့ အဖေနှင့် ကျွန်တော့် ကြားက ရင်းနှီးနွေးထွေးမှုသည် အကြောင်းရင်း မယ်မယ်ရရမရှိဘဲ ဆွေးမြေ့သွားတော့သည်။

ဒါပေမဲ့ ကျွန်တော်တို့က မိသားစု မဟုတ်လား။ ကျွန်တော်တို့ ဒုက္ခတွေကြုံတဲ့အခါမှာ အမြဲရှိနေပေးမှာ မိသားစုဆိုတာပဲမလား။ ကျွန်တော်တော့ အဲ့လို ယူဆထားခဲ့သည်။ ဒီလိုယူဆချက်မျိုးကို တစ်ခါမျှပင် မေးခွန်းထုတ်စရာလို့ မထင်ခဲ့ပေ။ ကျွန်တော်နဲ့ ကျွန်တော့်အဖေရော ဒါကို လုံးဝယုံကြည်ကြတယ်ဆိုရင် ဟာသပဲဗျ။ အဖေနဲ့ ကျွန်တော် စကားပြောခဲတယ်။ တစ်ယောက်နဲ့တစ်ယောက် ခံစားချက်တွေ အတွေးတွေ ဖလှယ်ဖို့ဆိုတာ ဝေလာဝေးပဲ။ ဘာပဲဖြစ်ဖြစ် တစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းတာက အကျင့်လိုဖြစ်နေပါပြီ။

ဒါက သိပ်တော့ အလုပ်မဖြစ်လှဘူးဗျ။ မိသားစုဆိုတာ ဒီအတိုင်းကိုယ်က ဘာအားထုတ်မှုမှ လုပ်မပေးဘဲ ကိုယ့်အတွက် ရှိနေရမှာလို့ တွေးနေတာထက် မိသားစုဆိုတာ 'တည်ဆောက်ပြုပြင်'ရခြင်းလို့ မှတ်ယူသင့်တယ်။ အခု အဖေနဲ့ ကျွန်တော်ဟာဆိုရင် သွေးနှောတဲ့ သူစိမ်းသက်သက်လူတွေလိုပဲ။ အဝေးမှာ ခွဲနေကြပြီး အဆက်အသွယ်လည်း ဘယ်သူကမှ မလုပ်ကြဘူး။ ကြာလာတော့လည်း နောက်ဆုံးချည်မျှင်သာသာ လက်ကျန်ဆက်နွှယ်မှုလေးတောင် ပျက်ပြားသွားသည်။

အမေ နေမကောင်းဖြစ်တုန်းလည်း အဖေနှင့် ကျွန်တော် အဆက်အဆံမလုပ်။ ကိုယ့်အလိုဆန္ဒတွေပဲ ရှေ့တန်းတင်ခဲ့ကြတယ်။ အမေ ဘာလိုအပ်လဲ၊ ဘာလိုချင်လဲဆိုတာ ကျွန်တော်တို့ မဆန်းစစ်ခဲ့ကြ။ အမေ့ရောဂါ ဆိုး

သထက် ဆိုးလာချိန်မှာတောင် သူမက အိမ်အလုပ်တွေကို သိမ်းကျုံးလုပ်နေဆဲ ဖြစ်သည်။ ကျွန်တော် သိသော်လည်း အမေ့ကို ဆေးခန်းခေါ်သွားဖို့ အချိန်ရွှေ့ခဲ့မိသည်။ ဒီအစား အမေ့ကို အိမ်မှုကိစ္စတွေ လုပ်နိုင်းဆဲလားဟု အဖေ့ကိုသာ အပြစ်တင်နေခဲ့သည်။ အဖေလည်း ကျွန်တော့်လိုပင် အမေ့ကို ဆေးရုံမခေါ်သွားရကောင်းလားဟု ကျွန်တော့်ကို ကြိမ်းဝါးခဲ့မည် ထင်သည်။ နောက်ဆုံး အမေ အိပ်ရာထဲလဲတော့ အမေ့အနားမှာ ကျွန်တော်လာပြုစုချိန် အဖေက အမေ တန်ဖိုးထားရတဲ့ နာရီကို ပြင်ပေးဖို့ပဲ အာရုံစိုက်နေခဲ့သည်။ အမေ့ရှာပနပြီးတာတောင် ကျွန်တော်တို့သားအဖ ဆက်ဆံရေးက အေးစက်မြဲ အေးစက်ခဲ့သည်။

ဦးတည်ရာမဲ့ ကျွန်တော် လျှောက်ပြေးနေသည်။ အခုချိန်ထိ 'မုန်လာထုပ်' ကို မမြင်ရသေး။ တကယ်ပဲ ကြောင်တွေ ကမ္ဘာပေါ်မှာ မရှိတော့တာလား။ 'မုန်လာထုပ်' ကို ထပ်တွေ့ခွင့်မရှိတော့ဘူးလား။

အမေရော၊ 'ဂေါ်ဖီထုပ်' လေးရော လောကထဲက ထွက်ခွာသွားနှင့်ပြီ။ 'မုန်လာထုပ်'ရော ကျွန်တော့်ကို ထားခဲ့မှာလား။ ကျွန်တော် အထီးကျန်စွာ တစ်ယောက်တည်း မနေလိုပါ။ ပူဆွေးမှု၊ ဒေါသ၊ စိတ်တုန်လှုပ်မှုနဲ့ ခန္ဓာကိုယ်အနံ့ နာကျင်မှုတွေက ကျွန်တော့်ကို ရိုက်ခတ်လာသည်။ 

အမေနှင့် ဂေါ်ဖီထုပ်လိုမျိုး 'မုန်လာထုပ်'လည်း ကျွန်တော့်ကို ထားခဲ့ပြီလား။ ကျွန်တော် တစ်ယောက်တည်း ကျန်ခဲ့မှာ ကြောက်သည်။ စိုးရိမ်ထိတ်လန့်ခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသနှင့်အတူ ခန္ဓာကိုယ်နေရာ အနှံ့အပြားက နာကျင်လာသည်။ ကျွန်တော် မဟာန်နိုင်ဘဲ စကြံလမ်းပေါ် ထပ်လဲကျသည်အထိ မရပ်မနား ပြေးလွှားရှာဖွေခဲ့သည်။

ထို့နောက် ဤစကြံလမ်းကို ခင်းထားသော ကျောက်တုံးတွေကို ကြည့်ရင်း အရင်တစ်နေ့က ရည်းစားဟောင်းနှင့် ဆုံခဲ့သော နေရာသို့ ရောက်မှန်းမသိ ရောက်နေမှန်း သိရသည်။ ကျွန်တော် နာရီဝက်နီးပါးလောက်နေရာအနှံ့ လိုက်ရှာသည်။ သို့သော် ကျွန်တော် နောက်ကျခဲ့လေပြီ။ ကျောက်

ပြားတွေရဲ့ အေးစက်စက် အထိအတွေ့ကြားမှာ ကျွန်တော် လဲပြိုစပြုနေပြီ။ ကြောင်တွေ ပျောက်ကွယ်သွားပြီ။ 'မုန်လာထုပ်' လေး ကမ္ဘာပေါ်မှာ မရှိတော့အောင် ကျွန်တော် လုပ်မိပြီ။

ထိုအချိန်တွင် ရုတ်တရက် ကြောင်အော်သံလေး ကြားလိုက်ရသည်။ ကြားလျှင်ကြားချင်းပင် ကျွန်တော် မတ်တတ်ထရပ်နိုင်သွားသည်။ တစ်ခါထပ်ကြားရသည်။ ထို့နောက် အသံလာရာဆီသို့ ကျွန်တော် ဦးတည်ပြေးသွားတော့သည်။ ဒါ အိပ်မက်လား၊ တကယ်လား ကျွန်တော့် ခေါင်းတစ်ခုလုံး ချာချာလည်နေပြီး ဘာတစ်ခုကိုမှ မစဉ်းစားနိုင်သေးပေ။ ကျွန်တော့်ခြေထောက်တွေ ခဲဆွဲထားသလို လေးလံနေပေမဲ့ အသံလာရာဆီသို့ ပြေးနိုင်သလောက် မြန်မြန်ပြေးသွားမိသည်။ နောက်ဆုံး အနီရောင်အုတ်တိုက်ကြီးရှေ့တွင် ကျွန်တော် ရပ်တန့်သွားသည်။ ရပ်ရှင်ရုံတစ်ခုရှေ့မှာ ဖြစ်သည်။

နောက်ထပ် ကြောင်အော်သံလေး ကြားရသည်။ 'မုန်လာထုပ်' က ရုပ်ရှင်ရုံအပေါက်ဝ ကောင်တာပေါ်မှာ ရပ်နေသည်။ အသာအယာပင် ခုန်ဆင်းလာပြီး ကျွန်တော့်ဆီ လျှောက်လာသည်။ သူ့ကို ပွေ့ချီကာ တင်းတင်းကျပ်ကျပ် ဖက်ထားမိသည်။ သူ့အမွေးပွပွကိုယ်လေးနှင့် တညောင်ညောင်အသံလေးကြားရမှပင် ကျွန်တော့်ဘဝလည်း ပြန်နွေးထွေးလာသလို ခံစားရသည်။

''မင်းတို့နှစ်ယောက် ပြန်တွေ့ကြတာ သိပ်ကောင်းတာပဲ''

ကျွန်တော်တို့နှစ်ယောက်ရှေ့မှာ ရပ်နေသူက ရည်းစားဟောင်းဖြစ်လေသည်။ သူမက ဒီတိုက်မှာ နေတာပဲမလား။

''မုန်လာထုပ်တစ်ကောင်တည်း ဒီရောက်လာတော့ ငါ အံ့ဩနေတာ''

''ကျေးဇူးပဲ ... အခုမှ ငါလည်း သက်မချနိုင်တော့တယ်''

''ဟေးဟေး ... မငိုလိုက်နဲ့နော်၊ နင် အခုထိ အငိုလွယ်တုန်းပဲလား''

ပြောလည်း ပြောစရာပင် ကျွန်တော် မျက်ရည်ကျနင့်ပြီး ဖြစ်သည်။ ရှက်ဖို့ကောင်းသော်လည်း ဒါက အပျော်လွန်ပြီး ကျတဲ့မျက်ရည် ဖြစ်သည်။ မုန်လာထုပ် ရှိသေးသည်။ ကျွန်တော့် ရင်ခွင်ထဲမှာ ရှိသေးသည်။

''နင်လည်း အဒေါ်လိုပဲနော်''

''ဘာကိုလဲ ...''

စာတစ်အိတ်ကို သူမလှမ်းပေးသည်။ ကျွန်တော့် နာမည်တပ်ထားပြီး ဘာတံဆိပ်၊ ဘာစည်းမှ ထုမထားပေ။ ဒါဟာ တစ်စုံတစ်ယောက်ရေးထားခဲ့ပြီး ဘယ်တော့မှ မပို့ဖြစ်ခဲ့ခြင်း ဖြစ်သည်။

''နင့် အမေရဲ့စာ၊ ငါ့ကို သိမ်းခိုင်းထားတာ''

''အမေပေးတာ''

''အေး ... ငါ အဒေါ်ဆေးရုံတက်တုန်းက သွားကြည့်တယ်။ အဲ့ဒီ တုန်းက ငါ့ကိုပေးပြီး သိမ်းခိုင်းထားတာ''

အမေ့ကို သူမ ဘယ်တုန်းက သွားကြည့်လဲဆိုတာ ကျွန်တော် လုံးဝ မသိပေ။ ယုံရခက်လှပေမဲ့ သူမဆီက စာကို ကျွန်တော် ယူထားလိုက်သည်။ 

''ဆေးရုံပေါ်မှာ အဒေါ် နင့်အတွက် ရေးထားတာ။ ဒါပေမဲ့ သူ မပေးရဲခဲ့ဘူး။ စာဖတ်ပြီးရင် နင်သူ့ကို စိတ်ပျက်သွားမှာ စိုးရိမ်နေရှာတယ်။ ဒါနဲ့ ငါ့ကို သိမ်းခိုင်းထားပြီး နင် အရမ်းဒုက္ခတွေ့နေမှ ပေးဖတ်ဖို့ ပြောသွားတယ်''

''ဪ ...''

''အစကတော့ ငါလည်းငြင်းသေးတယ်။ နင်နဲ့ ပြတ်တာပဲ နှစ်ပေါင်း မနည်းဘူးလေ။ ပြန်တွေ့ဖြစ်မယ်လို့လည်း မထင်ဘူး။ ဒါပေမဲ့ အဒေါ်က စာကို မပေးဖြစ်လည်း အဆင်ပြေတယ်။ တစ်ယောက်ယောက်ပဲဖြစ်ဖြစ် သူ့စာကို သိမ်းထားပေးရင်ကို ကျေနပ်ပြီဆိုလို့။ အခု 'မုန်လာထုပ်'က ဒီ ရောက်လာပြီး နင်ကလည်း မျက်ရည်နဲ့ မျက်ခွက်မို့လို့။ အခုချိန်မှ မပေးရင် မဖြစ်တော့ဘူးဆိုပြီး ပေးတာ''

''အခုချိန် ... ''

''နင် အခက်အခဲဆုံး အချိန်ကျ ပေး,ပေးပါဆိုလို့လေ''

''အေး ...''

''နင့်အမေက ကြိုသိနေတာပဲ။ သူ့မှာ မော်အစွမ်းတွေ ဘာတွေများ ရှိမလား မသိဘူး''

ရည်းစားဟောင်းဖြစ်တဲ့ သူမကတော့ သူ့စကားသူ ရယ်နေသည်။

ရုပ်ရှင်ရုံရှေ့ ခုံတန်းမှာ ထိုင်ချလိုက်ပြီး 'မုန်လာထုပ်'ကို ပေါင်ပေါ် သေချာတင်ထားလိုက်သည်။ ထို့နောက် စာကို ဂရုတစိုက်နှင့် ဖွင့်ဖတ်သည်။ စာမျက်နှာထိပ်မှာ အမေ့ရဲ့လက်ရေးလှလှနှင့် ရေးထားသော စာလုံးကြီးကြီး နှင့် ခေါင်းစဉ်ကို တွေ့ရသည်။ 'မသေခင် လုပ်ချင်တဲ့အရာဆယ်မျိုး'။ ခေါင်း စဉ်နှင့်ပင် အဖျားရှူးနေပြီ ဖြစ်သည်။ အမေရော သားရော တစ်ပုံစံတည်းပဲ။ ကျွန်တော် ရယ်မောမိပြီး နောက်စာမျက်နှာကို လှန်လိုက်သည်။



''အမေ မနေရတော့ဘူးဆိုတာ သိတဲ့အချိန် အမေ လုပ်ချင်ခဲ့တာတွေ ဆယ်ခုလောက်ဖြစ်ဖြစ် စာရင်းလေးပြုစုပြီး လက်ကျန်အချိန်တွေမှာ လိုက် လုပ်ရင်း နေသွားရမလားလို့ အမေ တွေးမိတယ်။ အမေက ခရီးသွားပြီး ဒေသထွက် အစားအစာတွေ မြည်းစမ်းရတာ သဘောကျတယ်။ စတိုင်ကျကျ နဲ့ အင်္ကျီလှတပတလေးတွေလည်း ဝတ်ပလိုက်ချင်သေးတာပေါ့ကွယ်။ ဒါပေမဲ့ ဒါတွေက အမေ့အတွက် တကယ်အရေးပါသလား။ မသေခင် ဒါတွေ ပဲ လုပ်သွားချင်လားလို့ ပြန်သုံးသပ်မိတော့ မဟုတ်ဘူးသား။ အမေ မသေ ခင် အချိန်ထိ သားအတွက်ပဲ အရာအားလုံး လုပ်ပေးချင်ခဲ့တာ။ မင်းမှာ အချိန်တွေ အများကြီး နေရဦးမယ်။ ကောင်းတဲ့ လောကဓံနဲ့ကြုံရင် သား ပျော်ရွှင်ရမှာဖြစ်ပြီး အဆိုးတွေလာရင်လည်း သား ဝမ်းနည်းရမယ်။ နာကျင် ရလိမ့်ဦးမယ်။ ဒီတော့ သားကို အမေက ကမ္ဘာပေါ်က လှပတဲ့အရာ ၁၀ ခု အကြောင်းကို ပြောပြခဲ့မယ်။ ငါ့သားလေး ဝမ်းနည်းခက်ခဲတဲ့ အချိန်မှာ အင်အားဖြစ်ပါစေကွယ်''

အမေ မဆုံးပါးခင် လုပ်ချင်တဲ့ အရာဆယ်ခုအစား ဒီစာကို အမေး ရေးခဲ့တယ်။

''သားရဲ့ လှပပြီး ကောင်းမွန်တဲ့ အရာဆယ်မျိုး''

၁။ သားက တခြားသူတွေ ဝမ်းနည်းနေရင်လည်း ကိုယ်ချင်းစာနာပေးတတ်တယ်။

၂။ တခြားသူတွေ ပျော်နေတာမြင်ရင် သားကပါ သူတို့အတွက် ဝမ်းသာပေးတတ်တယ်။

၃။ သား အိပ်ပျော်နေရင် အရမ်းကြည့်ကောင်းတယ်။

၄။ သား ပြုံးတဲ့အခါ ပါးချိုင့်လေးတွေက လှတယ်။

၅။ စိတ်လှုပ်ရှားလာရင် ကိုယ့်နှာခေါင်းကို ပွတ်တဲ့အကျင့်လေး။

၆။ တခြားသူတွေအတွက်လည်း သားက ပူပန်ပေးတတ်တယ်။

၇။ အမေ အအေးမိရင်လည်း အိမ်မှုကိစ္စတွေကို မငြီးမငြူ ဝင်လုပ်ပေးတယ်။

၈။ အမေ ချက်ကျွေးသမျှ အစားအသောက်တွေကိုလည်း အရသာရှိရှိ စားပေးတယ်။

၉။ အရာရာတိုင်းကို မင်းက လေးလေးနက်နက် ချင့်ချိန်တတ်သေးတယ်။

၁၀။ အဲ့လို တွေးနေပြီးရင်တော့ မင်းက ပြဿနာတိုင်းကို အကောင်းဆုံး ဖြေရှင်းလိုက်နိုင်တယ်။

မင်းဘဝ မင်းလှမ်းတဲ့အခါ မင်းမှာရှိတဲ့ ကောင်းတဲ့စိတ်တွေ၊ အပြုအမူတွေ အဆုံးရှုံးမခံပါနဲ့ကွယ်။ ဒါတွေက မင်းရဲ့ ကောင်းချီးတွေပါ ... သားရေ ...

သားမှာ အဲ့ဒီအရည်အသွေးကောင်းတွေ ရှိနေသေးသရွေ့ သားပျော်ရွှင်မှုကို ရှာတွေ့နိုင်မယ်။ သားရဲ့ ပတ်ဝန်းကျင်က လူတွေလည်း သားကြောင့် ပျော်ရွှင်ရလိမ့်မယ်။ အမေ့ကို သားပြုစုပေးခဲ့တာတွေအတွက် ကျေးဇူးတင်ပါတယ်ကွယ်။ ပြီးတော့ နှုတ်ဆက်ခဲ့ပါတယ် သားရေ၊ မင်းရဲ့ နစ်လိုဖွယ်

အရည်အသွေးတွေကို မင်း ဘယ်တော့မှ မပျက်စီးစေဘူးလို့ အမေ မျှော်လင့်ပါတယ်။

စာရွက်ပေါ်သို့ မိုးရွာချသလို ကျွန်တော် မျက်ရည်များ စီးကျသွားသည်။ စာရွက်လေးစိုပြီး ပြသွားမှာစိုး၍ ကျွန်တော် အလျင်အမြန် မျက်ရည်စက်များအား သုတ်ပစ်လိုက်သည်။ သို့ရာတွင် ကျွန်တော် မည်မျှပဲမငိုမိအောင် ထိန်းထိန်း မျက်ရည်စက်များက ကိုင်ထားသော စာရွက်ပေါ်သို့ အတားအဆီးမဲ့စွာ ကျမြဲကျလျက် စာရွက်လေးများ စိုသထက် စိုလာခဲ့သည်။ မင်များလည်း ပြန့်စပြုနေပြီ ဖြစ်သည်။ ငိုရှိုက်နေရင်းနှင့်ပင် အမေ့ကို သတိရသထက် သတိရလာသည်။

ကျွန်တော် အအေးမိတဲ့အခါတိုင်း အမေက ကျွန်တော့်ကျောကို ပွတ်ပေးလေ့ရှိသည်။ တစ်ခါတုန်းက ကျွန်တော် ကစားကွင်းထဲမှာ လမ်းပျောက်ပြီး ငိုနေစဉ်မှာ အမေ ကျွန်တော့်ဆီ အပြေးရောက်လာပြီး ပွေ့ဖက်ထားတာကို အမှတ်ရသည်။ တစ်ခါတုန်းကလည်း ကလေးတွေကြား ခေတ်စားနေတဲ့ ထမင်းဘူးကို လိုချင်လှပါချည်ရဲ့ဆိုလို့ အမေ့မှာ မြို့ပတ်ပြီး ရှာဝယ်ပေးခဲ့ရသည်။ ကျွန်တော်က အိပ်ပျော်ရင် စောင်တွေ ကန်ထုတ်ပစ်တတ်၍ အမေက ညတိုင်း စောင်လာခြုံပေးခဲ့ရသည်။ ကျွန်တော်တို့ အဝတ်အစားအသစ် အသုံးအဆောင်အသစ်တွေကို အမြဲဝယ်ပေးပေမဲ့ အမေက သူ့အတွက်တော့ သူ ဝယ်ခဲလှသည်။ အမေကြော်ပေးတဲ့ကြက်ဥလိပ်ကို ကျွန်တော် အကြိုက်ဆုံးဖြစ်ပြီး အမေက အမြဲ သူ့ဝေစုထဲမှ ခွဲကာ ပိုကျွေးလေ့ရှိသည်။ အမေ့ မွေးနေ့တစ်ခုမှာ ကျွန်တော်က ပခုံးအနှိပ်ခံရန် ဘောင်ချာတစ်စောင်ပေးခဲ့သော်လည်း အမေက ဇိမ်ခံပြီး အလဟဿမလုပ်လိုဟု ပြောသည်။ ဒီအစားသူမ စန္ဒရားအသေးလေးဝယ်၍ ကျွန်တော်ကြိုက်တဲ့ သီချင်းတွေ တီးခတ်ပြသည်။ သို့သော် သူမက စန္ဒရားမှာ ပါရမီမပါလှဘဲ အမြဲတူညီတဲ့ သံစဉ်နေရာတွေမှာ မှားတီးလေ့ ရှိသည်။



အမေ ... အမေ့မှာ ကိုယ်ပိုင်ဝါသနာတွေရော ရှိရဲ့လား။ ကိုယ်ပိုင်အချိန်ဆိုတာရော ရှိခဲ့ရဲ့လား။ ရည်မှန်းချက်တွေ၊ အိမ်မက်တွေရော ပြည့်

အောင် လုပ်ခွင့်ရှိခဲ့ရဲ့လား အမေ။ ကျွန်တော် အမေ့ကို ကျေးဇူးတင်စကား တောင် မပြောဖြစ်ခဲ့။ ပန်းတွေက ဈေးပေါတယ်ဟု ဆိုကာ အမေ့အတွက် ပန်းတစ်ပွင့်တောင် လက်ဆောင်မပေးခဲ့ပါ။ ဒီလို သေးငယ်တဲ့အရာလေးတောင် အမေ့အတွက် မလုပ်ပေးမိခဲ့ပေ။ ရုတ်တရက်ကြီး အမေလောကထဲက ထွက် သွားမှ အကြီးအကျယ် တုန်လှုပ်မိသည်။ အမေဟာလည်း သေမျိုးဆိုတာ ကျွန်တော် မေ့ထားခဲ့သည်။

''တစ်ခုခုလိုချင်ရင် တစ်ခုခု ဆုံးရှုံးရစမြဲပဲ''

အမေ့စကားတွေ ပြန်ကြားယောင်လာသည်။

အမေ ... ကျွန်တော် မသေချင်သေးဘူး၊ ကျွန်တော် ကြောက်တယ် အမေရယ်။ ဒါပေမဲ့ အမေပြောတာ မှန်တယ်။

''တခြားသူတွေရဲ့ အရာတွေကို ပျောက်ကွယ်သွားအောင် ခိုးယူပြီး နေထိုင်ရတဲ့ဘဝက ပိုနာကျင်ရတယ်''

''လာပါ ... ဆရာရယ်၊ မျက်ရည်သုတ်လိုက်စမ်းပါ''

အသံတစ်ခုကြားရပြီး ကျွန်တော် လိုက်ရှာသည်။ 'မုန်လာထုပ်' က ကျွန်တော့်ပေါင်ပေါ်မှနေ၍ ကျွန်တော့် မျက်နှာကို မော့ကြည့်နေသည်။ ရုတ် တရက်ပဲ သူ စကားပြန်ပြောနိုင်၍ ကျွန်တော် အံ့ဩဘနန်း ဖြစ်ရသည်။ အသံ အရင်လို အထက်စီးဆန်ဆန် လေသံနှင့်ပဲ ဖြစ်နေသေးသည်။

''ရှင်းရှင်းလေးပဲ သခင်၊ ကျွန်တော်တို့ကို လောက,ကနေ ကွယ် ပျောက်အောင် လုပ်လိုက်ပါ''

''မဖြစ်နိုင်ဘူး ... မုန်လာထုပ်၊ ငါ မလုပ်နိုင်ဘူး''

''ဘာလို့လဲ သခင်၊ ကျွန်တော့်ကြောင့်ဆိုရင်တော့ ဆရာမရှိဘဲလည်း ကျွန်တော် နေနိုင်မှာမှ မဟုတ်တာ''

ကြောင်တစ်ကောင်ရဲ့ စကားကြောင့် မျက်ရည်ကျရလိမ့်မယ်လို့ ကျွန်တော် မတွေးခဲ့ဖူးပေ။ ဒါပေမဲ့ နောက်ဆုံးစကားကို 'ညောင်'တို့ 'ပါး' တို့လောက်သာ အော်ပြီးပြောနိုင်မယ်ဆိုရင် အတွေးမဆုံးမီပင် ကျွန်တော် မျက်ရည်ထပ်ကျလာသည်။

''အိုး ... ငိုမနေပါနဲ့တော့။ ခင်ဗျား အရင်က ကမ္ဘာပေါ်က အဆုံးသတ်လိုက်တဲ့အရာတွေနဲ့ယှဉ်ရင် ကျွန်တော့် ဖြစ်တည်မှုဆိုတာက မပြောပလောက်တဲ့ အသေးအဖွဲ့ရယ်ပါ''

''မဟုတ်ဘူး ... မုန်လာထုပ်၊ အဲ့လို မင်း စတေးခံစရာမလိုဘူး''

အကယ်၍ ကြောင်တွေသာ ကမ္ဘာပေါ်မှာ မရှိတော့ဘူးဆိုရင် ...

အကယ်၍ 'ဂေါ်ဖီထုပ်' 'မုန်လာထုပ်'၊ အမေတို့သာ လောကထဲက ပျောက်ကွယ် မေ့ဖျောက်ခံရရင်။ ကျွန်တော် ဆက်မတွေးဝံ့တော့ပေ။ ဒါပေမဲ့ ကျွန်တော် နားလည်စပြုလာပြီဟု ခံစားမိနေသည်။ လောကကြီးမှာ ဘယ်အရာကမှ အကြောင်းမဲ့ တည်ရှိနေတာမဟုတ်ပေ။ နောက်ပြီး ဘယ်လို အကြောင်းပြချက်မျိုးနှင့်မှ သူတို့ကို ပျောက်ကွယ်သွားအောင် လုပ်ဆောင်ခွင့် မရှိပေ။

ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်ပြီ ဖြစ်သည်။ ကျွန်တော့် ဖြေရှင်းချက်ကို 'မုန်လာထုပ်' နားလည်ပေးမည်ထင်သည်။ သူ ခဏမျှငြိမ်သက်နေပြီး နောက် စကားပြန်စပြောသည်။



''ကျွန်တော် နားလည်ပါတယ် ဆရာ''

''ကျေးဇူးတင်ပါတယ်ကွာ''

''အခု တစ်ခုလောက် လိုက်လျောပါ''

''ဘာတစ်ခုလဲ ...''

''မျက်လုံးမှိတ်ပေးပါ''

''ဘာလုပ်ဖို့လဲဟ ...''

''ဘာမှမလုပ်ပါဘူး ... မှိတ်မှာသာ မှိတ်ပါ''

ကျွန်တော် မျက်လုံးမှိတ်လိုက်သောအခါ အမှောင်ထုက ကြီးစိုးသွားသည်။ အမေ ...၊ အိုး ... ကလေးဘဝက ကျွန်တော်။

ကျွန်တော် ငယ်ငယ်က အတော်လေး ခံစားလွယ်သူ၊ စိတ်ပျော့သူ တစ်ယောက်ဖြစ်သည်။ တစ်ခုခုဖြစ်ပြီဟော့ဆိုရင် ငိုမဆုံးတော့ပေ။

ဒါနဲ့ အမေက 'မျက်လုံးမှိတ်လိုက် သား' ဟု ပြင်ပြင်သာသာ ပြော လာသည်။

''ဘာလို့လဲ ...''

''ဘာမှမဖြစ်ပါဘူး၊ မှိတ်လိုက်ပါကွယ် ...'

ကျွန်တော် အငိုမတိတ်ဘဲနှင့် မျက်လုံးမှိတ်လိုက်သည်။ အမှောင်ထု ထဲမှာ ကျွန်တော် စိတ်ခံစားမှုတွေဟာ ထပ်တလဲလဲ လှည့်ပတ်နေသလို ဖြစ် သည်။

''ဘယ်လို နေသေးလဲ''

''ဝမ်းနည်းတယ် ... မေမေ''

ကျွန်တော် မျက်လုံးကို ဖြည်းဖြည်းဖွင့်ကြည့်သောအခါ အမေက ကျွန်တော့်ကို စိုက်ကြည့်နေသည်။

''ကောင်းပြီ ... နောက်တစ်ခါ ပျော်နေတဲ့ မျက်နှာလေးလုပ် ... သား''



''မရဘူးလေ ...''

''လုပ်ပါ၊ ဟန်ဆောင်ပြီးတော့ပဲ ဖြစ်ဖြစ်''

ကျွန်တော့်ခန္ဓာကိုယ်နှင့် စိတ်က ပြောင်းပြန်ဖြစ်နေသည်။

ကျွန်တော် မပြုံးနိုင်ပါ။ မပြုံးချင်ဘဲ ပြုံးလိုက်ရပြီး အငိုကားမရပ် ပေ။

''အေးဆေးလုပ်ကြည့် ... ကလေး''

အမေ့စကားသံက ကျွန်တော့်စိတ်ကို ချမ်းမြေ့လာစေရန် နောက်ဆုံး တွင် ပြုံးနိုင်သွားသည်။

''ဟုတ်ပြီ ... အခု မျက်လုံးမှိတ်ထား သား''

အမေ့စကားအတိုင်းပင် ကျွန်တော် ဖြည်းညင်းစွာ မျက်စိမှိတ်လိုက် လေသည်။ ဘယ်လိုပဲ မပြုံးချင်စေဦးတော့ ကြိုးစားပြုံးပြီး မျက်စိမှိတ် လိုက်သောအခါ ကျွန်တော် တဖြည်းဖြည်း ဖြေသိမ့်လာနိုင်ပြီကို တွေ့ရ

သည်။ တဖြည်းဖြည်း နေရောင်ထွက်ပေါ်လာသလို အနက်ရောင် စိတ်ဝဲဂယက်လေးက လွင့်စဉ်သွားသည်။ ထိုအစား နို့နစ်ရောင် နူးညံ့တဲ့ အလင်းတန်းလေးက ဖြာကျလာသည်။ အလင်းတန်းလေး တောက်ပလာလေလေ ကျွန်တော့်နလုံးသားလည်း နွေးထွေးလာလေလေဖြစ်ပြီး နူးညံ့သိမ်မွေ့တဲ့ ခံစားချက်က ကျွန်တော့်ကို လွှမ်းခြုံသွားသည်။

''အခုရော ဘယ်လိုနေသေးလဲ''

''အဆင်ပြေသွားသလိုပဲ''

''ကောင်းတာပေါ့၊ အမေ ဝမ်းသာပါတယ်''

''ဖေဖေ၊ မေမေ ဘယ်လိုလုပ်လိုက်တာလဲ''

''လျှို့ဝှက်ချက်''

''ဘာကြီးလဲ ...''

''သား ဝမ်းနည်းတဲ့အခါ တစ်ယောက်တည်း ဖြစ်နေတဲ့အခါမျိုးတွေမှာ ကိုယ့်ဘာသာတစ်ယောက်တည်း ကစားရတဲ့ မှော်ကစားနည်း သားလေးရဲ့ ကြိုက်သလောက် ကစားလို့ရတယ်''



အမေ့ရဲ့ မှော်ကစားနည်းကို 'မုန်လာထုပ်'က ပြန်အမှတ်ရစေခဲ့သည်။ ငယ်ငယ်က ကျွန်တော် ဝမ်းနည်းလာတိုင်း အမေ့ကို ဒီကစားနည်း ကစားပေးဖို့ ပူဆာလေ့ရှိသည်။ ရပ်ရှင်ရုံ ခုံတန်းတစ်ခုပေါ်တွင် ထိုင်လိုက်ပြီး အားတင်းပြုံးလိုက်သည်။ ထို့နောက် ဖြည်းညင်းစွာ မျက်စိမှိတ်လိုက်သည်။ ကျွန်တော့် နလုံးသားထဲတွင် အနွေးဓာတ် ပြန်ကိန်းဝပ်လာသည်။ စိတ်သက်သာရာ ရသွားသည်။ အမေ့ရဲ့ မှော်အစွမ်းက ကျွန်တော့် ကိုယ်ခန္ဓာထဲတွင် စီးဝင်လှည့်ပတ်နေဆဲ ဖြစ်သည်။

''ကျေးဇူးပါ ... မေမေ''

ကျွန်တော် ပထမဆုံးအကြိမ်အဖြစ် အမေ့ကို ကျေးဇူးတင်စကား ပြောလိုက်သည်။

ကျွန်တော် မျက်လုံးပြန်ဖွင့်သောအခါ 'မုန်လာထုပ်' က ခြေထောက်နားမှာ ခွေခွေလေး မှီလျက်ရှိသည်။

''ကျေးဇူးပါ ... မုန်လာထုပ်''

သူ့ အမွေးဖွားဖွားလေးကို ပွတ်သပ်ပေးစဉ်မှာ သူက နားလည်ဟန်နှင့် 'ညောင်' ဟု အသံပြန်ပြုသည်။ နောက်တော့ သူ 'ညောင် ညောင်' နှင့် ဆက်တိုက်အော်သည်မှာ တစ်ခုခုကို ခက်ခက်ခဲခဲ ပြောချင်နေသကဲ့သို့ ရှိသည်။ ခေတ်ပေါင်းအသုံးအနှုန်းနှင့် အထက်တန်းလွှာ လေသံမျိုးကား ထွက်ပေါ်မလာတော့။ ဒီလိုအော်တာဟာ ကျွန်တော့်ကို သူ နှုတ်ဆက်စကားပြောတာ ဖြစ်ရမည်။

အမေ ကြောင်တွေနှင့်ပတ်သက်ပြီး ပြောဖူးတာရှိသည်။

''ကြောင်တွေကို လူတွေက ပိုင်တယ်ပြောကြပေမဲ့ ဘယ်လိုလူနဲ့နေမယ်၊ မနေဘူးဆိုတာ သူတို့က ရွေးချယ်တာကွဲ့''

'မုန်လာထုပ်'နှင့် စကားပြောခွင့် ရခဲ့တာ ကျွန်တော် ဝမ်းသာမိသည်။ ဒါဟာလည်း အမေ့ရဲ့ လှည့်ကွက်ထဲက တစ်ခုကြောင့် ဖြစ်ချင်ဖြစ်မည်။ နှုတ်ဆက်ခဲ့ပါတယ် 'မုန်လာထုပ်'လေးရေ။ ငါ့ကို ရွေးချယ်ခဲ့လို့ ကျေးဇူးတင်ပါတယ်။ 

ကျွန်တော် အလင်းရောင်ဖျော့ဖျော့ပဲ ကျန်တော့သည်အထိ ရုပ်ရှင်ရုံထဲတွင်ပင် ထိုင်နေခဲ့သည်။ 'မုန်လာထုပ်'ကို ဖက်ထားရင်းပင် စာကို အထပ်ထပ် အခါခါ ဖတ်နေမိသည်။ ဒါပေမဲ့ တစ်ခါဖတ်တိုင်း ဖတ်တိုင်းမှာ အဆုံးသို့ရောက်တိုင်း ကျွန်တော် မွန်းကျပ်ခဲ့ရသည်။ နလုံးသားတစ်ဖက်စီးမှ စူးနေအောင် အောင့်သက်လာရသည်။ ကျွန်တော့်ရဲ့ နောက်ဆုံးဝတ္ထုရား အမေပြောသွားခဲ့သည်။

စာရဲ့အဆုံးမှာ ရေးထားတာက ...

''အဖေနဲ့ ပြန်ပြေလည်အောင် လုပ်ပါ သား ...။ သားတို့ သားအဖကို ရင်းရင်းနှီးနှီး နေစေချင်တယ်''




စနေနေ့

# အကယ်၍ ကျွန်တော်သာ ကမ္ဘာပေါ်မှာ မရှိတော့ရင် ...

ကျွန်တော် ပျော်နေလား၊ မပျော်ဘူးလားဆိုတာ ကျွန်တော် ကိုယ်တိုင် မသိပါ။ ဒါပေမဲ့ ကျွန်တော် တစ်ခုတော့ ပြောပြနိုင်ပါသည်။ ပျော်တယ်မပျော်ဘူးဆိုတာ ခင်ဗျားရဲ့ ကိုယ်တိုင်ရွေးချယ်မှုပဲ ဖြစ်သည်။

နောက်တစ်နေ့မနက်မှာ ကျွန်တော် နိုးလာတာတော့ 'မုန်လာထုပ်' က ဘေးမှာ အိပ်မောကျနေဆဲ ဖြစ်သည်။ သူ့ရဲ့ အမွေးဖွားဖွား ကိုယ်လုံးလေးဆီက နလုံးခုန်သံသေးသေးလေးကို အနားကနေတောင် ကြားနေရသည်။ ကြောင်တွေဟာ ကမ္ဘာပေါ်မှာ ဆက်ရှိနေဦးမယ်။ ဒါဟာ ကျွန်တော် ကမ္ဘာပေါ်ကနေ ထွက်ခွာသွားရတော့မယ်လို့ အဓိပ္ပာယ်သက်ရောက်တာပဲ မဟုတ်ပါလား။

အကယ်၍ ကျွန်တော်သာ ကမ္ဘာမှာမရှိတော့ရင် ... အဲ့ဒါဟာ ဘာနဲ့တူမလဲလို့ ကျွန်တော် ကြိုးစားပြီး ပုံဖော်ကြည့်မိတယ်။ ဒါဟာ ကမ္ဘာပေါ်က ဖြစ်ပျက်နေသမျှထဲက အဆိုးဆုံးကိစ္စ မဟုတ်ပါဘူး။ လူတိုင်းဟာ တဖြည်းဖြည်းချင်း သေဆုံးကြရမှာပါပဲ။ ဒီတော့ ဘဝကို ပျော်ရွှင်စွာ နိဂုံးချုပ်နိုင်မလား၊ မချုပ်နိုင်ဘူးလား ဆိုတာကတော့ ခင်ဗျား အသက်ရှင်တုန်းက ဘယ်လိုပြုမူနေထိုင်ခဲ့လဲဆိုတာအပေါ် မူတည်သည်။

အမေ့ရဲ့စကားကို တစ်ခါ ထပ်ပြန်ကြားယောင်လာသည်။

''တစ်ခုခုကိုရချိန်မှာ တစ်ခုခုကို ပြန်ပေးဆပ်နင့်ပြီးသား ဖြစ်နေလိမ့်မယ်''

ကျွန်တော့်ဘဝနဲ့ အလဲလှယ်လုပ်ဖို့ ပထမ ကျွန်တော်ဖုန်းတွေကို ဆုံးရှုံးရတယ်။ နောက် ရုပ်ရှင်တွေ၊ နာရီတွေကို ကမ္ဘာပေါ်ကနေ ပျောက်ဆုံးစေခဲ့ရတယ်။ ဒါပေမဲ့ ကြောင်တွေကို မစတေးပစ်နိုင်ဘူး။ 'ကြောင်' ဆိုတဲ့ သတ္တဝါအတွက် ကိုယ့်ဘဝကိုယ် လက်လျှော့ပစ်လိုက်တာ ရူးကြောင်ကြောင်နိုင်မှန်း ကျွန်တော် သဘောပေါက်တာပေ့ါ။ ဒါက ကျွန်တော်ပဲလေ၊ ကျွန်တော်က အနံ့ အ,အတစ်ကောင်လို့ သတ်မှတ်လည်း ရတယ်။ ဒါပေမဲ့ ကျွန်တော့် ဘဝအတွက် လူတွေဆီက အရာတွေကို ခိုးယူနေထိုင်ရတာ ဘယ်လိုမှကို စိတ်ချမ်းမသာနိုင်တာဗျာ။ ကျွန်တော့်အတွက်တော့ ကြောင်တွေဆို

တာ နေလို၊ သမုဒ္ဒရာတွေလို၊ ကျွန်တော်တို့ အသက်ရှူတဲ့လေတွေလိုပါပဲ။ ကျွန်တော် ကမ္ဘာပေါ်က ဘယ်အရာကိုမှ ထပ်မဆုံးရှုံးခံနိုင်တော့ဘူး။ ဒါကြောင့်ပဲ ကျွန်တော့်ဘဝ အခြေအနေမှန်ကို လက်ခံလိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ တိုတိုပြောရရင်တော့ ကျွန်တော် သေတော့မှာပေါ့ ဗျာ။

မနေ့ညက 'မုန်လာထုပ်' နှင့် ကျွန်တော် အိမ်ရောက်သောအခါ Aloha က အသင့်စောင့်နေသည်။ ထုံးစံအတိုင်း ''ဟာဝေယံ'' ရှပ်နဲ့ ဘောင်းဘီတိုနဲ့ပေါ့။ နဖူးပေါ်မှာလည်း နေကာမျက်မှန်တစ်လက် တင်ထား လိုက်သေးတယ်။ သူ့ကို တွေ့ရတာ စိတ်အနှောင့်အယှက်တော့ ဖြစ်မိ ပေမဲ့ တစ်ဖက်ကကြည့်ရင်လည်း သူ ဒီပုံစံတစ်မျိုးပဲ ဝတ်တာလည်း ခပ် ကောင်းကောင်းရယ်ဗျ။ ဘာကြောင့်ဆို ဒီပုံစံကို ကျွန်တော် ရင်းနှီးနေပြီ လေ။

''ဟေး ... ဘယ်တွေရောက်နေတာလဲ၊ တစ်ယောက်တည်း ဘယ်သူမှ မသိအောင် ပျောက်သွားပြီလားတောင် ထင်နေတာ။ အခုတောင် လူ ပျောက် ကြော်ငြာခိုင်းတော့မလို့''

''ဆောရီး ...''

''ဝိုးဝါး ... ဘာဖြစ်လာတာလဲ။ မော်အစွမ်းတွေ ပျောက်ပြီးများ ကောင်းကင်ပေါ်က ပြန်ကျလာလို့လား''

''တကယ်တောင်းပန်ပါတယ် ...''

''ကောင်းပြီ ... ကောင်းပြီ ... မစိုးရိမ်ပါနဲ့။ လုပ်စရာရှိတာ လုပ် လိုက်၊ အချိန်တန်ရင် ... အသားကျသွားမှာပါ။ မင်း သိပါတယ်''

'မုန်လာထုပ်'ကို မျက်စောင်းထိုးရင်း Aloha တက်တက်ကြွကြွ ပြောသည်။

''မလုပ်ပါဘူး''

''ဟမ် ...''

''အေး ... မလုပ်ဘူး။ ကြောင်တွေကို ဘာမှမလုပ်ဘူး''

''တကယ်ကြီးလားဟ ...''

''ဟုတ်တယ် ... အသေအချာပဲ''

Aloha အံ့သြသင့်သွားပုံကိုကြည့်ပြီး ကျွန်တော် မရယ်ဘဲမနေနိုင်။

''ဘာတွေ အူတက်နေတာလဲ၊ မင်းက သေရမယ့်ကောင်ကွ။ မင်းဟာ သေရော သေချာရဲ့လား''

''ရပါတယ် ... ကျွန်တော် ကမ္ဘာပေါ်က ဘယ်အရာကိုမှ မပျက်စီးစေချင်တော့ဘူး''

''ဒါပေမဲ့ မင်းအကြာကြီး နေလို့ရတယ်လေ''

Aloha စိတ်ပျက်လက်ပျက် ဖြစ်နေသည်။

''ဟုတ်တယ် ... အသက်ရှင်တယ်ဆိုရုံလေးက ဘာအဓိပ္ပာယ်မှ မရှိပါဘူး။ အရေးကြီးတာ အသက်ရှင်တုန်း ဘယ်လိုနေခဲ့လဲဆိုတာပဲ''

Aloha ငြိမ်သက်သွားသည်။ ကျွန်တော့်မျက်နှာကို အတော်ကြာကြာ စိုက်ကြည့်နေပြီးမှ စကားပြောသည်။

''ကောင်းပြီ ... ကြည့်ရတာ ဘုရားသခင်ကို ငါ ရှုံးပြန်ပြီ။ လူတွေ၊ လူသားတွေ ... အကျိုးကို မပေးဘူး''

''ဘာ ထဖြစ်တာလဲဟ ...''

''ဘာမှမဟုတ်ဘူး၊ ထားလိုက်တော့။ ငါ ရှုံးပြီ။ သွား ... သွား ... ဒီလောက်သေချင်တာ သေလိုက်တော့''

''ဟေး ... ဒီလိုတော့ မပြောနဲ့ကွာ။ သေရတော့မယ် ဆိုပေမဲ့ နားထောင်ရတာ ဆိုးချက်''

ကျွန်တော် ရယ်သည်။ နောက်တော့ Aloha ပါ လိုက်ရယ်သည်။

''ကောင်းပြီ ... အခု ခင်ဗျားနဲ့ ကျွန်တော်နဲ့ ကိစ္စပြီးပြီပေါ့၊ ဟုတ်လား ...''

''ဟုတ်တယ် ... အမှန်ပဲ''

''ထူးထူးဆန်းဆန်း ဝမ်းနည်းမိတယ်''

''ငါရောပဲ ... မင်းက တကယ်စိတ်ဝင်စားဖို့ ကောင်းတဲ့ကောင်ပဲ''

''ခင်ဗျားရောပဲ ... အတော်ရယ်ရတဲ့ စေတန်ပဲ''

''လာမဆွနဲ့ ... ဟေ့ကောင်''

''ဒါနဲ့ စကားမစပ်၊ နတ်ဆိုးတွေ အကုန်လုံးက ဒီလိုပုံပဲလား''

''မင်း တကယ်သိချင်တာလား''

''အင်း ... သိချင်တယ်''

''ကောင်းပြီလေ ... တကယ်ဆို ငါတို့မှာ တိကျထင်ရှားတဲ့ ကိုယ်ခန္ဓာဆိုတာ မရှိဘူး''

''ဘာပြောချင်တာလဲ ...''

''နတ်ဆိုးတွေ၊ စေတန်တွေဆိုတာ လူသားတွေရဲ့ ရင်ထဲ၊ နလုံးသားထဲမှာသာ ငုပ်လျှိုးကိန်းဝပ်နေတဲ့ အရာတွေပဲ။ နောက်တော့ လူတွေပဲ အမျိုးမျိုး စိတ်ကူးပြောကြတာ။ ချိုတွေ၊ ခက်ရင်းခွတွေနဲ့လို့ ပြောလိုပြော၊ နဂါးလို့ ပြောလိုပြောပဲ''



''အော့ ... သိပြီ''

''အစကတော့ ငါလည်း ချိုနဲ့ ခက်ရင်းခွပုံစံကို အသွင်ယူဦးမလားလို့၊ ဒါပေမဲ့ မင်း သိတယ်မလား၊ အကြည့်ရဆိုးပဲ့ကွာ ...''

''ဟုတ်တယ် ... ဒီတစ်ပေါက်တော့ ခင်ဗျား မှန်တယ်''

''နတ်ဆိုးဆိုတဲ့ ပုံစံတွေ အကုန် ငါ မကြိုက်ဘူး''

''ကျွန်တော်တော့ မအံ့ဩပါဘူး''

''ဒါနဲ့ မင်းမြင်သလိုပဲ၊ မင်း စိတ်ကူးထဲက ပုံအတိုင်းပဲ ငါနေလိုက်တာ။ မင်း နလုံးသားထဲက 'နတ်ဆိုး' ဆိုတာ မင်းရဲ့ ကိုယ်ပွားပဲ''

''ဒါပေမဲ့ အမူအကျင့်က တောင်နဲ့မြောက်''

''အမ်ဟမ် ... ဟုတ်တယ်လေ။ အဲ့ဒီကိစ္စက အရေးကြီးတယ်။ ဘယ်လိုပြောရမလဲ။ ငါက မင်းဖြစ်ချင်ခဲ့တဲ့ ပုံစံလည်း ဖြစ်ကောင်းဖြစ်မယ်''

''အဓိပ္ပာယ်မရှိလိုက်တာ''

''ဒါက မင်းရဲ့ တခြားတစ်ဖက်ခြမ်းပဲ။ မင်း ဘယ်တုန်းကမှ လက်မခံခဲ့ပေမဲ့ပေါ့ကွာ။ မင်းမြင်လား၊ တက်ကြွတယ် ဒါပေမဲ့ သိုသိပ်တယ်။ မျက်စိစူးစရာ အဆင်တွေ အဝတ်တွေ ဝတ်ပစ်တယ်။ ဘယ်သူမှ သောက်ဂရုမစိုက်ဘဲ လုပ်ချင်ရာ လုပ်မယ်။ ပြောသင့်၊ မပြောသင့် စဉ်းစားမနေဘဲ စိတ်ရှိတိုင်း ပြောမယ်''

''ကျွန်တော်နဲ့ လုံးဝဆန့်ကျင်ဖက်ပဲ''

''အသေအချာပဲ။ ငါ ဆိုတာက မင်းဘဝရဲ့ နောင်တ သေးသေးလေးတွေ စုစည်းပြီး ထွက်ပေါ်လာတာ။ ဥပမာ မင်းလမ်းဆုံလမ်းခွ ရောက်တိုင်း ငါက မင်းမရွေးခဲ့တဲ့ တခြားဘက်က လမ်းပဲ။ မင်းကတော့ မင်းရွေးချယ်ခဲ့တဲ့ ပုံစံအတိုင်း ဘဝမှာ ဖြစ်လာတယ်။ ဒါပဲ။ နတ်ဆိုးဆိုတာ မင်းဘဝမှာ လုပ်ချင်ခဲ့ပြီး မလုပ်နိုင်ခဲ့တဲ့ မလုပ်ဖြစ်ခဲ့တဲ့ နောင်တတွေပဲ။ အခုလက်ရှိ နောင်တပဲဖြစ်ဖြစ်၊ ဟိုးအတိတ်ကဟာပဲဖြစ်ဖြစ်''

''ဒီတော့ ... အခုကျွန်တော် ပြောင်းလဲသွားပြီ ထင်လား''

''ဟေး ... ငါက မေးခွန်းဖြေစက် မဟုတ်ဘူး''

''ကျွန်တော် သေခါနီးကျရင် အခုကိစ္စကို နောင်တရမိမယ်လို့ ခင်ဗျား ထင်လား''

''အိုး ... မင်း ရနိုင်တယ်။ မင်း မသေချင်ဘူးမလား။ ငါ့ကိုတောင် ပြန်လာဖို့ မျှော်ရင်မျှော်မိလိမ့်မယ်။ လူတွေက သူတို့ မရွေးချယ်ခဲ့တဲ့ အရာတွေအတွက် အမြဲနောင်တရတတ်ကြတယ်''

''မနက်ဖြန် သေရတော့မယ်ဆိုတာသိရင် ဒီနေ့ရဲ့ လက်ကျန်အချိန်လေးကို အပြည့်အဝ ရှင်သန်မယ်''

တချို့သူတွေက ပြောတယ်ဗျ။ ဒါပေမဲ့ ကျွန်တော့်အတွက်တော့ မဟုတ်ဘူး။ တကယ်တမ်း သေရမယ်ဆိုတာ အချိန်မကျန်တော့ဘူးဆိုတာ သိရင် သူတို့ရဲ့ ရှေ့ဆက်ရမယ့် ဘဝနဲ့ သေဆုံးခြင်းကြားမှာ ကျားကန်ကြတော့တာပဲ။ နောင်တတွေ၊ ပျက်စီးသွားတဲ့ ပန်းတိုင်အိပ်မက်တွေ ကျန်ခဲ့မှာ

တော့ ကျိန်းသေပဲ။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် သက်သက်ညှာညှာပေါ့ဗျာ။ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်ဖို့က အရေးကြီးတယ်။ ကမ္ဘာပေါ်က အရာ တချို့နဲ့ ကျွန်တော့်ဘဝ တစ်ရက် အသက်ဆက်ခွင့်နဲ့ ပတ်သက်ပြီး အခွင့်အရေးရခဲ့ချိန်မှာတော့ နောင်တရှိခဲ့တယ်ဆိုတာလည်း အလှတရား တစ်ခုပဲလို့ နားလည်သဘောပေါက်လာခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ နောင်တဆိုတာလည်း ရှင်သန်ခြင်းရဲ့ ပြယုဂ်တစ်ခုပဲ မဟုတ်လား။ ကျွန်တော်ကြောင့် ကမ္ဘာပေါ်က ဘယ်အရာမှ ထပ်ပြီးမပျက်ယွင်းစေရတော့ဘူး။ အင်းပေါ့လေ ... ကျွန်တော် သေခါနီးကျတော့လည်း ဒီအတွက် နောင်တရ ကောင်းရမှာပေါ့။ ဒါပေမဲ့ အိုကေပါတယ်။ ခင်ဗျား ဘာကြီးပဲဖြစ်နေပါစေ ဘဝရှိရင် နောင်တကတော့ ရှိစမြဲပါ။

ကျွန်တော် ဖြစ်ချင်ခဲ့တဲ့ ဘဝပုံစံအတိုင်း ဘယ်တုန်းကမှ ကျွန်တော် ဖြစ်မလာခဲ့ဘူး။ ဒါဟာပဲ ကျွန်တော့် ဖြစ်တည်မှုလား ဆိုတာတော့ ကျွန်တော် မပြောပြတတ်ဘူး။ အခုဆို ရှုံးနိမ့်မှုတွေ၊ နောင်တတွေ၊ မပြီးဆုံး သေးတဲ့ ဘဝအိမ်မက်တွေ အပြည့်နဲ့ပဲ သေဆုံးရတော့မည်။ ကျွန်တော် မမြင်ဘူး မသိဖူးဘူး။ မဆုံလိုက်ရတဲ့ လူတွေ၊ ကျွန်တော် မစားဖူးတဲ့ အစား အစာတွေ၊ ကျွန်တော် မသွားဖူးတဲ့ နေရာတွေကို ထားခဲ့ပြီးပေါ့။ ဒါပေမဲ့ ဒီအတွက်တော့ ထူးပြီးဝမ်းနည်းမနေပေါင်။ လက်ရှိ ကျွန်တော်နဲ့ ကျွန်တော် နေထိုင်ခဲ့တဲ့ ဘဝကို ကျွန်တော် ကျေနပ်တတ်ခဲ့ပြီ။ ကျွန်တော် တစ်ဘဝလုံး ဒီလိုပျော်ရွှင်ခဲ့ရပြီးပြီ။ ဒီနေရာကလွဲပြီး တခြားဘယ်နေရာမှာ ပျော်ဦးမယ် ထင်လို့လဲ။

ဒီလရဲ့ နောက်ဆုံး သီတင်းပတ်ကတော့ ဆန်းကျယ်လွန်းတယ်။ ပထမ သေရတော့မယ်ဆိုတာ သိခဲ့ရသည်။ အဲ့ဒီနောက် စေတန်ရောက်ချ လာသည်။ Adam & Eve ကို လုပ်ခဲ့သလိုပင် လာကမ်းလှမ်းပြန်ပါရော လား။ ဖန်ဆင်းရှင်နဲ့ စေတန်ရဲ့ လောင်းကစားပွဲထဲ ကျွန်တော် ညပ်ပါသွား ရော။ ဒါမှမဟုတ် ဖန်ဆင်းရှင်ကပဲ ကျွန်တော့်ကို အရာရာတိုင်းမှာ တန်ဖိုး ရှိကြောင်း နားလည်သဘောပေါက်စေချင်လို့ပဲ ဖြစ်ရမည်။

ဘုရားသခင်က ကမ္ဘာကို '၆'ရက်နဲ့ ဖန်တီးခဲ့တယ်။ ကျွန်တော်က လည်းပဲ '၆'ရက် အတွင်းမှာ တစ်နေ့ တစ်ခုနှုန်းနဲ့ ကမ္ဘာပေါ်က အရာတွေကို ပျက်သုဉ်းစေခဲ့တယ်။ ဒါပေမဲ့ 'ကြောင်' တွေ အလှည့်ကျတော့ စိတ်မခိုင်ပေ။ နောက်ထပ် စေတန်နဲ့ အပေးအယူ ထပ်မလုပ်တော့ဘူးဟာ ဆုံးဖြတ်ခဲ့သည်။ ဒီတော့လည်း မကြာခင် အချိန်အတွင်း သေရတော့မည်ပေါ့။

ကျွန်တော် အတွေးလွန်နေတာကို 'စေတန်' ရယ်သွမ်းသွေးသည်။

''အဆုံးမှာတော့ မင်းဘဝက ဘယ်လောက်အံ့ချီးမကုန်စရာကောင်းကြောင်း မင်း သိလာလိမ့်မယ်။ ဘယ်သူတွေက မင်းအတွက် တကယ်အရေးကြီးတယ်၊ အစားထိုးမရနိုင်ဘူးဆိုတာ သိလာလိမ့်မယ်။ မင်းကမ္ဘာလှည့်ပြီး ခရီးသွားစဉ်ကတော့ တွေ့သမျှက အကုန်အသစ်အဆန်းတွေလို့ ထင်နေလိမ့်မယ်။ နောက်တော့လည်း ဒါတွေက ဘာမဟုတ်တဲ့ ပျင်းစရာ သာမန်ကမ္ဘာပဲဆိုတာ သိလာလိမ့်မယ်။ တကယ့် အနှစ်သာရဆိုတာ အဲ့ဒါပဲကွ။ ဒါကို နားလည်နိုင်မှ ဘဝဆိုတာ အဖိုးထိုက်တန်တာ''

''ဒါပေမဲ့ ကျွန်တော်က သေရတော့မှာလေ''

''ဒါတော့ ဒါပေါ့။ ဒါပေမဲ့ သေချာတာတစ်ခုက မင်းအခု ပျော်ပျော်ရွှင်ရွှင် ရှိနေတယ်ဆိုတာ ဒီအကြောင်းကို နားလည်သဘောပေါက်လာတာ ကြောင့်ပဲ''

''ကျွန်တော် မသေခင်တော့ ဒီထက်ပိုနားလည်လာနိုင်ဖို့ ဆုတောင်းတယ်''

''ဒါပေါ့ ... ဘယ်သူကမှ ကိုယ့်သေမယ့်အချိန်ကို အတိအကျ မသိဘူးကွ''

''ဟုတ်ပါတယ်လေ ...''

''ဒီတော့လည်း နောက်ကျတယ်၊ စောလွန်းတယ်ဆိုတာလည်း ကံသေကံမ ပြောမရဘူးပေါ့ကွာ''

''အတွေးအခေါ်ကောင်းတစ်ခုပဲ''

''မင်းရော အဲ့လိုမထင်ဘူးလား။ ဒါတွေက မင်းနဲ့ ငါနဲ့တွေ့တာ နောက်ဆုံးအကြိမ်အဖြစ် မေတ္တာထားပြီး ပြောပြတဲ့ စကားတွေပဲ။ မင်းရဲ့ နောက်ဆုံးရွေးချယ်မှု မှန်ကန်ပါစေကွာ။ ကောင်းပြီလေ။ အခုတော့ နှုတ်ဆက်ခဲ့ပါတယ်။ ဂွတ်ဘိုင် ...''

Aloha က နှုတ်ဆက်စကားကို ထုံးစံအတိုင်း အလေးအနက် မထားဟန်နဲ့ပြောပြီး မိုတ်မရတဲ့ မျက်စိတစ်ဖက်တောင် မှိတ်ပြသွားသေးတယ်။ သူပျောက်ကွယ်သွားတော့ 'မုန်လာထုပ်' လေးက ဝမ်းနည်းစွာအော်မြည်သည်။

ထို့နောက်မှာတော့ ကျွန်တော့်ရဲ့ လက်ကျန်ကိစ္စတွေကို အစီအစဉ်အတိုင်းဖြစ်အောင် ပြန်လုပ်ရတော့ဦးမည်။ ကျွန်တော် သေဆုံးဖို့အတွက် ကိုယ့်ဘာသာ ပြင်ဆင်ရမည်။ ပထမအနေဖြင့် အခန်းရှင်းလင်းပြီး မလိုအပ်တဲ့ အရာတွေကို လွှင့်ပစ်လိုက်သည်။ ပြီးတော့ မျက်နှာပူရမည့် ဒိုင်ယာရီစာရွက်တွေ ဆုတ်ဖြဲပစ်ခဲ့သည်။ ခေတ်ကုန်နေတဲ့ အဝတ်အစားတွေနဲ့ ကျွန်တော်နှင့် ယခုအချိန်မှာ မသက်ဆိုင်တော့သည့် ဓာတ်ပုံတွေကိုလည်း ပစ်လိုက်သည်။ ဒီလိုပစ်ခွင့်ရအောင် Aloha နှင့် အပေးအယူလုပ်ခဲ့မိတာ ကျေနပ်မိသည်။ ဒါနဲ့ စကားမစပ် ကျွန်တော် နောင်တမရဘူးဗျ။ ကမ္ဘာပေါ်က အရာတွေကို မဖျောက်ဖျက်ရတာနဲ့တင် စိတ်ချမ်းသာနေပြီ ဖြစ်သည်။ အမှတ်တရတွေရှိတဲ့ ပစ္စည်းဟောင်းတွေကို ကျွန်တော် သိမ်းဆည်းလွှင့်ပစ်နေစဉ် 'မုန်လာထုပ်' ကပါ လာဖွနေခဲ့သည်။ ထို့ကြောင့် ညနေစောင်းမှသာ အလုပ်ပြီးစီးတော့သည်။

ပြတင်းပေါက်ကိုဖြတ်၍ လိမ္မော်ရောင် အလင်းတန်းတို့သည် ထမင်းစားပွဲပေါ်တွင်တင်ထားသောသတ္တုဘူးပေါ်သို့ ဖြာကျလာသည်။ ကျွန်တော် ဒီဘူးကို အဝတ်ဗီရိုရဲ့ ချောင်အကျဆုံး အတွင်းဘက်နားက ရှာတွေ့ခဲ့တာ ဖြစ်သည်။ တစ်ခါတုန်းက ကွတ်ကီးဘူး တစ်ဖြစ်လဲ ဤဘူးမှာ ယခုတော့ အဟောင်းအမြင်း ပစ္စည်းတွေ စုထည့်ထားရာ သေတ္တာဖြစ်နေသည်။ ကျွန်တော် ကလေးဘဝကတော့ ဒီဘူးဟာ ရတနာဘူးလို့ ထင်မှတ်သည်။ ကျွန်တော် သတ္တုဘူးငယ်ကို ခဏလောက် အသေအချာကြည့်နေမိသည်။ တစ်

ချိန် တစ်ခါတုန်း ကျွန်တော့်အတွက် အင်မတန်အရေးပါသော အရာတစ်ခု ဖြစ်ခဲ့သော်လည်း ကြီးပြင်းလာသည်နှင့်အမျှ အမေ့လျော့ခံထားရသည်။ အထဲမှာ ဘာပဲရှိရှိပါ။ ယခုအချိန်မှာတော့ ဒီအရာဟာ ကျွန်တော့်အတွက် အရေးမပါတော့ပေ။

လူတွေက ပြောင်းလဲလွယ်ကြသည်။ တန်ဖိုးထားရပါတယ်ဆိုတဲ့ အရာတွေဟာ တစ်ညတည်းနှင့်လည်း ဘာအဓိပ္ပာယ်မှမရှိတဲ့ အမှိုက်သာသာ ဖြစ်သွားနိုင်သည်။ အဖိုးတန်လက်ဆောင်ပစ္စည်းတွေ၊ ပေးစာတွေနှင့် လှပတဲ့ အမှတ်တရတွေတောင် မေ့လျော့ခံရပြီး အဆုံးသတ်ကျ ဘာမှအသုံးမကျတဲ့ အမှိုက်တွေ ဖြစ်သွားတတ်သည်။ တစ်ခါတုန်းက ကျွန်တော် တန်ဖိုးထားခဲ့တဲ့ ပစ္စည်းပစ္စယတွေနှင့် မှတ်ဉာဏ်အပိုင်းအစတွေက ဒီသေတ္တာလေးထဲမှာ ရှိနေသည်။ ကျွန်တော်ဖွင့်ဖို့ တွန့်ဆုတ်နေခဲ့ပြီး မဖွင့်ရဲတဲ့အဆုံး ကျွန်တော့်အိမ်က ထွက်လာခဲ့သည်။

ကျွန်တော် တိုက်ခန်းထဲက ထွက်လာခဲ့ပြီး အသုဘဝန်ဆောင်မှုပေးရာ အိမ်ဆီကို ဦးတည်လိုက်သည်။ ကျွန်တော့်ဈာပနအတွက် ကျွန်တော်ကိုယ်တိုင် စီစဉ်ရမည်လေ။ အသုဘဝန်ဆောင်မှုပေးရာ အိမ်ဟာ မြို့စွန်ကျကျမှာရှိပြီး တင့်တယ်တဲ့ အခမ်းအနားကျင်းပရာ အခန်းကျယ်ပါရှိသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် ဤလုပ်ငန်းက ဘယ်လောက်တောင် အကျိုးအမြတ်ကျန်လဲဆိုတာ မှန်းဆနိုင်သည်။ ကျွန်တော့် အခြေအနေကို ပြောပြတဲ့အခါ အရောင်းသမားက နွေးထွေးပြီး နားလည်မှုရှိစွာ ပြောဆိုဆက်ဆံပေးသည်။ ပစ္စည်းအမျိုးအစားအလိုက် ဈေးနှုန်းတွေကို သေချာရှင်းပြပေးသည်။ ကျွန်တော် မဖြစ်မနေ ဝယ်ရမည်က သယ်ဆောင်လွယ်သော ဗုဒ္ဓဘုရားကားတစ်ချပ်၊ အခေါင်းတစ်ခု၊ ပန်းများနှင့် အခေါင်းစင်ရွှေ့ချရန် ကျွန်တော့်ပုံတူ ပန်းချီကားတစ်ချပ် ဖြစ်သည်။ ပြီးတော့ အရိုးပြာအိုး၊ ဗုဒ္ဓဆင်းတုတော်တစ်ဆူနှင့် အသုဘသယ်ရန် နိဗ္ဗာန်ယာဉ်တစ်စီးလည်း လိုအပ်သေးသည်။ ပြီးတော့ မီးသင်္ဂြိုဟ်ခလည်း ပေးရဦးမည်။ အဲ့ဒီအရာတွေ အားလုံးအတွက် ကျွန်တော် ယမ် ၁၅ သိန်းလောက် ပေးချေပေးရမည် ဖြစ်သည်။

အကျဉ်းချုံးလုပ်တဲ့ ရှာပနပွဲသေးသေးလေးမို့သာ တော်တော့သည်။ ဒါတောင် လူသေနှာခေါင်းပုံမပျက်အောင် ထည့်ရတဲ့ ဂွမ်းလုံးတို့၊ ရေခဲခြောက်ဖိုးတို့ မပါသေးပေ။

ရေခဲခြောက် (လူသေအလောင်း မပုတ်အောင် အခေါင်းထဲမှာ ထည့်ရသော) ဖိုးတင် တစ်ရက်စာကို ယမ်း ၈,၄၀၀ ကျမည်။ ပစ္စည်းတိုင်းက ပေါက်ဈေးအရ အမျိုးအစား ခွဲခြားလိုက်သေးသည်။ သေတာတောင် အဆင့်အတန်း ခွဲခြားနေလိုက်တာ။ လူတွေဆိုတာ တော်တော်ရှုံစရာကောင်းလိုက်တဲ့ သတ္တဝါတွေပဲ။

ဒီလောက်နဲ့ ပြီးသွားမယ်ထင်ရင် မှားသွားလိမ့်မယ်။ ထပ်ရွေးစရာတွေ ရှိသေးသပျ။ အခေါင်းအတွက် ရိုးရိုးသစ်သုံးမလား၊ အကွေးပုံစံကြိုက်လား၊ အစင်းလေးတွေ ထည့်မလား (ဒါမဟုတ်) အရောင်တင်ဆေး ထပ်ထည့်ဦးမလားပေါ့။ ဈေးကတော့ ယမ် (၅) သောင်းကနေ ယမ်း ၁,၀၀၀,၀၀၀အထိ အစားစားပျ။



အရောင်းသမားက ကျွန်တော့်ကို အခေါင်းတွေ ခင်းကျင်းထားရာ မီးမှိန်မှိန်ပဲ ထွန်းထားတဲ့ အခန်းတစ်ခုထဲ ဦးဆောင်ခေါ်သွားသည်။ အခေါင်းတလားထဲမှာ ကျွန်တော် လှဲနေတဲ့ပုံကိုကြိုးစားပြီး ပုံဖော်ကြည့်မိသည်။ ကျွန်တော့် ရှာပနပွဲ။ ဒါနဲ့ ဘယ်သူတွေလာမှာလဲ။ ကြည့်ရအောင် ... မိတ်ဆွေတွေ၊ ချစ်သူခင်သူတွေ၊ အမျိုးတွေ၊ ဆရာ/ဆရာမနဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေ ... လာမယ်ထင်သည်။ ဒါပေမဲ့ ဒီလူတွေထဲက ဘယ်နယောက်လောက်ကများ ကျွန်တော့်အတွက် တကယ်ပူဆွေးပေးမှာလဲ။ ကျွန်တော့်အတွက် နောက်ဆုံးနှုတ်ဆက်စကား ပြောချိန်ရောက်ရင် ဘယ်သူတွေက ဘာတွေပြောကြမှာလဲ။

သူက ပျော်ပျော်နေတတ်ပြီး စိတ်ရင်းကောင်းတယ် ဆိုတာမျိုးလား (ဒါမှမဟုတ်) အဲ့ဒီကောင်က ပျင်း၊ စိတ်ကလည်း လက်တဆစ်ရယ်၊ ကမူးရှူးထိုးလည်း လုပ်တတ်သေး၊ လူသိလည်း မများပါဘူးကွာ။ ရည်းစားတောင် ဟုတ်တိပတ်တိ မထားနိုင်တဲ့ အရှုံးသမား ဆိုတာမျိုးလား''

သူတို့ ဘာတွေပြောကြမှာပါလိမ့်။ ကျွန်တော်နဲ့ ပတ်သက်ပြီး ဘယ်လို အမှတ်တရတွေကို ကျွန်တော့် ခေါင်းတလားနားမှာ စုရုံးပြီး ပြောနေကြမှာ လဲ။

ဒါကို စဉ်းစားမိတော့ ကျွန်တော် အံ့ဩစပြုလာသည်။ ကျွန်တော် အသက်ရှင်စဉ် ကျွန်တော့်အနားက လူတွေကို ဘာတွေပေးဆပ်ခဲ့မိလဲ။ ကျွန်တော်ဆိုတာ ဘယ်လိုလူလို့ ခေါင်းစဉ်တပ်ကြမှာလဲ။ ကျွန်တော် မမြင်နိုင်တော့တဲ့အချိန်။ ကျွန်တော် သေတဲ့အချိန်ကျ ကျွန်တော့် တစ်ဘဝလုံး လုပ်ခဲ့သမျှက အရာလာထင်မှာလေ။ အသက်ရှင်နေခဲ့တဲ့ နှစ်သုံးဆယ်မှာ ဒီအကြောင်းတွေးမိတာ ဒါပထမဆုံးအကြိမ်ပင်။ ကျွန်တော့် ဖြစ်တည်မှုဆို တာက ကျွန်တော်သေပြီးနောက်ပိုင်း လူတွေစုဝေးကြမယ့် အချိန်အတိုင်း အတာ နည်းနည်းလေးကပဲ ကျွန်တော် နေထိုင်ခဲ့သမျှ အချိန်တွေကို နှိုင်းဆ ဆုံးဖြတ်လိုက်ကြမှာ။ ကိုယ့်ဘဝကိုယ် မှတ်ကျောက်တင်ခံနိုင်မယ့် အချိန် အနေအထားပေ့ါဗျာ ဘာပဲဖြစ်ဖြစ် တန်ပါတယ်လေ။

ကျွန်တော် အားလုံးနီးပါးကို ရှင်းလင်းစီရီထားတဲ့ အိမ်ကိုပြန်လာခဲ့ တယ်။ အိမ်က ရှင်းလွန်းတော့လည်း ဟောင်းလောင်းပေါက်ကြီး ကျနေတာ ပဲ။ 'မုန်လာထုပ်' က အနားရောက်လာပြီး 'တညောင်ညောင် အော်နေသည်။ သူ့ကို တစ်ကောင်တည်း ထားခဲ့တာကို မကျေမချမ်း ဖြစ်နေပုံရသည်။ ဈေး ဟောင်းကို ဖြတ်ပြန်လာစဉ် ငါးအရောင်းဆိုင်မှ ဝယ်လာသော တူနာငါးအစိမ်း ကို ပန်းကန်ထဲထည့်၍ 'မုန်လာထုပ်'ကို ပေးလိုက်သည်။ 'မုန်လာထုပ်'က ကျေကျေနပ်နပ်ကြီး အော်နေပုံမှာ 'အခုမှပဲ မင်း ငါ့အကြိုက် သိတော့တယ် သခင်ရာ'ဟု ပြောနေသယောင် ဖြစ်သည်။

မုန်လာထုပ်တစ်ကောင် တူနာငါးကို အငမ်းမရစားနေတုန်းမှာ ကျွန် တော် စားပွဲပေါ်က ကွက်ကီးဘူးအဟောင်းလေးယူ၍ ဖွင့်လိုက်သည်။ ကောင် လေးတစ်ယောက်ရဲ့ စိတ်ကူးနဲ့ မျှော်လင့်ချက်တွေနဲ့ စုဆောင်းထားခဲ့သော တံဆိပ်ခေါင်း စုဘူးလေး ဖြစ်သည်။

၁၇၁

ကမ္ဘာအနှံ့က ဆိုဒ်စုံ၊ ကာလာစုံ တံဆိပ်ခေါင်းတွေကို ဒီအထဲမှာ တွေ့ရသည်။ တစ်ချိန်တစ်ခါတုန်းက အဖေနှင့် ပတ်သက်တဲ့ အမှတ်တရတွေ ခေါင်းထဲ ဝင်ရောက်လာသည်။ ကျွန်တော် ချာတိတ်အရွယ်က အဖေက အိုလံပစ် တံဆိပ်ခေါင်းရောင်စုံ ဝယ်လာပေးဖူးသည်။ နောက်တော့ အဖေက ကျွန်တော့်ကို မကြာခဏဆိုသလို တံဆိပ်ခေါင်းတွေ ဝယ်ပေးလေ့ရှိသည်။ ဂျပန်နိုင်ငံ တံဆိပ်ခေါင်းတွေတင်မက တခြားသော နိုင်ငံပေါင်းစုံက တံဆိပ်ခေါင်းတွေပါ ယူလာပေးလေ့ရှိသည်။ အဖေက ရက်တတ်ပြီး သီးသန့်နေတတ်သည်။ စကားလည်းပြောခဲလှ၍ တံဆိပ်ခေါင်းတွေသာ ကျွန်တော်တို့ နှစ်ယောက်ကြားက ဆက်သွယ်ရေးနည်းတစ်ဖုံ ဖြစ်ခဲ့သည်။ ဒါက ပုံမှန် မဟုတ်တဲ့ သားအဖ ဆက်သွယ်ရေးပေမဲ့ အဖေ ဒီလိုပဲ ခံယူထားခဲ့မည်လို့ ကျွန်တော် ပြောရဲသည်။

ကျွန်တော် 'မူလတန်းကျောင်းသား' အရွယ်လောက်က အဖေက သူ့ သူငယ်ချင်းတွေနှင့် ဥရောပဘက် အလည်သွားခဲ့သည်။ သူ ရောက်လေ



ရာ နေရာတိုင်းမှ ပို့(စ်)စကတ်များ ပေးပို့ခဲ့ပြီး ပေးပို့သမျှ ကတ်ပေါ်တွင် အရောင်စုံ၍ လှပကြီးမားသော တံဆိပ်ခေါင်းများ ပါရှိသည်။ ကျွန်တော် ကောင်းစွာ မှတ်မိသည့် ပို့စ်စကတ်တစ်ခုမှာ သမ်းနေသော ကြောင်တစ် ကောင်ပုံဖြစ်ပြီး အဲ့ကြောင်ဟာ အိမ်က 'ဂေါ်ဇီထုပ်' ကောင်နှင့် အလွန်တူ သည်။ ဤသည်က ကျွန်တော့်ကို ရွှင်မြူးစေပြီး အဲ့ကြောင် အကြောင်းဟာ လည်း အဖေ့ရဲ့ ရှားရှားပါးပါး ပြောတတ်တဲ့ ဟာသ အကြောင်းရာထဲကတစ်ခု ဖြစ်လာခဲ့သည်။ တံဆိပ်ခေါင်းတွေကိုရဖို့ ကျွန်တော် ပိုစ့်စကတ်တွေကို တစ်ညလုံး ရေစိမ်ထားပြီးမှ ခွာရသည်ဆို ကျွန်တော် ပျော်ရွှင်ခဲ့သည်။ အဲ့ဒီ အချိန်က ညတွေမှာဆို ကျွန်တော် အိပ်မပျော်ဘဲ ဥရောပမှာ လည်ပတ်နေမယ့် အဖေ့ကို စိတ်ကူးနဲ့ မှန်းဆကြည့်ရတာ အမောဖြစ်သည်။ ပဲရစ်ရဲ့ လမ်းထောင့် တွေက အဖေ၊ စတိုးဆိုင်မှာ ကြောင်တံဆိပ်ခေါင်းကို ပြင်သစ်စကား မတောက်တခေါက်နဲ့ ဝယ်ယူနေတဲ့ အဖေ၊ ပြီးတော့ ကော်ဖီဆိုင်တစ်ခုမှာ ထိုင်ရင်း ပို့(စ်) စကတ်ပေါ် စာရေးနေမယ့် အဖေ့ဟန်၊ နောက်ဆုံးစာတိုက် ပုံဝါဝါကြီးထဲ စာရောက်၊ စာပို့သမားက လာသိမ်းပြီး လေယာဉ်ကြီးနဲ့ ဂျပန်

ကိုပို့၊ ဂျပန်ရောက်တော့ စာပို့သမားက ကျွန်တော့် မြို့လေးကို လာ၊ ပြီးတော့ ကျွန်တော့်အိမ်အရောက်ပို့ စတဲ့ ခရီးစဉ် အရှည်ကြီးတစ်ခုလုံးကို ကျွန်တော် စပ်စပ်စုစု တွေးမြင်ကြည့်လေ့ရှိသည်။

ကျွန်တော် စာပို့သမား လုပ်ဖြစ်သွားတာလည်း နှစ်ရှည်လများ တံဆိပ်ခေါင်းတွေကို အစွဲအလမ်း မကင်းခဲ့တာကြောင့်လည်း ပါလိမ့်မည်။ အဲ့အရာတွေပေါ်မှာ ကျွန်တော် စိတ်ကူးရုံသာ စိတ်ကူးနိုင်တဲ့ နေရာတွေ အထင်ကြီးရတဲ့ ကျော်ကြားတဲ့ လူတွေရဲ့ ပုံတွေ ပါဝင်တတ်ပြီး ဒါတွေဟာ ကျွန်တော့်အတွက် အဖိုးတန်လှသည်။

ထို့နောက် နတ်ဆိုးနှင့် အပေးအယူလုပ်ခဲ့စဉ်က ကျွန်တော်ကိုယ်တိုင် ကမ္ဘာမြေပြင်ပေါ်က ကွယ်ပျောက်စေခဲ့တဲ့ ပစ္စည်းတွေအကြောင်း စဉ်းစားမိသည်။ ဒီအရာတွေ မရှိလို့ ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာကြီးက ဘာမှ မထူးခြားသွားပေမဲ့ ဒီအရာတွေနဲ့ ဆက်နွယ်နေရတဲ့ တစ်သီးပုဂ္ဂလ ကမ္ဘာငယ်လေးတွေအတွက်တော့ ကျွန်တော်တို့ မတွေးမိခဲ့ဖူးမလား။ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ကမ္ဘာငယ်လေး တစ်ခုကို ဒီလေးထောင့်ဆန်ဆန် စာရွက်ပြတ်စလေး အပေါ်မှာ ရှာတွေ့သလိုပေါ့။ တစ်ချိန်တည်းမှာပဲ တစ်ကမ္ဘာလုံးက စာအိတ်တွေပေါ်မှာ တံဆိပ်ခေါင်းတွေ ကပ်၊ စာတွေ ပို့နေကြပုံကို မြင်ယောင်လာသည်။ ဒီလို တွေးထင်လာရုံနှင့် ကြည်နူးနွေးထွေးမှုကို ကျွန်တော် ခံစားမိသည်။ ၁၇၃

နောက်တော့ ကျွန်တော့်ရဲ့ လက်ကျန်အချိန်လေးကို ဘာလုပ်သင့်လဲဆိုတာ ကျွန်တော် သဘောပေါက်လာသည်။ ကျွန်တော် ခင်ဗျားတို့အတွက် စာတွေ ချန်ထားခဲ့မယ်။ ကုန်လွန်ခဲ့တဲ့နှစ်တွေမှာ ကျွန်တော် မပြောဖြစ်ခဲ့တဲ့ အရာတွေအားလုံးကို ချရေးထားခဲ့မယ်။ ကျွန်တော် မျိုသိပ်ထားခဲ့တဲ့ ထောင်နဲ့ သောင်းနဲ့ချီတဲ့ စကားလုံးတွေ၊ မပြောဖြစ်ခဲ့တဲ့ နှုတ်ဆက်စကားတွေ။ မပွင့်လင်းခဲ့တဲ့ ခံစားမှုတွေအကုန်။ ကျွန်တော့် ခံစားချက်တွေ အကုန်ကို စာရွက်ပေါ်သွန်ချခဲ့မယ်။ ပြီးတော့ တံဆိပ်ခေါင်းကပ်မယ် ကျွန်တော့်ရာပနမှာ ပန်းတွေအစား တံဆိပ်ခေါင်းတွေသာ ကွေ့ဆင်းလာဖို့ကို ကျွန်တော် စိတ်ကူးကြည့်သည်။

အခုတော့ ကျွန်တော် စာတစ်စောင် ရေးရပေမည်။ ကျွန်တော့်ရဲ့ နောက်ဆုံးဆန္ဒလည်းဖြစ်သလို သေတမ်းစာနှင့် လွှဲပြောင်းစာလည်း ဖြစ်သည်။ ဒီစာနှင့် သက်ဆိုင်သူကား မည်သူနည်း။ ကျွန်တော် တွေးတောကြံဆနေဆဲမှာပင် မုန်လာထုပ်က အနားရောက်လာကာ 'တညောင်ညောင်' အော်နေသည်။ အာ့ … ဟုတ်ပြီ။ ကျွန်တော်စာရဲ့ ပိုင်ရှင်က ကျွန်တော် မသေခင် 'မုန်လာထုပ်' ကို သွားအပ်ခဲ့မယ့်သူ တစ်ယောက်တည်းပဲ ဖြစ်ရမည်။ ထို့အတွက် အသင့်တော်ဆုံးသူကို ကျွန်တော်သိထားပြီး ဖြစ်သော်လည်း ကိုယ့်ကိုယ်ကိုယ် ဝန်မခံရဲသေးပေ။



အမေ 'မုန်လာထုပ်' ကို ကယ်ပြီး အိမ်ခေါ်လာတဲ့နေ့တုန်းက အားလုံးထက် အရင်ဆန့်ကျင်ခဲ့သူမှာ ကျွန်တော် ဖြစ်သည်။ တစ်နေ့နေ့မှာ ဒီကြောင်သေသွားခဲ့ရင် အမေ တစ်ခါထပ်ပြီး ငိုရမှာစိုး၍ ဖြစ်သည်။ သူမကို ဝမ်းမနည်းစေချင်သဖြင့် နောက်ထပ် ကြောင်မမွေးသင့်ဟု ကျွန်တော် ထင်ခဲ့သည်။ အဖေကတော့ ခြားနားစွာပင် …

''ဘာကြောင့် မမွေးရမှာလဲ … မင်း ပြောသလိုဆို ငါတို့အားလုံးက တဖြည်းဖြည်းနဲ့ အိုမင်းပြီး သေရမှာပဲ။ လူရော ကြောင်ရောအတူတူပဲ။ ဒါကို မင်း နားလည်ပြီး လက်ခံပေးနိုင်ရင် အဆင်ပြေသွားလိမ့်မယ်''

အဲ့ဒီအချိန်တုန်းက အဖေ့ကို ကိုယ့်အတွက်ပဲ ကိုယ်သိပြီး အမေ့ကို အလေးမထားခဲ့လူ၊ နောက် 'ဂေါ်ဖီထုပ်' သေတုန်းကလည်း တစ်စက်လေးတောင် ဝမ်းမနည်းခဲ့ဘူး။ အဖေဟာ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးလို့ ကျွန်တော် တွေးခဲ့မိတယ်။ အခုတော့ ကျွန်တော် အဖေ့ကို အထင်အမြင်လွဲခဲ့မှန်းနားလည်လာသည်။ အဖေက ဟန်မဆောင်တတ်ဘဲ အမြဲမှန်ကန်တဲ့ အရာတွေပဲ ပြောတတ်သည်။ ဒီအတွက်ကြောင့်ပဲ အဖေ့ကို ကျွန်တော် အပြစ်မြင်ကာ တစ်ခါတစ်ရံမှာ ပစ်ပယ်ထားခဲ့မိခြင်း ဖြစ်သည်။

ကျွန်တော် ဘာပြန်ပြောရမယ်မှန်းမသိဘဲ ကြောင်လေးဟာ 'ညောင်' လို့ အော်မြည်ရင်း ဒယိမ်းဒယိုင် ခြေလှမ်းတွေနှင့် အဖေ့ဆီကို ဦးတည်သွားသည်။ အဖေက ကောက်ယူပြီး ပွတ်သပ်ပေးသည်။ 'ဂေါ်ဖီထုပ်' တုန်း

ကလည်း ထိုကဲ့သို့ ပြုမူပေးခဲ့ကြောင်း ကျွန်တော် မှတ်မိသည်။ အဖေနှင့် ကြောင်လေးကို ကြည့်ကာ အမေပြုံးသည်။ အမေပျော်သွားတာမြင်တော့ အဖေပါ ပြုံးနေခဲ့သည်။

''ဒီကောင်က 'ဂေါ်ဇီထုပ်' နဲ့ တထေရာတည်းပဲ ... ဟုတ်တယ်မလား''

''ဟုတ်ပါ့တော် ... အတော့်ကို တူတာ''

''ဒါဆို ဒီကောင့်ကို မုန်လာထုပ်လို့ ခေါ်မယ်ကွာ''

အဖေက ပြောပြီးပြီးချင်းပင် အမေနှင့် ကျွန်တော့်ကို ရက်ကိုးရက်ကန်း ဟန်နှင့်ကြည့်ပြီး ကြောင်လေးကို ကျွန်တော့်လက်ထဲ ထည့်ပေးလိုက်သည်။ နောက်တော့ အဖေ့ဆိုင်လေးကို ပြန်သွားကာ တကုပ်ကုပ်နှင့် နာရီတွေ ဆက်ပြင်နေတော့သည်။

အဖေဟာ 'မုန်လာထုပ်' ကို နာမည်ပေးခဲ့တဲ့ သူပဲ အဖေ။ ဒါကြောင့် ကျွန်တော် 'မုန်လာထုပ်' ကို အဖေ့ထံပဲ အပ်နှံခဲ့ပါရစေ။

ကျွန်တော့်ရဲ့ ပထမဆုံးနဲ့ နောက်ဆုံးပေးစာကို အဖေ့ကို ဦးတည်လိပ်မူ လိုက်သည်။ စာက ရှည်ကောင်းရှည်လိမ့်မည်။ အလွန့် အလွန်ရှည်လျားသော သေတမ်းစာတစ်စောင် ဖြစ်လာပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်အဖေ့ကို ပြောမှဖြစ်မည့် စကားတွေ အရမ်းများလွန်းနေပြီး ထူးဆန်းတဲ့အရာတွေဖြစ်ခဲ့တဲ့ လွန်ခဲ့တဲ့ ရက်သတ္တပတ်ကစပြီး နောက်ဆုံး အမေနှင့် 'မုန်လာထုပ်' ရဲ့ အကြောင်းတွေ အထိလေ။ နောက်ပြီး ကျွန်တော် အဖေ့ကို ပြောချင်နေတာတွေ တအားများလွန်းသည်။ အခု လက်ရှိ ကျွန်တော့် အခြေအနေထိပါ ကျွန်တော် ပြောပြချင်သည်။

ကျွန်တော် စာရွက်အလွတ် သန့်သန့်တစ်ရွက်ကိုရှာပြီး စတင်ရေးဖို့ ပြင်သည်။ ထိပ်ဆုံး စာမျက်နှာမှာက ...

''သို့ ... ချစ်လှစွာသော ဖေဖေ''



တနင်္ဂနွေနေ့

# နှုတ်ဆက်ခဲ့ပါတယ် ...

မနက်ရောက်လာပြန်ပြီ၊ ပြီးဆုံးသွားသောစာက ကျွန်တော့်ရဲ့ရှေ့စားပွဲခုံပေါ်မှာ လဲလျောင်းနေသည်။ ဤစာကို ကျွန်တော် မနေ့က တစ်နေ့ကုန် မစားမသောက်ဘဲနှင့် 'မုန်လာထုပ်' ၏ ရံဖန်ရံခါ လာရောက်နှောင့်ယှက်မှုတို့ကြားမှ ကြိုးစားပြီးရေးခဲ့တာ ဖြစ်သည်။ ပြီးဆုံးသွားတဲ့အခါမှာ အိတ်အကြီးကြီးထဲ တရိုတသေထည့်ပြီး ကျွန်တော်ရဲ့ စုဆောင်းထားတဲ့ တံဆိပ်ခေါင်းတွေထဲက တစ်ခုကို ဂရုတစိုက်ရွေးချယ်ပြီး ကပ်ခဲ့တာဖြစ်သည်။ စာအိတ်ပေါ်မှာ ကြောင်တစ်ကောင် အိပ်နေဟန်ပါသော တံဆိပ်ခေါင်းတစ်ခုက မြဲစွာကပ်တွယ်နေပြီ ဖြစ်သည်။

'မုန်လာထုပ်' ကို ခေါ်ပြီး တိုက်ခန်းက ထွက်လာခဲ့သည်။ ကျွန်တော်တို့ အနီးဆုံး စာတိုက်ပုံးသို့ သွားရောက်နေစဉ်က မနက်ခင်း စောစောသာရှိသေးသဖြင့် အေးစိမ့်စိမ့်နိုင်လှသည်။ အနီရောင်စာတိုက်ပုံးက ကျွန်တော့်ကို စောင့်ကြိုနေသည်။ ကျွန်တော် စာထည့်လိုက်မည်။ ဒီနောက် အဖေစာကို လက်ခံရရှိကာ ဖွင့်ဖတ်လိမ့်မည်။ ဤနည်းအားဖြင့် အဖေတစ် ယောက် ကျွန်တော်ရဲ့ အတွေးတွေ၊ ခံစားမှုတွေကို သိရှိနိုင်ပေမည်။ 

တစ်ခုခုတော့ မှားနေသေးသည်။ ကျွန်တော် အနီရောင်စာတိုက်ပုံးကို ရပ်ကြည့်နေစဉ်မှာပင် အတွေးတစ်ခု ပေါ်လာသည်။ ရုတ်ခြည်းဆိုသလိုပင် ကျွန်တော် စာတိုက်ပုံးနားက လှည့်ပြန်ကာ 'မုန်လာထုပ်' ကို ခေါ်ပြီး တောင်ကုန်းပေါ်ကဆင်းကာ ကျွန်တော့်တိုက်ခန်းကို ပြန်လာခဲ့သည်။ ရောက်ရောက်ချင်း အသက်တောင် ဝဝမရှူနိုင်သေးဘဲ အဝတ်ဗီဒိုကိုဖွင့်ကာ အဝတ်တချို့ကို ရှာဖွေဆွဲယူလိုက်သည်။ အဖြူရောင် ရုပ်အင်္ကျီ၊ နာကတိုင်အစင်းတစ်ခုနှင့် ခဲရောင်မှိုင်းမှိုင်း အနောက်တိုင်းကုတ်နှင့် ခဲရောင်မှိုင်းမှိုင်းဘောင်းဘီဖြစ်သည်။ ကျွန်တော့်ရဲ့ စာပို့သမားဝတ်စုံကို ဝတ်ဆင်လိုက်ပြီး မှန်ထဲမှာ ကိုယ့်ဘာသာကိုယ် သေချာကြည့်မိသည်။ ဒီလိုဆိုတော့လည်း ကျွန်တော် အဖေနှင့် အတော်ကိုတူသည်။ အချိန်အတော်ကြာ ဖြတ်သန်းလာပြီးနောက်မှာတော့ ကျွန်တော်ရဲ့မျက်နှာ၊ ကိုယ်နေဟန်၊ အမူအကျင့်တို့က တစ်ချိန်

က ကျွန်တော် မုန်းတီးခဲ့တဲ့ အဖေ့ရဲ့ ကိုယ်နေဟန်၊ အကျင့်စရိုက်တို့နှင့် တစ်ထေရာတည်း တူညီနေလေသည်။

သူ့ရဲ့ ထိုင်ခုံလေးပေါ်ထိုင်ကာ နာရီပေါင်းများစွာ ကြာမြင့်တဲ့အထိ တကုပ်ကုပ်နဲ့ နာရီပျက်တွေကို ပြုပြင်ပေးနေတဲ့ အဖေက ရုပ်ရှင်ရုံထဲမှာ ကျွန်တော့်လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ပေးဖူးခဲ့သော၊ ကျွန်တော့်အတွက် တံဆိပ်ခေါင်းမျိုးစုံ ရှာဖွေဝယ်ယူပေးခဲ့သော၊ 'မုန်လာထုပ်' ကြောင်ပေါက်ဘဝတုန်းက ပြုံးရယ်စွာ သူ့ကို လက်ခံပေးခဲ့သော၊ ရေပူစမ်းအနံ့ ကျွန်တော်နှင့်အတူ အပြေးအလွှား တည်းခိုဆောင်ရှာဖွေပေးခဲ့သော အဖေပဲ ဖြစ်သည်။ ထို့အပြင် အမေ့ရှာပနကို နောက်ကျရောက်လာခဲ့ပြီး ချောင်တစ်ချောင်မှာ ကြိတ်ငိုကျွေးခဲ့သော အဖေလည်း ဖြစ်ပေသည်။

ကျွန်တော် အိမ်က ထွက်လာခါနီးမှာ အဖေက ကျွန်တော့်ရဲ့ အခန်းလွတ်အလယ်မှာ ကျွန်တော် စုဆောင်းထားခဲ့သော တံဆိပ်ခေါင်းဘူး (တစ်

၁၇၈ ချိန်က ကျွန်တော့်ရဲ့ ရတနာသေတ္တာ) လေးကို ချထားပေးခဲ့သည်။ ဒါဟာ အဖေ့ရဲ့ ကျွန်တော့်ကို ဆွဲထားလိုစိတ်များပင် ဖြစ်ကြောင်းကို အခုအခါမှပင် ကျွန်တော် တွေးမိသည်။ ကျွန်တော် လက်သင့်ခံလိုက်သင့်သည်။ ငယ်ငယ်က ရုပ်ရှင်ရုံထဲမှာ လိုမျိုး အဖေ့လက်ကို တင်းတင်းကြပ်ကြပ် ပြန်ဆုပ်ကိုင်ထားခဲ့သင့်သည်။


"ဖေဖေ ..."

ဒီနှစ်တွေထဲမှာ ကျွန်တော်အဖေ့ကို သတိရပါတယ်။ နောက်ပြီး တောင်းပန်ချင်ပါတယ်။ ကျေးဇူးစကားလည်း ပြောချင်ပြီး နှုတ်ဆက်ခဲ့ပါတယ် ... အဖေ"

ကျွန်တော့် မျက်ရည်တွေဟာ ပါးနှစ်ဖက်ပေါ်ကျလာပြီး ကျွန်တော် စာပို့သမားဝတ်စုံ လက်ဖျားနဲ့ပဲ ပွတ်ပစ်လိုက်သည်။ နောက်တော့ စာကို အိတ်ထဲထည့်ပြီး ကျွန်တော့်တိုက်ခန်းလေးထဲက ထွက်လာလိုက်သည်။ လှေကားထစ်တွေကို အမြန်ဆင်းပြေးကာ တိုက်အောက်မှာ ရပ်ထားတဲ့

စက်ဘီးရဲ့ ရှေ့ခြင်းလေးထဲမှာ ‘မုန်လာထုပ်’ကိုထည့်ပြီး တောင်ဆင်းလမ်းအတိုင်း စက်ဘီးနင်းလာခဲ့သည်။ စက်ဘီးဟောင်းကြီးမှာ ‘တကျွီကျွီ’ မြည်သံပေးနေသည်။ စက်ဘီးနင်းရင်းပင် ကျွန်တော် မျက်ရည်တွေ တွေတွေကျနေသည်။ ခဏကြာလျှင် ကျွန်တော် နောက်ထပ်တောင်ကုန်းတစ်ခုကို ဖြတ်ရပေတော့မည်။

လေဟာ တသုန်သုန်တိုက်ခတ်လာသည်။ ကောင်းကင်က ကြည်လင်နေပြီး နွေဦးရဲ့ အငွေ့အသက်ကို ကျွန်တော် ရရှိနေသည်။ နေမင်းရဲ့ နွေးထွေးတဲ့ ရောင်ခြည်တွေဟာ ကျွန်တော့်ကိုယ်ပေါ် ဖြာကျနေတော့သည်။ ‘မုန်လာထုပ်’က တိုက်ခတ်လာတဲ့လေကို မျက်နှာမူခံယူရင်း ပျော်ရွှင်နေသည်။ ပျော်ရွှင်နေသဖြင့် သူ့အသံတောင်ပြုသည်။ ကျွန်တော် အောက်တည့်တည့်ကို ငုံ့ကြည့်လျှင် စိမ်းညို့ပြာလဲ့နေသော ပင်လယ်ရေပြင် တွေ့ရှိရနိုင်သည်။ အဖေက ကမ်းနားဘေးမြို့လေးမှာနေပြီး ကျွန်တော် တစ်ခါတလေ ဒီမြို့လေးကို တောင်ထိပ်ပေါ်က လှမ်းကြည့်လေ့ရှိသည်။ နီးကပ်သော်လည်း အဖေ့ဆီ မသွားရောက်ခဲ့သော နှစ်တွေမှာပေါ့။ အခုတော့ ကျွန်တော် လာပြီ အဖေ့ရဲ့ မြို့လေးဆီ အဖေနှင့်တွေ့ဖို့ ကျွန်တော် ရောက်ခါနီးလာပြီ။ ကျွန်တော် အားစိုက်ပြီး နင်းသည်။ တောင်ဆင်းလမ်းတစ်လျှောက် တဖြည်းဖြည်းချင်း အရှိန်ကို မြှင့်တင်လာခဲ့သည်။ အဖေ့ရဲ့အိမ်လေးဆီရောက်ဖို့ ကျွန်တော် မြန်သထက်မြန်အောင် လာခဲ့ပြီလေ။



လဝန်းရိပ်စာပေ

# သျှားသု

## ကြောင်တွေမရှိလို့ မဖြစ်တဲ့ကမ္ဘာ

cover : totty swe

3000 Kyats

ISBN 978-99971-47-14-1